

မာယာမင်းသမီး

၁၉၈၂-ဩဂုတ်လ
ပထမအကြိမ်
အုပ်ရေ (၂၀၀၀)

မျက်နှာဖုံးပန်းချီ
နီအောင်

မျက်နှာဖုံး ရိုက်
နေလရောင် [OFFSET]

ကာလာခွဲ ဝိန်ချွန်းကြီးမြင့်

တန်ဖိုး ၂၀-ကျပ်

ပုံနှိပ်သူ
ဒေါ်ခင်စန်းရီ [မြ-၀၂၂၅၈]
(ပုလဲပုံနှိပ်တိုက်)
၂၈(ခ)၊မန္တလေးလမ်း၊
ကန်တော်ကလေး၊ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးဘုန်းမြင့် (မြ-၀၁၀၆၇)
ရွှေမင်းဝံ စာပေ။
၈၆၊ မဂျစ်လမ်း တာမွေ
ရန်ကုန်မြို့။

လုံးချင်း စ-ဆုံး

# တက္ကသိုလ်ဝင်းကြွယ်

## မာယာမင်းသမီး

အသစ်စက်စက် ဘာသာပြန်သိုင်းဝတ္ထု

မူရင်းစာရေးဆရာ — စွန်းယိကျင်း

မူရင်းဝတ္ထု — ကွေချမ်

သိုင်း • လျှို့ဝှက် • အချစ်

## "တက္ကသိုလ် ဝင်းကြွယ် ရေးခဲ့သမျှ ဝတ္ထုများ

၁။ လူဝှမ်းကောင်း ခုနှစ်ယောက် (ပ+ဒု)
၂။ ဆန်းသုံးပွင့်ဒေဝီ
၃။ မျိုးစဉ်ခုနှစ်ဆက်ခြား (ပ+ဒု+တ)
၄။ သိုင်းလောကနှင့်သိုင်းသမားဘဝ
၅။ သိုင်းလုလင်ရဲ့ချစ်ဝက်ပါ
၆။ အန္တရာယ်ဝိုင်းတဲ့ရန်စွယ်သိုင်း (ဘာသာပြန်)
၇။ တစပြင်မှဓားသခင် (ဘာသာပြန်)
၈။ သိုင်းရန်သူခြားရန်ဘက်
၉။ ဝေရဲ့သမ်းကပန်းစပယ် (ဘာသာပြန်)
၁၀။ သတ္တုမခြား (ဘာသာပြန်)
၁၁။ ဆွေးခြားနှင့်မှော်ပန်း(ပထမပိုင်း) (ဘာသာပြန်)
၁၂။ ဆွေးခြားနှင့်မှော်ပန်း(ဒုတိယပိုင်း) (ဘာသာပြန်)
၁၃။ ကိုးသပ်ပရဝဏ် (ဘာသာပြန်)
၁၄။ မိစ္ဆာရှင်ခြားနှင့်နဂါးနိုင်လက်ဝါး (ဘာသာပြန်)
(အတွဲ ၁-၆)
၁၅။ အိပ်မက်ဝက်ပါမှဓားသမား(ပထမပိုင်း) (ဘာသာပြန်)
၁၆။ အိပ်မက်ဝက်ပါမှဓားသမား(ဒုတိယပိုင်း) ( ။ )
၁၇။ သိုင်းစေတမန်(ပထမပိုင်း) (ဘာသာပြန်)
၁၈။ ထညာဝင်ခြား (ဘာသာပြန်)
၁၉။ သိုင်းစေတမန်(ဒုတိယပိုင်း) (ဘာသာပြန်)
၂၀။ သစ္စာရှင်သိုင်းသမား(ဇာတ်သိမ်း) (ဘာသာပြန်)
၂၁။ မာယာမင်းသမီး (ဘာသာပြန်)



# "မာယာမင်းသမီး"

## အခန်း (၁)

တရုတ်ပြည်တွင် မြစ်များ၊ ချောင်းများ ပေါများလှသည်။ တရုတ်ပြည်၏ များပြားလှသော မြစ်များ ချောင်းများ ထဲတွင် မရေမတွက်နိုင်အောင် များပြားလှသော သင်္ဘောများ၊ လှေကြီး လှေငယ်များ၊ သမ္ဗာန်ကြီးငယ်များ စသည့်အမျိုးမျိုး သော ရေယာဉ်တို့သည် နေ့စဉ်ပင် အစုန်အဆန် လှော်ခတ်သွား လာနေကြသည်။

ယင်းလေ့သဘော်များစွာတို့တွင် အလွန်ထင်ရှားလူသိများသော သဘော်(၂)စီးရှိသည်။

တစီးမှာ 'ချမ်းသာသဘော်'ဟု ခေါ်တွင်ပြီး တစီးမှာမူ 'သေမင်းသဘော်'ဟု ခေါ်သည်။

ဤသဘော် (၂)စီးမှာ အလွန်ထင်ရှား သတင်းကြီး သလောက် ပဟေဠိဆန်ကာ လျှို့ဝှက်ဆန်းကျယ်သည်။

ချမ်းသာသဘော်အကြောင်းကို အယင်စပြောကြစို့။

ချမ်းသာသဘော်၏ အမည်အပြည့်အစုံမှာ 'စည်းစိမ်ချမ်းသာ အပေါင်း ခံစား၍ အပန်းဖြေ ပျော်ရွှင်နိုင်သော သဘော်'ဟု ဖြစ်သည်။ သို့သော် အများကမူ အလွယ်တကူပင် 'ချမ်းသာ သဘော်'ဟုသာ ခေါ်ကြသည်။

ထိုခေတ်အခါက ချမ်းသာသဘော်ကိုမသိလျှင်သိုင်းလောက တွင် ကျင်လည်ကျက်စားသော သိုင်းသမားဟုပင် မဆိုနိုင်ပေ။

သိုင်းသမားဆိုလျှင် ချမ်းသာသဘော်အကြောင်း ကောင်း ကောင်းသိထားကြသူများချည်းသာ ဖြစ်သည်။

ချမ်းသာသဘော်သည် အပျော်အပါးလောင်းကစားမျိုးစုံ အောင်ရှိသော ရေပေါ် လောင်းကစား ပျော်ပွဲရုံတခု ဖြစ် သည်။



ချမ်းသာ သဘော်ပေါ်သို့ သခါတခေါက် ရောက်ဖူးပြီး လောင်းကစားပျော်ပါးဖူးလျှင် လူဖြစ်ရကျိုးနပ်ပြီဟုသိုင်းလော ကဝယ် ပြောစမှတ် ပြုနေကြသည်။

ချမ်းသာ သဘော်အကြောင်း သိုင်းသမားတိုင်းက သိနေ သော်လည်း ချမ်းသာသဘော်ပေါ်သို့တက်၍ပျော်ပါးလောင်း ကစားဖူးသူမှာ သိပ်မများလှသေးပေ။

ချမ်းသာသဘော်မှာ အမြဲတစေရှိနေသည်မဟုတ်။

တနှစ်တာပတ်လုံးတွင် (၄)ရက် (၄)ညမျှသာပေါ်လာပြီး မြင်ရတွေ့ရသည်။

နှစ်စဉ်ပင် (၉)လပိုင်း (၉)ရက်နေ့ အာရုံတက်သည်နှင့် ချမ်းသာသဘော်သည် တုံ့ထင်မြစ်ကြောင်းတနေရာဝယ်ပေါ် လာတတ်သည်။

ထိုသို့ပေါ်လာပြီးနောက် ကျောက်ချရပ်နားကာ(၉)လပိုင်း (၉)ရက်နေ့မှ(၉)လပိုင်း(၁၂)ရက်နေ့အထိသဘော်ပေါ်ဝယ် လောင်းကစားပွဲများနှင့် ပျော်ပွဲများ ပြုလုပ်သည်။

(၉)လပိုင်း (၁၂)ရက်နေ့ည သန်းခေါင်သို့ ရောက်ရန် နာရီဝက်အလိုတွင်မူ လုပ်ငန်းအဝဝကို ရပ်တန့်သည့် အထိမ်း အမှတ်ဖြစ်သော မီးပုံးနီကြီးကို သဘော်၏ရွက်တိုင်တွင် ချိတ် ဆွဲလေတော့သည်။

ဤသို့ မီးပုံးနီချိတ်ဆွဲသည်နှင့် ချမ်းသာ သဘော်ပေါ်တွင် ရောက်နေကြသော ဧည့်သည်များမှာ သဘော်ပေါ်မှ အမြန် ဆုံး ဆင်းသက်ပေးကြရသည်။

ညသန်းခေါင်ယံအချိန်သို့ရောက်သည်နှင့် ချမ်းသာသဘော်သည် ချထားသောကျောက်ဆူးကိုတင်ကာ ခုတ်မောင်းထွက်ခွာသွားတော့သည်။ မည်သည့်နေရာသို့ထွက်သွားမှန်းမည်သူမျှမသိကြရပေ။

ထိုအချိန်အထိ သဘော်ပေါ်မှ မဆင်းရသေးပဲ ကျန်ရှိနေသေးသည့် ခရီးသည်များမှာမူ ချမ်းသာသဘော်နှင့် ပါသွားပြီး မည်သည့်သတင်းမျှ မကြားရတော့ပဲ ပျောက်ခြင်းမလှပျောက်ဆုံးသွားတတ်သည်။

ချမ်းသာသဘော်သည် နောက်တနှစ် (၉)လပိုင်း(၉)ရက်နေ့ အာရုံတက်အချိန်ဝယ် တုံ့ထင်မြစ်ခကြောင်းတနေရာရာဝယ် တဖန်ပြန်လည်ပေါ်လာသော်လည်း ထိုသို့ချမ်းသာသဘော်နှင့် ပါသွားသူ ဧည့်သည်များမှာမူ ပြန်ပေါ်မလာကြတော့ပေ။

ထို့ကြောင့် ချမ်းသာသဘော်၏ ရှက်တိုင်တွင် မီးပုံးနီချိတ်ဆွဲသည်နှင့် ဧည့်သည်အားလုံး တယောက်မကျန် သဘော်ပေါ်မှ ပြန်ဆင်းလာကြမြဲ ဖြစ်သည်။

ချမ်းသာသဘော်ပေါ်ဝယ် ဧည့်သည်များကို စိတ်တိုင်းကျပြုစုဖျော်ဖြေပေးသည့် ပျော်တော်ဆက်မယ် အချောအလှလေးများလည်း ရှိသည်။

ထိုပျော်တော်ဆက်မယ်များအနက် မာယာမင်းသမီး ယဲ့ချီမှာ အလွန်ပင် ထင်ရှား ကျော်ကြားလှသည်။ မာယာမင်းသမီး ယဲ့ချီ၏အမည်မှာ ချမ်းသာသဘော်၏ အမည်ထက်ပင် ပို၍ ကျော်ကြားသည်ဟုပင် ဆိုနိုင်သည်။



မာယာမင်းသမီး ယဲ့ချီကို ပျော်တော်ဆက်မယ်ဟု ဆိုကြသော်လည်း သာမန်ပျော်တော်ဆက်မယ်ကား မဟုတ်။

မာယာမင်းသမီး ယဲ့ချီသည် အလွန်ပင် အသက်တန်းကျသည်။

တနှစ်လုံးတွင်(၄)ရက်သာပေါ်လာသော ချမ်းသာသဘော်ပေါ်သို့ တက်ရောက်ပြီး ပျော်ပါး လောင်းကစားခွင့်ရရန်မှာ သိပ်မလွယ်ကူလှပေ။

ချမ်းသာသဘော်ပေါ်သို့ တကြိမ်တွင် လူ(၃၀၀)ထက်ပို၍ တက်ရောက်ခွင့်မပြုပေ။ လူ(၃၀၀)ပြည့်သွားလျှင် နောက်ထပ် တက်ရောက်ခွင့်မပြုပဲ လမ်းပိတ်ထားတတ်သည်။

သဘော်ပေါ်သို့ ရောက်ရှိနေသူများထဲမှအောက်သို့ပြန်ဆင်းလာသူ ရှိမှသာ ထိုသို့ဆင်းလာသည့် အရေအတွက် အတိုင်း နောက်ထပ်သဘော်ပေါ်သို့ တက်ခွင့်ပြုသည်။

ချမ်းသာသဘော်ပေါ်သို့ရောက်သွားသူများမှာပါလာသမျှ ငွေကြေး ပစ္စည်းဥစ္စာ မကုန်မခန်းမချင်း သဘော်ပေါ်မှ ပြန်ဆင်းလေ့မရှိကြ။ စည်းစိမ်ခံကာ အပျော်ကျူးလိုက်၊ လောင်းကစားလိုက်၊ စားလိုက်သောက်လိုက်နှင့်လုပ်နေကြသည်။

သို့ဖြစ်ရာ ချမ်းသာသဘော်၁ တကြိမ်ပေါ်လာလျှင် သဘော်ပေါ်သို့ တက်ရောက်ပျော်ပါး လောင်းကစားနိုင်သူမှာ(၅၀၀) ထက် မပိုပေ။

ချမ်းသာသဘော်ပေါ်သို့ တက်ရောက်နိုင်ရန် မလွယ်သည် ထက် မာယာမင်းသမီးယဲ့ချီနှင့်ဆုံတွေ့နိုင်ဖို့က ပိုခက်သည်။

ချမ်းသာသဘော်၏ အပေါ်ဆုံးထပ်ဝယ် တိမ်ခိုးအိပ်ခန်းဆောင် အမည်ရှိ အလွန်ခမ်းနားထယ်ဝါသော အိပ်ခန်းကြီး တခုရှိသည်။

မာယာမင်းသမီး ယဲ့ချီက ထိုအိပ်ခန်းထဲတွင်သာ ဧည့်သည်များကို ပြုစုဖျော်ဖြေပျော်တော်ဆက်သည်။ မာယာမင်းသမီး ယဲ့ချီနှင့်အတူတွဲကာ ထိုတိမ်ခိုးအိပ်ခန်းဆောင်ထဲသို့ ဝင်ခွင့်ရသူမှာ လက်ချိုးရေတွက်၍ပင် ရနိုင်လောက်အောင် နည်းပါးလှသည်။

ဤစာတ်လမ်းစတင်ချိန်တွင် ချမ်းသာသဘော်၁ ပေါ်ပေါက်ခဲ့သည်မှာ (၇)ကြိမ်ရှိပြီး ချမ်းသာသဘော်၂ပေါ်သို့တက်ရောက်ကာ စည်းစိမ်ခံစားပျော်ပါးလောင်းကစားခဲ့သူမှာ (၃၀၀၀) နီးပါးရှိနေပြီ ဖြစ်သည်။

ထင်းလူ(၃၀၀၀)နီးပါးအနက် မာယာမင်းသမီး ယဲ့ချီကို တွေ့ဖူးမြင်ဖူးသူမှာ(၁၅၀)ကျော်ကျော်မျှသာရှိသည်။ ယဲ့ချီက ပြုံး၍ နှုတ်ဆက်ကာ အရက်ငှဲ့တိုက်၍ ဧည့်ဝတ်အပြုခံရသူမှာမူ (၅၀)ထက်မပိုပေ။



မာယာမင်းသမီး ယဲ့ချီနှင့် အတူ လက်တွဲကာ ချမ်းသာသဘော်၏ အခမ်းနားဆုံးသော အိပ်ခန်းဖြစ်သည့် တိမ်ခိုးအိပ်ခန်းဆောင်ထဲသို့ ဝင်ခွင့်ရသူမှာ(၇)ဦးသာရှိသေးသည်။

ယဲ့ချီနှင့်အတူ ပထမဆုံးယှဉ်တွဲကာ တိမ်ခိုးအိပ်ခန်းဆောင်ထဲသို့ ဝင်ရောက်ခွင့်ရသူမှာ သိုင်းလောက၏ ထိပ်သီး သိုင်းသမားကြီး(၁၀)ဦးတွင် အမှတ်(၁)နေရာကွင်ရှိသူပြိုင်ဘက်ကင်း သိုင်းဆရာကြီး လိန်ရိဖြစ်သည်။

ဒုတိယလူအဖြစ် မာယာမင်းသမီး ယဲ့ချီနှင့်အတူ တိမ်ခိုးအိပ်ခန်းဆောင်ထဲဝင်ခဲ့သူမှာ အင်းပေရီအမည်ရှိ သိုင်းသမားကြီးဖြစ်သည်။

အင်းပေရီမှာ လိန်ရိနှင့်တန်းတူလောက်နည်းနည်း အမည်ကျော်ကြားသူဖြစ်သည်။ သိုင်းလောက၏ထိပ်တန်းသိုင်းသမား (၁၀)ဦးတွင် အမှတ်(၂)နေရာ၌ရှိသည်။

တိမ်ခိုး အိပ်ခန်းဆောင်ထဲသို့တတိယမြောက်အဖြစ်ယဲ့ချီက ဖိတ်ခေါ်သွားခဲ့သူမှာ ဓားမောက်အူစိမ်းဖြစ်သည်။

အူစိမ်းသည် ဓားမောက်တလက်ဖြင့် ပြိုင်ဘက် အများကို အနိုင်ယူခဲ့သည့် အကျော် အမော် သိုင်းသမားတယောက်ဖြစ်သည်။ လိန်ရိနှင့် အင်းပေရီတို့လို အဓိကရ သိုင်းပညာရှင်ဆရာကြီးတဆူမဟုတ်သော်လည်း ကမ်းရိုးတန်းဒေသတဝှမ်းတွင် ယှဉ်ရဲသူမရှိအောင် အစွမ်းပြနိုင်ခဲ့သည့် ပထမတန်း အဆင့်ဝင် သိုင်းသမားတယောက်ဖြစ်သည်။

ကျန်(၄)ယောက်မှာလည်း သိုင်းပညာအစွမ်း ထက်မြက်သော အဆင့်မြင့်သိုင်းသမားကြီးများဖြစ်ကြသည်။

သို့ဖြစ်ရာ ယဲ့ချီက သိုင်းပညာအစွမ်း ထက်မြက်သူများကိုသာ မျက်နှာသာပေးကာလက်ခံသည်ဟုပင် ပြောစမှတ်ပြုနေကြသည်။

ယဲ့ချီကို တွေ့ဖူးမြင်ဖူးသူများက ယဲ့ချီ၏ အလှအပကို ပြောမကုန် ချီးမွမ်းမဆုံးရှိနေကြသည်။

မာယာမင်းသမီး ယဲ့ချီ၏အသားမှာ နှင်းပွင့်လိုဖြူဆွတ်ကာ ပန်းပွင့်လေးများနှယ် နူးညံ့သည်ဟုပြောကြသည်။

ယဲ့ချီ၏အသံမှာ အလွန် သာယာ ချိုအေး လှသည်ဟု ဆိုကြသည်။

ယဲ့ချီ၏ တင်နေခါးကျ ကိုယ်ခန္ဓာအလှမှာ အလွန်ပြေပြစ်တောင့်တင်းကာ မြင်ရသူတိုင်း ဘဝင် ဆူရသည်ဟု ချီးမွမ်းကြသည်။

ယဲ့ချီ၏ အပြုံးတွင် အမြူအချီများ အပြည့်ပါပြီး ဤအပြုံးကိုမြင်ရသည့်အခါတွင် နွေရာသီ၌ အေးမြသော သစ်သီးရည်ကို အားရပါးရသောက်လိုက်ရသလို တကိုယ်လုံးအေး၍ ချိုမြိန်သွားကာ ရင်တလှပ်လှပ်ခုန်ရသည်ဟု တင်စားကြသည်။

ယဲ့ချီ၏ အလှ၊ ယဲ့ချီ၏အသံ၊ ယဲ့ချီ၏ အပြုံးတို့ကို ကိုယ်တွေ့မျက်မြင် တွေ့ရမြင်ရသူများက တဆင့်ဖောက်သည်



ချကာ ပြောပြကြသည်။ တဆင့်စကားတဆင့်ကြားသိရသော်လည်း တိမ်ခိုးအိပ်ခန်းဆောင်ထဲဝယ် ယဲ့ချီကမည်သို့မည်ပုံပြုစုပျော်တော်ဆက်သည်ဆိုခြင်းကိုမူ မည်သူမျှ မသိကြပေ။

ကိုယ်တွေ့ကြုံခဲ့ကြရသည့် လိန်ရို၊ အင်းပေရီ၊ အူစိမ်း စသည့်လူ(၇)ဦးကို တိုးတိုးတိတ်တိတ် မေးမြန်း ကြည့်လျှင် သိနိုင်ကောင်း သိနိုင်ပေမည်။

သို့သော်....။

ခက်နေသည်မှာ ယဲ့ချီနှင့်အတူ တိမ်ခိုး အိပ်ခန်းဆောင်ထဲသို့ ဝင်သွားသူ (၇)ယောက်တို့ကို ရှာမတွေ့နိုင်တော့ခြင်းပင်။

မည်သို့ဖြစ်ကုန်ကြသည်မသိ။ လိန်ရိုမှ အစပြုကာ တိမ်ခိုးအိပ်ခန်းဆောင်ထဲသို့ ယဲ့ချီနှင့် အတူ ဝင်ရောက် သွားကြသူ(၇)ယောက်စလုံးမှာ လုံးဝပြန်ပေါ်မလာကြတော့။

သူတို့ (၇) ယောက် မည်သို့ဖြစ်သွားသည်ကို မည်သူမျှ မသိကြ။

ယဲ့ချီ၏အလှအပနှင့် အပြုအစု အယုအယတို့ကို အစွဲကြီးစွဲကာ ချမ်းသာသဘော်ပေါ်မှ မဆင်းနိုင်တော့အောင် ဖြစ်နေကြဟန်တူသည်ဟုသာ ထင်ကြေးပေးနေကြသည်။

ဤအချက်သည်လည်း ချမ်းသာသဘော်၏ ပဟေဠိဆန်လှသော လျှို့ဝှက်ချက် များစွာအနက်မှ အချက်တခု ဖြစ်နေပေတော့သည်။

× × ×

ချမ်းသာသင်္ဘော၏ အမည်သတင်း ကျော်ကြား ပါသည်။

မာယာမင်းသမီး ယဲ့ရှီ၏ အကြောင်းမှာလည်း ချမ်းသာ သင်္ဘောထက်ပင် ပို၍ထင်ရှားပါသည်။

သို့ရာတွင် သူတို့၏ အမည်ကျော်ကြားမှုမှာ ရှေးကျပြီး ဟောင်းနွမ်းနေသော 'သေမင်းသင်္ဘော'ကို မမီပေ။

သေမင်းသင်္ဘောမှာ ခမ်းနားခြင်းမရှိ။ ထယ်ဝါခြင်းမရှိ။ သင်္ဘောကို ရေနံချေးဖြင့် သုတ်ထားသောကြောင့် မည်းနက်နေသည်။

ညအချိန်များတွင် သေမင်းသင်္ဘောပေါ်ဝယ် မီးအိမ်မီးခွက်များ ထွန်းလေ့မရှိ။ ထို့ကြောင့်ညအခါများတွင်ဆိုလျှင်မည်းနက်သော အရောင်အဆင်းရှိသည့်သေမင်းသင်္ဘောမှာ ညဥ့်လွှာရုံ အမှောင်ထုဝယ် ပျောက်နေတတ်သည်။

သေမင်းသင်္ဘော၏ အမည်အပြည့်အစုံမှာ 'ဒုစရိုက်သမားများကို သေမင်းနိုင်ငံသို့ပို့မည့်သူ'ဟူ၍ ဖြစ်သည်။ သို့သော် အများကမူ ဤအမည်ရှည်လွန်းသောကြောင့်'သေမင်းသင်္ဘော' ဟူသော အလွယ်တကူ ခေါ်ကြသည်။

သေမင်းသင်္ဘောသည် ချမ်းသာသင်္ဘောကဲ့သို့ပင် တနှစ်လျှင် တကြိမ်ပေါ်လာလေ့ရှိသည်။ သေမင်းသင်္ဘောပေါ်လာချိန်မှာ ချမ်းသာသင်္ဘောကဲ့သို့ (၄)ရက်မဟုတ်။တရက်မျှသာဖြစ်သည်။

ပေါ်လာသည့် နေရာမှာလည်း ချမ်းသာ သင်္ဘော ကဲ့သို့ မဟုတ်။



ချမ်းသာသင်္ဘောသည် နှစ်စဉ်နှစ်တိုင်း တုံ့ထင်မြစ်ကြောင်း တနေရာရာတွင် ပေါ်လာလေ့ရှိသော်လည်း သေမင်း သင်္ဘောကမူ မြစ်ကြောင်းအမျိုးမျိုးတို့တွင် ပေါ်လာလေ့ရှိသည်။

တနှစ်တွင် ဝှမ်ဟိုမြစ်ကြောင်း တနေရာတွင် ပေါ်လာပြီး၊ နောက်နှစ်တွင် ချန့်ကျန်းမြစ်ကြောင်းတွင် ပေါ်လာချင် ပေါ်လာတတ်သည်။ နောက်တနှစ်တွင် ထိုက်ယူမြစ်တွင် ပေါ်လာချင် ပေါ်လာပြန်သည်။

သေမင်းသင်္ဘော ပေါ်လာသည့် နေရာများမှာ ဒုစရိုက်ဂိုဏ်းဝင် သိုင်းသမားဆိုးများ လွှမ်းမိုးသောင်းကျန်းရာ နေရာများချည်းဖြစ်သည်။

သေမင်းသင်္ဘော ပေါ်လာချိန်တွင် ထိုနေရာရှိ သိုင်းသမားဆိုးများမှာ မျိုးပြုတ်အောင် ချေမှုန်း သုတ်သင်ခြင်း ခံရမြဲဖြစ်သည်။

သေမင်းသင်္ဘောမှာ အမှန်တရားဘက်မှရပ်တည်ကာဒုစရိုက်သမားများကို လိုက်လံ နှိမ်နင်းနေသော သင်္ဘော ဖြစ်သည်။ သို့ရာတွင် အတိုကောက် အလွယ်တကူခေါ်ကြသည့် 'သေမင်းသင်္ဘော'ဟူသော အခေါ်အဝေါ်ကြောင့် အကြောင်းရင်းမသိသူများက ဤသင်္ဘောကိုမကောင်းဆိုးဝါးသင်္ဘောဟုထင်မှတ်ကာ ကြောက်လန့်နေကြသည်။

သေမင်းသင်္ဘော နှစ်စဉ်အချိန်မှန်မှန် ပေါ်လာခဲ့သည်မှာ ဤဇာတ်လမ်းစတင်ချိန်တွင် (၁၅)နှစ်တိုင်တိုင် ရှိခဲ့ပြီဖြစ်သည်။

သေမင်းသဘော်၏သက်တမ်းမှာ ချမ်းသာသဘော်ထက် ပိုမိုကြာမြင့်သည်ဟုဆိုနိုင်သည်။

သေမင်းသဘော်သည်တို့ထင်မြစ်ကြောင်းတွင် (၃) ကြိမ်ပေါ်ခဲ့ဖူးသည်။ သို့သော် သေမင်းသဘော် ပေါ်လာချိန်မှာ နှစ်စဉ်(၉)လပိုင်း(၁၅)ရက်နေ့တနေ့ထဲသာ ဖြစ်ပေရာ (၉)လပိုင်း(၉)ရက်နေ့တွင် ပေါ်လာပြီး(၁၂)ရက်နေ့ ညသန်းခေါင်ယံတွင် ပျောက်သွားလေ့ရှိသော ချမ်းသာသဘော်နှင့် မဆိုမိကြပေ။

သေမင်းသဘော်သည် တနှစ်တွင်တရက်ပေါ်လာပြီးနောက် ပျောက်ကွယ် မသွားမီ ရွှေပေလွှာများ ဖြန့်ကြဲ ပေးလေ့ရှိသည်။

ထိုရွှေပေလွှာများတွင် မကောင်းမှုဒုစရိုက် လုပ်ငန်းများ လုပ်ဆောင်နေသော မည်သည့်သိုင်းအဖွဲ့အစည်းသည် မည်သည့်နေ့တွင် ပျက်စီးပြိုကွဲသွားမည်။ မည်သည့် သိုင်းသမားဆိုးသည် မည်သည့်နေ့တွင် ဆုံးမဒဏ်ခတ်ခြင်း ခံရမည်စသည့်အကြောင်းများ ရေးသားပါရှိသည်။

ထူးဆန်းသည်မှာ ထိုရွှေပေလွှာများတွင် ရေးသားဖော်ပြထားသည့်အတိုင်း ဒုစရိုက်လုပ်ငန်း လုပ်နေသော သိုင်းအဖွဲ့အစည်းများနှင့် သိုင်းသမားဆိုးများ ပျက်စီးသေကြေကုန်ကြခြင်းပင်ဖြစ်သည်။



ထို့ကြောင့် သိုင်းပညာကို အလွဲသုံးစားလုပ်ကာမကောင်းမှုမျိုးစုံ ကျူးလွန်နေကြသည့် သိုင်းသမားဆိုးများမှာ သေမင်းသဘော်ပေါ်လာမည့် နေ့ရက်ဖြစ်သော (၉)လပိုင်း(၁၅)ရက်နေ့နှင့် နီးကပ်လာတိုင်း ရင်တမမဖြင့် ရှိနေကြရမြဲ ဖြစ်သည်။
ချမ်းသာသဘော်က အပျော်အပါးလောင်းကစားမှုများကို အားပေးလုပ်ဆောင်နေသည်။ သေမင်းသဘော်ကမကောင်းမှုဒုစရိုက်လုပ်ငန်းများကို ချေမှုန်းရှင်းလင်းနေသည်။

ချမ်းသာသဘော်ကြောင့်အိမ်ပြုတ်မြေပြုတ်စည်းစိမ်ချမ်းသာပြုတ်ကာ လူလုံးမလှ ဖြစ်ခဲ့ကြသူများ မနည်းတော့။ သေမင်းသဘော်၏ နှိမ်နင်းမှုကြောင့် ပြိုကွဲပျက်စီးသွားသော ဒုစရိုက်ဂိုဏ်းများ သိုင်းသမားဆိုးများလည်း မနည်းတော့ပေ။

× × ×



## အခန်း (၂)

(၉)လပိုင်း (၉)ရက်နေ့သို့ ရောက်ရှိလာပြန်သည်။

အာရုံဦး ရောင်နီမပေါ်ခင်ကပင် တုံ့ထင်မြစ်၏ ဝဲယာ မြစ်ကမ်းနဖူးများတွင် လူအများ သောသော ရုတ်ရုတ်နှင့် စည်ကားနေသည်။

မကြာမီ ပေါ်ပေါက်လာတော့မည် ဖြစ်သော ချမ်းသာ သဘော်ကို တွေ့လို မြင်လိုဇောနှင့် စောင့်ဆိုင်း နေကြခြင်း ဖြစ်သည်။

တုံ့ထင် မြစ်ကမ်းပါး နှစ်ဘက်ဝယ် ပြည့် ကြပ် အောင် လာရောက်စောင့်ဆိုင်းလျက် ရှိကြသူများမှာ အသွင်အမျိုးမျိုး



လူအမျိုးမျိုးပင်။ အများစုမှာမူ သိုင်းလောကတွင် ကျင်လည် ကျက်စားသော သိုင်းသမားများဖြစ်ကြသည်။

မြစ်ကမ်းနဖူးဝယ် ဟိုသွားသည်လာနှင့်လှုပ်ရှားကာချမ်းသာ သဘော်ပေါ်လာမည့် အချိန်ကို စောင့်မျှော်နေသူများရှိသလို သင့်တင့်လျောက်ပတ်သော နေရာများတွင် ဂူနွေ့ရရထိုင်ယင်း စောင့်နေကြသူများလည်း ရှိကြသည်။

ဂူနွေ့ရရ ထိုင်စောင့်နေကြသော လူစုထဲတွင် အနီရောင် ဝတ်စုံဝတ်ထားသော လူရွယ်တယောက်နှင့် အပြာရောင် ဝတ်စုံ ဝတ်ထားသော အဘိုးအိုတဦးလည်းပါဝင်သည်။

ဝတ်စုံနီလူရွယ်မှာ အသက်(၂၅)နှစ်ခန့်ရှိသည်။ ဝတ်စုံနက် အဘိုးကြီးမှာမူ အသက်(၆၀)နီးပါးရှိသည်။

သူတို့နှစ်ယောက်မှာ ထိုင်၍စောင့်နေကြသည့် လူစုထဲဝယ် ဂူနွေ့အရဆုံးပင်ဖြစ်သည်။

ထိုင်စောင့်နေကြသူများမှာ ဂူနွေ့ရရ စောင့်နေကြသည် ဆိုသော်လည်း လည်တဆန့်ဆန့်နှင့် မြစ်ကြောင်းဘက်သို့ မကြာ ခဏလှမ်းမျှော်ကာ ချမ်းသာသဘော် ပေါ်လာလေပြီလားဟု ကြည့်နေကြသည်။

ချမ်းသာသဘော် ပေါ်လာသည်နှင့် အပြေးသွားနိုင်ရန် ဖင်တကြွကြွနှင့် ရှိနေကြသည်။

ဝတ်စုံနီလူရွယ်နှင့် ဝတ်စုံပြာ အဘိုးကြီးတို့နှစ်ယောက်ကမူ တုံ့ထင်မြစ်ကြောင်းဘက်သို့ ယောင်၍ပင် မျက်ရိပ်မသန်း။

တည်တည်ငြိမ်ငြိမ် အေးအေး ဆေးဆေး ပင် ထိုင်နေကြသည်။

သူတို့ကြည့်ရသည်မှာ မြစ်ကမ်းနဖူးတွင် လေညှင်းခံယင်း အပန်းဖြေနေကြသလို အသွင်မျိုးဖြစ်သည်။

တုံ့ထင်မြစ်ကြောင်းထဲတွင်မူလောင်းလှေတစီးကပျင်းပျင်းရိရိပင် တအိအိရွေ့လျားနေသည်။

ထိုလောင်းလှေလေးမှအပ၊ တုံ့ထင်မြစ်ကြောင်းတွင်သွားလာနေသော တခြားလှေ၊ သင်္ဘောတစီးတလေမျှပင် မရှိပေ။ ကမ်းဝဲဘားနားဝယ် ဆိုက်ကပ်ထားသောလှေသင်္ဘောများသာရှိသည်။

လောင်းလှေပေါ်ဝယ် လူငယ်တယောက်တည်းသာ ပါရှိသည်။ ထိုလူငယ်မှာအသက်(၁၈)နှစ်ခန့်ရှိသည်။ အနက်ရောင်အဝတ်အစားများကို ဝတ်ဆင်ထားသည်။

ဝတ်စုံနက် လူငယ်သည် တက်ကို တချက်ချင်းစီခတ်ကာ လောင်းလှေကို ဖြည်းဖြည်းအေးအေးလှော်ခတ်နေသည်။

ထိုလှေမှာ ပြိုင်ပွဲဝင် လောင်းလှေအမျိုးအစား ဖြစ်သည်။ တက်သုတ်ရိုက်ကာ ခပ်ပြင်းပြင်း လှော်ခတ်လျှင် ရေပြင်ဝယ် ရှပ်တိုက်ကာ လျင်မြန်စွာ ပြေးမည်ပင်။ ယခုမူဝတ်စုံနက်လူငယ်က ဖြည်းဖြည်း လေးလေး တချက်ချင်း လှော်ခတ် နေ၍ ထိုလောင်းလှေမှာ တအိအိသာ ရွေ့လျားနေသည်။



မကြာမီမှာပင် အရှေ့မိုးကောင်းကင်ဝယ် အာရုံဦးရောင်နီပျိုးလာသည်။ အာရုံဦးရောင်နီနှင့်အတူ တုံ့ထင်မြစ်ကြောင်းအတိုင်း သင်္ဘောကြီးတစီး ခုတ်မောင်းပေါ်ပေါက်လာသည်။

"ဟော—ချမ်းသာသင်္ဘော ပေါ်လာပြီဟေ့"

ကမ်းနဖူးပေါ်ဝယ်စောင့်နေကြသူများအနက်မှ တယောက်က တအားအော်ဟစ်လိုက်သည်။

"ချမ်းသာသင်္ဘောရောက်လာပြီ"

"ဟောဟိုမှာ ချမ်းသာသင်္ဘော"

တယောက်တပေါက် အော်ဟစ်သံများ ဆက်တိုက်ပင် ပေါ်လာသည်။ တုံ့ထင်မြစ်ကမ်းတဘက်တချက်တွင်စောင့်နေကြသူများမှာ သောသောရုတ်ရုတ် ဖြစ်ကုန်ကြသည်။

× × ×

အာရုံဦး ရောင်နီပျိုးလာသည်နှင့် ချမ်းသာသင်္ဘောသည် တုံ့ထင်မြစ်ကြောင်းဝယ် ခုတ်မောင်းပေါ်ပေါက်လာသည်။

ပထမတွင် ခပ်ဖြည်းဖြည်း ခပ်နှေးနှေးသာခုတ်မောင်းလာရာမှ မကြာမီမှာပင် အရှိန်ကိုမြှင့်ကာ ရေပန်းများတဖွားဖွားထအောင် လျင်မြန်စွာ ခုတ်မောင်းသည်။

သင်္ဘောပေါ်ရှိ ရောင်စုံမီးအိမ်မီးခွက်များကိုလည်းထွန်းညှိလိုက်ကြသည်။

မီးရောင်ကြောင့် ချမ်းသာ သင်္ဘော တခုလုံး၏ အသွင်သဏ္ဍာန်မှာ ထင်ထင်ရှားရှား ပေါ်ပေါက်လာသည်။

ချမ်းသာသင်္ဘောမှာ နှစ်ထပ်သင်္ဘောဖြစ်သည်။ အတော်ကြီးမားသည်။ တည်ဆောက်ထားပုံမှာလည်း အလွန်လက်ရာမြောက်ကာ ခမ်းနားထယ်ဝါသည်။

ချမ်းသာသင်္ဘော၏ ဝဲယာဘေးတဘက်တချက်ဝယ်လှေငယ်တစီးစီ ချိတ်ဆွဲပါရှိလာသည်။လက်ယာဘက်ရှိလှေငယ်မှာ ရွှေရောင်ဖြစ်ပြီး၊ လက်ဝဲဘက်ရှိ လှေငယ်မှာမူ ငွေရောင်ဖြစ်သည်။ လှေကို ပန်းပုလက်ရာများဖြင့် လှပစွာချယ်မှုန်းထားသည်။

တို့ထင်မြစ်၏ ဝဲယာကမ်းပါးများတွင်ရှိနေကြသူများသည် ချမ်းသာသင်္ဘော မည်သည့်နေရာတွင် ဆိုက်ကပ်လေမည်နည်းဟု စောင့်ကြည့်နေကြသည်။

အချိန်ပြင်းစွာ ခုတ်မောင်းနေသော ချမ်းသာသင်္ဘော၏ ဝဲယာတွင်ချိတ်ဆွဲထားသော ရွှေရောင် ငွေရောင်လှေငယ်(၂)စီး တရွေ့ရွေ့အောက်သို့ကျလာသည်။

လှေငယ်(၂)စီး မြစ်ရေပြင်နှင့် ထိမိချိန်တွင် လှေငယ်များအား ဆိုင်းထားသည့် ကြိုးများကို ဖြုတ်ပေးလိုက်ကြသည်။

ရွှေရောင်၊ ငွေရောင် လှေငယ်များပေါ်ဝယ် လှေခလှော်သူ(၂)ဦးစီပါရှိကြသည်။

ကြိုးဖြုတ်ပြီးနောက် ရွှေရောင်လှေငယ်က တို့ထင်မြစ်၏ ညာဘက်ကမ်းခြေသို့ ဦးတည်လှော်ခတ်သွားသည်။ ငွေရောင်



လှေငယ်ကမူ တို့တင်မြစ်၏ ဗယ်ဘက် ကမ်းခြေသို့ ရှေ့ရှုလှော်ခတ်လာသည်။

ရွှေရောင်၊ ငွေရောင်လှေငယ်(၂)စီးကို ဖြုတ်ချပေးပြီးသည်နှင့်၊ ချမ်းသာသင်္ဘောသည် ခုတ်မောင်းလာမှုကို ရပ်ဆိုင်းလိုက်သည်။

ဆက်လက်ခုတ်မောင်းခြင်းမပြုတော့။

စောစောက ခုတ်မောင်းလာခဲ့သည့် အရှိန်မသေသေးသောကြောင့် သင်္ဘောမှာမူ ဆက်လက် ရွေ့လျား သွားနေသေးသည်။

ရွှေရောင်၊ ငွေရောင် လှေ(၂)စီး တို့ထင်မြစ်၏ ဝဲယာကမ်းခြေ (၂)ဘက်သို့ ပြိုင်တူ ဆိုက်ကပ်မိချိန်တွင် ချမ်းသာသင်္ဘောမှာလည်း တို့ထင်မြစ်ကြောင်း အလယ်တနေရာဝယ် ကျောက်ချ ရပ်နားပြီး ဖြစ်သွားသည်။

ကျောက်ချရပ်နားမိသည်နှင့် ချမ်းသာသင်္ဘောပေါ်မှမီးရှူးမီးပန်းများ ပစ်လွှတ်ကာ မီးအိုး ဗျောက်အိုး များကိုလည်း တဒိုင်းဒိုင်း ပစ်ဖောက်သည်။

ထိုအချိန်တွင် ရွှေရောင်၊ ငွေရောင် လှေ(၂)စီးတွင်လည်း ညှိကြိုးအလံများ လွှင့်ထူလိုက်ကြသည်။

မြစ်ကမ်းနံပူးပေါ်ဝယ် စောင့်နေကြသူများမှာ သူ့ထက်

ငါ့ဦးအောင် ရွှေရောင် ငွေရောင် လှေများပေါ်သို့ တက်ကြသည်။

ကန့်သတ်ထားသော လူဦးရေ ပြည့်သည်နှင့် လှေလှော်သမားများက နောက်ထပ် လှေပေါ်သို့ အတက်မခံ တော့ပဲ၊ လှေများကို ချမ်းသာသဘော်ရှိရာသို့ ပြန်၍ လှော် ခတ် သွားသည်။

ရွှေရောင် ငွေရောင် လှေများမှာ ပေါ့ပါးသောလှေများဖြစ်ကြပြီး လှေလှော်သမား များမှာလည်း ခွန်အား သန်စွမ်းပြီး လှေလှော် ကျွမ်းသူများဖြစ်ကြရာ၊ လှေ(၂)စီးသည် လျင်မြန်သောအရှိန်ဖြင့် ချမ်းသာသဘော်ရှိရာသို့ ပြေးသွားသည်။

ထိုအချိန်တွင် လောင်းလှေငယ် တစီး က လည်း ချမ်းသာသဘော်ရှိရာသို့ ဦးတည်၍ လျင်မြန်သော အဟုန်ဖြင့် ချဉ်းကပ်လာသည်။

ထိုလောင်းလှေမှာ ဝတ်စုံနက် လူငယ် လှော်ခတ်လာသော လောင်းလှေပင်ဖြစ်သည်။

ဝတ်စုံနက်လူငယ်က အားစိုက်ခွန်စိုက် တက်သုတ်ရိုက်ကာ လှော်ခတ်နေပြီ ဖြစ်သောကြောင့် လောင်းလှေမှာ လေးညှို့မှ ခွင်းလွှတ် လိုက်သော မြှားတံလို အဟုန်ပြင်းစွာ ပြေးနေသည်။

ဤသို့ဖြင့် ထိုလောင်းလှေငယ်သည် ရွှေရောင် ငွေရောင်လှေတို့ကို ဖြတ်ကျော်ကာ ချမ်းသာ သဘော်အနီးသို့ ဦးအောင် ချဉ်းကပ်ရောက်ရှိသွားသည်။



ချမ်းသာသဘော်နှင့် ပေ(၃၀)ခန့်အကွာသို့ချဉ်းကပ်ရောက်ရှိသွားသည်နှင့် ဝတ်စုံနက်ဝတ်လူငယ်က လှော်တက်ကိုချကာ လှေဝမ်းထဲမှ ကြိုးထုံးတခုကောက်ကိုင်ပြီး ချမ်းသာသဘော်ရှိရာသို့ လွှဲပစ်လိုက်သည်။

"ဝှီး...."

ကြိုးစတဘက်တွင် တပ်ဆင်ထားသော ချိတ် ကောက် က လျင်မြန်သော အဟုန်ဖြင့်လွင့်ထွက်သွားကာချမ်းသာသဘော်၏ ဘေးဘက်ဘောင်ထိပ်ကို မိမိရရချိတ်မိသည်။

ဝတ်စုံနက်လူငယ်က ကြိုးစကို တအားကုန်ဆွဲလိုက်ရာ လှေ ရော လူပါ ချမ်းသာသဘော်၏ ဘေးနားသို့ တိုးကပ်ရောက်ရှိသွားသည်။

ဝတ်စုံနက် လူငယ်သည် ကြိုးကိုအားပြုခိုတွဲကာ ချမ်းသာသဘော်၏ ကုန်းပတ်ပေါ်သို့အရောက် တွယ်တက်လာခဲ့သည်။

× × ×

ချမ်းသာသဘော်၏ ကုန်းဘတ်ပေါ်သို့ ဝတ်စုံနက်လူငယ် ရောက်ရှိလာခဲ့သည်။

သဘော်ကုန်းပတ်အပြည့် ခင်းကျင်းထားသော ကော်ဇောနီပေါ်သို့ ခြေချရပ်မိသည်နှင့် သူ့နားသို့ လူဘယောက် လျင်မြန်စွာ ချဉ်းကပ်ရောက်ရှိလာသည်။

အဘိုးကြီးတယောက်ဖြစ်သည်။ အသက်(၅၀)ခန့်ရှိသည်။ ရွှေရောင် ပိုးသားဝတ်စုံ အကောင်းစားကို ဝတ်ထားသည်။ အိုသော် မျက်နှာထားကမူ ခက်ထန်ကြမ်းတမ်းလှသည်။

"ဟေ့ကောင် မင်းရောက်လာပြီလား....၊ မင်းဟာတခါလဲ မဟုတ် နှစ်ခါလဲမဟုတ် ငါတို့ချမ်းသာသဘော်ာ ပေါ်လာတဲ့ အချိန်တိုင်း အခုလို ခိုးကြောင်ခိုးဝှက်နဲ့ သဘော်ာပေါ်တက်လာတာ ဒါပါနဲ့ဆိုယင် သုံးနှစ်ဆက်တိုက် ရှိနေပြီ ဒီ ချမ်းသာ သဘော်ာဆိုတာ မင်းတို့လို ကလေကချေကောင်တွေ လာရမယ့် နေရာမဟုတ်ဘူးလို့ ငါပြောထားတာ မေ့နေပြီလား၊ ဘာ ကိစ္စ ငါတို့သဘော်ာပေါ်ကို ခိုးကြောင် ခိုးဝှက် တက်လာရပြန် တာလဲ သေချင်လို့လား"

အဘိုးကြီးက ခက်ထန်တင်းမာသောလေသံဖြင့် ဝတ်စုံနက် လူငယ်ကို ကြိမ်းမောင်းပြောဆိုသည်။

"ဗြော်....အဘိုးကြီးဟိုင်ကျင်းနဲ့ပဲ လာတိုးနေရပြန့်တာကိုး ဒီနှစ် ကျွန်တော် ရောက်လာတဲ့ကိစ္စက မနှစ်ကနဲ့ အတူတူပါပဲ မာယာမင်းသမီး ယဲ့ချီနဲ့တွေ့ပြီး ကျွန်တော့် အဖေအကြောင်း စုံစမ်းမေးမြန်းချင်လို့ပါ"

ဝတ်စုံနက်လူငယ်က ပြန်အဖြေပေးသည်။

ဝတ်စုံနက်လူငယ်နှင့်တွေ့ဆုံနေသော အဘိုးကြီးမှာရေနဂါး ဟိုင်ကျင်းဖြစ်သည်။ ရေနဂါးဟိုင်ကျင်း၏ အမည်မှာ ပင်လယ် ပိုင်းဒေသတွင် အတော်ပင် နာမည်ကြီးသည်။



ချမ်းသာသဘော်ာပေါ်သို့ မည်သည့်အတွက်ရောက်နေမှန်းမူ မသိ။ ဝတ်စုံနက်လူငယ် ချမ်းသာသဘော်ာပေါ်သို့ တက်လာ ခဲ့သည့်အတိုင်း ဟိုင်ကျင်းနှင့်ဆုံပြီး ဟန့်တားမောင်းထုတ်ခြင်း ခံရသည်။

"ဟိတ်ကောင် လွန်ခဲ့တဲ့သုံးနှစ်က မင်းကို အဖြေပေးခဲ့တဲ့ အတိုင်း အခုထပ်ပြီးပြောရအုံးမယ်၊ မာယာမင်းသမီး ယဲ့ချီက မင်းလိုကောင်မျိုးကို စိတ်ကူးထဲတောင် ထည့်တာ မဟုတ်ဘူး၊ မင်းအဖေအကြောင်းကို သိဖို့တော့ ဝေလာဝေးပဲ၊ မာယာ မင်းသမီး ယဲ့ချီကိုတွေ့ဖို့တော့ အိပ်မက်တောင်မမက်နဲ့ ဟောဒီ သဘော်ာပေါ်ကို မင်း ခိုးခိုးပြီးတက်လာတာ ဒါပါနဲ့ဆိုယင် သုံးကြိမ်ရှိနေပြီ၊ မင်းဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ မလောက် လေး မလောက်စားမို့ သည်းခံနေတာ ဒီတကြိမ်တော့ နောက် ဆုံးပဲ ရှင်းရှင်းပဲပြောမယ်၊ နောက်တခါ သဘော်ာပေါ်ကိုဘက် လာမယ်ဆိုယင်တော့ သည်းမခံတော့ဘူး မင်းကို အသေသတ်ပြီး မိကျောင်းစာကျွေးပစ်မယ်"

"ကျွန်တော်ကလဲ စိတ်မရှည်တော့ဘူး ဒီတခါ ချမ်းသာ သဘော်ာပေါ်ကို တက်လာတာ နောက်ဆုံးအကြိမ်ပဲ မာယာ မင်းသမီးယဲ့ချီနဲ့ တွေ့ကိုတွေ့ရမှဖြစ်မယ်၊ယဲ့ချီနဲ့မတွေ့ရဘူးဆိုယင် တော့ ဒုစရိုက်မှုတွေလုပ်နေတဲ့ ဟောဒီ ချမ်းသာသဘော်ာ တစီး လုံးကို ပြာကျသွားအောင် တခါတည်းမီးရှို့ပစ်လိုက်မယ်"

ဝတ်စုံနက်လူငယ်က အခိုင်အမာဆုံးဖြတ်ထားဟန်ဖြင့်ပြော သည်။

"ဟားဟားဟား...မင်းလို ကောင်စုတ်လေးကလား ငါတို့ သခေါ်ကို ပြာကျအောင် မီးရှို့နိုင်မှာ ဟားဟားဟား"

ရေနဂါးဟိုင်ကျင်းက ပြက်လုံးကောင်းတခုကို နားထောင် ရသည့်အလား ရယ်မောယင်းပြောသည်။

ဝတ်စုံနက်လူငယ်နှင့် ရေနဂါးဟိုင်ကျင်းတို့နှစ်ယောက်အချီ အချ စကားဆိုနေကြဆဲတွင် ရွှေရောင်၊ ငွေရောင် လှေ(၂)စီး သည် ချမ်းသာသခေါ်၏ ဝဲယာဘေးတဘက်တချက်သို့ ဆိုက် ကပ်လာပြီး ညွှေ့သည်များ ချမ်းသာသခေါ်ပေါ်သို့တက်လာ ကြပြီ ဖြစ်သည်။

"ဗျို့...ယဲ့ချီ ခင်ဗျားကိုတွေ့ချင်လို့ ကျွန်တော်လာနေတာ သုံးနှစ်ရှိနေပြီ၊ ဒီနှစ်တော့ ခင်ဗျားနဲ့တွေ့ရမှဖြစ်မယ်၊ခင်ဗျားနဲ့ တွေ့ပြီး ကျွန်တော့်အဖေအကြောင်း မမေးရမချင်းကျွန်တော် မပြန်ဘူး"

ဝတ်စုံနက်လူငယ်က ရေနဂါးဟိုင်ကျင်းကို ဘာမျှမပြော တော့ပဲ အသံကျယ်ကျယ်ဖြင့် အော်ဟစ်လိုက်သည်။

ဝတ်စုံနက်လူငယ်၏ အော်သံမှာ အတော်ပင် ကျယ်လောင် သည်။ ရေနဂါးဟိုင်ကျင်း မရယ်မောနိုင်တော့ပဲ ထိတ်ထိတ် ပျာပျာဖြစ်သွားသည်။



ဤ အော်သံကိုသာ မာယာမင်းသမီးယဲ့ချီကြားသွားပါက ရေနဂါးဟိုင်ကျင်းအဖို့ အပြစ်ပေးခံရမည် မလွဲပေ။

ထို့ကြောင့် ထပ်မအော် နိုင်စေရန်အတွက် ဝတ်စုံနက် လူငယ်၏ လည်ပင်းကို ဆတ်ကနဲ ဖမ်းညှစ်လိုက်သည်။

လည်ပင်းကို မိမိရရအညှစ်ခံလိုက်ရသောကြောင့်ဝတ်စုံနက် လူငယ်မှာ ထပ်မအော်နိုင်တော့။ အသံပင် မထွက်နိုင်တော့ပဲ မျက်လုံးအပြူးသား ပါးစပ်အပြဲသားနှင့်ဖြစ်သွားသည်။

"ကောင်းကောင်း မှန်မှန်ပြောတာ နားမထောင်ချင်တဲ့ ကောင် တခါထဲ မိကျောင်းစာကျွေးပစ်လိုက်မှအေးမယ်"

ရေနဂါးဟိုင်ကျင်းက ဤသို့ပြောပြီး ဝတ်စုံနက် လူငယ်၏ လည်ပင်းကို ပို၍ တင်းတင်းကြပ်ကြပ် ညှစ်သတ်ရန် ဟန်ပြင် သည်။

သို့ရာတွင် ရုတ်တရက် ညာဘက်ပခုံးတွင် ကျင်ကနဲ ခံစား ရပြီး ဝတ်စုံနက်လူရွယ်၏ လည်ပင်းကို ဖျစ်ညှစ် ထားသော ရေနဂါးဟိုင်ကျင်း၏ ညာလက်မှာလည်း ပြုတ်ကျသွားသည်။

တစုံတယောက်က ဝင်ရောက် စွက်ဖက်ကာ တိုက်ခိုက်လာ ခြင်းဖြစ်ကြောင်း ဟိုင်ကျင်းရိပ်မိလိုက်သည်။

ဟိုင်ကျင်းက ဝင်ရောက်စွက်ဖက် တိုက်ခိုက်လာသူကို အသာ မျက်လုံးစွေကြည့်လိုက်သည်။

သူ့အနားဝယ် လူရွယ်တယောက် ရပ်နေသည်ကို တွေ့ရ သည်။ ထိုလူရွယ်မှာ အနီရောင် ဝတ်စုံကို ဝတ်ထားသည်။

အသက်(၂၅)နှစ်ခန့်ရှိသည်။ မျက်နှာမှာမှန်ရည်ပြီး လူရည်သန့်သည်။

ဝတ်စုံနီလူရွယ်၏ ဗယ်လက်က ဟိုင်ကျင်း၏ညာဘက် ပခုံးပေါ်သို့ တင်ထားသည်။ ခပ်သာသာလေး တင်ထားသည်ဖြစ်သော်လည်း အမိကသွေးကြောကွက်တခုဖြစ်သော လက်ယာရေစီး သွေးကြောကွက်နေရာတည့်တည့်ကို တိတိကျကျ ဖိတင်ထားသည်ဖြစ်၍ ဟိုင်ကျင်း၏ ညာလက်တခုလုံးမှာ ထုံကျင်၍ လှုပ်မရအောင် ဖြစ်နေသည်။

ဝတ်စုံနီဝတ်လူရွယ်၏ သိုင်းပညာမှာ မိမိထက်သာလွန်သည့်အပြင် လက်ဦးမှုလည်း ရရှိထားသည်ဖြစ်ရာ တုံ့ပြန်တိုက်ခိုက်လျှင် မိမိသာ နာမည်ဖြစ်ကြောင်း ဟိုင်ကျင်းရိပ်မိသည်။

ထို့ကြောင့် ဟိုင်ကျင်းသည် မည်သို့မျှ လှုပ်ရှားတိုက်ခိုက်ခြင်းမပြုတော့ပဲ အသာငြိမ်၍ ရပ်နေလိုက်သည်။

ဟိုင်ကျင်း၏ ဆုပ်ဖမ်းထားမှုမှ လွတ်သွားပြီဖြစ်သော ဝတ်စုံနက်လူငယ်သည် သင်္ဘော၏ ပင်မခန်းဆောင်ရှိရာသို့ သွားရန် ခြေလှမ်းပြင်လိုက်သည်။

"ဟော့—ခဏလောက်စောင့်ပါအုံး"

ရုတ်တရက် ဟန့်တားသံပေါ်လာသောကြောင့် ဝတ်စုံနက်လူငယ်သည် လှမ်းတော့မည့်ခြေလှမ်းကိုရပ်ကာ အသံလာရာသို့ လှမ်းကြည့်သည်။



တားဆီးသူမှာ မိမိကို ဝင်ရောက်ကူညီ ကယ်ဆယ်ပေးသူ ဝတ်စုံနီလူရွယ်ဖြစ်ကြောင်း တွေ့ရသည့်အတွက် အသာ ပြုံးပြလိုက်သည်။

"သိပ်မခလောပါနဲ့လေ အစ်ကိုလဲ အဲဒီအထဲကိုသွားမလို့ပါပဲ အစ်ကိုနဲ့အတူတူသွားကြတာပေါ့"

ဝတ်စုံနီလူရွယ်က ဟိုင်ကျင်း၏ပခုံးပေါ်တင်ထားသောလက်ကို အသာပြန်ဖယ်ရှားယင်း ပြုံး၍ပြောသည်။

"ဟုတ်ကဲ့ အစ်ကို"

ဝတ်စုံနက်လူငယ်က ပြန်ပြောသည်။

ဤသို့အပြန်အလှန် ပြောလိုက်ကြခြင်းဖြင့် သူတို့နှစ်ယောက်မှာ တယောက်ကိုတယောက် ညီအစ်ကိုသဖွယ် သဘောထားကြောင်း အသိအမှတ်ပြုလိုက်သည့်သဘောဖြစ်သွားသည်။

ရေနဂါးဟိုင်ကျင်းမှာအခြေမဟန်တော့ကြောင်း ရိပ်မိသည့်အတွက် ထိုနေရာတွင် ဆက်မနေတော့ပဲ ခပ်သုတ်သုတ်လစ်ထွက်သွားသည်။

ထိုအချိန်တွင် ရွှေရောင်၊ငွေရောင် လှေ (၂) စီး ပေါ်မှ ဧည့်သည်များမှာ ချမ်းသာသင်္ဘောပေါ်သို့ အားလုံးပင် တက်ပြီးဖြစ်သွားသည်။

ရွှေရောင်၊ငွေရောင် လှေ(၂)စီးမှာလည်း နောက်ထပ် ဧည့်သည်များ ထပ်မံကြိုဆိုခေါ်ဆောင်ရန် လှော်ခတ်ထွက်သွားကြလေပြီ။

ဝတ်စုံနီလူရွယ်နှင့် ဝတ်စုံနက် လူငယ်တို့သည် ချမ်းသာသဘော်၏ ပင်မခန်းမဆောင် ရှိရာသို့ လျှောက်လှမ်း လာခဲ့ကြသည်။

"ငါ့ညီနာမည်က ဘယ်လိုခေါ်သလဲကွ"

လျှောက်လှမ်းလာကြယင်း ဝတ်စုံနီလူရွယ်ကမေးသည်။

"ကျွန်တော့်နာမည် အုကန်းလို့ ခေါ်ပါတယ် အစ်ကို့နာမည်ကကော"

ဝတ်စုံနက်လူငယ်က အဖြေပေးယင်း ပြန်မေးခွန်း ထုတ်သည်။

"လိန်ပင်းလို့ခေါ်တယ်"

ဝတ်စုံနီလူရွယ်ကဖြေသည်။ ထိုအချိန်တွင် သူတို့နှစ်ယောက်မှာ ချမ်းသာသဘော်၊ ပင်မခန်းမဆောင် အဝင်ဝနားသို့ရောက်လာကြသည်။

ထိုအချိန်တွင် ဧည့်သည်အားလုံး ခန်းမဆောင်ထဲ ဝင်ကုန်ကြပြီဖြစ်ရာ၊ လိန်ပင်းနှင့် အုကန်းတို့မှာ ခန်းမဆောင်ထဲသို့ ဆက်၍ဝင်ရောက်လာကြသည်။

× × ×

လိန်ပင်းနှင့် အုကန်းတို့ (၂) ယောက် ချမ်းသာသဘော်၏ ပင်မခန်းမဆောင်ထဲသို့ အတူလျှောက်လှမ်း ဝင်ရောက် လာခဲ့ကြသည်။



ခန်းမဆောင် ထဲသို့ လှမ်းဝင် မိသည်နှင့် မိန်းမပျိုလေး တယောက် သူတို့ကို ဆီးကြိုကာ နှုတ်ခွန်းဆက်စကားဆိုသည်။

"ကြွကြွပါရှင် ကြွကြွပါ"

မိန်းမပျိုလေးမှာ အတော်ပင် ချောမောလှပသည်။ အဖြူရောင်ဝတ်စုံကို ဝတ်ထားသည်။

မိန်းမပျိုလေးသည် ချစ်စရာအပြုံးလေးနှင့် နှုတ်ခွန်းဆက်စကားဆိုပြီးနောက်၊ လိန်ပင်း၏ ညာလက်မောင်းကို လက်ကလေး (၂) ဘက်ဖြင့် ကန္တကယလေး သိုင်းဖက် ဆုပ်ကိုင်လိုက်သည်။

"တွေ့တယ်မဟုတ်လား ညီလေး ဒါဟာချမ်းသာသဘော်ရဲ့ ပြုစု ပျော်ဖြေမှု အစဗိုင်းပဲရှိသေးတယ် ရော့ဒီမိန်းကလေးကို မင်းပဲပွေ့ထားလိုက်ပါ"

လိန်ပင်းက ဤသို့ပြောယင်း မိန်းမပျိုလေးကို အုကန်းရှိရာသို့ တွန်းပို့လိုက်သည်။

အုကန်းမှာ မိန်းကလေးများနှင့် အပျော်အပါးလိုက်စားရန် ဝါသနာပါသူမဟုတ်ပေ။

ထို့ကြောင့် လိန်ပင်းတွန်းပို့ပေးလိုက်သော မိန်းကလေးကို ဆီးကြိုပွေ့ဖက်ခြင်းမပြုပဲ ဘေးသို့ အသာခုန်၍ တိမ်းရှောင်လိုက်သည်။

ဆီးပေ့ သူမရှိသောကြောင့် မိန်းမပျိုလေးမှာ ကြမ်းပြင်ပေါ်သို့ မှောက်လျက်သား လဲကျသွားသည်။ လဲကျသွားသောအချိန်မှာ အတော်ပြင်းထန်ဟန်ရှိသည်။ မိန်းမပျိုလေးသည် မှူးပွကော်ဇောခင်းထားသော ကော်ဇောပေါ်ဝယ် ခွေခွေလေး လဲကျနေရာမှ ပြန်ထမလာတော့ပေ။

ထိုအချိန်တွင် အစိမ်းရောင် ဝတ်စုံဝတ် မိန်းမပျိုလေးတယောက် အပြေးအလွှား ရောက်ရှိလာကာ၊ လဲကျနေသော ဝတ်စုံဖြူဝတ် မိန်းမပျိုကို ပေးမပွေ့ထူသည်။

ဝတ်စုံဖြူဝတ် မိန်းမပျိုလေးမှာ တကိုယ်လုံး ပျော့ခွေနေသည်။ မျက်လုံးအပြူးသားနှင့်ဝတ်စုံစိမ်းဝတ်မိန်းမပျိုလေးကို ငေးကြောင်ကြောင် ကြည့်နေသည်။ ပါးစပ်မှမူ မည်သည့်စကားမျှမပြော။

ဝတ်စုံဖြူပတ် မိန်းမပျိုလေးမှာ သွေးရိုးသားရိုးသတိလစ်မေ့မြောနေခြင်းမဟုတ်ပဲ၊ ထူးခြားသော အဆင့်မြင့် အကြောပိတ်ပညာတမျိုးမျိုးဖြင့် အကြောပိတ်ခြင်း ခံထားရကြောင်း၊ ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေး ရိပ်မိလိုက်သည်။

ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေးက၊ ဝတ်စုံနီလူရွယ်နှင့် ဝတ်စုံနက် လူငယ်တို့ကို မျက်လုံးတချက်ဝင့်ကာကြည့်သည်။ ညွှသည်တချို့က မိမိတို့ကို အကဲခတ်သလို လှမ်းကြည့်နေကြကြောင်းကိုလည်း ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေးက ရိပ်မိလိုက်သည်။



"ညီမက အဖျားကောင်းကောင်း မပျောက်သေးပဲနဲ့ဇွတ်ထွက်လာပြီး ညွှသည်တွေကို ညွှခံတာကိုး အခုတော့ ခေါင်းမူးနေပြီ မဟုတ်လား လာလာ အေးအေးဆေးဆေး သွားအနားယူလိုက်အုံး"

အဖြစ်မှန် မပေါ်ပေါက်စေရန် ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေးက အသံကျယ်ကျယ်ဖြင့် အော်ပြောသည်။ ထို့နောက် ပျော့ခွေနေသော ဝတ်စုံဖြူဝတ် မိန်းမပျိုလေးကို ပွေ့ချီကာ ခန်းမဆောင်ကြီး၏ ညာဘက်နားရှိ တံခါး တခုမှ ထွက်သွားသည်။

"လာ အူကန်း ဟိုစားပွဲမှာ သွားထိုင်ကြရအောင်"

လိန်ပင်းက ဤသို့ပြောပြီး အူကန်းနှင့်အတူ ခမ်းမဆောင်၏ ချောင်ကျကျနေရာတွင်ရှိသော စားပွဲတခုသို့သွားထိုင်သည်။

"ဟိုဝတ်စုံဖြူဝတ်မိန်းကလေးက ဘယ်လိုဖြစ်သွားတာလဲဗျ သူ့ကြည့်ရတာ တမျိုးကြီးပဲ"

ချောင်ကျသော စားပွဲခုံတွင် နှစ်ယောက်သား ထိုင်မိသောအခါ အူကန်းက လိန်ပင်းကို နှစ်ကိုယ်ကြား တီးတိုးလေးသံဖြင့် မေးလိုက်သည်။

"အကြောပိတ်ခံလိုက်ရတာပါ"

လိန်ပင်းကတီးတိုးလျှို့ဝှက်အသံဖြင့်နှစ်ကိုယ်ကြားပြန်အခြေပေးသည်။

"အစ်ကို ဘယ်လိုလုပ်ပြီး အကြောပိတ်လိုက်တာလဲ တကယ် သေသပ်ပိရိတယ်ဗျာ ဒီလိုအကြောပိတ် ပညာမျိုး ကျွန်တော့် တသက်နဲ့တကိုယ် အရင်က တခါမှမမြင်ဖူးခဲ့ပါဘူး"

"လက်ဝါးရိုက် အကြောပိတ်ပညာကို သုံးလိုက်တာပါ"

"လက်ဝါးရိုက် အကြောပိတ်ပညာတဲ့လား ဒီလိုပညာမျိုး အခုမှမြင်ဖူးကြားဖူးတယ် သိပ်အဆင့်မြင့်တာပဲနော်"

"ဒီလောက်မဟုတ်ပါဘူး သဘောကိုနားလည်ယင် အလွယ်လေးပါ"

"ကျွန်တော် အဲဒီလက်ဝါးရိုက် အကြောပိတ် ပညာ လေ့ကျင့်မယ်ဆိုယင် ဘယ်လောက်ကြာကြာ အချိန်ယူရမလဲ"

"မင်းက အခြေခံ အကြောပိတ်ပညာတော့တတ်ထားတယ် မဟုတ်လား"

"ဟုတ်ကဲ့ တတ်ထားပါတယ်"

"အခြေခံ အကြောပိတ်ပညာတတ်ပြီး သွေးကြောကွက် နေရာတွေနဲ့ သွေးလည်ပတ်မှု လမ်းကြောင်းတွေ အကြောင်း သိထားယင်လက်ဝါးရိုက် အကြောပိတ်ပညာ ဆက်သင်ဖို့မခက် တော့ပါဘူး ကဲ မင်းကို လက်ဝါးရိုက်အကြောပိတ် ပညာရဲ့ အခြေခံသဘောနဲ့ အကြောပိတ်ပုံပိတ်နည်းတွေကို အခုပြောပြ ပေးမယ် မင်းဘာသာဆက်ပြီး ပိုင်နိုင်အောင် လေ့ကျင့် ယူပေါ့"



ဤသို့ပြောပြီးနောက်၊ လိန်ပင်းက လက်ဝါးရိုက် အကြော ပိတ်ပညာ၏ အခြေခံသဘောများကို တီးတိုးလျှို့ဝှက် လေသံ ဖြင့် နှစ်ကိုယ်ကြား ဆက်ပြောပြသည်။

× × ×

တကိုယ်လုံး ပျော့ခွေကာ မလှုပ်ရှားနိုင်၊ စကားမပြောနိုင် ဖြစ်နေသော ဝတ်စုံဖြူဝတ် မိန်းမပျိုလေးကို ပွေ့ချီလာသော ဝတ်စုံစိမ်းဝတ် မိန်းမပျိုသည် ချမ်းသာသခင်ဘော်ပေါ်ရှိ အခန်း ငယ်လေးတခုထဲသို့ ရောက်လာသည်၊

ထိုအခန်းထဲဝယ် ယောကျ်ားပျိုတယောက် ထိုင်နေသည်။ ထိုယောကျ်ားပျိုမှာ အသက် (၂၃)နှစ်ခန့်ရှိပြီး ရုပ်ရည်က မင်းသားတယောက်လို ချောမောတင့်တယ်သည်။

"တင်းတင်းဘယ်လိုဖြစ်လာတာလဲ သတိမေ့နေတာလား"

ပျော့ခွေနေသော ဝတ်စုံဖြူဝတ်မိန်းကလေးကို မြင်ရသော အခါ ထိုယောကျ်ားပျို ထိုင်ရာမှထပြီး တအံ့တဩမေးသည်။

"မမလေးကို မြန်မြန်ခေါ်ပေးစမ်းပါ ၊အရေးကြီးတယ်"

ဝတ်စုံစိမ်းဝတ် မိန်းမပျိုက အလောတကြီးပြောသည်။

"ကျုပ်တယောက်လုံးရှိနေတာတောင် မမလေးကိုခေါ်ပေး ရအုံးမှာလား ပြဿနာက ဘယ်လောက်များ အရေးကြီး လို့လဲ"

“ဘယ်လောက်အရေးကြီးတယ် မကြီးဘူးဆိုတာ သိချင်ယင် ရှင်ကိုယ်တိုင် တင်းတင်းကို စစ်ဆေးကြည့်ပေတော့”

ဝတ်စုံစိမ်းဝတ် မိန်းမပျိုက ပျော့ခွေနေသောတင်းတင်းကို ယောကျ်ားပျို၏ ရှေ့နားရှိသားရေဖုံးထိုင်ခုံရှည်ကြီးပေါ်ဝယ် ချထားပြီးပြောသည်။

မင်းသားတယောက်ပမာရုပ်ရည်ချောမောသောယောကျ်ားပျိုက ထိုင်ခုံရှည်ကြီးပေါ်ဝယ် ကွေးကွေးလေးလဲကျနေသော တင်းတင်းကို စစ်ဆေးကြည့်သည်။

“ဟာ – မဖြစ်နိုင်တဲ့ဥစ္စာပဲ ဒါ....ဒါ လုံးဝမဖြစ်နိုင်ဘူး”

တင်းတင်း၏ အခြေအနေကို စစ်ဆေးကြည့်ပြီးနောက်၊ ယောကျ်ားပျိုက တအံ့တသြပြောသည်။

“မဖြစ်နိုင်ဘူးလို့ဆိုတာ အခုဖြစ်နေပြီမဟုတ်လားရှင့်အမြင်ပဲ ကဲ ဒီပြဿနာကို ရှင်ကိုယ်တိုင် ဖြေရှင်းမလား ဒါမှမဟုတ် မမလေးဆီကိုပဲ အကြောင်းကြားမလားမြန်မြန်ပြောသိပ်အချိန် မရှိဘူး”

ဝတ်စုံစိမ်းဝတ် မိန်းမပျိုက ခတ်ဆတ်ဆတ်ပြောသည်။

“စုလေ့ ကျုပ်ကို ဒီလိုလေသံမျိုးနဲ့ စကားမပြောပါနဲ့”

ယောကျ်ားပျိုကလည်း လေသံမာမာဖြင့် ပြန်ပြောသည်။

“အို ကျွန်မက ဘယ်လိုများပြောမိလို့လဲ ဒါကြောင့် ရှင်နဲ့ စကားမပြောချင်တာ ပြောမိတာနဲ့ အကြောင်းမရှိ အကြောင်း



ရှာပြီး အပြစ်ချည်းဆိုနေတာပဲ နောက်ဆိုယင်ရှင်နဲ့ဘယ်တော့မှ စကားမပြောတော့ဘူး”

စုလေ့ကလည်း ချက်ချင်းခွန်းတုံ့ပြန်ကာ ပြောသည်။

“စုလေ့နဲ့ ရန်စင်းဘာကြောင့် စကားများ ရန်ဖြစ်နေကြရတာလဲ တယောက်ကို တယောက် သည်းခံမှပေါ့ တင်းတင်း ဘယ်လိုဖြစ်တာလဲဆိုတာ ပြောကြစမ်းပါအုံး”

အခန်းငယ်လေး၏ နံရံတဘက်ဆီမှ အမျိုးသမီးတဦး၏ စကားသံ ပေါ်လာသည်။ အသံမှာ ငြိမ့်ညောင်းကာ သာယာချိုလွင်သည်။

ထိုသို့အမျိုးသမီး၏ စကားသံပေါ်လာသည်နှင့် စုလေ့နှင့် ရန့်အင်းတို့၏ အသွင်အပြင်များမှာ လေးစား ရိုကျိုးသည့် ဟန်မျိုးဖြစ်သွားကြသည်။

“လွန်ခဲ့တဲ့နှစ်တွေက ကျွန်မတို့ သင်္ဘောပေါ် တက်လာပြီး ဟိုအကြောင်း ဒီအကြောင်းမေးမြန်းစုံစမ်းနေတဲ့ လိန်ပင်းဆိုတဲ့ လူ ဒီနေ့လဲ သင်္ဘောပေါ်ကို ရောက်လာပြန်ပါတယ်ဒါကြောင့် လိန်ပင်းရဲ့အနားမှာကပ်နေပြီး စောင့်ကြည့်ထားဖို့တင်းတင်းကို တာဝန်ပေးလိုက်ပါတယ်၊ လိန်ပင်းကတင်းတင်းကိုအနားတောင် အကပ်မခံပဲ အကြောပိတ်ပစ်လိုက်ပါတယ်”

စုလေ့ကရိုသေစွာဦးညွှတ်၍ပြောသည်။

အသံရှင်အမျိုးသမီးမှာ စုလေ့တို့ အပေါ် အလွန်သြဇာ ညောင်းသူဖြစ်ဟန်တူသည်။ လူမမြင်ရပဲ အသံကြားရုံဖြင့်ပင် စုလေ့တို့မှာ အလွန်ရိုရိုသေသေ ရှိနေကြသည်။

"ဘယ်လိုပညာမျိုးသုံးပြီး အကြောပိတ်လိုက်တာလဲ"

အသံရှင်အမျိုးသမီးက မေးပြန်သည်။

"လက်ဝါးရိုက်အကြောပိတ်ပညာနဲ့ပါ"

ရန့်အင်းက ကြားဝင်ကာအဖြေပေးသည်။

"လက်ဝါးရိုက် အကြောပိတ်ပညာ ဟုတ်လား၊ သေသေချာချာစစ်ဆေးကြည့်ရဲ့လား"

အမျိုးသမီး၏အသံမှာ မသိမသာတုန်ယင်နေသည်။

"ကျွန်တော် ကိုယ်တိုင် တင်းတင်းကို သေသေချာချာ စစ်ဆေးကြည့်ပြီးပါပြီ လက်ဝါးရိုက်အကြောပိတ်ပညာ လက်ချက်ထိထားတာအမှန်ပါပဲ"

အမျိုးသမီး၏ စကားသံ ရုတ်တရက်ပေါ်မလာ။ အတန်ကြာအောင် တိတ်ဆိတ်နေသည်။ အခန်းငယ်နှင့် နံရံခြားနေသော တဘက်ခန်းတွင်ရှိသည့် အမျိုးသမီးမှာ စဉ်းစားတွေးတောနေဟန်တူသည်။

"ဘယ်နေရာကိုအရိုက်ခံရပြီး ဘာသွေးကြောတွေ ပိတ်ကုန်တာလဲ"

အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှအမျိုးသမီး၏မေးသံပေါ်လာသည်။

"ညာဘက် လက်ပြင်ကို လက်ဝါးနဲ့ အရိုက်ခံရ ပါတယ် ကိုယ်ခန္ဓာမှာရှိတဲ့အဓိကသွေးကြောကွက်အားလုံးနီးပါးပိတ်ဆို့



နေပါတယ် ညာဘက်လက်ပြင်တခုလုံး ညိုမည်း ရောင်ကိုင်းနေပါတယ်"

ရန့်အင်းက တင်းတင်း၏ ဒဏ်ရာအခြေအနေကို ပြောပြလိုက်သည်။

"ဟင်း...."

အမျိုးသမီး၏ သက်ပြင်းလေးလေးချသံတချက် ပေါ်လာသည်။ ထို့နောက်အသံရှင် အမျိုးသမီး၏ဆက်လက်အမိန့်ပေးသံ ပေါ်ထွက်လာသည်။

"လက်ဝါးရိုက် အကြောပိတ်ပညာနဲ့ အကြောပိတ်ထားတဲ့ဒဏ်ကို ဒီလောက်ခံထားပြီးတဲ့နောက် အကောင်းပကတိပြန်ဖြစ်အောင် အတော့်ကို ကြိုးစားကုနေရအုံးမယ်၊ သူညံ့လို့ခံခဲ့ရတဲ့ ကိစ္စမှာ ငါတို့က အပင်ပန်းခံပြီး ကုသပေးနေစရာမလိုဘူး၊ ဒီတော့ တင်းတင်းကိုသဘော်ဝမ်းပိုက်ထဲကခေါင်းပေါင်းစိမ်းတွေရဲ့ အခန်းကိုသာ ပို့ပေးလိုက်ပေတော့"

ဤအမိန့်သံကို ကြားရသောအခါ ရန့်အင်းနှင့် စုလွေ့တို့မှာ မျက်နှာ'ကွက်'ကနဲ ပျက်သွားပြီး အလန့်တကြားပင် တယောက်ကို တသောက် ကြည့်လိုက်ကြသည်။ ထို့နောက် နှစ်ယောက်သား ပြိုင်တူပင် တင်းတင်းကို ကြည့်လိုက်ကြပြန်သည်။

တင်းတင်းက မျက်လုံးအပြူးသားဖြင့် ရန့်အင်းတို့ကို ပြန့်ကြည့်သည်။ တင်းတင်း၏ မျက်လုံးများထဲဝယ် ကြောက်ရွံ့ထိတ်လန့်သည့်အသွင်များ ယှက်သန်းနေသည်။

တင်းတင်းမှာ အကြောပိတ်ခံထားရပြီး စကားမပြောနိုင်၊ မလှုပ်နိုင်မရှားနိုင်ပဲ ပျော့ခွေနေသော်လည်း နားကမူ ကောင်းစွာ ကြားနိုင်သေးသည်။

ပြောဆိုနေကြသမျှကို တင်းတင်းအားလုံးကြားသည်။ မိမိကြုံမှာဆိုးကြုံရတော့မည်ကိုလည်းတင်းတင်းသိသည်။ထို့ကြောင့် အလွန်ပင် ကြောက်ရွံ့နေရှာသည်။

"ဟော့—နှစ်ယောက် ဘာရပ်ပြီး ငိုင်နေကြတာလဲ တင်းတင်းကို ခေါင်းပေါင်းစိမ်းတွေဆီ ပို့ပေးလိုက်ကြလို့ ပြောနေတာ မကြားကြဘူးလား၊ ဘာလဲ မင်းတို့နှစ်ယောက်က ငါ့အမိန့်ကို ဖီဆန်ချင်ကြလို့လား အမိန့်ကိုဖီဆန်ယင်တော့ ထုံးစံအတိုင်းပဲ နော်၊ သက်ညှာမယ် မထင်ကြနဲ့"

အမျိုးသမီး၏အသံ ပေါ်လာပြန်သည်။ အသံမှာစောစောကလို ချိုချိုလွင်လွင် မဟုတ်တော့။ အေးစက်ပြီး ခြိမ်းခြောက်မှု အပြည့်ပါသည်။

ရန့်အင်းက စိတ်မကောင်းသည့်အသွင်ဖြင့်သက်ပြင်းတချက်ချကာ တင်းတင်းကို အသာဆွဲမလိုက်သည်။ စုလွေ့လည်း ဝိုင်းကူပေးသည်။

ထို့နောက် ရန့်အင်းနှင့်စုလွေ့တို့သည် တင်းတင်းကိုတဘက်တချက်စီတွဲကာ သီးသန့်ခန်းလေး၏ အပြင်ဘက်သို့ ခေါ်ထုတ်လာခဲ့သည်။



ပြီးနောက် လျှို့ဝှက်စကြံလမ်းလေးမှနေ၍ သဘော်ာဝမ်းဗိုက်အရှေ့ဘက်ပိုင်းသို့ လာခဲ့သည်။

'ခေါင်းပေါင်းစိမ်းများ၏အခန်း'မှာ သဘော်ာ ဝမ်းဗိုက်အရှေ့ဘက်ပိုင်းတွင်ရှိသည်။ ရန့်အင်းတို့သွားသော စင်္ကြံလမ်းမှာ ချမ်းသာသသဘော်ာပေါ်ရှိ အခန်းများ၏ နောက်ကွယ်ကြားများတွင် ကွေ့ကွေ့ကောက်ကောက်နှင့် လျှို့ဝှက်စွာ ဖောက်ထားသော လမ်းကြောင်းလေးဖြစ်သည်။

လျှို့ဝှက်စင်္ကြံလမ်းလေးထဲဝယ် အလင်းရောင် ဝိုးတဝါးသာရှိပြီး တိတ်ဆိတ်၍ နေသည်။

"မမလေးဟာ အတွေ့ကို ရက်စက်တာပဲ ဒီလိုဖြစ်မယ်မှန်းသိယင် တင်းတင်းကို သူ့ဆီခေါ်မလာပါဘူး၊ ရေထဲပစ်ချလိုက်တာကမှ ကောင်းအုံးမယ်"

လျှို့ဝှက်စင်္ကြံလမ်းလေးအတိုင်း လျှောက်လှမ်းလာကြယင်း စုလွေ့က ရန့်အင်းကို နှစ်ကိုယ်ကြား လျှို့ဝှက်အသံဖြင့်တီးတိုးပြောသည်။

"ဒုစရိုက်လောကမှာ ဒီလိုပဲ ဒုစရိုက် ခေါင်းဆောင်တွေက ရက်ရက်စက်စက် လုပ်ကြမြဲပဲ၊ ဒီလိုအဖြစ်မျိုးနဲ့ ကင်းလွတ်ချင်ယင် ဒုစရိုက်လောက နယ်ပယ်ကို ကျော်နိုင်းသွားမှ ဖြစ်မယ်"

ရန့်အင်းကလည်း တီးတိုး လျှို့ဝှက် အသံဖြင့် ပြန်ပြောသည်။

"ရှင်နဲ့ကျွန်မနဲ့ စကားပြော အပေါက်အလမ်း မတည့်ပေမယ့် ဒီတခါတော့ ရှင်ပြောတာကို ကျွန်မ သဘောကျတယ် ဒီလောကက ရုန်းထွက်နိုင်မယ့် နည်းလမ်း ရှိသလား၊ ရှိတယ်ဆိုယင် ပြောပြစမ်းပါ"

"အခုလောလောဆယ်တော့ ဘာနည်းလမ်းမှ စဉ်းစားလို့ မရသေးဘူး၊ တနေ့နေ့တော့ အခွင့်ကောင်း ပေါ်လာပါလိမ့်မယ်"

နှစ်ယောက်သား စကားဆက်မပြောကြတော့ပဲ တိတ်ဆိတ်စွာ ဆက်လက် လျှောက်လှမ်းလာကြသည်။

တင်းတင်းကို သဘော်ဝမ်း အရှေ့ဘက်ပိုင်းဝယ် တသီးတခြားရှိနေသော အခန်းကျယ်ကြီးတခုထဲသို့ ပို့ပေးထားခဲ့ပြီးနောက် ရန့်အင်းနှင့် စုလေ့ တို့သည် သီးသန့်ခန်းလေးရှိရာသို့ ပြန်လာကြသည်။

"ရန့်အင်းနဲ့ စုလေ့ တို့ ပြန်ရောက်လာကြပြီလား"

သီးသန့်ခန်းလေးထဲသို့ ခြေလှမ်းဝင်မိသည်နှင့် နံရံတဘက်မှ အမျိုးသမီး၏ မေးမြန်းသံပေါ်လာသည်။

"ဟုတ်ကဲ့ ပြန်ရောက်လာကြပါပြီ မမလေး"

ရန့်အင်းက ပြန်အဖြေပေးသည်။

"လိန်ပင်းကို ဒီအတိုင်းလွှတ်ထားလို့မဖြစ်ဘူး သူ့ကို အမိဖမ်းပြီး ထုံးစံအတိုင်း လုပ်ပစ်ရမယ်"



အမျိုးသမီးက ဆက်လက်၍ လိန်ပင်းကို မည်သို့မည်ပုံ ထောင်ချောက်ဆင် အမိဖမ်းရမည်ကို ပြောပြနေသည်။

"ဒင်ဒင်ဒင် ဒင်ဒင်ဒင် ဒင်ဒင်ဒင်"

အမျိုးသမီးက လိန်ပင်းကို အမိဖမ်းရမည့် အစီအစဉ်များအား ပြောပြနေဆဲတွင် သာယာသော ခေါင်းလောင်းသံ (၉)ချက်ပေါ်လာသည်။

ခေါင်းလောင်းသံမှာ အမျိုးသမီး၏ အသံ ပေါ် လာ ရာ အခန်းဆီမှပင် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဤ ခေါင်း လောင်း သံ မှာ ချမ်းသာ သဘော် ပေါ် တွင် အန္တရာယ်ကြီးတခု ရောက်ရှိနေကြောင်း အချက် ပေး သည့် ခေါင်းလောင်းသံဖြစ်သည်။

ချမ်းသာသဘော်ပေါ်တွင် ရန်သူ ရောက်ရှိ၍ အန္တရာယ်ကျရောက်သည့်အခါများတွင် ယခုလိုပင်ခေါင်းလောင်းတီးကာ အရေးပေါ် အချက်ပေးတတ်သည်။ ရန်သူ့အင်အား အနည်းအများနှင့် အန္တရာယ်အကြီးအသေးကိုလိုက်၍ ခေါင်းလောင်းသံမှာ အနည်းအများရှိသည်။

ရန့်အင်းနှင့် စုလေ့ တို့မှတ်မိသမျှဆိုလျှင် ချမ်းသာသဘော်၏ သက်တန်း(၇)နှစ်တာတွင် အချက်ပေး ခေါင်းလောင်းမှာ (၂)ကြိမ်သာ မြည်ဖူးသည်။

ပထမအကြိမ်တွင် ခေါင်းလောင်း (၃)ချက် ဆက်တိုက် မြည်သည်။ ချမ်းသာသဘော်ရှိရာသို့ သိုင်းသမားတစုပါသော

လှေတစီး ဦးတည်ချဉ်းကပ်လာ၍ အရေးပေါ်အချက်ပေးခြင်းဖြစ်သည်။

ထိုလှေသည် ချမ်းသာသင်္ဘော အနီးသို့ကပ်၍ လှေပေါ်ရှိ သိုင်းသမားများက ချမ်းသာသင်္ဘောပေါ်သို့ အတင်းတက်လာရန် ကြိုးစားကြသေးသည်။

သို့သော် ချမ်းသာသင်္ဘော၏ ကုန်းပတ်ပေါ်ဝယ် စောင့်ကြပ်လျက်ရှိကြသည့် ရေနဂါးဟိုင်ကျင်းအမှူးပြုသောအစောင့်သိုင်းသမားများက ဟန့်ဟိတ်ပြကာ ခြောက်လှန့် လွှတ်လိုက်၍ ထိုသိုင်းသမားများသည် သင်္ဘောပေါ်သို့ မတက်လာဝံ့ကြတော့ပဲ လက်လျှော့ကာ ဆုတ်ခွာသွားကြရသည်။

ဒုတိယအကြိမ်တွင်မူ အရေးပေါ်အချက်ပေးခေါင်းလောင်းသံက(၄)ချက်ဆက်တိုက် မြည်သည်။ ထိုအချိန်က အစွမ်းထက်မြက်သော သိုင်းသမား(၃)ယောက် ချမ်းသာ သင်္ဘောပေါ်သို့ တက်ရောက်ကာ တိုက်ခိုက် ရန်ပြုလာကြသည်။

ရေနဂါးဟိုင်ကျင်းဦးဆောင်သော ကုန်းပတ်စောင့် သိုင်းသမားများက ဆီးကြိုခုခံသော်လည်း ထိုသိုင်းသမား (၃) ယောက်ကို မတားဆီးနိုင်ခဲ့ကြပေ။

ထိုသိုင်းသမား(၃)ယောက်သည် ချမ်းသာသင်္ဘော၏ပင်မခန်းမဆောင်ကြီးထဲသို့ပင် အရောက်ဝင်လာနိုင်ခဲ့ကြသည်။

သို့သော် ပင်မခန်းမဆောင် ထဲတွင် ရှိနေသော ချမ်းသာသင်္ဘော၏ လက်ရွေးစင် အစောင့်သိုင်းသမား (၃)ယောက်နှင့် ရင်ဆိုင် တိုက်ခိုက်ကြသော အခါတွင်မူ ထိုသူများအရေးနိမ့်သွားခဲ့ကြရသည်။



ယခု တတိယအကြိမ်အဖြစ် အရေးပေါ် ခေါင်းလောင်းက (၅)ချက်တိတိမြည်လာသည်။

ယခု အရေးပေါ်အချက်ပေး ခေါင်းလောင်းသံ (၅)ချက်ဆက်တိုက်မြည်ခြင်းကြောင့် ချမ်းသာသင်္ဘောပေါ်သို့ အလွန်အစွမ်းထက်သော ရန်သူများရောက်နေပြီး သေရေး ရှင်ရေးအခြေအနေမျိုး ကြုံတွေ့နေရကြောင်း ရန့်အင်းတို့ နားလည်လိုက်ကြသည်။

ရေနဂါးဟိုင်ကျင်းဦးဆောင်သော ကုန်းပတ်စောင့် သိုင်းသမားများ၊ ပင်မခန်းမဆောင်ထဲရှိ လက်ရွေးစင် သိုင်းသမား (၃)ဦးနှင့် ချမ်းသာသင်္ဘော၏ အားထားရသော ကခြေသည်ညီအစ်မ(၇)ဖော်တို့၏'ပုလဲ(၇)သွယ်'စုပေါင်းသိုင်းကွက်တို့မှလည်း ရန်သူများကို မတားဆီးနိုင်ပဲ အပြုံခွင်း ခံလိုက်ကြရပြီဖြစ်ကြောင်း ဤအရေးပေါ် အချက်ပေး ခေါင်းလောင်းသံ (၅)ချက်က ဖော်ပြနေသည်။

ရန့်အင်းနှင့် စုလေ့တို့ အလန့်တကြားပင် တယောက်ကို တယောက်ကြည့်လိုက်ကြသည်။

"ရန့်အင်းနဲ့စုလေ့ သင်္ဘောပေါ်ကို သိပ်အစွမ်းထက်မြက်တဲ့ ရန်သူရောက်နေပြီ မင်းတို့နှစ်ယောက် ပင်မခန်းမဆောင်ထဲကိုသွားပြီး ရန်သူကို တတ်နိုင်သမျှ အချိန်ဆွဲတိုက်ခိုက်ထားပါ။

ငါ့အခုပဲ လိုက်လာခဲ့မယ်၊ ငါက အချက်မပြမချင်း ဘယ်သူမှ ငါ့ကိုမနှုတ်ဆက်ကြနဲ့ မသိသလိုနေကြ”

နံရံတဘက်မှ အမျိုးသမီးက ပြောဆိုညွှန်ကြားသည်။

“ဟုတ်ကဲ့ မမလေး”

ရန်အောင်နှင့် စုလွင့်တို့က ပြိုင်တူ အမိန့်နာခံလိုက်ကြသည်။ ထို့နောက် နှစ်ယောက်သား သီးသန့် ခန်းလေးမှ ထွက်ကာ ချမ်းသာသတော်၏ ပင်မခန်းမဆောင်ကြီးရှိရာသို့ လာခဲ့ကြသည်။

× × ×



## အခန်း (၃)

ချမ်းသာသတော်၏ ပင်မခန်းမဆောင်။

ခန်းမဆောင်ကြီးမှာ နန်းဆောင်တခုပမာခမ်းနားထည်ဝါလှသည်။ သတော်တစင်း၏ခန်းမနှင့်ပင်မတူ။ဤခန်းမဆောင်ထဲသို့ ဝင်ရောက်မိလျှင် နန်းတော်ထဲသို့ ရောက်နေသလားဟုပင် စိတ်ထဲဝယ် ထင်မိကြရသည်။

ဤခန်းမဆောင်ထဲဝယ် ပျော်စရာ၊ စားစရာ၊ သောက်စရာ၊ အစစအရာရာ လိုလေးသေးမရှိအောင် ပြည့်စုံသည်။ ဤခန်းမဆောင်ထဲသို့ ရောက်ရှိလာသူ ဧည့်သည်များသည် နတ်ပြည်သို့

ဆောက်နေသကဲ့သို့ စည်းစိမ်ချမ်းသာ အဝဝကို အားရပါးရ ခံစားနိုင်ကြသည်။

ခန်းမဆောင်ထဲဝယ် လောင်းကစားဝိုင်း မျိုးစုံရှိသည်။ သေရည်သေရက်အပျော်ယမကာအမျိုးစုံရနိုင်သည်။ ကောင်းပေ့ဆိုသောဟင်းလျာများကို စားသုံးနိုင်သည်။ ပြီးတော့ဧည့်သည်များကိုလိုလေသေးမရှိ အကြိုက်ဆောင်ဖြေဖျော်ကြမည့် ပျော်တော်ဆက်မယ် အချောအလှများကလည်းအသင့်။

ကဲ ဘာလိုသေးလဲ။အားလုံးပြည့်စုံနေပြီမဟုတ်ပါလား။

ချမ်းသာသဘော်၏ ပင်မခန်းမဆောင်ကြီးကို တာဝန်ခံ အုပ်ချုပ်စီမံသူမှာ၊ ရှောင်မူအမည်ရှိ မိန်းမချောဖြစ်သည်။

ခန်းမဆောင်ကြီး၏ အလယ်ဗဟိုတွင် ကြီးမား ကျယ်ဝန်းလှသော ရှစ်တောင့်ပုံ စားပွဲခုံကြီးတခုရှိသည်။ထိုစားပွဲခုံ၏အလယ်တည့်တည့်တွင် (၁၀)ပေခန့် ကျယ်သော အဝိုင်းပေါက်ကြီးတခုရှိသည်။ထိုအဝိုင်းပေါက်ထဲဝယ် ငွေရောင်ကတ္တီပါခင်းထားသော ထိုင်ခုံတခုရှိသည်။

ပင်မခန်းမဆောင်၏ တာဝန်ခံ ရှောင်မူက ထိုငွေရောင်ကတ္တီပါခင်း ထိုင်ခုံကြီး ပေါ်ဝယ် ထိုင်နေသည်။ ငွေရောင်ပိုးပျော့အင်္ကျီကို ချပ်ချပ်ရပ်ရပ် ဝတ်ထားသည်။

အင်္ကျီမှာ လယ်ရှည်ဖြစ်ပြီး လည်ပင်းမှသည်၊ ခြေဖျားတိုင်အောင် ရှည်ရှည်ဖားဖားရှိသည်။



သို့ရာတွင်၊ အသားနှင့်ကပ်နေအောင် ဝတ်ထားသည်မို့ ရှောင်မူ၏ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်တို့မှာ ထင်သာ မြင်သာ နေသည်။

ထိုရှစ်ထောင့်စားပွဲကြီးအပြင် ခန်းမဆောင်ထဲဝယ် တခြား စားပွဲနှင့် ထိုင်ခုံများကိုလည်း သူ့နေရာနှင့်သူ လှလှပပ စီစီညီညီ ချထားသည်။ စားပွဲများမှာ (၄)ယောက်ထိုင် စားပွဲဝိုင်းများ ဖြစ်ပြီး စားပွဲတလုံးစီဝယ် သားရေဖုံးထိုင်ခုံ(၄)ခုံစီ ရှိနေသည်။

ခန်းမဆောင်၏ ထောင့်တနေရာဝယ် ကပွဲစင်မြင့်ငယ်တခု ရှိသည်။ ခန်းမဆောင်ထဲဝယ် လောင်းကစားပွဲများ ပြုလုပ်ချိန်ဝယ် ကခြေသည် (၇)ဦးက ထိုကပွဲစင်မြင့်ပေါ်မှ နေ၍ အကမျိုးစုံများနှင့် ကပြဖျော်ဖြေလေ့ရှိသည်။

အမှန်စင်စစ် ထိုကခြေသည်အမျိုးသမီး (၇)ဦးမှာ သာမန်ရိုးရိုးကခြေသည်များမဟုတ်။ ချမ်းသာသဘော်၏ အားထားရသော သိုင်းသမားများ ဖြစ်ကြသည်။

ခန်းမဆောင်ကြီးထဲရှိ အမှတ်(၃) စားပွဲ၊ အမှတ် (၁၅) စားပွဲနှင့် အမှတ် (၃၂) စားပွဲတို့တွင် ချမ်းသာ သဘော်၏ လက်ရွေးစင် သိုင်းသမား (၃) ဦး၊ နေရာယူကာ ထိုင်နေကြသည်။

အကယ်၍ ခန်းမဆောင်ထဲသို့ရန်သူတစုံတယောက်ရောက်ရှိလာပါက၊ ထိုလက်ရွေးစင် သိုင်းသမား (၃)ယောက်ကရင်ဆိုင် နှိမ်နင်းတိုက်ခိုက်မည်ဖြစ်သည်။

အကယ်၍ ထိုလက်ရွေးစင် သိုင်းသမား (၃) ယောက်က အခြေအနေကို မထိန်းနိုင်လျှင် ကခြေသည် ညီအစ်မ (၇)ပေါ် တို့၏ 'ပုလဲ(၇)သွယ်' စုပေါင်းသိုင်းကွက်ဖြင့်ရန်သူကိုဝိုင်းဝန်း ပိတ်ဆို့ တိုက်ခိုက်ချေမှုန်းပစ်မည်ဖြစ်သည်။

ဤသို့စီစဉ် ထားသော်လည်း ချမ်းသာ သဘော်ပေါ်သို့ ရောက်ရှိလာသော ရန်သူများကို လက်ရွေးစင် သိုင်းသမား (၃)ဦးက နိုင်အောင် တိုက်ခိုက် နိုင်ကြမြဲဖြစ်ရာ၊ ကခြေသည် ညီအစ်မ (၇)ဖော်တို့အနေဖြင့် ဝင်ရောက်ကူညီတိုက်ခိုက်ပေးရ မှုမျိုး တကြိမ်မျှ မဖြစ်ခဲ့သေးပေ။

ပျော့ခွေလဲကျသွားသော ဝတ်စုံဖြူဝတ် မိန်းကလေးကို ဝတ်စုံစိမ်းဝတ် မိန်းမပျိုက ပွေ့ချီခေါ်ထုတ် သွားပြီးနောက် ပင်မခန်းမဆောင်ထဲဝယ် စားသောက်ပွဲများ စတင်ခင်းကျင်း ကျွေးမွေးသည်။

ပျော်တော်ဆက်မယ် အချောအလှများကဧည့်သည်များကို လိုလေသေးမရှိအောင် ဧည့်ခံပြုစုကြသည်။

ဤသို့စားသောက်ပျော်ပါးပြီးလျှင် လောင်းကစားပွဲစကြ တော့မည်ဖြစ်သည်။

ချမ်းသာသဘော်တွင်လောင်းကစားမှုပြုလုပ်ရာတွင်ထုံးတမ်း စဉ်လာတခုထားရှိသည်။

ဧည့်သည်များကို လောင်းကစားခြင်းမပြုမီ၊ စားကောင်း သောက်ဖွယ်များ၊ အဖျော်ယမကာများ၊ ပျော်တော်ဆက်မယ်



အချောအလှကလေးများ၏ ယုယပြုစုမှုများဖြင့် ဦးစွာဖျော် ဖြေသည်။

စားသောက်ပျော်ပါးပြီးနောက်၊ လောင်းကစားပွဲစတင်ရန် အတွက် အချက်ပေးခေါင်းလောင်းကို ဧည့်သည်တယောက်က ဆွဲ၍ အချက်ပြရသည်။ ထိုသို့လောင်းကစားရန် အချက်ပေး ခေါင်းလောင်းကို စဆွဲသူသည်။ လောင်းကစားနည်း ရွေးချယ် ခွင့်နှင့် ကြိုက်ရာလောင်းကြေး စိန်ခေါ်ခွင့်ရရှိသည်။

ယနေ့အဖို့လည်း၊ သောက်စားပျော်ပါးမှုများပြုလုပ်ကြပြီး နောက်၊ လောင်းကစား ကြရတော့မည့် အချိန်သို့ ရောက်လာ သည်။

ဧည့်သည်များက လောင်းကစားရန် အချက်ပေး ခေါင်း လောင်းကို မည်သူဆွဲမည်နည်းဟု စောင့်ကြည့်နေကြသည်။

ဧည့်သည်များထဲမှ အဘိုးအိုတယောက်ထလာသည်။

ထိုအဘိုးအိုမှာ အသက်(၆၀)နှင့်ရှိသည်၊ အပြာရောင်ဝတ်စုံ ကိုဝတ်ထားသည်။ ကိုယ်ခန္ဓာမှာ ပိန်လှီကာ အရိုးပေါ် အရေ တင်ဖြစ်သည်။ မျက်နှာပေါ်က်မှာ အတော်ပင် အကြည့်တန်ကာ အရုပ်ဆိုးသည်။

ဝတ်စုံပြာ အဘိုးကြီးသည် ခန်းမဆောင်ကြီး၏ နံရံတနေရာ တွင်ရှိသော၊ လောင်းကစားရန် အချက်ပေးခေါင်းလောင်းကို သွား၍ တီးခတ်သည်။

"ဒေါင် _ ဒေါင်....ဒေါင်"

လောင်းကစားရန် အချက်ပေးခေါင်းလောင်းသံ ပေါ်လာသည်နှင့်၊ ခန်းမဆောင်ကြီးထဲရှိ စကားပြောဆို ရယ်မောသံများတိတ်သွားသည်။

"ဧည့်သည်တော် လူကြီးမင်းများရှင့်၊ ပျော်ပျော်ပါးပါး လောင်းကစားကြဖို့ အချိန် ကျရောက်လာပါပြီ အချက်ပေးခေါင်းလောင်းတီးခတ်ပေးတဲ့ လူကြီးမင်းကိုလဲ ကျေးဇူးအထူးတင်ရှိပါတယ် လူကြီးမင်း လောင်းကစားလိုတဲ့ လောင်းကစားနည်းနဲ့ လောင်းကြေးရယ်ဘယ်သူနဲ့ပြိုင်ပြီးလောင်းကစားချင်တယ်ဆိုတာရယ် အမိန့်ရှိပါ"

ရှစ်ထောင့်စားပွဲကြီး၏ အလယ်ခေါင်မှ အဝိုင်းပေါက်ထဲဝယ် ထိုင်နေသူရှောင်မူကပြောသည်။

"ကျုပ်ရဲ့ခေါင်းကို လောင်းကြေး အဖြစ် သတ်မှတ်တယ် ကျုပ်အနေနဲ့ ပြိုင်ပြီး လောင်းကစားချင်တာကတော့ မင်းတို့ချမ်းသာသဘော်က မာယာမင်းသမီးယဲ့ချိပဲ"

လောင်းကစားရန် အချက်ပေးခေါင်းကို စဘင်တီးခတ်လိုက်သည့်၊ ဝတ်စုံပြာ အဘိုးကြီးကပြောသည်။

ဧည့်သည်များထံမှ တီးတိုးစကားပြောသံများ ပေါ်လာသည်။ ထို့နောက် စကားသံများပျောက်ကာ ငြိမ်သက်သွားသည်။



ဝတ်စုံပြာအဘိုးကြီးက ချမ်းသာသဘော်ကို စိန်ခေါ်လိုက်ခြင်းဖြစ်ကြောင်းသူတို့နားလည်သည်။ ဤဝတ်စုံပြာအဘိုးကြီးကို ချမ်းသာသဘော်မှ သိုင်းသမားများက၊ မည်သို့ အရေးယူနှိမ်နင်း လေမည်နည်းဟု စိတ်ဝင်စားစွာ စောင့်ကြည့်နေကြသည်။

"ဟုတ်.ကဲ့ လောင်းကစားမည့်နည်းလမ်းကို အမိန့်ရှိပါအုံး"

ရှောင်မူကချိုလွင်သောအသံဖြင့်ထပ်မံမေးမြန်းလိုက်သည်။

"ကျုပ်ရဲ့ လောင်းကစားနည်းအတွက် ပါးလွှာထက်မြပြီး အလေးချိန်ချင်း အရွယ်အစားချင်း တူညီတဲ့ ဓားနှစ်လက်လိုချင်တယ် မင်းတို့ဆီမှာ အဲဒီလိုဓားမျိုးရှိသလား"

ဝတ်စုံပြာအဘိုးကြီးကပြောသည်။

"ဟုတ်ကဲ့ရှိပါတယ် အဲဒီဓားတွေကို ဘယ်လိုသုံးမှာလဲ"

"အဲဒီဓားနှစ်လက်ကို ကျွင်ဇာဇာလက် မာယာမင်းသမီးယဲ့ချိကတလက် ယူကြမယ်ပြီးတော့ ကိုယ့်ခေါင်းကိုယ်ပြန်ပြီး ခုတ်ဖြတ်ပစ်ရမယ် တိတိ ရိရိပြတ်အောင် ခုတ်ဖြတ်နိုင်တဲ့လူက အနိုင်ပဲ"

ဧည့်သည်အပေါင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ တီးတိုးပြောသံများပေါ်လာပြန်သည်။ ရှောင်မူကမူ၊ ဣန္ဒြေမပျက်ပဲ ပြုံးပြုံးလေးနှင့် မေးလိုက်ပြန်သည်။

"အနိုင်ရတဲ့လူက ဘယ်လို အကျိုးခံစားခွင့်ရှိမှာလဲ"

"အနိုင်ရတဲ့လူရဲ့အလောင်းကို အဖိုးတန်ခေါင်းနဲ့ ထည့်ပြီး ကျက်ုနန ဂူသွင်းသင်္ဂြိုဟ်မယ် ရှုံးတဲ့လူရဲ့ အလောင်းကိုတော့ ခေါင်းတောင် မမြှုပ်ပဲ တုံ့ထင်မြစ်ထဲ ပစ်ချပြီး မိကျောင်းစာ ကျွေးလိုက်မယ်"

"သောင်းကစားတဲ့ နေရာမှာ အရှုံးအနိုင် အရေးအစား ရှိပြီပါ ဒီတော့ လောင်းကြေးနဲ့လျော်ကြေးတန်ဖိုးချင်းတူညီဖို့ လိုပါတယ်၊ ကျွန်မတို့ရဲ့ မမလေးယဲ့ချီဟာနာမည်ကျော်မိန်းမလှ တယောက်ပါ တကယ်လို့ သူသေသွားယင် ကျန်ရစ် ခဲ့မယ့် ပစ္စည်းဥစ္စာတွေကလဲ တန်ဖိုးမနည်းပါဘူး ရှင့်မှာတော့ သေသွားယင် အလောင်းပဲကျန်နေမှာပါ ရှင့်ရဲ့မိန့်လှတဲ့အလောင်း ကို ချရောင်းယင်တောင် ဝယ်မဲ့လူမရှိဘူး"

ရှောင်မူ၏ ပြောကြားပုံကြောင့် ညှဲ့သည်များ 'ဝါး'ကနဲ ပွဲကျသွားကြသည်။

ဝတ်စုံပြာအဘိုးကြီးက မကျေနပ်သည့်အသွင်ဖြင့်နှာခေါင်း တချက်ရှုံ့ပြီး၊ အကျီအိတ်ထဲမှ အနက်ရောင်သားရေအိတ်တခု ကို ဆွဲထုတ်လိုက်သည်။

ထို့နောက် သားရေအိတ်ကို အမှတ်(၃)စားပွဲတွင် ထိုင်နေ သော ခေါင်းတုံး ပြောင်ပြောင်နှင့် အဘိုးကြီးထံ ပစ်ပေး လိုက်သည်။

"နှောင်ကြီးရေ အဲဒီအိတ်ထဲမှာပါတဲ့ ပစ္စည်းတွေဟာဘယ် လောက်တန်သလဲဆိုတာ ခန့်မှန်းပြီး တန်ဖိုးဖြတ်ပေးစမ်းပါ"



သားရေအိတ်ကို လှမ်းပစ်ပေးယင်း ဝတ်စုံပြာအဘိုးကြီးက ပြောသည်။

အမှတ်(၃)စားပွဲတွင် ထိုင်နေသည့် ကတုံးပြောင်ပြောင်နှင့် အဘိုးကြီးမှာ ခန်းမဆောင်ထဲတွင် အစောင့်တာဝန် ယူထားရ သောချမ်းသာသဘော်၏လက်ရွေးစင်သိုင်းသမား (၃)ယောက် အနက်မှ တဦးဖြစ်သည်။

ကတုံးပြောင်ပြောင်အဘိုးကြီးက ဝတ်စုံပြာအဘိုးကြီး ပစ် ပေးလိုက်သော သားရေအိတ်ကို ဆီး၍ဖမ်းယူသည်။

ထို့နောက် ဝိုင်းဝန်းကြည့်နေကြသော ဧည့်သည်များ၏ ရှေ့မှောက်တွင်ပင်၊ သားရေအိတ်ကိုဖွင့်ကာအထဲတွင်ပါရှိသော ပစ္စည်းများကို စားပွဲပေါ်သို့ သွန်ချသည်။

"အလို—"

"ဟာ...."

"အို...."

ဧည့်သည်များ၏ တအံ့တဩ ရေရွတ်သံများ၊ အာမေဋိတ် သံများ ပေါ်လာသည်။

သားရေအိတ်ထဲမှ ထွက်လာသည်မှာ ပုလဲ(၂၄)လုံး ဖြစ် သည်။ အရွယ်အစားမှာ ကွမ်းသီးလုံးခန့်ရှိသည်။ အပြစ်အနာ လုံးဝမရှိ။

အဆောင်မှာ ဖွေး၍ နုနေသည်။ ပုလဲလုံးများ တလုံးနှင့်တလုံး အရွယ်အစားချင်းလည်းတူညီသည်။ အလွန်အဖိုးထိုက်သော ပုလဲတွဲတခုပင်။

"နှောင်ကြိုးကိုကြည့်ရတာ မြင်ဖူးသလိုလိုပဲဗျ ဟာ ဟုတ်ပြီ နှောင်ကြိုးဟာ ထိုက်စမ်းဂိုဏ်းက ဂိုဏ်းချုပ်မားဘုရင်ချိန်ကျုံး မဟုတ်လား"

ဝတ်စုံပြာအဘိုးကြီးက ကတုံးပြောင်ပြောင်နှင့် အဘိုးကြီးအား စူးစိုက်ကြည့်ပြီးပြောသည်။

အမှတ်(၃)စားပွဲတွင် ထိုင်နေသည့် ကတုံးပြောင်ပြောင်နှင့် အဘိုးကြီးမှာ ထိုက်စမ်းဂိုဏ်း၏ ဂိုဏ်းချုပ်ဟောင်းချိန်ကျုံးပင် ဖြစ်သည်။

မားဘုရင်ချိန်ကျုံးသည် အကြောင်းတခုကြောင့် ထိုက်စမ်းဂိုဏ်း၏ ဂိုဏ်းချုပ်အဖြစ်မှ နုတ်ထွက်ကာ ချမ်းသာ သခင်ပေါ်ဝယ် မထင်မရှားဖြင့်အစောင့်သိုင်းသမားလာလုပ်နေခြင်း ဖြစ်သည်။

ထိပ်တန်းသိုင်းအဖွဲ့အစည်းတခုဖြစ်သော ထိုက်စမ်း ဂိုဏ်းချုပ်နေရာကို စွန့်လွှတ်ကာ၊ မည်သည့်အတွက်ကြောင့် ယခုလို မထင်မရှားဖြင့် အစောင့်သိုင်းသမား လာလုပ်နေကြောင်းကိုမူ မည်သူမျှမသိပေ။ ကာယကံရှင်ဖြစ်သူချိန်ကျုံးသာ သိပေမည်။

ယခုလိုလူပုံအလယ်တွင် မိမိ၏အမည်နှင့် ဂိုဏ်းပုဒ်ကိုထုတ်ပြောခံရသည့်အတွက် ချိန်ကျုံးမှာ အတော်ပင် အနေရ အထိုင်ရခက်သွားသည်။



ထို့ကြောင့် ချိန်ကျုံးကပြုံးယောင်တချက်ပြုကာခေါင်းကို မသိမသာ ညိတ်ပြလိုက်သည်။ ပါးစပ်ကမူ ဘာမျှမပြော။

"ဟန်ကျုလိုက်လေ ဆရာချိန်ကျုံးက ရတနာ ပစ္စည်းတွေ အကြောင်း ကောင်းကောင်းနားလည်တာပဲ အဲဒီပုလဲတွေဟာ ဘယ်လောက် တန်ဖိုးရှိမယ် ဆိုတာ အကဲဖြတ် ပေးစမ်းပါ အကောင်းစား ခေါင်းတလုံးနဲ့ သခိုင်းဂူတခုလုပ်ဖို့လုံလောက်တယ်မဟုတ်လား"

ဝတ်စုံပြာ အဘိုးကြီးကပြောသည်။

"ဟာ....ဒီပုလဲတွဲတခုဟာ အနည်းဆုံး ငွေပိဿာလေးဆယ်တော့ တန်ပါတယ်"

မားဘုရင် ချိန်ကျုံးက ရှောင်မှုကို တချက် လှမ်းကြည့်ပြီး အဖြေပေးသည်။

"ကဲ ကြားရတယ်မဟုတ်လား အမျိုးသမီး မင်းကကျုပ်ကိုတယ်အထင်သေးတာကိုး ကဲ မင်းနဲ့ဖက်ပြိုင်ပြီး စကားမပြောချင်တော့ဘူး ကျုပ်က လောင်းကစားချင်လို့ ဒီနေရာကို လာခဲ့တာ လောင်းကြေးတို့ လောင်းကစားနည်းတို့ အားလုံးပြောပြီးပြီ မင်းတို့ရဲ့ မာယာမင်းသမီး ယဲ့ချိုကိုသာ လွှတ်လိုက်ပေတော့"

ဝတ်စုံပြာအဘိုးကြီးက ရှောင်မှုကိုလှမ်း၍အော်ပြောသည်။

"ဒါလောက်လဲ အလောကြီးမနေပါနဲ့ ညွှသည်တော်လူကြီးမင်းရှင့်၊ ရှင့်မှာ အဖိုးတန်ပုလဲ နှစ်ဆယ့်လေးလုံးရှိတာနဲ့ဟုတ်လှပြီထင်မနေပါနဲ့"

ရွှောင်မူက အပြုံးမပျက်ပြောသည်။

"ဘာလဲ မင်းက ငါ့ခေါင်းဟာ ရွှေပိသာလေးဆယ် မတန်ဘူး ထင်နေလို့လား"

"မဟုတ်ပါဘူး အခုလောလောဆယ်မှာတော့ ရှင့်ခေါင်းဟာ ရွှေပိသာလေးဆယ် တန်ခနပါပြီ ဒါပေမယ့် ကျွန်မတို့မမလေးရဲ့ ခေါင်းနဲ့တော့ မယှဉ်နိုင်သေးပါဘူး"

"ယွဲ့ချီလိုမိန်းမမျိုးရဲ့ခေါင်းက ဘယ်လောက်များ တန်မှာမို့လဲ"

"ဟွန့်... ရှင့်လို အရိုးပေါ် အရေတင်နေတဲ့ အဘိုးကြီးတစ်ယောက်ရဲ့ ခေါင်းထက်တော့ အများကြီးပိုတန်ပါတယ်"

"ထားပါတော့လေ ကဲ ငါ့ရဲ့ခေါင်းအပြင် ဟောဒီ ပုလဲနှစ်ဆယ့်လေးလုံးကိုပါ ထည့်ပေါင်းပြီး မင်းတို့ ယွဲ့ချီရဲ့ ပေါင်တစ်ဘက်နဲ့ သောင်းကြေးထပ်ယင်ကော မရနိုင်ဘူးလား"

"လောင်းကြေး မမျှသေးပါဘူး တကယ်လို့ ရှင့်အနေနဲ့ မမလေးယွဲ့ချီနဲ့ သိပ်ပြီးလောင်းကြေး ထပ်ချင်နေတယ် ဆိုယင် မမလေးလိုပဲလှပပြီး လူတိုင်းတပ်မက်တဲ့ မိန်းမချောတစ်ယောက် ရှာလာခဲ့ပါ ဒါဆိုယင် ခေါင်းချင်းပဲလောင်းလောင်း ပေါင်ချင်းပဲလောင်းလောင်း ကြိုက်သလိုခလောင်းနိုင်ပါတယ်"

"တယ်အပြောကောင်းပါလား ကျုပ်မှာသာယဲ့ချီလိုမှုယာမာယာများတဲ့ မိန်းမချောတစ်ယောက်ရှိတယ်ဆိုယင်၊ မင်းတို့လိုပဲ သဘောတစ်စီးနဲ့ လောင်းကစားဝိုင်း လိုက်ဖွင့်နေတာ ကြာပြီ၊



ပြီးတော့သူ့ကိုဘန်းပြပြီး စိတ်ထားပျော့ညံ့တဲ့သိုင်းဆရာတွေကို သိမ်းသွင်းနိုင်မယ် သဘောမှာ အစောင့်တွေ ဘာတွေလုပ်ခိုင်းလို့လဲ ရနိုင်မယ်"

ဝတ်စုံပြာအဘိုးကြီး၏စကားကြောင့် ခန်းမဆောင်ထဲဝယ် ရှိနေသောချမ်းသာသဘော၏ လက်ရွေးစင်အစောင့်သိုင်းသမား (၃)ယောက်မှာ မလုံမလဲဖြင့် မျက်နှာအထားရ အတော်ခက်သွားသည်။

ခေါင်းဘုရင်ချိန်ကျုံးက ခေါင်းငုံ့ထားသည်။

အမှတ်(၃၂)စားပွဲတွင် ထိုင်နေသော လက်ရွေးစင်အစောင့်သိုင်းသမားကမူ ထိုင်ရာမှ ရုတ်ခြည်းထကာ ဒေါသတကြီးပြောသည်။

"ဟေ့လူကြီးပေါက်ကရတွေ လျှောက်ပြောမနေနဲ့စကားကိုဆင်ခြင်ပြောယင်ကောင်းမယ်"

"တယ်ဟုတ်ပါလားခင်ဗျားက ဘယ်သူလဲချမ်းသာသဘောက ကြေးစားအစောင့်သိုင်းသမားလား"

ဝတ်စုံပြာ အဘိုးကြီးက ထိုသူကို ကဲ့ရဲ့ရှုံ့ချသောအကြည့်ဖြင့် ကြည့်ပြီး ပြောသည်။

"ကျုပ်နာမည် တုရိတင်း၊ ခင်ဗျားလိုပဲ လောင်းကစားပျော်ပါးချင်လို့လာခဲ့တာ ဒီသဘောက အစောင့်သိုင်းသမားမဟုတ်ဘူး၊ ခင်ဗျားက မဟုတ်တရုတ်တွေ လျှောက်ပြောပြီးချမ်းကားနေတာ ကြည့်မရလို့ ဝင်ပြောတာပဲ"

လူပုံအလယ်တွင် ချမ်းသာသဘော်၏ အစောင့်ဘိုင်းသမားဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်ဝန်ခံရမည်ကို ရှက်သောကြောင့် တုရိတင်းက လှီးလွှဲကာ အရှက်ပြေပြောလိုက်ခြင်းဖြစ်သည်။

တကယ်တော့ တုရိတင်းမှာလည်း ချိန်ကျုံး ကဲ့သို့ပင် ချမ်းသာ သဘော်၏ လက်ရွေးစင် အစောင့် သိုင်းသမား တယောက်သာ ဖြစ်သည်။

"အင်း....မဆိုင်ဘူးဆိုယင် ဘေးဖယ်နေပါ၊ အိုးကမပူပဲ စလောင်းက ပူမနေစမ်းပါနဲ့ ပျော်ချင်ပါးချင် လောင်းကစားချင်လို့ လာတယ်ဆိုယင် ပျော်ဖို့ ပါးဖို့ လောင်းကစားဖို့ပဲ စဉ်းစားစမ်းပါ၊ မဆိုင်တဲ့နေရာဝင်ပြီး , လူတွင်ကျယ် လုပ်ပြမနေပါနဲ့၊ မာယာမင်းသမီးယဲ့ချို့ရဲ့ မာယာကွန်ယက်ထဲတိုးဝင်မိနေတယ်ဆိုယင်တော့ တမျိုးပေါ့လေ"

ဝတ်စုံပြာ အဘိုးကြီး၏ ခနဲ့တဲ့တဲ့စကားကြောင့် တုရိတင်းမှာ မခံမရပ်နိုင်အောင် ဒေါသတကြီး ဖြစ်သွားသည်။

"တောက်....သိကြရောပေါ့"

တုရိတင်းက ဒေါသတကြီး ကြိမ်းမောင်းယင်း ဝတ်စုံပြာ အဘိုးကြီးကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော်....ဗယ်ဘက်ပခုံးတွင် 'စစ်'ကနဲနာကျင်ကာ တကိုယ်လုံး ပျော့ခွေလျက် မတ်မတ်ပင်မရပ်နိုင်တော့ပဲ ထိုင်ခုံပေါ်ပြန်၍ ထိုင်ကျသွားသည်။



တုရိတင်း အလွန့်ထိတ်လန့်သွားကာ အသာ မျက်လုံး ဝင့်ကြည့်လိုက်သည်။

သူ့ဘေးနားဝယ် ဝတ်စုံနီဝတ် လူရွယ်တယောက် ရပ်နေသည်ကို တွေ့ရသည်။ ထိုလူရွယ်နှင့်အတူ ဝတ်စုံနက်ဝတ်လူငယ်တယောက်လည်း ပါရှိလာသည်။

ဝတ်စုံနီဝတ် လူရွယ်၏ ညာလက်ဝါးက တုရိတင်း၏ ဗယ်ဘက်ပခုံးပေါ်ရှိ လက်ဝဲရစ်း သွေးကြောကွက်နေရာကို ဖိကပ်တင်ထားသည်။

"အဲဒီ ဝတ်စုံပြာ အဘိုးကြီးကို ဘယ်လိုမှ အနှောင့်အယှက်မပေးပါနဲ့ အေးအေး ဆေးဆေး ထိုင်နေပါ၊ အဲဒီ ဝတ်စုံပြာ အဘိုးကြီးက ခင်ဗျားနဲ့ ချိန်ကျုံးတို့ နှစ်ယောက်ကို တမင်သက်ညှာနေတာပါ၊ ခင်ဗျားက ဘာမသိညာမသိနဲ့ အရမ်းလျှောက်လုပ်မနေပါနဲ့"

ဝတ်စုံနီလူရွယ်က တုရိတင်းကို လျှို့ဝှက်အသံဖြင့် နှစ်ကိုယ်ကြားပြောသည်။ တုရိတင်းက တစုံတရာပြန်ပြောမည်ပြုသည်။ သို့သော် မည်သို့ ဖြစ်နေသည်မသိ။ ပါးစပ် ဟ၍လည်း မရ။ စကားပြော၍လည်း မရ။

"ဟုတ်ပါတယ်....ဟုတ်ပါတယ်၊ ချမ်းသာ သဘော်ပေါ်ရောက်မှတော့ ပျော်ပျော်ပါးပါး နေကြတာ အကောင်းဆုံးပါပဲ၊ ဆရာတုရိတင်းကလဲ ဒီသဘောမျိုးပဲ ရှိတယ် မဟုတ်လား"

ဝတ်စုံနီလူရွယ်က လေသံကိုမြှင့်ကာ အားလုံးကြားလောက်အောင်ပြောလိုက်သည်။ ထို့နောက် ဝတ်စုံနက်လူငယ်ကို လက်ရိုပ်ပြခေါ်ကာ၊ ချောင်ကျကျနေရာတွင်ရှိသော စားပွဲသို့သွားထိုင်သည်။

တုရိတင်းမှာ စားပွဲအမှတ် (၃၂)ရှိ ထိုင်ခုံတခုပေါ်ဝယ် မလှုပ်မယှက် ထိုင်လျက်သား ကျန်နေခဲ့သည်။

"အူကန်းစောစောက တုရိတင်းရဲ့ လက်ဝဲရေစီး သွေးကြောကွက်ကို လက်ဝါးနဲ့အသာရိုက်ပြီး ပိတ်ပစ်လိုက်တာကို သေသေချာချာ ကြည့်ထားရဲ့လား"

ချောင်ကျကျစားပွဲတွင် ထိုင်မိကြသောအခါ လိန်ပင်းက လျှို့ဝှက်အသံဖြင့် နှစ်ကိုယ်ကြား တိုးတိုးပြောသည်။

"ဟုတ်ကဲ့ ကျွန်တော် သေသေချာချာ ကြည့်ရှု မှတ်သားထားလိုက်ပါတယ်"

အူကန်းကလည်း လျှို့ဝှက်လေသံဖြင့်ပင် တိုးတိုးပြန်အဖြေပေးသည်။

"မင်းကို လက်ဝါးရိုက် အကြောပိတ်ပညာရဲ့ အခြေခံသဘောတရားနဲ့ လက်ဝါးအား အသုံးပြုပုံတွေကို ရှင်းပြပြီးပြီ လက်တွေ့လဲ လုပ်ပြပြီးပြီ မင်းကိုယ်တိုင် စမ်းကြည့်လို့ ဖြစ်ပြီဘယ့်နှယ်လဲ စမ်းကြည့်ချင်သလား"

အူကန်းက ခေါင်းညိတ်ပြသည်။



"ဟောဟိုစားပွဲမှာထိုင်နေတဲ့လူရဲ့နာမည်ကထို့ကြူးလို့ခေါ်တယ် မကောင်းမှုမျိုးစုံကို ကမ်းကုန်အောင် လုပ်ခဲ့တဲ့ သိုင်းသမားဆိုးတယောက်ပဲ၊ ယောဒိခန်းမဆောင်ထဲမှာရှိနေတဲ့ချမ်းသာသင်္ဘောရဲ့ လက်ရွေးစင် အစောင့်သိုင်းသမား သုံးယောက်ထဲမှာ သူ့တယောက်ကတော့ သေဒဏ်ခံထိုက်တယ်၊ ဒီတော့ သူ့နားကို မင်းမယောင်မလည်နဲ့ကပ်သွား အနားကို ကပ်မိတာနဲ့ အစ်ကိုသင်ပေးထားတဲ့ လက်ဝါးရိုက် အကြောပိတ်ပညာကိုသုံးပြီး သူ့ရဲ့နောက်ကျောက ကျောဆစ်ဗဟို သွေးကြောကွက်နေရာကို ရိုက်ချလိုက်ပါ။ ရိုက်ချတဲ့နေရာမှာ လက်ဝါးဖိအား အပြင်းဆုံး အနေအထားနဲ့ ရိုက်ရမယ် ပြီးတာနဲ့ ဝတ်စုံပြာ အဘိုးကြီးရဲ့ အနားမှာ သွားရပ်နေလိုက် အစ်ကိုလဲ မင်းဆီကို လိုက်လာခဲ့မယ်"

လိန်ပင်းက အမှတ်(၃)စားပွဲတွင် ထိုင်နေသူကို လက်ညှိုးညွှန်ပြပြီး လျှို့ဝှက်လေသံဖြင့် ဆက်လက်ပြောသည်။

အူကန်းက ခေါင်းညိတ်ပြပြီး ထိုင်ရာမှထကာ အမှတ်(၃)စားပွဲရှိရာသို့ မယောင်မလည်နှင့် ချဉ်းကပ်လာခဲ့သည်။

လိန်ပင်းလည်း အူကန်းနှင့် မရှေးမနှောင်းပင် ထိုင်ခုံမှထကာ ချိန်ကျူး၏အနားသို့ အသာချဉ်းကပ်သွားသည်။

ချိန်ကျူးအနီးသို့ လိန်ပင်းချဉ်းကပ်ရောက်ရှိသွားချိန်တွင်ပင် ဝတ်စုံပြာ အဘိုးကြီးစကားသံ ပေါ်လာသည်။

"ကဲ့.... ဆရာချိန်ကျူးရေ ကျုပ်ရဲ့ပုလဲလုံးတွေကိုတန်ဖိုးဖြတ်ပြီးယင် သားရေအိတ်ထဲထည့်ပြီး ကျုပ်ဆီ ပြန်ပေးလိုက်စမ်းပါအုံး"

ချိန်ကျုံးက အခြေအနေကို သေသေချာချာ စောင့်ကြည့်နေသည်။

ဝတ်စုံနီလူရွယ်၏ စကားတခွန်းတည်းနှင့် တုရိတင်း ငြိမ်ကျသွားသည်ကို တွေ့ရသောအခါ ချိန်ကျုံး၏စိတ်ထဲဝယ် အံ့ဩမိသည်။ တုရိတင်းအကြောပိတ်ခံလိုက်ရသည်ဟူ၍ကား ချိန်ကျုံး၏စိတ်ထဲဝယ် သံသယမဖြစ်မိပေ။

ထို့ကြောင့် ငြိမ်၍ ထိုင်နေသော တုရိတင်းထံသို့ သွား၍ တီးတိုးပြောဆိုတိုင်ပင်မည်ဟု စိတ်ကူးပြီး ထိုင်ရာမှ ထမည်ပြုဆဲဝယ် ဝတ်စုံပြာ အဘိုးကြီး၏ စကားသံ ပေါ်လာခြင်း ဖြစ်သည်။

ချိန်ကျုံးမှာ တုရိတင်းရှိရာသို့ မသွားနိုင်သေးပဲ စားပွဲဘေးရှိ ပုလဲများကို ကောက်ယူကာ သားရေအိတ်ထဲ ပြန်ထည့်နေရသည်။

"ဟော....အတော်ပဲ ဆရာချိန်ကျုံး ဘေးက ဝတ်စုံနီနဲ့ သူငယ်လေးရေ အဲဒီသားရေအိတ်ကို တဆိတ် ကျေးဇူးပြုပြီး ယူလာခဲ့ပါကွယ်"

ဝတ်စုံပြာအဘိုးကြီးက ပြောလိုက်ပြန်သည်။

"ဟုတ်ကဲ့ ဟုတ်ကဲ့"

လိန်ပင်းက ဤသို့ပြောပြီး ချိန်ကျုံးထံသို့ လက်ကမ်းလိုက်သည်။ ချိန်ကျုံးကလည်း အမှတ်မထင်ပင် သားရေအိတ်ကို ကမ်းပေးလိုက်သည်။



လိန်ပင်းက သားရေအိတ်ကို လှမ်းယူယင်း ချိန်ကျုံး၏ ညာလက်မောင်းကို ဗယ်လက်ဝါးဖြင့် 'ဆတ်'ကနဲ ရိုက်လိုက်သည်။

ချိန်ကျုံးအငိုက်မိသွားလေပြီ။

တကိုယ်လုံး ပျော့ခွေကျသွားသည်။ ပါးစပ်သည်း လှုပ်မရတော့။ စကားလည်း မဆိုနိုင်တော့။

လိန်ပင်းက ပျော့ခွေကျသွားသော ချိန်ကျုံး၏ကိုယ်ခန္ဓာကို အသာဖေးမကာ ထိုင်ခုံပေါ်ဝယ် ထိုင်လျက်သား ဖြစ်သွားအောင် လုပ်ပေးလိုက်သည်။

လိန်ပင်း၏ လုပ်ဆောင်ပုံ ပီရိသေသပ်လှသောကြောင့် ချိန်ကျုံး အကြောပိတ်ခံရပြီး ပျော့ခွေလဲကျသွားသည်ကို မည်သူမျှ မရိပ်မိလိုက်ကြပေ။ သူ့ဘာသာသူ ထိုင်ခုံပေါ် ပြန်ထိုင်ချခြင်း ဖြစ်မည်ဟုသာ ထင်မှတ်နေကြသည်။

"သမ္မာရင့်သိုင်းဆရာကြီးတယောက်လုပ်နေပြီးဘာကြောင့် ယဲ့ချိလို မိန်းမတစ်ယောက်ရဲ့ ဩဇာခံဘဝ ရောက်နေရတာလဲ ထိုက်စမ်းဂိုဏ်းရဲ့ ဂုဏ်သိက္ခာကို ထောက်ထားပြီး ခင်ဗျားကို ဒါလောက်ပဲ ဒဏ်ခတ်လိုက်မယ် ကိုယ့်မိုက်ပြစ်တွေကိုနားလည်ပြီး ဒီ ဒုစရိုက်နယ်ပယ်က လွတ်မြောက် နိုင်အောင် ကြိုးစားပါ နောက်တခါပြန်ဆုံရယင် အခုလိုရန်သူအဖြစ်နဲ့မဟုတ်ပဲမိတ်ဆွေအဖြစ်နဲ့ပဲ ပြန်ဆုံချင်ပါတယ်"

လိန်ပင်းက လျှို့ဝှက်လေသံဖြင့် ချိန်ကျုံးကို တီးတိုးပြောလိုက်သည်။ ထို့နောက် ပုလဲလုံးများ ထည့်ထားသောသားရေအိတ်ကိုယူကာ ဝတ်စုံပြာ အဘိုးကြီးရှိရာသို့ လာခဲ့သည်။

ထိုအချိန်တွင် အူကန်းကလည်းလိန်ပင်းစေခိုင်းသည့်အတိုင်း ထုံကြူးကို လက်ဝါးရိုက် အကြောပိတ်ပညာနှင့် အကြောပိတ်ပြီး၊ ဝတ်စုံပြာအဘိုးကြီး၏ ဘေးနားသို့ ရောက်လာသည်။

လိန်ပင်းက ဝတ်စုံပြာအဘိုးကြီး၏ ညာဘက်တွင် ရပ်၍၊ အူကန်းက လိန်ပင်း၏ ညာဘက်တွင် ရပ်နေသည်။

အခြေအနေ ထူးခြားနေပြီမို့ ရှောင်မူက ချမ်းသာဘော်၏ လျှို့ဝှက်အချက်ပြဆက်သွယ်မှုဖြင့် လက်ချောင်းများကို အသာလှုပ်ရှားကာ၊ ချိန်ကျုံးတို့ကို အချက်ပြ ဆက်သွယ်လိုက်သည်။

ချန်ကျုံးတို့(၃)ယောက်က မည်သို့မျှ တုံ့ပြန်အချက်ပြခြင်း မပြု။ ငြိမ်သက်စွာ ထိုင်မြဲထိုင်နေကြသည်။

လက်ရွေးစင်အစောင့်သိုင်းသမား(၃)ယောက်တို့၊အန္တရာယ်နှင့် ကြုံနေရပြီဖြစ်ကြောင်း ရှောင်မူရိပ်မိလိုက်သည်။

ရှောင်မူသည် ဣန္ဒြေမပျက် ထိုင်နေယင်းမှ၊ ကခြေသည် ညီအစ်မ (၇)ဖော်တို့ကို ဆင့်ခေါ်သည့် လျှို့ဝှက် အချက်ပေး ခလုတ်ကို အသာဆွဲလိုက်သည်။

ရှောင်မူက ဤသို့အချက်ပေးလိုက်သည့်အချိန်တွင် လိန်ပင်းနှင့် အူကန်း၊တို့မှာ ဝတ်စုံပြာအဘိုးကြီး၏ အနီးသို့ ရောက်နေကြပြီဖြစ်သည်။



"လိန်ပင်းခဏကြာယင် မိန်းကလေး ခုနစ်ယောက် ခမ်းမဆောင်ထဲကိုဝင်လာလိမ့်မယ်သူတို့ကို တယောက်မကျန်ထိန်းချုပ်ထားလိုက်"

ဝတ်စုံပြာအဘိုးအိုက လိန်ပင်းကိုလျှို့ဝှက်အသံဖြင့်တီးတိုးပြောသည်။

"ဟုတ်ကဲ့"

လိန်ပင်းက ခေါင်းညိတ်ပြပြီးနောက်၊ မိမိဘေးတွင် ရပ်နေသော အူကန်းကို ဆက်လက်၍ လျှို့ဝှက် အသံဖြင့် တီးတိုး ထပ်ဆင့်ပြောလိုက်သည်။

"အူကန်းရေ အခြေအနေထူးခြားတော့မယ် ဒီတော့ ဝတ်စုံပြာအဘိုးရဲ့အနားက ဝေးဝေးခွါမနေနဲ့"

အူကန်းကလည်း နားလည်သဘောပေါက်ကြောင်း ခေါင်း အသာညိတ်ပြလိုက်သည်။

"ရော့ ဦးလေးရဲ့ သားရေအိတ်"

လိန်ပင်းက အသံကျယ်ကျယ်ဖြင့်ပြောယင်း ဝတ်စုံပြာအဘိုးကြီး၏ လက်ထဲသို့ သားရေအိတ်ကို ထည့်ပေးလိုက်သည်။

"အေးကွယ် ကျေးဇူးပါပဲ"

ဝတ်စုံပြာ အဘိုးကြီးက အသံကျယ်ကျယ်ဖြင့် ပြန်ပြောသည်။

ထို့နောက် ကပွဲခင်းမြင့်ငယ်၏ ဘေးနားရှိရာ တံခါးပေါက်ရှိရာသို့ မယောင်မလည်ဖြင့် လျှောက်လှမ်းသွားသည်။

ထိုတံခါးပေါက်မှ ဝင်ရောက်လာသော ကချေသည် မိန်းကလေး(၃)ဦးနှင့် လိန်ပင်း မျက်နှာချင်းဆိုင် တိုးမိသည်။

"ဩော်…ညီမတို့က ကပြဖျော်ဖြေကြတော့မလို့ကိုး"

လိန်ပင်းက ပြုံးရယ်ကာနှုတ်ဆက်ပြီး မိန်းကလေး (၃)ဦးတို့၏ ညာဘက်ပခုံးလေးများကို လက်ဝါးဖြင့် အသာအယာတချက်စီပုတ်လိုက်သည်။

ဤရိုက်ပုတ်မှုမှာ လက်ဝါးရိုက် အကြောပိတ်သိုင်းပညာ၏ အလွန်အဆင့်မြင့်သော သိုင်းကွက်တခု ဖြစ်သည်။

ညာဘက်ပခုံးပေါ်ရှိ လက်ယာရေစီးသွေးကြောကွက်နေရာပေါ်သို့ လက်ဝါးအား အရှိန်ပျော့ပျော့ဖြင့် အသာ ဖိရိုက်ချလိုက်သည့်အတွက် ချက်ချင်းအကြောဖိတ်သွားခြင်းမရှိ။

လက်ယာရေစီး သွေးကြောကွက်နေရာဝယ် ပာစ်ဆို့မှုလေး အနည်းငယ်မျှသာ ဖြစ်ပြီး သွေးလည်ပတ်မှု မှာလည်း မဆိုစလောက် တုံ့နှေးရုံ တုံ့နှေးသွားသည်။

ဤသို့ လက်ယာရေစီးသွေးကြောကွက်နေရာတွင် သွေးလည်ပတ်မှု တုံ့နှေးမှုကြောင့် ကွင်းဆက်သလို တခြား သွေးကြောကွက်နေရာများတွင်လည်း သွေးလည်ပတ်မှု တုံ့နှေးမှု များဆက်တိုက် ဖြစ်လာသည်။



သည်အတိုင်းနေလျှင် မည်သို့မျှ မထူးခြား သော်လည်း အတွင်းအား စုစည်းလိုက်၍ သွေးလည်ပတ်မှု အရှိန်အဟုန်မြှင့်ရသောအခါတွင်မူ လိုအပ်သော သွေးလည်ပတ်မှု အရှိန်အတိုင်း ရမလာပဲ၊ ကိုယ်ခန္ဓာအတွင်း ဝါယောဓာတ်လည်ပတ်မှုနှင့် သွေးလည်ပတ်မှုတို့ကို လိုက်လျော ညီထွေမှုမရှိပဲ လမ်းကြောင်းများ လွဲကုန်ကာ လက်ယာရေစီး သွေးကြောကွက်တွင် အကြောများပိတ်ကုန်သည်။ ယင်းမှတဖန် တကိုယ်လုံးရှိ အရေးကြီးသော အခြား သွေးကြောကွက်များလည်း သွေးလည်ပတ်မှု တုံ့ဆိုင်းကုန်ကာ တကိုယ်လုံးပျော့ခွေ၍ မလှုပ်နိုင် စကားမပြောနိုင်ပဲ ဖြစ်သွားပေမည်။

ကချေသည် မိန်းကလေး (၃)ယောက်မှာလည်းလိန်ပင်းကို ရန်သူမှန်းမသိ။တခြားဧည့်သည်များကဲ့သို့ မိမိတို့အားထိကပါးရိကပါးလုပ်သည်ထင်မှတ်ကာ တခစ်ခစ် ရယ်မောယင်း ခန်းမဆောင်ထဲသို့ ဆက်လက်လျှောက်လှမ်းဝင်ရောက်လာကြသည်။

နောက်ထပ်ဝင်ရောက်လာကြသော ကချေသည်မိန်းကလေး (၄)ယောက်တို့ကိုလည်း လိန်ပင်းက ဤနည်းနှင်နှင် ပြုလုပ်လိုက်သည်။

ထို့နောက် ဧးပွဲလွှတ်တခုဝယ် အသာ ဝင်ထိုင် နေလိုက်သည်။

အားထားရသော ကချေသည် ညီအစ်မ(၇)ဖော်တို့ရောက်လာပြီမို့၊ ရှောင်မူက လေသံမာမာဖြင့် ဝတ်စုံပြာအဘိုးကြီးကို လှမ်းပြောသည်။

"ကဲ ခေါင်းဖြတ်တမ်းလောင်းကြေးလုပ်မယ်ဆိုတဲ့ညီသည် တော်ကြီး ရှင်ဟာဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ထုတ်ပြောဖို့ အချိန်တန်ပါပြီ"

"ဟားဟားဟား… ဘာလဲ မင်းက ဟန်ဆောင်တာတွေ ဘာတွေတောင် မလုပ်တော့ပဲ ကျုပ်ကို ပြောင်တိုက်ခိုက်တော့ မလို့လား မင်းတို့သဘောက လက်ရွေးစင်အစောင့်သိုင်းသမား သုံးယောက်ရဲ့အခြေအနေမဟန်လို့ ကခြေသည်ညီအစ်မခုနစ်ဖော် ကို စစ်ကူခေါ်လိုက်တာမဟုတ်လား မင်းတို့ဘက်က ပိုင်လှပြီး ထင်မနေနဲ့ ကခြေသည် ညီအစ်မခုနစ်ဖော်ဟာလဲမမှုလောက်ပါ ဘူး မယုံယင်စမ်းကြည့်ကြလေ"

ဝတ်စုံပြာအဘိုးကြီးကအရေးမထားဟန်ဖြင့် ရယ်မောယင်း ပြောသည်။

ဤတွင် ရှောင်မူလည်း စဉ်းစားမနေတော့ပဲ၊ ကခြေသည် ညီအစ်မ (၇)ဖော်ကို လှမ်းအမိန့်ပေးလိုက်သည်။

"ညီမတို့ရေ အဲဒီဝတ်စုံပြာအဘိုးကြီးကို ဝိုင်းပြီး ချေမှုန်း လိုက်ကြပေတော့"

ကခြေသည် ညီအစ်မ (၇)ဖော်တို့သည် 'ပုလဲ(၇)သွယ်' စုပေါင်းသိုင်းကွက်ကို ခင်းကျင်းကာဝတ်စုံပြာအဘိုးကြီးအား ဝိုင်းလိုက်ကြသည်။



"သနားစရာ ကောင်းလိုက်တဲ့ မိန်းကလေးတွေ ပါလား ကိုယ့်အခြေအနေ ကိုယ်ဘယ်လိုရှိတယ်ဆိုတာကိုတောင် မရိပ်မိ ကြဘူးမင်းတို့က ပုလဲခုနစ်သွယ်စုပေါင်းသိုင်းကွက်ကိုလေ့ကျင့် တတ်မြောက်ထားပေမယ့် တခါမှတိုက်ပွဲမဝင်ရသေးလို့ဘယ်သူ့ ကိုမှ အန္တရာယ်ပေးဖူးအုံးမှာ မဟုတ်ဘူး ဒီတော့ မင်းတို့ကို သက်ညှာသောအားဖြင့် တခုသတိပေးလိုက်မယ်ကျုပ်ကိုမတိုက် ခင် မင်းတို့ရဲ့ အတွင်းအားလည်ပတ်မှု မှန်မှန်ကန်ကန် ရှိရဲ့လား ဆိုတာ စစ်ဆေးကြည့်ကြပါအုံး"

ဝတ်စုံပြာ အဘိုးကြီးကပြောသည်။

ဤတွင် ကခြေသည် ညီအစ်မ(၇)ဖော်တို့က အတွင်းအား များကို စုစည်းကြည့်လိုက်ကြသည်။

စောစောက လိန်ပင်း၏ လက်ချက်မိထားသည်မို့ အတွင်း အားစုစည်းလိုက်သည်နှင့် တကိုယ်လုံးကျဉ်တက်ကာပျော့ခွေပြီး လဲကျကုန်ကြသည်။


ဤအဖြစ်ကို မြင်ရသောအခါ၊ ရှောင်မူမှာ အကြီးအကျယ် ထိတ်လန့်သွားသည်။

ထို့ကြောင့် သူထိုင်နေရာနေရာ၏ကြမ်းပြင်ပေါ်တွင်ရှိသော အရေးပေါ် အချက်ပေးခေါင်းလောင်း၏ ခလုတ်ကို (၉)ကြိမ် (၉)ခါတိုင်တိုင် ဖိနှင်းကာ၊ သေရေးရှင်ရေး အန္တရာယ်ကြုံနေ ရကြောင်း အချက်ပေးလိုက်လေတော့သည်။

ချမ်းသာသင်္ဘော၏ အပေါ်ထပ်တနေရာတွင် လျှို့ဝှက်စွာ အခန်းအောင်း၍နေသော ယဲ့ချီမှာ အရေးပေါ် အချက်ပေး ခေါင်းလောင်းသံ (၉)ချက်ကို ကြားလိုက်ရသည်တွင်အတော် ထိတ်လန့်သွားသည်။

ထို့ကြောင့် ရောက်ရှိနေသော ရန်သူကိုရင်ဆိုင်ရန်အတွက် သူ့အားကိုးလှသော ရန့်အင်းနှင့်စုလေ့တို့ကို ချက်ချင်း စေလွှတ် လိုက်သည်။

× × ×



## အခန်း (၄)

ရန့်အင်းနှင့် စုလေ့တို့ ပင်မခန်းမဆောင်ကြီးထဲသို့ ရောက် လာသည်။

ခန်းမဆောင်ထဲသို့ရောက်သည်နှင့် ခွေခွေလေး လဲကျနေကြ သော ကချေသည် ညီအစ်မ(၇)ဖော်တို့ကိုတွေ့ရသည်။ ထို့ပြင် ချိန်ကျုံးတို့(၃)ယောက်ငြိမ်သက်စွာ မလှုပ်မယှက်ထိုင်နေသည် ကိုလည်း ရန့်အင်းတို့က သတိထားမိလိုက်ကြသည်။

အခြေအနေ အတော်ဆိုးဝါးနေကြောင်း ရန့်အင်းနှင့် စုလေ့တို့က ချက်ချင်းနားလည်လိုက်ကြသည်။

"ရှောင်မူ ကခြေသည်ညီအစ်မ (၇)ဖော် မူးလဲနေတာကို သာကြောင့်ဒီအတိုင်းကြည့်နေရတာလဲ အပြင်ကို မြန်မြန်ခေါ်ထုတ်ပြီး အမူးပြေအောင် ပြုစုပေးလိုက်လေ"

ရန်အင်းက ရောက်မဆိုက်ပင် အော်ဟစ်ပြောဆိုလိုက်သည်။ ဤတွင် သဘော်အမှုထမ်းများက ချက်ချင်းပင် ကခြေသည်ညီအစ်မ (၇)ဖော်တို့ကို ပွေ့ချီကာ ခန်းမဆောင် အပြင်သို့ ခေါ်ထုတ်သွားကြသည်။

"အင်း....အမှတ်သုံးစားပွဲ၊ အမှတ်ဆယ့်ငါးစားပွဲနဲ့အမှတ်သုံးဆယ့်နှစ် စားပွဲတွေမှာ ထိုင်နေကြတဲ့ ဧည့်သည်တော်လူကြီးမင်းသုံးယောက်ကိုကြည့်ရတာ ကိုယ်လက် မအီမသာဖြစ်နေပုံရတယ် သူတို့ကိုပါ ဆေးခန်းခေါ်သွားပြီး စိတ်ကြည်လင်လန်းဆန်းလာအောင် ကုသပြုစုပေးလိုက်ကြပါ"

ရန်အင်းက ဆက်ပြောသည်။

ရန်အင်း၏ လိမ္မာပါးနပ်မှုကြောင့် ချမ်းသာ သဘော်၏ လက်ရွေးစင် အစောင့်သိုင်းသမား (၃)ယောက်၏ အဖြစ်ကို ဧည့်သည်များ မရိပ်မိစေပဲ အပြင်သို့ ခေါ်ထုတ် သွားနိုင်ကြသည်။

"ကိုင်း ...ကိုင်း—ဧည့်သည်တော် လူကြီးမင်းတွေ စိတ်ရှုပ်နေတာ ပြေပျောက်အောင် အဖျော်ယမကာနဲ့ စားသောက်ဖွယ်တွေ တည်ခင်းလိုက်ကြပါအုံး"

ရန်အင်းက ဆက်လက်ပြောဆိုညွှန်ကြားလိုက်သည်။



စားပွဲထိုးများက သေရည်သေရက်အဖျော်ယမကာများနှင့် စားသောက်ဖွယ် ဟင်းလျာများကိုချက်ချင်းပင်တည်ခင်းသည်။

အူကန်းသည် ဝတ်စုံပြာအဘိုးကြီး၏ ဘေးနားရှိ စားပွဲခုံ ဝယ်ထိုင်နေသည်။ စားပွဲထိုး အမျိုးသမီးငယ် တယောက်က အူကန်းရှေ့သို့ အရက်တခွက်နှင့် ယင်းလျာပန်းကန်များလာချပေးသည်။

"အမောပြေ သုံးဆောင်လိုက်ပါအုံးရှင်"

ချစ်စရာအပြုံးလေးနှင့်လည်း ပြောသွားသည်။

အူကန်းက ခေါင်းညိတ်ပြပြီး အရက်ခွက်ကို အသာကိုင်လိုက်သည်။

"အဲဒီအရက်ကိုမသောက်နဲ့ အရက်ထဲမှာ ဆေးခတ်ထားတယ် အရက်ကိုသောက်မိတာနဲ့ စိတ်တွေ လေးလံထိုင်းမှိုင်းပြီးသူတို့ပြောသမျှ လိုက်လုပ်နေရလိမ့်မယ်"

လျှို့ဝှက်အသံဖြင့် တိုးတိုးလေး ပြောဆိုသတိပေးသည်ကို အူကန်းကြားရသည်။ အသံမှာ တိုးညှင်း လှသော်လည်း မိန်းကလေးတဦး၏ အသံဖြစ်မှန်း အူကန်းရိပ်မိသိရှိလိုက်သည်။

မည်သူကများမိမိကိုသတိပေးတာဆိုးသနည်းဟုလှမ်းကြည့်လိုက်ရာ၊ သူ့စားပွဲအနီးမှ ဖြတ်လျှောက်သွားသော မိန်းမပျိုတဦးကိုတွေ့ရသည်။

မိန်းမပျိုမှာ မလုံ့တလုံ အဝတ်အစားများ ဝတ်ထားသည်။ ချမ်းသာသော၏ပျော်တော်ဆက်မယ်လေးတယောက်ဖြစ်ဟန်တူသည်။

မိမိတို့ဘာကြောင့်များ သတိပေးသွားရသနည်းဟု အူကန်းစဉ်းစား၍မရနိုင်အောင် ဖြစ်နေသည်။ သို့သော် သတိပေးသည့်အတွက်မူ ထိုမိန်းကလေးကို ကျေးဇူးတင်မိသည်။ ထို့ကြောင့် ထိုမိန်းကလေး၏ ရုပ်ရည်သွင်ပြင်ကို သေသေချာချာ မှတ်သားထားလိုက်သည်။

အူကန်းကို လျှို့ဝှက်လေသံဖြင့် သတိပေးသွားသူ ဘေးမှာအသက်(၁၉)နှစ်ခန့်ရှိသည်။ ရုပ်ရည်ချောမောကာ ကိုယ်ခန္ဓာလှပတောင့်တင်းသည်။ မပေါ်တပေါ် ဝတ်ထားသောအဝတ်များကြောင့်ရင်ညွန့်တွင်မှဲ့နီလေးတလုံးရှိသည်ကို အူကန်းသတိပြုမိလိုက်သည်။

အခြေအနေ ရုတ်ရုတ်သဲသဲဖြစ်မသွားအောင် ထိန်းပေးပြီးနောက်၊ ရန့်အင်းသည်ရှောင်မူရှိရာသို့ လျှောက်လှမ်းလာသည်။

ရှောင်မူက ဖြစ်ပျက်ပုံ အလုံးစုံကို တီးတိုးပြောပြသည်။ ရန့်အင်းက ဣန္ဒြေရရပင်ရပ်၍နားထောင်နေသည်။

"မမလေးယဲ့ချီနဲ့ လောင်းကစားချင်တယ်ဆိုဘာ အဘလား"

ရှောင်မူထံမှ အကြောင်းစုံကြားသိရပြီးနောက်၊ရန့်အင်းက ဝတ်စုံပြာ အဘိုးကြီးကိုလှမ်းမေးသည်။



"အေး....ဟုတ်တယ် ဘယ်လိုလောင်းကစားကြမယ် ဆိုတာကိုကော ထပ်ပြောရအုံးမလား"

ဝတ်စုံပြာအဘိုးကြီးက ပြန်ပြောသည်။

"ပြောစရာမလိုတော့ပါဘူး အဘရဲ့ နာမည်ကိုသာ သိပါရစေ"

"ကျုပ်နာမည် အိန်းလုံ"

"ကောင်းပါပြီ အဘရဲ့လောင်းကြေးနဲ့ ဝိန့်ခေါ်မှုကိုလက်ခံပါတယ်"

"ဟောဒီက အဘအိန်းလုံနဲ့ပြိုင်ပြီး လောင်းကစားရအောင်လို့ မာယာမင်းသမီးယဲ့ချီ ဒီခန်းမဆောင်ထဲကို ကြွလာခဲ့ပါခင်ဗျာ"

"ဟော့...ဟော့... နေပါအုံး မင်းတို့က မှန်မှန်ကန်ကန် လုပ်မှဖြစ်မယ်နော် ငါ့ရဲ့ဦးခေါင်းကို မာယာမင်းသမီး ယဲ့ချီအစစ်ရဲ့ခေါင်းနဲ့မှ လောင်းကြေး ထပ်နိုင်မယ် အတုအပ အယောင်ဆောင်တယောက်ယောက်ရဲ့ခေါင်းနဲ့တော့ လောင်းကြေး မထပ်နိုင်ဘူး"

အကင်းပါးသော ဝတ်စုံပြာအဘိုးကြီးကပြောသည်။

ဤသို့ဖြင့် ဝတ်စုံပြာအဘိုးကြီး အိန်းလုံနှင့်ရန့်အင်းတို့သည် မာယာမင်းသမီးယဲ့ချီအတုအစစ်ကိစ္စအတွက် အမျိုးမျိုးအဖုံဖုံ ပြောဆိုငြင်းခုန်ကြလေတော့သည်။

ထိုသို့ငြင်းခုန်နေကြသည့်အိန်းလုံနှင့် ရန့်အင်းတို့အနားဝယ် စုလွေ့ကရပ်နေပြီး၊ အခွင့်ကောင်း ပေါ်သည်နှင့် အိန်းလုံကို အလစ်ဖမ်းတိုက်ခိုက်ရန် အသင့်စောင့်နေသည်။

အိန်းလုံကလည်း ဤအချက်ကို ရိပ်မိသည်။ ထို့ကြောင့် အလစ်မပေးပဲ ရန့်အင်းနှင့် ငြင်းခုန်ယင်း စုလွေ့ကိုလည်းမကြာခဏ ငဲ့စောင်းကြည့်နေသည်။

စုလွေ့မှာ လစ်ကွက်ဖမ်း၍မရနိုင်ပဲ ရှိနေသည်။

ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေးက အိန်းလုံကို တိုက်ခိုက်ရန် အလစ်ချောင်းနေမှန်း အူကန်းလည်းရိပ်မိသည်။

အူကန်းသည် သည်အတိုင်းကြည့်မနေနိုင်ပဲ ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေးကို ဝင်ရောက်တိုက်ခိုက်ရန် ထိုင်နေရာမှ အသာ ထလိုက်သည်။

မလုပ်နဲ့ညီလေး အဲဒီဝတ်စုံစိမ်းနဲ့ မိန်းကလေးဟာချမ်းသာ သဘော်ရဲ့ ထိပ်သီး သိုင်းသမားတယောက်ကွ၊ စုလွေ့လို့ခေါ်တယ်၊ စုလွေ့ရဲ့ သိုင်းပညာစွမ်းက မင်းထက် ပိုကောင်းတယ်၊ အခုလောလောဆယ်မှာ မင်းအနေနဲ့ စုလွေ့ကို အနိုင်မတိုက်နိုင်သေးဘူး”

လျှို့ဝှက်လေသံဖြင့် တိုးတိုးပြောဆိုဟန့်တားသံ ပေါ်လာသည်။ ပခုံးပေါ်သို့လည်း လက်တဘက်တင်ပြီး အသာဖိချခြင်း ခံရသည်။



အူကန်းလှမ်းကြည့်ရာ သူ့အနီးတွင် လိန်ပင်းရောက်နေမှန်း သိရသည်။ မည်သည့်အချိန်က ရောက်လာမှန်းကိုတော့ အူကန်း မသိ။

အူကန်းသည် ကိုယ်ရှိန်ကိုပြန်သတ်ကာ ထိုင်ခုံတွင် ပြန်ထိုင် လိုက်ရသည်။

မိမိ၏ သိုင်းပညာညံ့ဖျင်းသည်ကို အတော်ပင် မကျေမချမ် ဖြစ်နေမိသည်။

“စိတ်မပျက်ပါနဲ့ငါ့ညီရာ မင်းအသက်က ငယ်ငယ်လေး ရှိ သေးတာပဲ ကြိုးစားပြီး သိုင်းပညာတွေ လေ့ကျင့်လိုက်ယင် တနေ့နေ့သူတို့ကို ယှဉ်နိုင်မှာပေါ့”

အူကန်း စိတ်ပျက်လက်ပျက် ဖြစ်သွားကြောင်း အကဲခတ်မိ သည့်အတွက် လိန်ပင်းက တိုးတိုးအားပေးစကားပြောသည်။

“ဒီတခေါက် ဒီသဘော်ပေါ် တက်လာခဲ့တာ ဖေဖေ အကြောင်း မသိရယ်ာ် မပြန်ဘူးလို့ ကျွန်တော်ဆုံးဖြတ်ထား တယ်၊ ဒီတော့ ကျွန်တော့်အသက်သေချင်သေပါစေ ပျောက်ဆုံး နေတဲ့ ကျွန်တော့် အဖေအကြောင်းကိုတော့ သိအောင်စုံစမ်း ရမယ်”

အူကန်းက လိန်ပင်းကို လှမ်းကြည့်ယင်းပြောသည်။

“ဒီလို တဇွတ်ထိုးမလုပ်နဲ့လေ နေရာတကာမှာ မိုက်ရူးရဲ လုပ်လို့မဖြစ်ဘူး၊ အခြေအနေကို ချင့်ချိန်ပြီး ဆုတ်သာတက်သာ အောင်လုပ်ရတယ်၊ ချမ်းသာသဘော်ပေါ်က သိုင်းသမားတွေ

ဟာ နှယ်နှယ်ရရ မဟုတ်ဘူးနော် အစွမ်းအစ သိပ်ထက်မြက်တယ်၊ အစ်ကိုနဲ့ ဦးလေးအိန်းလုံတို့တောင်မှ ချမ်းသာသဘော်ရဲ့ လျှို့ဝှက်အင်အားကို သိရှိစမ်းသပ်ကြည့်ဖို့လာခဲ့ကြတာ အခုလို အချိန်မှာ သူတို့နဲ့ အသေအကြေ ရင်ဆိုင်တိုက်ခိုက်လို့မဖြစ်သေးဘူး၊ ခဏကြာယင် အစ်ကိုနဲ့ ဦးလေးအိန်းလုံတို့ ပြန်ထွက်သွားကြတော့မှာပဲ၊ ငါ့ညီလဲ အစ်ကိုတို့နဲ့ လိုက်လာခဲ့ပါ”

“ဖေ့ဖေ့အကြောင်း မသိရမချင်း မပြန်ဘူး၊ အစ်ကိုတို့ ပြန်ချင်ပြန် ကျွန်တော်နေရစ်ခဲ့မယ်”

အူကန်းက ခေါင်းမာမာနှင့် ပြောသည်။

လိန်ပင်းမှာ အူကန်းကို ချမ်းသာသဘော်ပေါ်ဝယ် တယောက်တည်း မထားခဲ့ရက်ပေ။ မိမိတို့ထွက်သွားလျှင် အူကန်းကို တပါတည်းခေါ်သွားလိုသည်။ သို့သော် သည်အတိုင်း ဆိုလျှင် အူကန်းကို ခေါ်၍ရမည်မဟုတ်ကြောင်း လိန်ပင်းနားလည်သည်။

အကြောပိတ်ကာ ခေါ်သွားမှ ဖြစ်မည်မို့ လိန်ပင်းက အူကန်း၏ ခါးဆစ်မှ ပျော့ခွေကြောကို လက်ဝါးဖြင့် အသာရိုက်ကာ ပိတ်လိုက်သည်။

အူကန်းမှာ ထိုင်ခုံပေါ်ဝယ် ပျော့ခွေကာ ကျသွားသည်။

ထိုအချိန်တွင် အဘိုးကြီး အိန်းလုံက ထွက်ခွာ သွားရန် လျှို့ဝှက်အချက်ပြလိုက်သည်။ လိန်ပင်းမှာ အူကန်းကို အာရုံစိုက်နေချိန်မို့ အိန်းလုံအချက်ပြသည်ကို မမြင်လိုက်။



အူကန်းကို အကြောပိတ်ပြီးနောက် လိန်ပင်းက စုလွှေ့ကို သိန်းချုပ်ရန် ရှေ့သို့တက်လာသည်။

စုလွှေ့အနီးသို့ လိန်ပင်းရောက်ရှိသွားချိန်ဝယ် အိန်းလုံမှာ ခန်းမဆောင် အဝင်ဝနားသို့ ဆုတ်သွားပြီဖြစ်သည်။

လိန်ပင်းက စုလွှေ့၏ပျော့ခွေကြောကို လက်ဝါးဖြင့်ရိုက်ကာ ပိတ်လိုက်သည်။

ထိုအချိန်မှာပင် ရှောင်မူက အူကန်း၏အနားသို့ ရောက်ရှိလာသည်။ အကြောပိတ်ခံရပြီး မလှုပ်မရှားနိုင် ဖြစ်နေသော အူကန်းကို ရှောင်မူက အလွယ်တကူပင် ထိန်းချုပ်ဖမ်းဆီးလိုက်သည်။

လိန်ပင်းက အူကန်းကို မြေး၍ကယ်ဆယ်မည်ပြုသည်။

“လိန်ပင်း ကောင်လေးကိုကယ်ဖို့ အချိန်မမီ တော့ဘူး၊ ဒီတော့ မင်းလဲ မားစာခံတယောက် ရအောင်ဖမ်း”

လိန်ပင်း ဘာလုပ်ရမည်မသိပဲ ထိတ်ထိတ်ပျာပျာဖြစ်နေခိုက် အတွေ့အကြုံ ရင့်ကျက်နေသော အိန်းလုံက လှမ်းအော်ပြောသည်။

ထို့ကြောင့် လိန်ပင်းသည် အူကန်းရှိရာသို့ မသွားတော့ပဲ ခွေလဲကျနေသော စုလွှေ့ကိုသာ ဖမ်းချုပ်လိုက်သည်။

“ဟော့လူ စုလွှေ့ကိုထားခဲ့”

ရန့်အင်းက အော်ဟစ်ပြောဆိုယင်း လိန်ပင်းကို ဝင်တိုက်မည်ပြင်သည်။

"အရမ်းမလုပ်နဲ့လေ အတင်းဝင်လာယင် ဒီကောင်မလေး နာမယ်၊ အခု ခင်ဗျားတို့ ကျွန်တော်တို့နဲ့ တဘက်ကို လူတယောက်စီ ဖမ်းမိထားတော့ ဘယ်ဘက်ကမှ အသာမရပဲ သရေဖြစ်နေတယ်၊ ခင်ဗျားတို့ဖမ်းထားတဲ့ ကျွန်တော့်ညီတော်မောင်ကို လွှတ်ပေးယင် ဟောဒီမိန်းကလေးကို ချက်ချင်း ပြန်လွှတ်ပေးမယ်"

လိန်ပင်းကပြောသည်။ ရန့်အင်းမှာ လိန်ပင်းကို ဝင်မတိုက်တော့ပဲ ကိုယ်ရှိန်သတ်လိုက်သည်။

"မမလေးက ဒီလိုအပေးအယူ လုပ်ထာမျိုးကို လက်ခံမှာ မဟုတ်ဘူး စုလွှေ့ကို ဖမ်းချင် ဖမ်းသွားကြပါစေ ဒီကောင်လေးကိုတော့ ပြန်လွှတ်ပေးလို့မဖြစ်ဘူး"

ရှောင်မူက ရန့်အင်းကို လှမ်းပြောသည်။

"ဒါတွေ ကျုပ်နားလည်ပါတယ် ခင်ဗျားကဝင်ပြီး ဆရာမလုပ်စမ်းပါနဲ့"

ရန့်အင်းက စိတ်ကိုဟန့်ဖြင့် ပြန်အော်ပြောသည်။

ထိုအခိုက်မှာပင်၊ ကပ္ပဲစင်မြင့်ငယ်၏ ဘေးနားရှိ တံခါးပေါက်မှ လူ(၃)ယောက်ဝင်လာသည်။

ထိုလူများ၏အသွင်မှာ ထူးဆန်းလှသည်။



အင်္ကျီစိမ်း၊ဘောင်းဘီစိမ်းများဝတ်ပြီး အစိမ်းရောင်မျက်နှာဖုံးများတပ်ဆင်ထားသည်။ မျက်နှာဖုံး ဝယ် မျက်စေ့ပေါက်(၂)ပေါက်သာ ပါသောကြောင့်၊ မျက်နှာသွင်ပြင်ကိုမမြင်ရ။

ခေါင်းတွင်လည်း အစိမ်းရောင် ခေါင်းပေါင်းများပေါင်းသားကြသည်။

လျှောက်လှမ်း လာကြပုံမှာလည်း အိပ်မက်ထဲဝယ် လမ်းလျှောက်နေသလို တလှမ်းချင်း လျှောက်လာကြသည်။ မျက်နှာဖုံး၏ အပေါက်များမှ မျက်လုံးများ၏ အရိပ်အရောင်မှာလည်း အတော်ကြောက်စရာကောင်းသည်။

မည်သည့်ခံစားမှုမှမရှိပဲ တိုက်ခိုက်ရန်သာ နားလည်သော ကျွဲရဲ၏မျက်လုံးများလိုဖြစ်နေသည်။

ခေါင်းပေါင်းစိမ်းနှင့် လူ(၃)ယောက် ဝင်လာသည်ကိုမြင်သည်နှင့် ရန့်အင်း၏ မျက်နှာ 'ကွက်'ကနဲ တချက်ပျက်သွားသည်။

ရန့်အင်းသည် အိတ်ထဲမှ ခရာငယ်တခုကို ကမန်းကတန်း ထုတ်ကာ၊ ပါးစပ်တွင် ကပ်ပြီး မှုတ်လိုက်သည်။

"တူ - တူ — တူ"

ခရာ၏မြည်သံမှာ သာမန်ခရာများနှင့်မတူ။ထူးခြားလှသည် ထူးခြားသော ခရာသံ(၃)ချက်ပေါ်လာသည်နှင့်ခေါင်းပေါင်း

စီမ်း(၃)ယောက်သည်၊ ရှေ့သို့ဆက်မလာတော့ပဲ၊ ခြေလှမ်းများကိုရပ်ကာ၊ ကျောက်ရုပ်များလို တောင့်တောင့်ကြီး ရပ်နေလိုက်ကြသည်။

"ညွှန့်သည်တော်လူကြီးမင်းများခင်ဗျာ ကျွန်တော်တို့ချမ်းသာသဘော်မှာ အရေးပေါ်ကိစ္စတခုနဲ့ ကြုံနေရပါတယ် ဘာကိစ္စလဲဆိုတာကို အသေးစိတ်ရှင်းပြဖို့အချိန်မရှိပါဘူး ဒီတော့ ညွှန့်သည်တော်လူကြီးမင်းများဟာ မိတ်ဆွေပဲဖြစ်ဖြစ် ရန်သူပဲဖြစ်ဖြစ် ဒီသင်္ဘောပေါ်က ချက်ချင်းထွက်သွားကြပါ ခေါင်းပေါင်းစိမ်းနဲ့လူတွေကို လုံးဝမထိမိပါစေနဲ့ မြန်မြန်လုပ်ကြပါ"

ရန်အင်းက ပြောသည်။ ဤစကားများကို ပြောရာတွင် ရန်အင်း၏မျက်နှာမှာ ထူးခြားသော အမူအရာပေါ်နေသည်။

ရှောင်မူက ရန်အင်းကို နားမလည်သည့် အသွင်ဖြင့်လှမ်းကြည့်သည်။

ရန်အင်းက လိဘ်ထိတ်ဗျာပျာနှင့်နှိုးဆော်ပြောကြားသော်လည်း၊ခန်းမဆောင်ထဲရှိ ညွှန့်သည်များမှာ ရုတ်တရက် ငေးကြောင်ကာ ဘာလုပ်ရမည်မှန်း မသိပဲ ထိုင်ခုံများဝယ်ထိုင်နေမြဲထိုင်နေကြသည်။

"အသေခံလက်မရှိ့ သိုင်းသမားတွေ ရောက်နေကြပြီသူတို့ကိုရင်ဆိုင်ဝံ့ဘယ်ဆိုယင်ဘော့ ဒီအခန်းထဲမှာ နေရစ်ခဲ့ကြ"

အဘိုးကြီးအိမ်နီးလုံက အော်ပြောသည်။



ဤအခါတွင်မှ ညွှန့်သည်များမှာ လှုပ်လှုပ်ရှရှ ဖြစ်လာပြီးထိုင်နေရာမှထကာ၊ ထွက်ပေါက်ကို ရှာကြသည်။

လိန်ပင်းသည် ပျော့ခွေနေသော စုလေ့ကို ဖမ်းချုပ်ခေါ်ဆောင်ကာ၊အိမ်နီးလုံရပ်နေသော တံခါးပေါက်နားသို့ ရောက်လာပြီး အပြင်သို့လှစ်ကနဲပြေးထွက်သွားသည်။

ထိုအချိန်တွင် ရန်အင်းလည်း သူတို့ အနီးသို့ အပြေးရောက်ရှိလာသည်။

"ဦးလေးအိမ်နီးလုံ ကျွန်တော့်နောက်ကလိုက်လာခဲ့ပါ ဖမ်းသွားတဲ့ စုလေ့ကိုလဲ ပြန်လွှတ်ပေးပါ"

ရန်အင်းက အိမ်နီးလုံကိုပြောသည်။

"ဟောင်ါအိမ်နီးလုံဆိုတဲ့ကောင်က မိန်းမယုတ်ရဲလက်ပါးစေနဲ့စေ့စပ်ပြီး အပေးအယူမလုပ်ဘူးကွ"

အိမ်နီးလုံက ခနဲ့တဲ့တဲ့အသံဖြင့် ပြန်ပြောသည်။

"တောက်....တော်တော်နားဝေးတဲ့အဘိုးကြီး"

ရန်အင်းက ဒေါသတကြီးပြောကာ အိန်းလုံကိုသာ လက်ဝါးဖြင့်ရိုက်သည်။ အိမ်နီးလုံကနေရာမှပင်မရွေ့ပဲ ဗယ်လက်ကို ဆတ်ကနဲမြှောက်ကာ တချက် ဝှေ့ယမ်းလိုက်သည်။

မည်သို့မည်ပုံ ပြုလိုက်သည်မသိ။ ရန်အင်း၏ လက်ဝါးရိုက်ချက်မှာ ပျက်ပြယ်သွားပြီး၊ ညာလက်ကောက်ဝတ်ပင်လျှင်၊ အိမ်နီးလုံ၏ဗယ်လက်ဖြင့်ဖမ်းချုပ်ခြင်းခံလိုက်ရသည်။

အိန်းလုံက ဆုပ်ဖမ်းမိထားသောရန့်အင်း၏ လက်ကို'ဆတ်'ကနဲဆောင့်ဆွဲလိုက်ရာ ရန့်အင်း၏ ကိုယ်ခန္ဓာရှေ့သို့ ကိုင်းကျသွားသည်။

ဤအခါတွင် အိန်းလုံက လျှို့ဝှက်လေသံဖြင့် နှစ်ကိုကြားတီးတိုးပြောသည်။

"မင်းက အုကန်းကို ကယ်တင်ပေးနိုင်ဖို့ကြိုးစားတဲ့ အပြင်အသေခံလက်မခံ့ သိုင်းသမားဆိုးသုံးရောက်ကိုလဲ ဟန့်တားထားလိုက်တာ ငါရိပ်မိပါတယ် ဒီလိုလုပ်တဲ့အတွက် မင်းကိုယွဲ့ချီက ကောင်းကောင်း အပြဘ်ဒဏ်ခတ်မှာ သေချာတယ် ဒီတော့ဘာမှစဉ်းစားမနေနဲ့ ငါတို့နောက်ကို လိုက်ခဲ့ပေတော့"

ရန့်အင်းမှာ ဘာပြန်ပြောရမည်မသိပဲ ကြောင်အန်းအန်းဖြစ်သွားသည်။ထိုအချိန်တွင် အိန်းလုံက အများကြားနိုင်အောင် အသံကျယ်ကျယ်ဖြင့် ဆက်ပြောသည်။

"မင်းလိုကောင်ကများ ငါ့ကိုလာစမ်းဝံ့သလား ကဲကြွပေတော့"

အိန်းလုံက ပြောပြောဆိုဆို ရန့်အင်းကို 'ဆတ်'ကနဲ တွန်းထုတ်ပစ်လိုက်သည်။

အိန်းလုံတွန်းထုတ်လိုက်သည့်အရှိန်ဖြင့် ရန့်အင်း၏လိုယ်ခန္ဓာမှာ တံခါးပေါက်မှနေ၍ ဒယီးဒယိုင်ဖြင့် အပြင်ဘက်သို့ရောက်သွားသည်။



အပြင်တွင်ရှိနေသော လိန်ပင်းက ဗယ်လက်ဖြင့်ရန့်အင်း၏ ညာလက်ကောက်ဝတ်ကို 'ဆတ်'ကနဲ ဖမ်းဆုပ်ထားလိုက်သည်။

"ဒီမယ်မိတ်ဆွေ အချိန်သိပ်မရှိဘူး ဒီတော့ ပြတ်ပြတ်သားသားပဲမေးမယ်ခင်ဗျားအနေနဲ့ မိန်းမယုတ်ယဲ့ချီရဲ့ လက်အောက်က အလွတ်ရုန်းထွက်ချင်တဲ့ စိတ်ဆန္ဒရှိသလား"

လိန်ပင်းက ရန့်အင်းကို စူးစိုက်ကြည့်ပြီးမေးသည်။

"ဒီလိုထွက်ပြေးယင် ယွဲ့ချီက လိုက်ပြီး အန္တရာယ်ပေးလိမ့်မယ် အဲဒါကို ခင်ဗျားတို့က အကာအကွယ်ပေးနိုင်မလား"

ရန့်အင်းကပြန်ပြောသည်။

"စိတ်ချ ခင်ဗျားသာ တကယ်တန်းအမြင်မှန်ရမယ်ဆိုယင် ဘယ်လို အန္တရာယ်မျိုးမှ မကြုံရအောင် တာဝန်ယူ ကာကွယ်ပေးမယ်"

"ကောင်းပြီ ခင်ဗျားတို့နောက်ကို ကျွန်တော် လိုက်ခဲ့မယ် သူလဲလိုက်လိမ့်မယ်"

ရန့်အင်းက လိန်ပင်း၏ ညာလက်တွင်ပျော့ပျော့ခွေခွေလေး ဖမ်းချုပ်ခံနေရသော စုလွေ့ကို မေးငေါ့ပြပြီး ပြောသည်။

လိန်ပင်းက ဘာမျှမပြောပဲ စုလွေ့၏ အပိတ်ခံထားရသော အကြောကိုပြန်ဖွင့်ပေးလိုက်သည်။ စုလွေ့ပြန်၍လှုပ်ရှား လာနိုင်သည်။

ထိုအချိန်တွင် ဝတ်စုံပြာအဘိုးကြီး အိန်းလုံလည်း ခန်းမဆောင်ထဲမှ အပြေးထွက်လာသည်။

"ကဲ လာကြဟေ့ ဒီကနေ အမြန်ဆုံး ထွက်သွားကြရအောင်"

အိန်းလုံကပြောသည်။

"ညီလေးအူကန်း ကျန်နေသေးတယ်"

လိန်ပင်းက စိုးရိမ်တကြီးပြောသည်။

ထိုအခိုက်မှာပင် မည်သို့ဖြစ်သည်မသိ၊ သင်္ဘော တစင်းလုံး လျှပ်စစ်လျှပ်သလို လှုပ်ရှားလာသည်။

ခန်းမဆောင်ထဲမှ အလန့်တကြား အော်လိုက်သံများလည်း ပေါ်လာသည်။

ထို့နောက် တဝုန်းဝုန်းပေါက်ကွဲသံများနှင့်အတူ မီးခိုးလုံးကြီးများ အလိပ်လိုက်တက်လာသည်။

"ရေထဲကို အမြန်ခုန်ချကြ အချိန်မရှိဘူးကြာယင်အားလုံးသေကုန်လိမ့်မယ်"

အိန်းလုံက အရေးတကြီးပြောယင်း ကုန်းပတ် အစွန်းသို့ ပြေးသွားပြီး ရေထဲခုန်ချလိုက်သည်။

အလွန်အရေးကြီးသောအခြေအနေမျိုး ဖြစ်ပေါ် နေပြီမို့ လိန်ပင်းလည်း တုံ့ဆိုင်းမနေတော့ပဲအိန်းလုံနောက်မှပြေးလိုက်ကာ ရေထဲခုန်ချလိုက်ရသည်။

ရန်အင်းနှင့် စုလေ့တို့လည်း ရှေ့ဆင့်နောက်ဆင့် ဆိုသလို ရေထဲသို့ ခုန်ဆင်းလာကြသည်။



ထို့နောက် (၄)ယောက်သား မြစ်ကမ်းပါးသို့ အရောက် အားစိုက်ခွန်စိုက် ကူးခတ်ကြလေတော့သည်။

"ချမ်းသာသင်္ဘော ဘယ်လိုဖြစ်တာလဲ"

"မီးခိုးလုံးတွေ အများကြီးပဲ"

"သင်္ဘောကို မီးလောင်နေတာလား"

"မဟုတ်နိုင်ဘူး မီးခိုးလုံးပဲတွေ့ရပြီး မီးတောက်မှ မမြင်ရတာ"

မြစ်ကမ်းပေါ်ရှိလူများ၏ စီစီညံညံ ပြောနေသံ များကို လိန်ပင်းတို့ ကြားရသည်။

လိန်ပင်းတို့(၄)ယောက်မှာ နောက်သို့ လှည့်မကြည့်အားသေးပဲ မြစ်ကမ်းပါးသို့ရောက်အောင် အတင်းကြိုးစားကူးခတ်နေကြသည်။

မြစ်ကမ်းပါးသို့ ရောက်သောအခါမှပင်၊ ချမ်းသာသင်္ဘောရှိရာသို့ လှမ်းကြည့်နိုင်ကြသည်။

ချမ်းသာသင်္ဘောရပ်တားသော မြစ်လယ်နေရာဝယ် မီးခိုးများ အလိပ်လိုက် ဖုံးလွှမ်းနေသည်။ မီးခိုးများမှာ ထူထပ်သိပ်သည်းလှသောကြောင့် ချမ်းသာသင်္ဘောကို မမြင်နိုင်ပေ။

မီးခိုးများသည် တစစပိုမိုထူထပ် ကျယ်ပြန့်လာသည်။

မြစ်ကမ်းပါးတွင်ဆိုက်ကပ်ထားသော သင်္ဘောများနှင့်လှေများသည် ကျယ်ပြန့်လာသောမီးခိုးများမှဝေးရာသို့ခုတ်မောင်းတိမ်းရှောင်နေကြသည်။

မီးခိုးလုံးများ၏ အထက်ဘက်နှင့် အောက်ဘက်မြစ်ရေပြင်ဝယ် သင်္ဘောများလှေများဖြင့် ရှုပ်ရှုပ်ထွေးထွေးဖြစ်နေသည်။

သိပ်တော့မကြာပါ။

မကြာမီမှာပင် ထိုနေရာအနီးဝန်းကျင်တွင် သင်္ဘော၊လှေ၊ တစီးတလေမျှ မရှိတော့ပဲ ပြောင်ရှင်းသွားသည်။

ကျယ်ပြန့်လာသော မီးခိုးများမှာ အလျားတမိုင်နီးနီးပင် ရှိလာသည်။

အချိန်တရွေ့ရွေ့ကုန်သွားသည်။

မီးခိုးလုံးများ တစစပါးလာသည်။

လိန်ပင်း၊ အိန်းလုံ၊ရန့်အင်းနှင့် စုလေ့တို့အပါအဝင် မြစ်ကမ်းပေါ်ရှိလူများသည် ဇွဲကောင်းကောင်းနှင့် ဆက်သက်စောင့်ကြည့်နေကြသည်။

နောက်ဆုံးတွင် မီးခိုးများ လုံးဝကင်းစင်သွားသည်။

မီးခိုးများ မရှိတော့သည့်နည်းတူချမ်းသာသင်္ဘောကိုလည်း အရိပ်အရောင်မျှပင် မတွေ့ကြရတော့။

ချမ်းသာသင်္ဘောဘယ်ရောက်သွားသနည်း။

မီးလောင်ပြာကျသွားပြီလော။မဟုတ်နိုင်။မီးလောင်ပြာကျသွားပြီဆိုလျှင် မီးကျွမ်းနေသော သစ်သား အပိုင်း အစများမြစ်ရေပြင်ဝယ် မျောနေသည်ကိုတွေ့ရမည်။



ယခုမြစ်ရေစီးဝယ် မည်သည့်မီးကျွမ်းနေသည့်အရာဝတ္ထုမျှ မရှိ။

ချမ်းသာသင်္ဘောရေအောက်သို့ နစ်မြုပ်သွားပြီလော။ ဒါလည်းမဖြစ်နိုင်။ ချမ်းသာသင်္ဘောမှာ အတော်ကြီးမားသော သင်္ဘောကြီးတခုဖြစ်သည်။ ဤလိုကြီးမားသော သင်္ဘောကြီးမျိုး နစ်မြုပ်သည်ဆိုလျှင်၊ မြစ်ရေပြင်တွင် ဝဲကတော့ဖြစ်လျက်လှိုင်းထန်ကာ လှုပ်ရှားလာရမည်။

ယခုမူ မြစ်ရေပြင်ဝယ် မည်သို့မျှ ထူးခြားပြောင်းလဲမှုမရှိ။ သာမန်စီးမြဲအနေအထားအတိုင်း စီးနေသည်။

မီးခိုးလုံးများကို အကာအကွယ်ယူကာ ချမ်းသာသင်္ဘောခုတ်မောင်းထွက်ပြေးသွားခြင်း ဖြစ်မည်လော။

ဤသို့လည်း မဖြစ်နိုင်။ မီးခိုးလုံးများမှာ အလျား တမိုင်သာသာခန့်ကိုသာ ဖုံးအုပ်ထားသည်။ မီးခိုးလုံးများဖုံးအုပ်နေသော နေရာ၏ အပြင်သို့ ရောက်လျှင် ချမ်းသာသင်္ဘောကိုကောင်းစွာမြင်ရပေမည်။

ချမ်းသာသင်္ဘောမှာ သာမန်သင်္ဘောများထက် နှစ်ဆခန့်ကြီးမားသော သင်္ဘောကြီးဖြစ်သည်။ မြစ်ကြောင်းဝယ် သွားလာလှုပ်ရှားနေသည့် သင်္ဘောများ ကြားဝယ် ဤမျှကြီးမားချမ်းသာသင်္ဘောကို ထင်ရှားစွာ မြင်သာနိုင်သည်။

ယခုတော့ ကြီးမားသော ချမ်းသာသဘော် ခုတ်မောင်းသွားသည်ကို မည်သူကမျှ မမြင်လိုက်ကြရ။

ပဟေဠိဆန်သော ချမ်းသာသဘော်သည် လျှို့ဝှက် ဆန်းကျယ်စွာပင် ပျောက်ကွယ်သွားလေပြီ။

× × ×



အခန်း (၄)

ချမ်းသာသဘော်ထူးခြားဆန်းကျယ်စွာပျောက်ကွယ်သွားဖို့သတင်းမှာ သိုင်းလောကတခုလုံးသို့ ပြန့်နှံ့သွားသည်။

သိုင်းလောကတွင် ဤကိစ္စနှင့်ပတ်သက်၍အမျိုးမျိုးအဖုံဖုံ ထင်မြေးပေးကြသည်။

ချမ်းသာသဘော်နှင့် သေမင်းသဘော်တို့မှာ တနည်းနည်း တဖုံဖုံ ပတ်သက် ဆက်စပ်နေရမည်ဟု အများစုက ထင်မြေး ပေးပြောဆိုကြသည်။

(၉)လပိုင်း (၁၅)ရက်နေ့တွင် ပေါ်လာနေကျဖြစ်သော သေမင်းသဘော်သည် ယခုနှစ်အဖို့ ပေါ်ပေါက် လာတော့မည် မဟုတ်ဟု အခိုင်အမာ ပြောဆိုသူများက ပြောဆိုကြသည်။

ဤသို့ဖြင့် သိုင်းသမားအပေါင်းတို့သည်၊ သေမင်းသင်္ဘော ပေါ်လာမည့်နေ့ဖြစ်သော (၉)လပိုင်း(၁၅)ရက်နေ့ကို စောင့်မျှော်နေကြသည်။

သိုင်းလောကရှိ သိုင်းဂိုဏ်းအဖွဲ့အစည်းအသီးသီးတို့စုဝေးတိုင်ပင်ကာ၊ မြစ်ကြောင်းနေရာအနှံ့အပြားတွင်၊ တာဝန်ခွဲဝေချထားကာ၊ သေမင်းသင်္ဘောကို စောင့်ကြည့် နေကြသည်။

တုံ့ထင်မြစ်ကြောင်းလမ်းတွင်စောင့်ကြည့်ရန် တာဝန်ယူထားရသူမှာ မိကျောင်းကုလျှံ ဖြစ်သည်။ မိကျောင်းကုလျှံ၏ လက်ထောက်များအဖြစ် ကျားသစ်ကျုန်းယိ၊နဂါးပျံကျင်းကိုင်နှင့် ကျောက်ဘီလူး ပုဟုံးတို့ရှိကြသည်။

မိကျောင်း ကုလျှံနှင့် သူ့လက်ထောက်များ၏ ကွပ်ကဲမှုအောက်တွင် သိုင်းသမား (၁၀၅)ဦး ရှိနေကြသည်။

ထိုသိုင်းသမား(၁၀၅)ဦး တို့သည် တုံ့ ထင် မြစ်ကြောင်းတလျှောက်တွင် နေရာများခွဲကာ ကင်းချ၍ စောင့်ကြည့်နေကြသည်။

မိကျောင်းကုလျှံနှင့် သူ၏လက်ထောက် (၃)ဦးတို့မှာမူ တုံ့ထင်မြစ်၏ အချက်အချာဖြစ်သော တုံ့ထင်ဆိပ်ကမ်းမြို့ရှိ တည်းခိုရိပ်သာတခုတွင် အခြေစိုက်စခန်း ပြုလုပ်ကာ နေထိုင်ကြသည်။

(၉)လပိုင်း(၁၅)ရက်နေ့ညတွင်ဖြစ်သည်။



ဤရက်သည် သေမင်းသင်္ဘော ပေါ်လာလေ့ရှိသည့် အချိန်ကာလဖြစ်သောကြောင့်၊မိကျောင်းကုလျှံတို့လူစုသည်၊တည်းခိုရိပ်သာရှေ့ရှိအရက်ဆိုင်တွင်စိုင်းဖွဲ့ထိုင်ကာ အရက်သောက်ယင်း သတင်းထူးကို စောင့်နေကြသည်။

"သေမင်းသင်္ဘောဟာ ကျုပ်တို့တာဝန်ယူ စောင့်ကြည့်နေရတဲ့ တုံ့ထင်မြစ်ကြောင်းမှာ ပေါ်လာမှာ မဟုတ်ပါဘူးဗျာ တခြားမြစ်ကြောင်းတခုခုမှာပဲ ပေါ်လာပါလိမ့်မယ် ဒီတော့ ကျုပ်တို့အဖို့ တခြားအဖွဲ့တဖွဲ့ခုက သတင်းပို့လာတာကို စောင့်နားထောင်ကြရုံပဲရှိတယ်"

စိုင်းဖွဲ့ကာ အရက်ထိုင်သောက်ကြယင်း မိကျောင်းကုလျှံက ပြောသည်။ လက်ထောက်(၃)ဦးကလည်းခေါင်းတညိတ်ညိတ်ဖြင့် မိကျောင်းကုလျှံပြောသည့်ကို ထောက်ခံကြသည်။

မိကျောင်းကုလျှံနှင့်လက်ထောက်(၃)ဦးတို့ စကားတပြောပြောနှင့် စားသောက်နေကြဆဲဝယ် သူတို့ရှိနေသည့် အရက်ဆိုင်ရှေ့သို့ မြင်းစီးသမားတယောက် မြင်းကိုဒုန်းစိုင်းစီးကာရောက်ရှိလာသည်။

ထိုမြင်းစီးသမားမှာ တုံ့ထင် မြစ်ကြောင်းတွင် စောင့်နေသောအဖွဲ့မှ အဖွဲ့ဝင် သိုင်းသမားတယောက်ဖြစ်သည်။

မြင်းစီးသမားသည် အရက်ဆိုင်ရှေ့ဝယ် မြင်းကိုရပ်ကာ၊ မြင်းပေါ်မှခုန်ဆင်း၍ ကုလျှံတို့ရှိရာသို့ ပြေးလာသည်။

"ဟေ့ ဘာအကြောင်းထူးသလဲ"

ကုလျ ကလှမ်းမေးသည်။

"တို့ထင်မြစ်ရဲ့ တတိယမြစ်ကွေ့နေရာမှာ သေမင်းသင်္ဘော ရောက်နေပါတယ်"

မြင်းစီးသမားက ပြန်ပြောသည်။

"ဟုတ်ရဲ့လားကွ မင်းတို့မြင်ရတာ သေမင်းသင်္ဘော အစစ်မှ ဟုတ်ရဲ့လားတခြားသင်္ဘောတစင်းစင်းကိုမြင်ပြီးသေမင်းသင်္ဘော လို့ထင်နေကြတာလား"

မိကျောင်းကုလျ က အံ့ဩဟန်ဖြင့်မေးသည်။

"သေမင်းသင်္ဘောမှ သေမင် သင်္ဘောအစစ်ပါ မီးလဲမထွန်း ပဲနဲ့ တို့ထင်မြစ်လယ်မှာ ကျောက်ချရပ်နေပါတယ် ဆရာကြီး မယုံယင် ကိုယ်တိုင်လိုက်ကြည့်ပါ"

"ကောင်းပြီ ငါတို့လိုက်ကြည့်မယ် သေမင်းသင်္ဘော ဖြစ် တယ်ဆိုတာ သေချာတော့မှ တခြားအဖွဲ့တွေဆီ ဆက်သတင်း ပို့ရမယ်"

မိကျောင်းကုလျ က ဤသို့ပြောပြီး ထိုင်ရာမှထသည်။ကျန် လူများလည်း အရက်ဝိုင်းကိုသိမ်းကာ ထိုင်ရာမှ ထကြသည်။

မိကျောင်းကုလျ ဦးဆောင်၍ မြင်းကိုယ်စီစီးကာ၊သတင်းပို့ လာသူနှင့်အတူ၊ တတိယမြစ်ကွေ့ရှိရာသို့ ထွက်လာ ကြသည်။

တို့ထင်မြစ်၏ တတိယကွေ့မှာ တို့ထင်ဆိပ်ကမ်း မြို့မြောက် ဘက် တမိုင်သာသာ ခန့်အကွာတွင်ရှိသည်။ မြင်းများကို အပြင်း



င်းနှင်လာခဲ့ကြရာ၊ အချိန်အနည်းငယ်အတွင်း ထိုနေရာသို့ ရောက်လာကြသည်။

"ဟောဟိုမြစ်လယ်မှာ သေမင်းသင်္ဘော ရှိနေပါတယ်"

အားလုံးမြင်းပေါ်မှ ဆင်းမိကြသောအခါ၊သတင်းပို့လာသူ က မြစ်လယ်ကို လက်ညှိုးညွှန်ပြပြီးပြောသည်။

အချိန်မှာ ည(၁၀)နာရီခန့် ရှိနေပြီဖြစ်သည်။

လမိုက်ရက်မို့ ကောင်းကင်တွင် လမရှိ။ မြူများလည်း ဆိုင်းနေသောကြောင့် အလင်းရောင် အလွန် အားနည်းကာ မှောင်မိုက်နေသည်။

မိကျောင်းကုလျ တို့ အာရုံစူးစိုက်ကာ လှမ်းကြည့်လိုက် ကြရာ မြစ်လယ်တွင်ရှိနေသော သင်္ဘောတစီး၏ မဲမဲပုံသဏ္ဍာန် ကိုသာ မြင်ကြရသည်၊ ၎သေမင်းသင်္ဘော ဟုတ်မဟုတ် ခွဲခြား သိနိုင်ကြပေ။

ထို့ကြောင့် ကုလျ နှင့် လက်ထောက် (၃) ဦးတို့သည် လှေတစီးဖြင့် ထိုသင်္ဘောဆိုက်ကပ်ထားရာသို့ လာခဲ့ကြသည်။

သင်္ဘောအားဝယ် လှေကပ်မိသည်နှင့် မိကျောင်းကုလျ က သင်္ဘောကုန်းပတ်ပေါ်သို့ တွယ်တက်သွားသည်။

သင်္ဘောကုန်းပတ်ပေါ်တွင် ခြေချမိသည်နှင့် ကုလျ ၏လက် ကျောတွင်လွယ်ထားသောဓားလွယ်၏ဓားရိုးပေါ်သို့အလိုလို ရောက်သွားသည်။

ဓားရိုးကိုဆုပ်ကိုင်မိပြီးမှတစုံတရာကိုစဉ်းစားမိသောကြောင့် ကုလျံသည် ဓားရှည်ကို ဆွဲမထုတ်တော့ပဲလက်ကိုအသာပြန်ရုပ်သိမ်းလိုက်သည်။

ကျားသစ်ကျန်းယိ၊ နဂါးပျံကျင်းကိုင်နှင့် ကျောက်ဘီလူး ပုဟုံးတို့ (၃)ယောက်လည်း ရှေ့ဆင့် နောက်ဆင့် ဆိုသလို သဘော်ကုန်းပတ်ပေါ်သို့ ရောက်လာကြသည်။

သူ၏လက်စွဲတော် လက်နက်ဖြစ်သော ရွှေပေါက်ဆိန် (၂) လက်ကို အသင့်ထုတ်ယူ ကိုင်စွဲလိုက်သည်။ ကျားသစ်ကျန်းယိနှင့် ကျောက်ဘီလူး ပုဟုံးတို့ကလည်း လက်နက်များ ထုတ်ယူရန် ဟန်ပြင်ကြသည်။

"ကျားနက်နဲ့ ကျောက်ဘီလူးတို့ လက်နက်တွေ ဘာတွေ ထုတ်မနေကြပါနဲ့ နဂါးပျံကျင်းကိုင်ကလဲ ရွှေပုဆိန်လေးတွေ ထို့ ပြန်သိမ်းထားလိုက်ယင်ကောင်းမယ်"

မိကျောင်းကုလျံက ပြောလိုက်သည်။

ကျားသစ်ကျန်းယိနှင့် ကျောက်ဘီလူးပုဟုံးတို့က လက်နက်များထုတ်ယူခြင်းမပြုကြတော့။

နဂါးပျံကျင်းကိုင်ကမူ၊ ရွှေပုဆိန်(၂)လက်ကိုပြန်မသိမ်းပဲ မိကျောင်းပျိုလျံအား မကျေနပ်သလို တချက် လှမ်းကြည့်သည်။

ညသန်းခေါင်ကျော်အချိန်တွင် မည်သည့် အန္တရာယ်မျိုး ရှိမှန်းမသိသောနေရာသို့ရောက်နေကြခိုက်တွင် လက်နက်မထုတ်



ရန် ပြောနေသည့် ကုလျံ၏စကားကို နဂါးပျံ ကျင်းကိုင်က သိပ်ဘဝင်မကျပေ။

"မိကျောင်းကုလျံက အတော်ကို အမျှော်အမြင် ရှိတာပဲ ဟုတ်တယ် ဒီသဘော်ပေါ်မှာ လက်နက်ထုတ်ယူ ကိုင်စွဲနေလို့ အပိုပါပဲ"

အမှောင်ထုကြားမှ လူတယောက်၏ စကားသံ ပေါ်လာသည်။

မိကျောင်းကုလျံက နဂါးပျံကျင်းကိုင်အား လက်နက်ကို သိမ်းဆည်းထားရန် လက်ရိပ်ပြလိုက်ပြန်သည်။

နဂါးပျံကျင်းကိုင်က မိကျောင်းကုလျံ၏လက်ရိပ်ပြအချက် ပေးနေမှုကို မမြင်ဟန်ပြုကာ ရွှေပုဆိန်(၂)လက်ကို ဆက်လက် ၍ကိုင်မြဲစွဲကိုင်ထားသည်။

"နဂါးပျံကျင်းကိုင်ကို ဘာမှဖျောင်းဖျ ပြောဆို မနေပါနဲ့တော့ ဒီသဘော်ပေါ် ရောက်လာပြီး ရွှေပုဆိန် (၂)လက်နဲ့ သူ့ကိုယ်သူ ကာကွယ်နိုင်မယ်လို့ထင်ယင် သူ့ဘာသာသူ ကိုင်စွဲ သွားပါစေ"

အမှောင်ထုထဲမှ စကားသံပေါ်လာသည်။ အသံမှာခပ်အက် အက်ဖြစ်သည်။ စကားသံအဆုံး၌ တစုံတရာဖြင့် ပစ်ပေါက် လိုက်သည့်အလား လေခွင်းသံများ 'ဝှီကနဲ မြည်သွားသည်။

"ဝှီး...ဝှီး...."

အမျိုးအမည်မသိရသော လက်နက်ပုန်း(၂)ခု အရှိန်ပြင်းစွာ လွင့်ပျံလာကာ၊ နဂါးပျံကျင်းကိုင်၏ ဗယ်ညာပခုံး(၂)ဘက်ကို ရှုးဝင်ထိမိသည်။

နဂါးပျံကျင်းကိုင်၏ လက်မောင်းနှစ်ဖက်စလုံးထုံကျင်သွားသည်။ လက်နှစ်ဘက်တွင် ကိုင်စွဲထားသော ရွှေပုဆိန်လေး(၂)ခုလည်း အောက်သို့လွတ်ကျသွားသည်။

"ဟောဒီသဘော်ာပေါ်ကို ဘယ်သူမှ တက်ခွင့်မရှိဘူးဆိုတာ ခင်ဗျားတို့မသိကြဘူးလား ဘာကြောင့်အခုလိုခိုးကြောင်ခိုးဝှက်နဲ့ တက်လာကြရတာလဲ"

အမှောင်ထဲမှလူက ပြောပြန်သည်။

"ခင်ဗျားက ဒီလိုစည်းကမ်းသတ်မှတ်ထားတယ်ဆိုတာလူသိရှင်ကြား ကြေငြာထားလို့လား ကျုပ်တို့ဖြင့် မကြားမိပါဘူး"

မိကျောင်းကုလျှံကပြန်ပြောသည်။

"ခင်ဗျားက တယ်အပြောပိုင်တာကိုး ကျုပ်ရဲ့သင်္ဘောပေါ်ကို ဘယ်သူ့ကိုမှ တက်ခွင့်မပြုဘူးအခုဒီအကြောင်းကိုခင်ဗျားတို့သိအောင် ပြောပြီးပြီ ဒီတော့ သင်္ဘောပေါ်က ပြန်ဆင်းသွားကြပေတော့"

"ဒီသင်္ဘောဟာ သေမင်းသင်္ဘောမဟုတ်လား"

ကျားသစ်ကျန်းယိက ကြားဝင်ကာမေးသည်။

"ဟုတ်တယ်"



အမှောင်ထဲရှိလူက ခပ်ပြတ်ပြတ် ပြန်အဖြေပေးသည်။

"ကြုံတောင့်ကြုံခဲ ဒီသင်္ဘောပေါ်ကိုရောက်တုန်းသိချင်တာလေးတွေကိုတော့ မေးပါရစေ"

ကျားသစ်ကျန်းယိက ယဉ်ယဉ်ကျေးကျေးပင် ပြောပြန်သည်။

"သေမင်းသင်္ဘောက ပြောသမျှဆိုသမျှအားလုံး အမှန်တွေချည်းပဲ တော်ရုံတန်ရုံကိစ္စဆိုယင်တော့ အရေးလုပ်ပြီးပြန်မဖြေနိုင်ဘူး ကြီးမားခက်ခဲတဲ့ ပြဿနာတခုခု ရှိယင်တော့ မေးမြန်းစုံစမ်းနိုင်ပါတယ်"

"လွန်ခဲ့တဲ့ ကိုးလပိုင်း ကိုးရက်နေ့က ချမ်းသာသင်္ဘောဟာ ဟောဒီတို့ထင်မြစ်ကြောင်းတနေရာမှာပေါ်လာပြီးရုတ်တရက်ထူးထူးခြားခြား ပျောက်ကွယ်သွားတယ် အဲဒီကိစ္စကို ခင်ဗျားကြားမိမှာပဲ"

"အင်း—ပြောစမ်းပါအုံး"

"ကျုပ်သိချင်တာက ချမ်းသာသင်္ဘောဟာ နစ်မြုပ်ပျက်စီးသွားတာလား ဒါမှမဟုတ် ဘယ်နေရာကို ရောက်နေတာလဲ ပြီးတော့ ချမ်းသာသင်္ဘော ပျောက်ကွယ်သွားစဉ်က သင်္ဘောပေါ်မှာရှိနေတဲ့ ညွှဲသည်တွေကော ဘာဖြစ်ကုန်ကြတာလဲ ဆိုတာပါပဲ"

"ချမ်းသာ သင်္ဘောဟာ နစ်မြုပ်ပျက်စီးသွားတာ မဟုတ်ပါဘူး လျှို့ဝှက်ဘဲ့တနေရာရာမှာ အကောင်းပကတိ ရှိနေပါ

တယ် သင်္ဘောပေါ်မှာရှိနေတဲ့ ညွှသည်တွေထဲက ဆယ်ပုံကိုးပုံဟာ ဘေးအန္တရာယ် ကင်းကင်းရှင်းရှင်းနဲ့ကောင်းမွန်ချမ်းသာစွာ ရှိနေပါတယ် ဆယ်ပုံတပုံကတော့ ချမ်းသာ သင်္ဘောကို မကောင်းကြံတဲ့အတွက် အပြစ်ပေးသတ်သင်ခြင်းခံလိုက်ကြရပါတယ် ကဲ ခင်ဗျားတို့သိချင်တာကို ဖြေပြီးပြီ ပြန်ကြပေတော့”

“ကျုပ်တခုမေးချင်ပါသေးတယ်”

နဂါးပျံကျောင်းကိုင်က ဝင်ပြောသည်။

“ခင်ဗျားတို့ကလဲ မေးလို့ပဲ မဆုံးနိုင်တော့ဘူးလားဒီတခါ နောက်ဆုံးပဲ နောက်ထပ်မမေးကြနဲ့တော့”

‘ ချမ်းသာသင်္ဘောနဲ့ သေမင်းသင်္ဘောတို့ဟာတနည်းနည်းနဲ့ ပတ်သက်ဆက်စပ်နေကြတယ်လို့ သိုင်းလောကမှာ အပြောများနေတယ် အဲဒါဟုတ်မဟုတ် သေချာအောင် စစ်ဆေးကြည့်ချင်တယ်”

“စဉ်းစားဉာဏ်မရှိတဲ့ လူတွေကသာ ဒီလို ပြောကြမှာပါ ဆင်ခြင်ဉာဏ်ရှိတဲ့လူတွေကတော့ နားလည်ကြပါလိမ့်မယ်”

အမှောင်ထဲမှလူက ပြန်ပြောသည်။

“ဒီလိုပြောလို့တော့ ဘယ်ဖြစ်မှာလဲ”

“ဖြစ်တယ်မဖြစ်ဘူးဆိုတာကကျုပ်နဲ့မဆိုင်ဘူးကျုပ်ကတော့ ပြောနိုင်သလောက်ပြောပြီးပြီ”



“ခင်ဗျား စကားတခွန်းတည်းနဲ့ ကျုပ်တို့က လက်ခံယုံကြည်ရမှာလား သံသယရှင်းအောင် ဒီသင်္ဘောကို သေသေချာချာ စစ်ဆေးကြည့်ချင်တယ်”

“ဒါဟာ သေမင်းသင်္ဘောဗျ၊ ခင်ဗျားတို့ လုပ်ချင်တိုင်း လုပ်လို့ရမယ့်နေရာမဟုတ်ဘူး၊ အခုနေ သင်္ဘောပေါ်က ပြန်ဆင်းသွားမယ်ဆိုယင် အချိန်ရသေးတယ်၊ သင်္ဘောခန်းထဲကို ဝင်လာပြီးယင်တော့ ခင်ဗျားတို့အတွက် ပြန်လမ်းမရှိတော့ဘူး ...”

အမှောင်ထဲမှလူ၏ စကားတွင် ခြိမ်းခြောက်မှု အပြည့်ပါနေသည်။

“ကဲ....ကုလျံ ခင်ဗျား ကြားတဲ့အတိုင်းပဲ သူ့လေသံယ ချမ်းသာသင်္ဘောပေါ်ကလူတွေရဲ့ လေသံနဲ့ သိပ်မခြားနားဘူး ကျုပ်စိတ်ထဲမှာ ချမ်းသာသင်္ဘောနဲ့ သေမင်းသင်္ဘောတို့ဟာ တကြောင်းမဟုတ်တကြောင်း ပတ်သက်နေရမယ်လို့ ထင်တယ်၊ ဒီတော့ ဖြစ်ချင်ရာဖြစ်ပေစေ ဟောဒီ သေမင်း သင်္ဘောကို သေသေချာချာ စစ်ဆေးရှာဖွေဖို့ လိုလိမ့်မယ်”

နဂါးပျံကျောင်းကိုင်က ခေါင်းဆောင်ဖြစ်သူ မိကျောင်းကုလျံကို လှမ်းပြောသည်။

“သေမင်း သင်္ဘောက မိတ်ဆွေကြီးခင်ဗျား ...၊ သေမင်းသင်္ဘောကလူတွေဟာ ဘယ်သူဘယ်ဝါဆိုတာ ကျုပ်တို့ မသိပါဘူး၊ ဒါပေမယ့် သေမင်းသင်္ဘောဟာ အများကောင်းကျိုး

ကို ဆောင်ရွက်နေတဲ့ သတင်းကိုတော့ ကျုပ်တို့ကြားမိပါတယ်၊ ချမ်းသာသဘော်နဲ့ သေမင်းသဘော်ဟာ ဘယ်လိုမှ မပတ်သက်ဘူးလို့ ကျုပ်ကတော့ထင်နေပါတယ်၊ ဒါပေမယ့် သိုင်းသမားအများစုကတော့ ကျုပ်နဲ့သဘောချင်းမတိုက်ဆိုင်ဘူး၊ ချမ်းသာသဘော်နဲ့ သေမင်းသဘော်တို့ဟာ ပတ်သက် ဆက်စပ်နေကြတယ်လို့ ထင်နေကြတယ်၊ ဒီလိုဒွိဟသံသယ ဖြစ်မှု ပပျောက်အောင်လို့ ကျုပ်တို့က စုံစမ်းမေးမြန်းနေရတာပါ၊ ကျုပ်တို့အနေနဲ့ အမှန်တရားကိုဖော်ထုတ်နိုင်အောင်လို့ ဝိုင်းဝန်းကူညီပေးစေချင်ပါတယ်”

မိကျောင်းကုလျှံက အမှောင်ထဲရှိလူကို လေသံ အေးအေးဖြင့် ပြောဆို မေတ္တာရပ်ခံလိုက်သည်။

အမှောင်ထဲမှလူက ဘာမျှပြန်အဖြေမပေး။မိကျောင်းကုလျှံ၏ မေတ္တာရပ်ခံချက်ကို လုံးဝမစဉ်းစားသည့်သဘောဖြင့် နှုတ်ပိတ်ကာနေသည်။

“အို–ရှည်ရှည်ဝေးဝေးပြောမနေပါနဲ့ဗျာ အဖြူအမဲကွဲကွဲပြားပြားသိရအောင် သဘော်ခန်းထဲ ဝင်ရှာကြည့်တာအေးပါတယ်”

နဂါးပျံကျင်းကိုင်က စိတ်မရှည်တော့သည့်အသွင်ဖြင့်ပြောသည်။

“ဟာ…ဒီလို အတင်းအဓမ္မ ရှာလားဖွေလား လုပ်ဖို့တော့ မသင့်တော်ဘူးထင်တယ်”



မိကျောင်းကုလျှံက တားမြစ်စကားဆိုသည်။

“ဘာကြောင့် မသင့်တော်ရမှာလဲဗျ၊ သေမင်းသဘော်ပေါ်ကလူမှာ ခေါင်းသုံးလုံးနဲ့ လက်မောင်းခြောက်ဘက် ရှိနေလို့လား”

နဂါးပျံကျင်းကိုင်က မကျေနပ်သောအသွင်ဖြင့်ပြောသည်။ သူ၏စကားမှာ သေမင်းသဘော်ပေါ်ရှိလူနှင့်တပွဲတလမ်း ရင်ဆိုင်တိုက်ခိုက်ရန်လည်း ဝန်မလေးကြောင်း အဓိပ္ပာယ်ပါရှိသည်။

“သိပ်လဲ့ ဒေါသမကြီးပါနဲ့လေ ခင်ဗျားရဲ့ စိတ်ထဲမှာ ချမ်းသာသဘော်နဲ့ သေမင်းသဘော်တို့ရဲ့ ပြဿနာကို ရှင်းရှင်းလင်းလင်း သိရအောင် ပြတ်ပြတ်သားသား ဖော်ထုတ်စုံစမ်းနေချင်မှန်း ကျုပ်နားလည်ပါတယ်၊ ဒါပေမယ့် ခင်ဗျား သေသေချာချာစဉ်းစားကြည့်ပါ ကျင်းကိုင်၊ တကယ်လို့ ခင်ဗျား စိမ်အုပ်ချုပ်နေတဲ့နေရာကို တစုံတယောက်က ခင်ဗျားရဲ့ခွင့်ပြုချက်မရပဲ ရောက်လာမယ်၊ ခင်ဗျားကိုကိစ္စတခုခု စွပ်စွဲမယ်၊ ခင်ဗျားစိမ်အုပ်ချုပ်နေတဲ့နေရာကို အတင်းအဓမ္မ ဝင်ရှာမယ် ဖွေမယ်ဆိုယင် ခင်ဗျားအနေနဲ့ ဘယ်လိုလုပ်မလဲ၊ ဒီလိုလဲ နှစ်ဦးနှစ်ဘက် စဉ်းစားကြည့်အုံးမှပေါ့”

မိကျောင်းကုလျှံက အကျိုးအကြောင်းခိုင်ခိုင်လုံလုံနှင့် ရှင်းပြရာ နဂါးပျံကျင်းကိုင်မှာ မည်သို့မျှပြန်မပြောပဲ နှုတ်ဆိတ်သွားသည်။

ဤတွင် မိကျောင်းကုလျံက ဝါရင့်သော ခေါင်းဆောင်ပီပီ မိမိ၏သဘောထားကို ဆက်ပြောသည်။

"ကျုပ်တို့ဟာ အမှန်တရားဘက်က ရပ်တည် လုပ်ဆောင်နေကြတဲ့လူတွေဆိုတော့ သိုင်းလောကရဲ့ အစဉ်အလာ စည်းကမ်းတွေကို လိုက်နာရမယ်၊ အခု ပိုင်ရှင်က ခွင့်မပြုတဲ့ အတွက် ဒီသင်္ဘောကို စစ်ဆေးရှာဖွေဖို့ မသင့်တော့ဘူး၊ ကျုပ်တို့ပြန်ကြ ယင် ကောင်းလိမ့်မယ်"

"မှုတ်ပါတယ် ကုလျံပြောတာ နည်းလမ်းကျပါတယ်၊ အခုလောလောဆယ်တော့ ကျွန်တော်တို့ ပြန်ကြတာပေါ့"

ကျောက်ဘီလူး ပုဟုံးက ဤသို့ပြောပြီး သင်္ဘော ကုန်းပတ် ကြမ်းပြင်ပေါ်ဝယ် ကျနေသော ရွှေပုဆိန်(၂)လက်ကိုကောက် ယူကာ နဂါးပျံကျင်းကိုင်လက်သို့ ပေးအပ်လိုက်သည်။

ထို့နောက် မိကျောင်းကုလျံ ဦးဆောင်ကာ သူတို့အားလုံး သင်္ဘောဘေးတွင်ကပ်ကာ ဆိုက်ကပ်ထားသော လှေငယ်လေး ထဲသို့ပြန်ဆင်းပြီး ကမ်းစပ်သို့ ပြန်လာခဲ့သည်။

ကမ်းပေါ်သို့ရောက်သည်နှင့် သေမင်းသင်္ဘောကို တွေ့ရှိရပုံနှင့် သင်္ဘောပေါ်သို့ တက်ရောက်ခဲ့ရာတွင်တွေ့ကြုံပုံတို့ကိုတခြား အဖွဲ့များသို့ ဆက်သားများ စေလွှတ်ကာ အကြောင်းကြား လိုက်ကြသည်။

× × ×



"အင်း.... ကျွန်မတော့ အခုမှပဲ စိတ်အေးရတော့တယ်၊ ကိုက်ထန်းရယ်၊ တကယ်လို့ မိကျောင်း ကုလျံက သင်္ဘောပေါ် မှာ စစ်ဆေးရှာဖွေဖို့ သဘောတူယင် အခက်ပဲနော်"

မိကျောင်းကုလျံတို့၏လှေ သင်္ဘောဘေးမှ ထွက်ခွာသွားပြီး သည်နှင့် မှောင်မဲနေသော သင်္ဘောခန်းထဲမှ မိန်းမပျိုတဦး၏ တီးတိုးပြောသံပေါ်လာသည်။

"ဟားဟားဟား....သေမင်းသင်္ဘောရဲ့ ဟန်ဟိတ်က ပေါ့ သေးသေးမှ မဟုတ်တာ သူဘယ်အတင်းအရမ်းကာရော လုပ်ဝံ့ မှာလဲ ပြီးတော့ စစချင်း ကျင်းကိုင်ကို မမသေး ပေးလိုက်တဲ့ ပိတုံးအပ်လက်နက်နဲ့ပစ်ပြီး ရွှေပုဆိန်တွေလွှတ်ကျအောင်လုပ်ပြ ထားတော့ သူတို့တတွေ အလိုလိုနေယင်း ဖြုံနေကြပါတယ်"

ကိုက်ထန်းဆိုသူ၏ ခပ်ညြညြပြောသံဆက်၍ပေါ်လာသည်။

"ဟွန့် တော်တော် အပြောကြီးနော် အဲဒီကျင်းကိုင်ဆိုတဲ့ လူကပဲ အတင်းရှာမယ် တကဲကဲလုပ်နေတာမဟုတ်လား"

"အဲဒါ သူ့သိက္ခာကိုထိန်းတဲ့အနေနဲ့ ဟန်လုပ်နေတာပါ တကယ်တော့ သူတို့လေးယောက်ထဲမှာကျင်းကိုင်ကအကြောက် ဆုံးဖြစ်နေတာပဲ"

"ဘယ်လိုပဲဖြစ်ဖြစ်လေ ကျွန်မဖြင့် အတော့ကိုကြောချမ်းမိ တာအမှန်ပဲ"

"ကျောချမ်းပြီး ကြောက်စိတ်ဝင်နေတယ်ဆိုယင် လွယ်ပါ

တည်၊ တို့ရင်ခွင်ထဲခိုဝင်လိုက်ယင် ကျောချမ်းတာတွေကြောက်တာတွေ ပျောက်ကုန်မှာပါ''

''ဟင်းနေဦး–မကဲချင်နဲ့ မမလေးမှာလိုက်တာတွေ မေ့နေပြီလား''

မိန်းမပျို၏အသံမှာ အမူပိုပို ချွဲချွဲနွဲ့နွဲ့ဖြစ်လည်း။

''ဒါတွေခဏမေ့ထားလိုက်စမ်းပါ ပိပိရဲ့ ဒီသင်္ဘောပေါ်မှာ မင်းနဲ့တို့နဲ့နှစ်ယောက်ထဲရှိနေတုန်း အားရအောင် ချစ်စမ်းပါရစေ''

''အို ကြည့်ပါလားလို့ သူကဲလာပြီ ခစ်ခစ်ခစ်''

''ဟားဟားဟားဟား....''

''ခစ်ခစ်ခစ် အို''

ထို့နောက်ရယ်မောသံများလူးလွန့်လူးလှုပ်ရှားသံများ၊အသက်ပြင်းပြင်းရှူသံများ ဆက်လက်၍ပေါ်ထွက်လာသည်။

အချိန်မှာ ညမိုးချုပ်၊လူခြေတိတ်ဆိတ်နေသောအချိန်။

မြစ်လယ်တွင် ကျောက်ချထားသော သင်္ဘောမှာ တစင်းထီးထီးရှိနေသည်။ အနီးအနားတွင် တခြားမည်သည့်ရေယာဉ်မျှမရှိ။

သည်တော့၊ သင်္ဘောခန်းထဲရှိစုံတွဲအဖို့ သောင်းကျန်းချင်တိုင်း သောင်းကျန်းနိုင်အောင် လွတ်လွတ်လပ်လပ်ရှိနေသည်။



သင်္ဘောခန်းထဲရှိ ကိုက်ထန်းနှင့်ပိပိတို့သည် စိတ်လွတ် ကိုယ်လွတ်ပင် အချစ်ပလူးကာ ထင်တိုင်းကြဲနေကြတော့သည်။

× × ×

အချိန်များ တရွေ့ရွေ့ကုန်သွားသည်။

ညသန်းခေါင်ယံအချိန်သို့ပင် ရောက်လာသည်။

မှောင်မိုက်သော သင်္ဘောခန်းထဲရှိ ကိုက်ထန်းနှင့်ပိပိတို့စုံတွဲမှာ အချစ်ရေယာဉ်ကြောဝယ် နစ်မျောကာ၊ အမျှော်ကြီးမျှော်နေကြသည်။

ရုတ်တရက် သင်္ဘောဘေးနားမှ ရေသံတချက် ပေါ်လာသည်။ ရေသံမှာ ခပ်တိုးတိုးသာဖြစ်သည်။ သို့သော် တိတ်ဆိတ်နေသောအချိန်မို့၊ ပိပိပြင်ပြင်ကြားနိုင်သည်။

မှိန်းမှိန်းမူးမူးနှင့် အချစ်မူးနေသော ပိပိမှာရေသံကိုမကြားသတိကောင်း၍ နားပါးသော ကိုက်ထန်းကမူ ထူးခြားသောရေသံကို ကြားလိုက်ရသည်။

''ပိပိနားထောင်စမ်း တို့နားထဲမှာ ရေသံလိုလိုကြားမိတယ် သင်္ဘောပေါ်ကို တယောက်ယောက်တက်လာသလား မသိဘူး''

ကိုက်ထန်းက သူ့ရင်ခွင်အောက်တွင် ရောက်နေသောပိပိ၏ နားနားသို့ကပ်ကာ တိုးတိုးပြောသည်။

''ဟုတ်လား ဒါဖြင့်ခဏဖယ်ပြီး အပြင်ထွက်ကြည့်ပါလား အကြောင်းမထူးယင် မြန်မြန်ပြန်လာနော်''

ပိပိက ကိုက်ထန်း၏ ကျောပြင်ကို သိုင်းဖက်ထားသည့်လက်များအား မလွှတ်ချင် လွှတ်ချင်နှင့် ဖယ်ပေးပြီး ထီးတိုးပြန်ပြောသည်။

ကိုက်ထန်းလည်း ခုတင်အောက်သို့အသာဆင်းကာ သင်္ဘောခန်းအပြင်ဘက်သို့ ချောင်းကြည့်ရန်ဟန်ပြင်လိုက်သည်။

ထိုအခိုက် သင်္ဘောခန်းတံခါး'ကျွီ'ကနဲပွင့်သွားသည်။

အပြင်ဘက်တွင်ရှိနေသော ဝိုးတဝါး အလင်းရောင်လေးကြောင့်၊ တံခါးဝတွင် ရပ်နေသော လူတယောက် အသွင်ကို ကိုက်ထန်းနှင့် ပိပိတို့မြင်လိုက်ကြရသည်။

"အို...."

ပိပိက ရှက်ရှုံ့စွာရေရွတ်ကာ၊ ရေဆေးငါးကြီးပမာ ဖြူဖြူဖွေးဖွေးဖြစ်နေသော သူမ၏ကိုယ်ခန္ဓာကို စောင်ဖြင့် ကမန်းကတန်းဖုံးလိုက်သည်။

"ဟိတ် ဘယ်သူလဲ"

ကိုက်ထန်းက လေသံမာမာဖြင့် လှမ်းမေးသည်။ အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလို အချိန်ကောင်းတွင်မှအနှောင့်အယှက် ပေါ်လာသည့်အတွက် ကိုက်ထန်းမှာ အတော် စိတ်တိုနေသည်။

"သေမင်းသင်္ဘောကလူပဲ"

တံခါးဝတွင် ရပ်နေသူက အေးစက်သော လေသံဖြင့်ပြော



ည့်၊ ထိုစကားကိုကြားလိုက်ရသည်နှင့်ကိုက်ထန်းနှင့်ပိပိုတို့မှာ လွန်ထိတ်လန့်တုန်လှုပ်သွားကြသည်။

ကိုက်ထန်းက ခုတင်ဘေးဝယ်ရှိနေသောဓားရှည်ကိုလှမ်းဆွဲသည်။

သို့သော် ကိုက်ထန်း၏လက်က ဓားရိုးကို မဆုပ်မိမီ မှာပင်၊ ံခါးဝတွင် ရပ်နေသူက လျင်မြန်စွာ လှုပ်ရှားကာ ကိုက်ထန်းနီးသို့ ချဉ်းကပ်ရောက်ရှိလာသည်။

ထိုသူက ကိုက်ထန်း၏ညာဘက်ပခုံးကို လက်ဝါးဖြင့် အသာယာ ပုတ်လိုက်သည်။ ကိုက်ထန်း၏ ကိုယ်ခန္ဓာညာဘက်ခြမ်းခုလုံး ထုံကျဉ်သွားသည်။

"ငြိမ်ငြိမ်သက်သက်နေကြစမ်း ခုခံမယ်မကြံကြနဲ့နှစ်ယောက်လုံး အသက်ပျောက်ကုန်မယ်"

သေမင်းသင်္ဘောမှလူက လေသံအေးအေးဖြင့်ပြောသည်။

ကိုက်ထန်းနှင့်ပိပိတို့နှစ်ယောက်မှာ တုတ်တုတ်မျှပင်မလှုပ်ဝံ့ကြတော့ထိုသူကို မျက်လုံးအပြူးသားဖြင့် ကြောက်လန့်တကြားကြည့်နေကြသည်။

"မေးတာကို မှန်မှန်ဖြေကြစမ်း ခင်ဗျားတို့ကိုဘယ်သူကအခုလို အယောင်ဆောင်ခိုင်းတာလဲ"

သေမင်း သင်္ဘောမှ လူက စတင်မေးမြန်း စစ်ဆေးသည်။ က်ထန်းနှင့်ပိပိတို့က ချက်ချင်းအဖြေပြန်မပေးပဲတုံ့ဆိုင်းဆိုင်းဖြစ်နေကြသည်။

ဤတွင် သေမင်းသဘော်မှုလူက ပိပိရှိရာသို့ ချဉ်းကပ်သွားပြီး ပိပိ၏ ဗယ်ဘက်လက်ပြင်ကို လက်ဝါးဖြင့် ရိုက်လိုက်သည်။

ပိပိ၏ ကိုယ်ခန္ဓာဗယ်ဘက်ခြမ်းတခုလုံး တသိန်းတသန်းမက သောပုရွက်ဆိတ်များ ဝိုင်းဝန်းကိုက်ခဲသလို တစစ်စစ်နှင့်နာကြင်လာသည်။

“မမလေးယွဲ့ချိက ငိုင်းလိုက်တာပါ”

ပိပိက ခုတင်ထက်ဝယ် လူးလှိမ့်နေရာမှ ကမန်းကတန်း ပြန်အဖြေပေးသည်။ သေမင်းသဘော်မှုလူကပိပိ၏ဗယ်လက်မောင်းကို လက်ဝါးဖြင့် အသာပုတ်ပေးလိုက်ပြန်သည်။

ပိပိ၏ ခန္ဓာကိုယ် ဗယ်ဘက်ခြမ်း နာကျင် ကိုက်ခဲနေမှုများ သက်သာပျောက်ကင်းသွားသည်။ ပိပိက ပြေပြေ လျော့လျော့ ဖြစ်သွားသောစောင်ကို ပြန်၍ တင်းတင်း ကြပ်ကြပ် ရစ်ပတ်လွှမ်းခြုံလိုက်သည်။

ထို့နောက် သေမင်းသဘော်မှုလူက သိလိုသောအချက်များကို အသေးစိတ် ဆက်လက်၍ မေးမြန်းစစ်ဆေးသည်။

ကိုက်ထန်းနှင့် ပိပိတို့မှာ မကွယ်ဝှက်ဝံ့ပဲ မိမိတို့ သိထားသမျှ အကုန်အစင် ထုတ်ဖော်အစစ်ခံကြသည်။

ဤသို့ဖြင့် မာယာမင်းသမီးယွဲ့ချိ၏ အကြံအစည်၊ အစီအစဉ်အားလုံးကို သေမင်းသဘော်မှုလူက သိရှိခဲ့ရသည်။



မိမိသိလိုသမျှ စစ်မေးပြီးနောက်၊ သေမင်း သဘော်မှုလူက ကိုက်ထန်းနှင့် ပိပိတို့ကို မလှုပ်ရှားနိုင်အောင် အကြောပိတ်ထားခဲ့ပြီး သဘော်ခန်းအပြင်ဘက်သို့ ထွက်သွားသည်။

ထို့နောက် သေမင်းသဘော်မှု လူသည် သဘောဝမ်းထဲသို့ ဝင်သွားကာ သဘော်ဝမ်းတွင် အပေါက်ကျယ်များဖြစ်အောင် ဖောက်ခွဲပစ်လိုက်သည်။

ထိုအပေါက်များမှ ရေများဝင်လာပြီး သေမင်း သဘော်အတုမှာ တအိအိဖြင့် နစ်မြုပ်စပြုလာသည်။

ဤတွင် သေမင်းသဘော်မှု လူသည် သေမင်းသဘော်အတုနှင့် မလှမ်းမကမ်းတွင် ရှိနေသော သေမင်းသဘော်အစစ် ရှိရာသို့ ပြန်ကူးလာခဲ့သည်။

မာယာမင်းသမီး ယွဲ့ချိက အကြံကြီးကြံကာ ပရိယာယ်ဆင်၍ ဖန်တီးလိုက်သော သေမင်းသဘော်အတုမှာ သေမင်းသဘော်အစစ်နှင့်ဆုံမိပြီး ရေအောက်သို့ နစ်မြုပ်ကာ ဇာတ်သိမ်းသွားခဲ့လေပြီ။

× × ×



## အခန်း (၆)

အော့ထင်ဆိပ်ကမ်း။

တုံ့ထင်မြို့၏ တောင်ဘက်အစွန်ဆုံးတွင် ရှိသည်။

ထိုနေရာမှာ အတော်ကျယ်ဝန်းပြီး ရေကြောင်းလည်းနက်သောကြောင့် စည်ကားသော ဆိပ်ကမ်းနေရာတခုပင်ဖြစ်သည်။

အချိန်မှာ (၉) လပိုင်း (၁၅) ရက်နေ့ ည (၁၀)နာရီ မိကျောင်းကုလျ တိုလူစု သေမင်းသင်္ဘောအတုပေါ်သို့ တက်ရောက်သွားသည့်အချိန်ဖြစ်သည်။

အော့ထင်ဆိပ်ကမ်း၏ သီးသန့်နေရာတနေရာဝယ် ခမ်းနားထယ်ဝါသော သင်္ဘောကြီး (၂) စင်းတွင်ရှေ့နောက်စီကာ ဆိုက်ကပ်ရပ်နားထားသည်။



ထိုသင်္ဘော (၂)စင်းတွင် သုတ်ထားသော ဆေးရောင်မှာ ဆင်တူဖြစ်သည်။ ထို့ပြင် တစင်းနှင့် တစင်း အသွင်အပြင် ပုံပန်းသဏ္ဌာန်ချင်းအတော်ပင် အစပ်အဟပ် တည့်သည်။

ထိုသင်္ဘော (၂)စင်းကိုသာ သင်္ဘောတစင်းတည်း အဖြစ် ပေါင်းစပ်လိုက်မည်ဆိုပါက ကြီးမားခန့်သည်ပြီး လှပတင့်တယ်သော သင်္ဘောကြီးတစင်းဖြစ်သွားနိုင်လောက်သည်။

ရှေ့ဟွင် ဆိုက်ကပ်ထားသော သင်္ဘောတွင် မင်းမှုထမ်း အရာရှိကြီးများ၏ သင်္ဘောတွင် တပ်ဆင်လေ့ရှိသော အလံ၊ တံခွန်နှင့် အဆောင်အယောင်များ တပ်ဆင်ထားသည်။

မီးများကိုလည်း ထိန်လင်းအောင် ထွန်းထားပြီး အစောင့်များ၊ သင်္ဘောအမှုထမ်းများ သွားလာလှုပ်ရှား၍ စီစီညံညံရှိသည်။

နောက်ဘက်တွင်ရှိသည့် သင်္ဘောမှာမူ အရှေ့တွင်ရှိသည့် သင်္ဘောနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

နောက်ဘက်မှသင်္ဘောသည် ရှေ့ဘက်ရှိသင်္ဘောကဲ့သို့မီးများ ထွန်းညှိထားခြင်းမရှိ။ သင်္ဘောတစင်းလုံး မှောင်မိုက်နေသည်။

ထို့ပြင် လူရိပ်လူရောင် လှုပ်လှုပ်ရှားရှားလည်းမရှိ။ ကြည့်ရသည်မှာ ထိုသင်္ဘောပေါ်တွင် ပါလာသူအားလုံး အိပ်မောကျနေကြဟန်တူသည်။

အောထင်ဆိပ်ကမ်းသို့ ညအချိန်မတော်တွင်အခြေ ကြောင်းကိုစွ တခုခုဖြင့် ရောက်လာကြသူများမှာ မီးထိန်ထိန် ထွန်းညှိကာ လူအများ လှုပ်လှုပ်ရှားရှား ရှိနေသောရှေ့ဘက်မှ သင်္ဘောကို သာ သတိပြုမိကြသည်။

မှောင်မဲတိတ်ဆိတ်နေသော အနောက်ဘက်မှ သင်္ဘောကို ကား မည်သူကမျှ သတိမမူမိကြ။

အမှန်စင်စစ် အနောက်ဘက်ရှိသင်္ဘောမှာအပြင်မှမြင်ရသလို မှောင်ကျမနေပေ။ သင်္ဘောထဲတွင် မီးများထွန်းညှိ ထား သည်။

သို့သော်ထူထပ်သော အခန်းစည်းများ လုံအောင်ချထား၍ တံခါးမှန်သမျှကိုလည်း ပိတ်ထားသည့်အတွက် အလင်းရောင် အပြင်သို့ မထွက်နိုင်သောကြောင့် အဝေးမှကြည့်လျှင် သင်္ဘော တစင်းလုံး မှောင်မိုက်နေခြင်းဖြစ်သည်။

နောက်ဘက်ရှိ သင်္ဘော၏ သင်္ဘောဝမ်းထဲဝယ် လျှို့ဝှက်စွာ ဆောက်လုပ်ထားသော အချုပ်ခန်းတခုရှိသည်။

သင်္ဘောဝမ်းထဲရှိ လျှို့ဝှက်အချုပ်ခန်းဟု ဆိုသော်လည်း သံတိုင်များ အခိုင်အခန့်ဖြင့် ကျကျနနဆောက်လုပ်ထားသော အချုပ်ခန်းဖြစ်သည်။ အချုပ်ခန်းထဲဝယ် နှိပ်စက် ညှင်းပန်းရာ တွင် အသုံးပြုရသော ပစ္စည်းကရိယာများ အပြည့်အစုံပင် ရှိသည်။

အချုပ်ခန်းမှာ အတော်ပင်ကျယ်ဝန်းသည်။



ယခုအချုပ်ခန်းထဲဝယ် အကျဉ်းသား လုလင်ပျိုတယောက် နေသည်။

ထိုအကျဉ်းသားလုလင်ပျိုမှာ အချုပ်ခန်းထဲဝယ် ကောင်း ောင်းမွန်မွန်ရှိနေခြင်းမဟုတ်။ ပြင်းပြင်းထန်ထန် နှိပ်စက် ဆေးခြင်း ခံနေရရှာသည်။

နှိပ်စက်ညှင်းပန်းနေသူမှာ ထောင်ထောင် မောင်းမောင်း၊ ခကောင်းကောင်း ကတုံးပြောင်ပြောင်နှင့်လူကြီးတယောက် သည်။

အချုပ်ခန်း၏ အရှေ့ဘက်ထောင့်နားဝယ် ကတ္တီပါထိုင်ခုံ ဖြင့် အမျိုးသမီးတယောက် ထိုင်နေသည်။

ထိုအမျိုးသမီးမှာ အသက်(၂၈)နှစ်ခန့် ရှိသည်။ သို့သော် ယ်တင်ကာ နုပျိုသောကြောင့် ရုတ်တရက် ကြည့်လျှင် သက်(၂၀)ခန့်သာရှိမည်ဟု ထင်ရသည်။

ထိုအမျိုးသမီးသည် အရပ်အမောင်းမြင့်မားပြီး ကိုယ်ခန္ဓာ သက်အပေါ်က ဆူဖြိုးတောင့်တင်းသည်။ ရုပ်ရည်လည်းချော လှပသည်။ မျက်လုံးများ၏အကြည့်မှာမူ အလွန် လှုပ်ရှား ကစားလွန်းသည်။

ထိုအမျိုးသမီးထိုင်နေသော ကတ္တီပါထိုင်ခုံ၏ နောက်တွင် သက်(၁၈)နှစ် (၁၉)နှစ်ခန့်ရှိသော မိန်းမပျိုလေး (၃) ာက် ရပ်နေသည်။ ထိုမိန်းမပျို(၃)ယောက်လုံး မှာလည်း ချောအလှလေးများပင်ဖြစ်ကြသည်။

အကျဉ်းသားလုလင်ပျိုကို အကျဉ်းခန်းအတွင်းရှိ သံထိုင်ခုံ တခုဝယ် လက်ပြန်ကြိုး တုပ်ထားသည်။

ကတ္တီပါထိုင်ခုံပေါ်ဝယ် ထိုင်နေသူအမျိုးသမီးက မည်သို့ မည်ပုံ နှိပ်စက်ညှင်းပန်းရမည်ကို ပြောဆိုညွှန်ကြားပေးသည်။

ထိုအမျိုးသမီး ညွှန်ကြားပြောဆိုသည့် နည်းလမ်းများ အတိုင်း ကတုံးပြောင်ကြီးက လိုက်နာလုပ်ဆောင်သည်။ ကတုံးပြောင်ကြီးက လက်သံပြောင်ပြောင်နှင့် ညှင်းပန်း နှိပ်စက်နေဆဲဝယ် ကတ္တီပါထိုင်ခုံဝယ်ထိုင်နေသည့် အမျိုးသမီးက သိလိုသည်များကို မေးမြန်းသည်။

အကျဉ်းသားလုလင်ပျိုမှာ ခေါင်းမာလှသည်။ အမျိုးသမီးကြီးစစ်မေးသမျှအကုန်ဘူးကွယ်သည်။

အကျဉ်းသား လုလင်ပျိုမှာအဝတ်အစားမရှိ။ နှိပ်စက် ညှင်းပန်းမှုဒဏ်ကြောင့် တကိုယ်လုံး အရှိုးရာအထပ်၊ ဒဏ်ရာဒဏ်ချက် အပြည့်ဖြင့်ရှိနေသည်။

"ဘယ့်နှယ်လဲ ကောင်လေးမမမေးတာကို ဖြေစမ်းပါကွယ့် လိန်ပင်းနဲ့အိန်းလုံတို့ ဘယ်နေရာမှာ ပုန်းအောင်း စခန်းချနေကြသလဲ"

အမျိုးသမီးကြီးကမေးသည်။

"ကျွန်တော်မသိဘူး"

အကျဉ်းသားလုလင်ပျိုကပြန်ဖြေသည်။



"သူတို့နှစ်ယောက်က ဘာရည်ရွယ်ချက်နဲ့ သင်္ဘောပေါ်ကို တက်လာကြတာလဲ"

"မသိဘူး"

"မင်းကကော ဘာကိစ္စကြောင့် သင်္ဘောပေါ် တက်လာတာလဲ"

"ကျွန်တော့်အဖေအကြောင်းလာစုံစမ်းတာပါလို့ ဘယ်နှစ်ခါပြောရမလဲ"

"မင်းအဖေက ဘယ်သူလဲ"

"ဒီမယ် ယဲ့ချီ အစကတော့ ခင်ဗျားကို တွေ့အောင်ရှာပြီး ပျောက်ဆုံးနေတဲ့ ဖေဖေ့အကြောင်း သိရအောင် တောင်းပန် အသနားခံပြီး မေးကြည့်မယ်လို့ ကျွန်တော် စိတ်ကူး ထားခဲ့တယ်၊ အခုတော့ ကျွန်တော့်စိတ်ကူးကို ပယ်ဖျက်ပစ်လိုက်ပြီ၊ ခင်ဗျားလို ယောကျ်ား၂ကာနဲ့ အလေလိုက်နေတဲ့ မိန်းမယုတ် တယောက်ရဲ့ရှေ့မှာတောင်းပန်အသနားခံမနေတော့ဘူး၊ ဒီတော့ ကျွန်တော့်အဖေ ဘယ်သူလဲဆိုတာကိုလဲ ပြောမပြနိုင်ဘူး"

ကတ္တီပါထိုင်ခုံတွင် ထိုင်နေသူမှာ ချမ်းသာသင်္ဘောမှနာမည် ကျော် မာယာမင်းသမီး ယဲ့ချီပင်ဖြစ်သည်။

"မင်းက အတော့်ကိုခေါင်းမာပြီး သတ္တိကောင်းတဲ့ ကောင်လေးပါလား၊ ငါနဲ့အတူတူအိပ်ဖူးတဲ့ ယောကျ်ားတွေကတော့ နည်းတော့ပါဘူး၊ ငါက ယောကျ်ားတွေကို ကစားစရာလို

သဘောထားတာကွယ့် ငါနဲ့တူတူ တခါအိပ်ပြီးယင် အဲဒီလူဟာ မပြန်လမ်းကို သွားရတာချည့်ပဲ မင်းအဖေလဲ အဲဒီလိုလူမျိုးထဲက တယောက်ယောက် ဖြစ်ပါလိမ့်မယ်”

မာယာမင်းသမီး ယဲ့ချီက ခပ်လှော်လှော်ပြောသည်၊

လုလင်ပျိုက ယဲ့ချီကို မုန်းတီးမှုပြည့်လျှမ်းသောအကြည့်ဖြင့် ကြည့်နေသည်။

“ကဲ....ရေတ်သီးရည် သုံးလိုက်ပါအုံး”

ယဲ့ချီက ရယ်မော လှောင်ပြောင်နေရာမှ ကတုံးပြောင်ကြီးကို လှမ်းပြောသည်။ ကတုံးပြောင်ကြီးက ရေတ်သီးစိမ်းများကို ထောင်းခြေ၍ အရည်ဖျော်ထားသည့် ပုံးကို မယူကာ အကျဉ်းသားလုလင်ပျို၏ ကျောပေါ်သို့ ရေတ်ရည်အနည်းငယ်လောင်းချလိုက်သည်။

ကျောပြင်ပေါ်ရှိ အရိုးရာဒဏ်ရာများကြားသို့ ရေတ်ရည်များဝင်ကုန်ရာ အကျဉ်းသား လုလင်ပျိုခမျာ နာကျင်မှုဝေဒနာကို ပြင်းပြင်းပြပြ ခံစားရရှာသည်။

လုလင်ပျိုက ဝေဒနာဒဏ်ကို အံကြိတ်ကာခံသည်။ သို့သော် နာကျင်မှုက ပြင်းပြလှသောကြောင့် စုတ်သတ်ကာ ညည်းမိရှာသည်။

ယဲ့ချီက ကြမ်းကြုတ် ရက်စက်သော နှိပ်စက်နည်းများဖြင့် လုလင်ပျိုကို ဆက်လက် နှိပ်စက်စေပြန်သည်။ အကျဉ်းသား



လုလင်ပျိုသည် နှိပ်စက်သမျှကို တောင့်ခံသည်။ ယဲ့ချီ စစ်မေးသည်များကို တခုတလေမျှ အဖြေမပေးပဲ ဘူးခံကာ ငြင်းကွယ်မြဲ ဆက်လက်ငြင်းကွယ်နေသည်။

“ကဲဟေ့ ဒီကောင့်ကို ဒီထက်ပိုနှိပ်စက်ယင် အသက်ပျောက်သွားလိမ့်မယ်၊ ငါသိချင်တာတွေ မသိရသေးပဲနဲ့ ဒီကောင်လေးကို မသေစေချင်သေးဘူး၊ ဒီတော့ မှိုမှိုကိုသွားခေါ်လာခဲ့၊ ဒီကောင်မကို တလှည့် ဒဏ်ခတ်ရမယ်”

လုလင်ပျိုကို အပြင်းအထန် နှိပ်စက်ပြီးနောက် ယဲ့ချီက ပြောသည်။

“ဟုတ်ကဲ့ မမလေး”

ယဲ့ချီ၏ ထိုင်ခုံနောက်ဘက်တွင် ရပ်နေသော မိန်းမပျို (၃)ဦးက အမိန့်နာခံကာ အချုပ်ခန်းအပြင်သို့ ထွက်သွားကြသည်။

× × ×

မကြာမီမှာပင် ထွက်သွားသော မိန်းမပျို (၃)ယောက် ပြန်ရောက်လာကြသည်။

သူတို့နှင့်အတူ မိန်းကလေးတဦး ပါလာသည်။

ထိုမိန်းကလေး၏ အဝတ်အစားများမှာ ရစရာမရှိအောင် အစုတ်စုတ် အပြတ်ပြတ် ဖြစ်နေသည်။ ကိုယ်ခန္ဓာ ပေါ်ဝယ်

အချောင်း (၁၀၀)ခန့်ရှိ ရွှေအပ်လေးများ စိုက်လျက်ရှိနေသည်။

"သူဟာ ခင်ဗျားတို့ရဲ့ ချမ်းသာသဘော်က မဟုတ်လား။ ဘာအပြစ်ရှိလို့ အခုလိုလုပ်ထားရတာလဲ"

ထိုမိန်းကလေး၏ အဖြစ်ကို မကြည့်ရက်ဟန်ဖြင့် လုလင်ပျိုက ယဲ့ချိကို လှမ်းမေးသည်။

"မင်းပြောတာ မှန်ပါတယ်၊ ဒီကောင်မ မုံ့မုံ့ဟာ ငါတို့ချမ်းသာသဘော်ကပါပဲ ဒါပေမယ့် သူက ငါ့ကိုအံတုပြီး ရန်သူအားပေးလုပ်တယ်၊ မင်းကိုဆေးခတ်ထားတဲ့ အရက်တိုက်တာကို သူက ကြားဝင်ပြီး သတိပေးလိုက်လို့ ငါ့အကြံ ပျက်သွားရတယ်၊ ဒါကြောင့် သူ့ကိုဒဏ်ခတ်ထားတာပဲ၊ အခု မင်းရှေ့မှာပဲ သူ့ကိုဆက်ပြီး ဒဏ်ခတ်ပြမယ် ကဲ –"

ယဲ့ချိက လုလင်ပျိုကို ပြောရာမှ ကတုံးပြောင် ကြီးကို လှမ်းအချက်ပြလိုက်သည်။ ကတုံးပြောင်ကြီးက ကြာပွတ်ကို ကောက်ယူကာ မိန်းကလေးအား တအားလွှဲရိုက် လိုက်သည်။

"ရှမ်း –"

"အမလေး"

ကြာပွတ်ဒဏ်ကြောင့် မိန်းကလေး၏ ရင်ဘတ်ပေါ်ဝယ် ညိုမည်းသော အရှိုးရာကြီး ထင်သွားသည်။ မိန်းကလေး၏ အော်သံကသည်း စူးစူးရှရှပေါ်လာသည်။



ဤအခန်းကို အသံလုံခန်းဖြစ်အောင် အထူးစီမံ လုပ်ကိုင်ထားသည်ဖြစ်ရာ မည်မျှ အသံကျယ်ကျယ်နှင့် အော်သည်ဖြစ်စေ၊ အပြင်ဘက်မှ ကြားနိုင်မည်မဟုတ်ပေ။

"ကောင်လေး ငါမေးတာတွေကို ကောင်းကောင်း ဖြေမလား၊ မဖြေယင် မုံ့မုံ့ကို ကတုံးကြီး စိတ်တိုင်းကျ လုပ်ချင်ရာ လုပ်ရအောင် အပ်လိုက်မယ်၊ ကတုံးကြီးက မုံ့မုံ့လို မိန်းကလေး ငယ်ငယ်လှလှလေးတွေကို သိပ်ကြိုက်တာကွ"

ယဲ့ချိက ခြိမ်းခြောက်ပြောဆိုသည်။

"ကောင်းပါပြီ ကျွန်တော်သိသလောက်ဖြေပါ့မယ်"

မိမိအပေါ် စေတနာထားကာ ဆေးခတ်ထားသောအရက်မသောက်မိစေရန် သတိပေးခဲ့သူ မုံ့မုံ့ မတရားအနှိပ်စက်ခံရပြီး ဘဝဆုံးမည်ကို မကြည့်ရက်သောကြောင့် လုလင်ပျိုက အလျှော့ပေးလိုက်ခြင်းဖြစ်သည်။

"ဒီလို လိမ်မာမှပေါ့ကွယ့် ကဲ မင်းနာမည် ဘယ်လို ခေါ်သလဲ"

ယဲ့ချိက ကျေနပ်စွာပြုံးပြီး စတင်စစ်မေးသည်။

"အူကန်း –"

လုလင်ပျိုက ခပ်ပြတ်ပြတ်ပင် ပြန်အဖြေပေးသည်။

ထိုလုလင်ပျိုမှာ ချမ်းသာသဘော် ပျောက်ကွယ်သွားစဉ်က အဖမ်းခံလိုက်ရသော ဝတ်စုံနက်လုလင် အူကန်းပင်ဖြစ်သည်။

"မင်းက အူအမျိုးအနွယ်လား ဒါဖြင့်မားမောက်အူစိမ်းနဲ့ ဘာတော်သလဲ"

"အဲဒါ ကျွန်တော့်ဖေဖေပဲ"

"ဟာ...အားလုံးမှားကုန်ပြီ မင်းကဘာကြောင့် မင်းအဖေရဲ့ နာမည်ကို လျှို့ဝှက်ထားချင်ရတာလဲ မင်းအဖေရဲ့ နာမည်ကို စောစောကသာ ထုတ်ပြောလိုက်ယင်ဒီလိုဖြစ်လာမှာမဟုတ်ဘူး ကဲ ပြောနေကြတယ် သူ့ကိုမြန်မြန်ကြိုးဖြေပေးပြီးဒဏ်ရာတွေကို ဆေးထည့်ပေးလိုက်ကြစမ်း"

ယဲ့ချီက ပျာပျာသလဲပြောသည်။

အခြေအနေချက်ချင်းပြောင်းလဲသွားသည်။အူကန်းမှာ မိမိမြင်ရကြားရသည်ကို မယုံနိုင်အောင်ပင် ဖြစ်နေသည်။

ယဲ့ချီ၏ အနီးဝယ်ရပ်နေသော မိန်းမချော (၃)ယောက်က အူကန်းရှိရာသို့ ပြေးလာပြီး တုပ်နှောင်ထားသောကြိုးများကို ဖြေပေးသည်။ ဒဏ်ရာများကို ယုယုယယနှင့် ဆေးထည့် ပြုစုပေးသည်။

"အူကန်းရဲ့ မျက်နှာကို ထောက်ထားပြီး မုံ့မုံ့ကိုလဲအပြစ်ဒဏ်က လွတ်ငြိမ်းခွင့် ပေးလိုက်မယ် ရွှေအပ်တွေ ပြန်နှုတ်ပြီး အေးအေးသက်သာ နားနေ နိုင်အောင်လို့ စီစဉ်ပေးလိုက်ကြပါ"

ယဲ့ချီက ဆက်လက်ပြောကြားသည်။



ဤတွင် မိန်းမပျိုတယောက်ကမုံ့မုံ့၏ ကိုယ်ခန္ဓာခပါဝယ် ထိုးစိုက်လျက်ရှိနေသော ရွှေအပ်များကိုပြန်နှုတ်ကာ၊တုပ်နှောင်ထားသော ကြိုးများကိုလည်း ဖြေပေးသည်။

မိန်းမပျို(၂)ဦးကမူ အူကန်း၏ကိုယ်ပေါ်မှ ဒဏ်ရာများကို ဆက်လက်ဆေးထည့်ပြုစုပေးနေကြသည်။

ယဲ့ချီကိုယ်တိုင် ထိုင်ရာမှထလာပြီး အူကန်း၏ဒဏ်ရာများကို ဆေးထည့်ပြုစုပေးသည်။

မကြာမီမှာပင် အူကန်း၏ ဒဏ်ရာအားလုံးဆေးထည့်ပြီးသွားသည်။ အူကန်းတကိုယ်လုံး ပတ်တီးများဖြင့် ဖြူဖွေးနေသည်။

"အင်း....အတော့်ကိုလက်လွန်သွားတယ် မင်းရဲ့ဒဏ်ရာတွေ ပျောက်ဖို့က အနည်းဆုံး နှစ်ပတ်သုံးပတ်လောက် အနားယူပြီး ဆေးထည့်ကုသပေးဖို့လိုမယ် ဒီတော့ မင်းအေးအေးဆေးဆေး အနားယူပေါ့ဟုတ်လား မင်းအတွက် အထူးခန်း တခန်းရယ်၊ မင်းအနားမှာ နေ့ညမပြတ်နေပြီး ပြုစုပေးမယ့်လူတွေရယ်စီစဉ်ပေးမယ် အေး မင်းဝမ်းသာအောင်တခုပြောပြထားရအုံးမယ် မင်းအဖေ မားမောက် အူစိမ်းဟာ ဟိုအရှေ့ဘက်က မီးထွန်းထားတဲ့ သင်္ဘောပေါ်မှာ ရှိနေပါတယ် တကယ်တော့ သူကမူ ချမ်းသာသဘော်ရဲ့ အရှင်သခင်အစစ်ပါ ငါကသူ့ရဲ့ ကိုယ်လုပ်တော်တယောက်ပါပဲကွယ်"

အူကန်း၏ ကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်အားလုံး ဆေးထည့်ကုသပြီးသောအခါ ယဲ့ချီကပြောသည်။

အူကန်းမှာ မိမိနားကို မိမိမယုံနိုင်အောင် ဖြစ်နေသည်။ ဘာပြန်ပြောရမည် မသိပဲ ယဲ့ချီကို မျက်လုံး အပြူးသားဖြင့် ကြည့်နေမိသည်။

"ကဲကဲ အူကန်းကို သဘောၤအပေါ်ဆုံးထပ်က အထူးခန်း ထဲကို ပို့ပေးလိုက်ကြပေတော့"

အူကန်းဘာမျှမပြောနိုင်မီမှာပင် ယဲ့ချီက ဆက်လက် အမိန့် ပေးလိုက်သည်။

မိန်းမပျို(၂)ဦးက အူကန်းကို ဖေးမတွဲခေါ်ပြီး အချုပ် ခန်းထဲမှ ထွက်သွားကြသည်။

ထိုအချိန်ဝယ်ကျန်မိန်းမပျိုတယောက်ကလည်း မုံမုံကိုတွဲကာ ခေါ်ထုတ်သွားသည်။

"မင်းက မုံမုံအနှိပ်စက်ခံရမှာစိုးလို့ ဖွင့်ပြောပေမယ့် အမှန် အတိုင်းပြောချင်မှပြောမှာ ဒါကြောင့်မင်းဆီက အမှန်တွေကို သိနိုင်အောင်လို့ အခုလိုလုပ်ဇာတ်ထွင်ပြီးအချုပ်သတ်လိုက်ရတာပဲ လိန်ပင်းနဲ့အိန်းလုံတို့နဲ့ပတ်သက်ပြီးငါသိချင်တာတွေသိရပြီးယင် မင်းလဲ မင်းအဖေရဲ့နောက်ကို လိုက်ရမှာပါပဲ"

အချုပ်ခန်းအပြင်ဘက်သို့ ထွက်သွားသော အူကန်းကို လှမ်း ကြည့်ယင်း မာယာမင်းသမီးယဲ့ချီက စိတ်ထဲမှကြိတ်၍ ပြောနေ သည်။

တကယ်တော့ ဓားမောက်အူစိမ်းနှင့်ပတ်သက်ပြီးယဲ့ချီပြော ခဲ့သောစကားများမှာ မဟုတ်မဟတ် လုပ်ကြံ ပြောဆိုချက်များ သာဖြစ်သည်။



မာယာမင်းသမီးယဲ့ချီမှာ အမည်နှင့်လိုက်အောင်ပရိယာယ် မာယာများလှသူ ဖြစ်သည်။

မုံမုံမှာ ယဲ့ချီ၏ စေခိုင်းချက်အရ အူကန်း သောက်မည့် အရက်ထဲဝယ် ဆေးခတ်ထားကြောင်း ပြောဆို သတိပေးခဲ့ရ ခြင်းဖြစ်သည်။

ဤနည်းဖြင့် မုံမုံကို အူကန်းက ကျေးဇူးရှင်အဖြစ် ထင်မှတ် သွားစေရန် ယဲ့ချီက အကွက်ဆင် ဖန်တီးခဲ့သည်။

ထို့နောက် အူကန်း၏ရှေ့ဝယ် မုံမုံကို နှိပ်စက် ပြသောအခါ အူကန်းမှာ ဆက်ခေါင်းမာ မနေနိုင်တော့ပဲ အလျှော့ပေးခဲ့ရ သည်။

မတတ်သာ၍ အလျှော့ ပေးခဲ့ရသောကြောင့် အူကန်းက အမှန်အတိုင်း မပြောပဲ တချို့အကြောင်းခြင်းရာများကိုလိမ်းလည် ပြောဆိုမည် စိုးသောကြောင့် ဓားမှောက် အူကန်းကိုယ်တိုင် ချမ်းသာသဘော၏ အရှင်သခင်ဖြစ်နေသလိုလို ပရိယာယ်ဆင် ကာ ပြောကြားပြီး အူကန်းကို အချုပ်သတ် သိမ်းသွင်းလိုက်ပြန် သည်။

တတ်လည်းတတ်နိုင်သည့် မာယာမင်းသမီးယဲ့ချီပင်။

အသက် ငယ်ရွယ်ပြီး အတွေ့အကြုံ နုနယ် သေးသော အူကန်းမှာ မာယာမင်းသမီးယဲ့ချီ၏ပရိယာယ်ဆင်ကွက်ကို မရိပ် မိရှာ။

ယဲ့ချီပြောသမျှကို အဟုတ်ထင်မှတ်ကာ ယဲ့ချီဆင်ထားသော ပရိယာယ်ကွန်ယက်ထဲသို့ တိုးဝင်မိလေပြီ။

ဤပရိယာယ်ကွန်ယက်တွင်းမှ အူကန်း ရုန်းထွက်နိုင်ပါမည်လား။

× × ×

မှုံမှုံသည် သူမ၏အခန်းထဲရှိ ခုတင်ထက်ဝယ် နုံးချိစွာ လှဲလျောင်းနေသည်။

ဒဏ်ရာများကို ဆေးများထည့်ပြီးပြီမို့ အတော်ပင် သက်သာ၍နေပြီဖြစ်သည်။

မှုံမှုံအိပ်နေသော ခုတင်ဘေးဝယ် သစ်သားထိုင်ခုံတခုရှိသည်။ ထိုထိုင်ခုံတွင် အမျိုးသမီး တယောက် ထိုင်နေသည်။ ထိုအမျိုးသမီးမှာအသက်(၂၀)ခန့်ရှိသည်။ မှုံမှုံ့ထက် (၂)နှစ်ခန့်ကြီးသည်။

မှုံမှုံသည် ဝမ်းနည်းဟန်ဖြင့် မျက်ရည်တွေတွေ ကျယင်းရှိုက်ငိုနေသည်။ ထိုင်ခုံပေါ်ဝယ် ထိုင်နေသည့် အမျိုးသမီးက မှုံမှုံကို ကြင်နာသနားသည့် အသွင်ဖြင့် ကြည့်နေသည်။

"မမချင်းချင်းရယ် ကျွန်မတော့ ဒီအတိုင်း ဆက်အသက်ရှင်မနေချင်တော့ပါဘူး၊ ကျွန်မအတွက် အဆိပ်သာရှာပေးစမ်းပါရှင်"



မှုံမှုံက ငိုရှိုက်နေရာမှ ထိုင်ခုံပေါ်ဝယ် ထိုင်နေသည့် အမျိုးသမီးကို လှမ်းပြောသည်။

"ဟာ....ဒီလိုမလုပ်နဲ့လေ မမလေး အကြောင်းလဲ မှုံမှုံ အသိသားပဲ ဒီလိုလုပ်တာမျိုးကို သူက ခွင့်လွှတ်မှာမဟုတ်ဘူး၊ မှုံမှုံ့အတွက်နဲ့ မမတို့တတွေပါ အားလုံး ဒုက္ခရောက်ကုန်ပါအုံးမယ်"

ချင်းချင်းက ဖျောင်းဖျောင်းဖျဖျပြောသည်။

"အင်း....ဒီလိုဆိုယင် ကျွန်မအဖို့ ဆင်းရဲဒုက္ခတွေကို ဆက်ခံဖို့ အသက်ဆက်ရှင်နေရအုံးမှာပေါ့နော်"

မှုံမှုံ့က ဤသို့ပြောပြီး ဝမ်းနည်းပန်းနည်း ဆက်ငိုသည်။

ချင်းချင်းသည် ထိုင်ခုံတွင် ထိုင်နေရာမှထကာ ခုတင်စောင်းတွင် တင်ပါးလွှဲထိုင်လိုက်သည်။ ထို့နောက် မှုံ့မှုံ့၏ပခုံးလေးကို အသာကိုင်ကာ ချော့မော့သည်။

ထိုသို့ပြုယင်းမှ လျှို့ဝှက်အသံဖြင့် နှစ်ကိုယ်ကြား ပြောသည်။

"မှုံ့မှုံ့ ဘာမှမပူနဲ့ ဒီဘဝဆိုးက လွတ်မြောက်နိုင်မယ့် နည်းလမ်းရှိတယ်"

"ဟင်....ဟုတ်လား"

မှုံ့မှုံ့က အားတက်လာသည့်အသွင်ဖြင့် မေးသည်။

"အရေးကြီးတဲ့ စကားတွေကို လျှို့ဝှက် လေသံနဲ့ပဲပြော အပြင်ဘက်က ချောင်းနားထောင်တဲ့လူ ရှိချင်ရှိမယ်"

ချင်းချင်းက လျှို့ဝှက်အသံဖြင့် ပြောသည်။ ထို့နောက် ဆက်လက်၍ သာမန်လေသံဖြင့် ဆက်ပြောသည်။

"မှုံမှုံရယ် ဘာကြောင့် ဒါလောက်တောင် ဝမ်းနည်း ပန်းနည်း ဖြစ်နေတာလဲ"

"ကျွန်မအဖြစ်က ဆိုးလွန်းလို့ပါ၊ မမလေး ကျွန်မကို စိတ်ဆန္ဒတက်ကြွစေတဲ့ ရမက်ပျား အဆိပ်အပ်တွေ စိုက်ခဲ့တယ်လေ၊ ရမက်ပျားအဆိပ်အပ်အစိုက်ခံရပြီးယင် ဆယ်ရက်တခါစိတ်ဆန္ဒတွေ ထိန်းမရအောင် တက်ကြွလာပြီး ယောကျ်ားတွေနဲ့မတွေ့ရ မချင်း အရူးတပိုင်းလိုဖြစ်နေမယ်ဆိုတာ မမချင်းချင်းလဲအသိပဲ၊ ဒီလိုဘဝမျိုးနဲ့ ကျွန်မဆက်ပြီး အသက်ရှင် မနေချင်တော့ဘူး၊ ပြီးတော့ အရက်ထဲမှာ ဆေးခတ်ထားတယ်လို့ အူကန်းဆိုတဲ့ လူကို သွားပြောရတာလဲ မမလေးကိုယ်တိုင်က အပြောခိုင်းလို့ ပြောခဲ့ရတာပဲ၊ အခုတော့ ဘာမှအပြစ်မရှိတဲ့ ကျွန်မဟာ ကြားထဲက ဓားစာခံသက်သက် ဖြစ်နေရပြီ"

မှုံမှုံက သာမန်လေသံဖြင့်ပြန်ပြောသည်။

"မှုံမှုံက မမလေးရဲ့အကျိုးကို အနစ်နာခံပြီး ဆောင်ရွက်ပေးခဲ့တာပဲကွယ်၊ မမလေးက ပစ်မထားပါဘူး၊ မှုံမှုံကို ဖြေဆေး တိုက်ပါလိမ့်မယ်"

ချင်းချင်းက ဤစကားများကို သာမန်လေသံဖြင့်ပြောပြီး



နောက် ဆက်၍ လျှို့ဝှက်လေသံဖြင့် နှစ်ကိုယ်ကြား ပြောပြန်သည်။

"မမလေးက မှုံမှုံကို ဖြေဆေးနှစ်မျိုး တိုက်လိမ့်မယ် ပထမဆေးက ရမက်ပျားအပ်ကို ချေဖျက်နိုင်တဲ့ ဖြေဆေး ဖြစ်တယ် ဒုတိယဆေးကတော့ စဉ်းစားဆင်ခြင်တတ်တဲ့ အသိဉာဏ်ကို ပျက်စီးစေတဲ့ဆေးပဲ အဲဒီလို အသိဉာဏ်ပျက်စီးစေတဲ့ဆေးတိုက်ပြီးယင် မမလေးက မှုံမှုံကို သုံးလလောက် သီးသန့် လေ့ကျင့်ပေးလိမ့်အုံးမယ်"

"ဟာ–ဒါဆိုယင် ကျွန်မဟာအသိဉာဏ်လုံးဝမရှိပဲသတ်ဖို့ ဖြတ်ဖို့သာ နားလည်တဲ့လက်မရွံ့သိုင်းသမားဘဝကို ရောက်သွားရတော့မှာပေါ့!"

မှုံမှုံက လျှို့ဝှက်လေသံဖြင့်ပြန်ပြောသည်။ မှုံမှုံ၏မျက်နှာဝယ် ထိတ်လန့် ကြောက်ရွံ့သည့်အသွင် သိသိသာသာ ပေါ်လွင်နေသည်။

"မမလေးကတော့ ဒီလိုကြံစည်ထားတာပဲ ဒါပေမယ့် မှုံမှုံကသာ အကင်းပါးပါးနဲ့ လုပ်ကိုင်နိုင်မယ် ဆိုယင် မမလေးရဲ့ အကြံအစည်အတိုင်း ဖြစ်မလာနိုင်ပါဘူး"

"မမ ချင်းချင်း ဘာကိုဆိုလိုတာလဲ"

"မမဟာ ဆေးခန်းကို တာဝန်ယူထိန်းသိမ်း စောင့်ရှောက်နေရတယ်ဆိုတာ မှုံမှုံမေ့နေပြီထင်တယ်"

*F. 9*

"ဟို—ဟိုကျွန်မရဲ့အသိဉာဏ် ပျက်စီးမသွားရအောင် မမချင်းချင်းက ဖြေဆေးကြိုတင်ပေးထားမလို့လား"

ချင်းချင်းက ခေါင်းညိတ်ပြသည်။

"မမချင်းချင်းက ဘာကြောင့် ကျွန်မကို အခုလိုကူညီနေရတာလဲ မမချင်းချင်းမှာ အကြံတခုခုတော့ရှိမှာပါ ဘယ်လိုအကြံမျိုးလဲဆိုတာ ကျွန်မကို ရှင်းရှင်းပဲဖွင့်ပြောပြပါလား ဟင်"

"မမလေးယဲ့ချီဟာ ဒုစရိုက်ခေါင်းဆောင်ပီပီ သိပ်ရက်စက်တယ် သူ့အကျိုးကိုပဲကြည့်တယ် သူ့လက်အောက်မှာဆက်နေယင် တနေ့မဟုတ်တနေ့ဒုက္ခတွေ့ရမယ်ဆိုတာ မမနားလည်ထားပါတယ်၊ ဒါကြောင့် ဟောဒီဒုစရိုက်နယ်ပယ်ကို ကျောခိုင်းသွားချင်တာ ကြာလှပါပြီ ဒါပေမယ့် ဒီလိုလုပ်ဖို့က မလွယ်တာကြောင့် အခွင့်ကောင်းကိုပဲစောင့်နေရတယ်၊ ဒုစရိုက်နယ်ပယ်က အလွတ်ရုန်းထွက်နိုင်ဖို့အတွက် မုံမုံကအများကြီး အထောက်အကူပြုနိုင်တယ် ဒါကြောင့် အခုလို အကူအညီပေးနေတာပဲ"

"ကျွန်မက မမချင်းချင်းကိုဘယ်လိုအထောက်အကူပြုနိုင်မှာလဲ ပြီးတော့ ဖြေဆေးစားထားလို့ အသိဉာဏ်မပျက်ပဲ ဆက်အသက်ရှင်ပြီး ကျွန်မက ဘာတွေလုပ်ရမှာလဲ"

"မုံမုံလုပ်နိုင်တာ အများကြီး ရှိတာပေါ့ကွယ် မုံမုံကို အသိဉာဏ်ပျက်အောင် ဆေးတွေတိုက် သေသေချာချာ လေ့ကျင့်ပေးပြီး လက်မရှသိုင်းသမားအဖြစ် ဖန်တီးထားတော့မုံမုံဟာ သူခိုင်းသမျှ လိုက်နာလုပ်ဆောင်နေရမယ်လို့ မမလေး ယဲ့ချီက ယုံကြည်စိတ်ချနေမှာ အမှန်ပဲ လက်မရှသိုင်းသမားဘဝရောက်သွားတဲ့ မုံမုံဟာ သီးသန့် လျှို့ဝှက်ခန်းထဲမှာ နေရပေမယ့် သတ်ဖို့ဖြတ်ဖို့ အရေးကိစ္စပေါ်လာယင်တော့ မမလေးက သူ့အနားကို ခေါ်မှာပဲ ဒီအခါမှာ မုံမုံကမမလေးယဲ့ချီကိုအလွယ်တကူနဲ့ သုတ်သင်ပစ်နိုင်မှာအမှန်ပဲ မမလေးယဲ့ချီကိုသာသုတ်သင်ပယ်ရှားပစ်နိုင်ယင် လူအများအတွက်အန္တရာယ်တခုလျော့နည်းသွားမယ် မုံမုံကော မမတို့ကော ဟောဒီဒုစရိုက် နယ်ပယ်က အလွတ်ရုန်းထွက် နိုင်ကြမယ်"

"အင်း....မမချင်းချင်းရဲ့ အကြံအစည်ကတော့ ကောင်းပါတယ် မမလေးဟာ အသိဉာဏ်ဖျက်ဆေးနဲ့ ရမက်ပျားအဆိပ်ဘက်ကို သိပ်အားကိုးတာ ဒီဟာတွေအတွက် ဖြေဆေးကိုလဲ သေသေချာချာ စစ်ဆေးကြည့်ရှုနေမှာပဲ ကျွန်မကိုပေးဖို့ ဖြေဆေးတလုံး ခိုးယူလိုက်ယင် မမလေးယဲ့ချီ ချက်ချင်း ရိပ်မိပြီး မမချင်းချင်းကို ဒဏ်ခတ်မှာပေါ့"

"မမက ဒါလောက် မအ,ပါဘူး မုံမုံရယ် ဖြေဆေး တလုံးလုံးကို တခါတည်း မယူပါဘူး ဖြေဆေးကိုတနေ့နည်းနည်းစီခြစ်ပြီးယူထားတာ အခုဆိုယင် ဖြေဆေးနှစ်လုံးစာလောက်ရနေပါပြီ ဒီလိုဆေးလုံးတွေက နည်းနည်းစီခြစ်ယူထားတာဆိုတော့ ဆေးလုံးအရေအတွက် ဘယ်လျော့မှာလဲမမလေးကြိုက်သလိုစစ်ဘယ်တော့မှ မပေါ်နိုင်ဘူး"

"ကောင်းပြီလေ မမချင်းချင်းကိုပဲ အားကိုးရတော့မှာပဲ မမချင်းချင်း ကောင်းသလိုသာ ပြောပါ ကျွန်မလိုက်နာလုပ်ဆောင်ပါ့မယ်"

နောက်ဆုံးတွင် မှုံမှုံသည် ချင်းချင်းအကြံအစည်အတိုင်း လုပ်ဆောင်ရန် သဘောတူ လက်ခံလေတော့သည်။

ဤတွင် ချင်းချင်းက သေသေချာချာ သိမ်းထားသော ဖြေဆေး(၂)လုံးကို ထုတ်ကာ၊ မှုံမှုံအား ဆေးတလုံးပေးသည်။

မှုံမှုံသည် ဘာဘာညာညာ မပြောမနေတော့ပဲ ချင်းချင်းပေးသော ဆေးကိုယူကာ ချက်ချင်းပင် သောက်လိုက်သည်။

"ကိုင်း ... မှုံမှုံအေးအေးဆေးဆေးလှဲပြီး အနားယူပေတော့၊ တော်လေးကြာယင် မမလေးလာပြီး အဆိပ်ပျား အပ်အတွက် ဖြေဆေးတွေ လာတိုက်သိမ့်မယ်"

ချင်းချင်းက သာမန်အသံဖြင့် ပြောပြီးနောက်၊ ထိုင်နေရာမှ ထကာ အခန်းပြင်သို့ ထွက်လာခဲ့သည်။

မှုံမှုံမှာ ခုတင်ပေါ်ဝယ် လှဲလျောင်းလျက် ကျန်နေခဲ့သည်။

× × ×

မှုံမှုံ၏ အခန်းမှ ထွက်လာပြီးနောက် ချင်းချင်းသည် မိမိ၏ အခန်းရှိရာသို့ ပြန်လာခဲ့သည်။

ချင်းချင်း၏ အခန်းမှာ မှုံမှုံ၏အခန်းနှင့် (၃)ခန်းကျော် အကွာတွင်ရှိသည်။ ကျဉ်းမြောင်းသော စင်္ကြံ လမ်း လေးမှ လျှောက်လှမ်း၍ လာရသည်။

စင်္ကြံလမ်းလေးမှ လျှောက်လာယင်း ချင်းချင်းက ဟိုဟို သည်သည်ကြည့်ရှု အကဲခတ်လိုက်သည်။ မည်သူမျှ မရှိကြောင်း



သေချာသောအခါ လက်တွင်ကိုင်ထားသော အသိဉာဏ်ဖျက်ဆေး၏ ဖြေဆေးကို ပါးစပ်ထဲ လျင်မြန်စွာထည့်ကာ သောက်လိုက်သည်။

ဖြေဆေးသောက်ပြီးသောအခါ ချင်းချင်း၏ မျက်နှာပေါ်ဝယ် ကျေနပ်သည့်အသွင်ဖြင့် ပြုံးယောင်သန်းလာသည်။

ချင်းချင်းသည် ဆက်လက် လျှောက်လှမ်း လာပြီး မိမိ၏ အခန်းရှေ့သို့ ရောက်သောအခါ တံခါးကိုအသာ ဖွင့်ကာ အခန်းထဲသို့ လျှောက်လှမ်း ဝင်လာခဲ့သည်။

အခန်းထဲသို့ ဝင်မိသည်နှင့် ချင်းချင်း၏ မျက်နှာမှာ လေးနက် တည်ကြည်သွားသည်။

"ဩော်...မမလေး ရောက်နေတာကိုး"

အခန်းထဲရှိ ထိုင်ခုံပေါ်ဝယ် ထိုင် လျက် သား ရှိနေ သည့် မာယာမင်းသမီး ယဲ့ချီကိုတွေ့ရသည်တွင် ချင်းချင်းက အံ့ဩဟန်ဖြင့် ရေရွတ်လိုက်သည်။

မိမိ၏အခန်းထဲမှ ယဲ့ချီစောင့်နေလိမ့်မည်ဟု ချင်းချင်း ကြိုတင် တွက်ဆထားပြီး ဖြစ်သည်။ ထို့ကြောင့် ယဲ့ချီကိုတွေ့ရသည့်အခါတွင် အံ့ဩခြင်းမဖြစ်မိ။ တမင် အံ့ဩယောင်ဆောင်ကာ ပြောလိုက်ခြင်း ဖြစ်သည်။

အကင်းပါးသော ချင်းချင်းနှင့် ပရိယာယ် ကြွယ်ဝသော ယဲ့ချီတို့ တွေ့ကြလေပြီ။

ချင်းချင်းသည် အံ့သြဟန်ဖြင့် ရေရွတ်ပြီးနောက် တံခါးကို ပြန်ပိတ်ကာ အခန်းထဲသို့ ဆက်၍လျှောက်ဝင်လာခဲ့သည်။

"လာ ချင်းချင်း ဟိုမှာထိုင်ပါအုံး"

ဂုံချီက ခုတင်ကို လက်ညှိုးထိုးပြကာပြောသည်။ ချင်းချင်းလည်း ရင်ထဲဝယ် တဒိတ်ဒိတ်ခုန်လျက်နှင့် ခုတင်စောင်းတွင် ဝင်ထိုင်လိုက်သည်။

"ငါခိုင်းလိုက်တဲ့ကိစ္စ ဘယ့်နှယ့်လဲ"

ချင်းချင်း ခုတင်ပေါ်ဝယ် ထိုင်မိသောအခါ ယဲ့ချီကမေးသည်။

"အားလုံး အဆင်ပြေပါတယ် မမလေး"

"ဘယ်လို အဆင်ပြေတာလဲ သေသေချာချာ ပြောပြစမ်းပါအုံး"

ဤတွင် ချင်းချင်းက မိမိနှင့်မုံမုံ လျှို့ဝှက်လေသံဖြင့် ပြောဆိုခဲ့မှုများကို ချန်လှပ်၍ ကျန်စကားရပ်အားလုံးကို တခုမကျန် ပြန်ပြောပြလိုက်သည်။

မိမိနှင့် မုံ့မုံ့ အခန်းထဲဝယ် စကားပြောနေစဉ်၊ ယဲ့ချီက အခန်းပြင်မှနေ၍ ချောင်းနားထောင် နေမည်မှန်း ချင်းချင်း ရိပ်မိသည်။ ထို့ကြောင့် မိမိအပေါ် သံသယကင်းစေရန် ယခုလို ပြောပြလိုက်ခြင်း ဖြစ်သည်။



"အင်း....မုံမုံရဲ့ကိစ္စမှာ အောင်မြင်အောင် လုပ်ဆောင် နိုင်ခဲ့တဲ့အတွက် မင်းကို ဆုချတဲ့အနေနဲ့ ကောင်းကောင်း ချီးမြှင့်မြှောက်စားပေးရမယ်"

ချင်းချင်း၏ စကားများကို ဆုံးအောင် နားထောင်ပြီးနောက် ယဲ့ချီက ကျေနပ်ဟန်ဖြင့် ခေါင်းတညိတ်ညိတ် လုပ်ပြီး ပြောသည်။

"ဟာ....မလိုပါဘူး မမလေးရယ်၊ ကျွန်မက မမလေးတာဝန်ပေးအပ်တဲ့အတိုင်း လုပ်ကိုင် ဆောင်ရွက် ပေးနိုင် တာကိုပဲ ကျေနပ်ဝမ်းသာနေပါတယ်၊ ချီးမြှင့်တာတွေဘာတွေကိုမမျှော်ကိုးဝံ့ပါဘူး"

"မင်းလို လုပ်ရည်ကိုင်ရည် ကောင်းတဲ့ မိန်းကလေး တယောက်ကို ထိုက်တန်တဲ့ ချီးမြှင့်မြှောက်စားမှုတော့ လုပ်ပေးရမှာပေါ့၊ အခု ငါ့ဆီမှာရှိနေတဲ့ လက်မရွှံ့ သိုင်းသမားတွေဟာ အားလုံး ယောကျ်ားတွေချည်းပဲ အမျိုးသမီး လက်မရွှံ့ သိုင်းသမားတွေ ထပ်ဖြည့်ပေးဖို့လုပ်နေတယ်၊ အခု မုံမုံတယောက်ရတော့မယ်၊ ဒါပေမယ့် မုံမုံက လုပ်ရည်ကိုင်ရည် မင်းလောက် မကောင်းဘူး၊ ဒီတော့ မင်းပါ မုံမုံနဲ့တခါတည်း တွဲပေးလိုက်ယင် အကောင်းဆုံး ဖြစ်သွားမယ်"

မာယာမင်းသမီး ယဲ့ချီမှာ အလွန် ရက်စက် ယုတ်မာလှသည်။ ချင်းချင်းကိုလည်း ဘဝဆိုးသို့ပို့ရန် လုပ်ဆောင် လာပြန်ချေပြီ။

"ကျွန်မကို အသိဉာဏ်မရှိပဲ သတ်ဖို့ဖြတ်ဖို့သာနားလည်တဲ့ လက်မရှိ သိုင်းသမားဘဝကိုတော့ ပို့မပေးပါနဲ့ မမလေးရယ်"

ချင်းချင်းက ထိတ်လန့်တကြား တောင်းပန် အသနားခံရှာသည်။

"ဘယ်လိုလဲချင်းချင်း မင်းက ငါ့ချီးမြှင့် မြှောက်စားတာကို လက်မခံပဲ ငြင်းပယ်ပြီး ငါ့ကိုအာခံမယ်ကြံတာလား"

ယဲ့ချီက လေသံမာမာဖြင့် ပြောသည်။

"မ....မ ...မဟုတ်....ပါဘူးရှင်"

"ဒီလိုဆိုယင် ရော့ ဒီဆေးကို အခုချက်ချင်း သောက်လိုက်"

ယဲ့ချီက ဤသို့ပြောပြီး အသိဉာဏ်ပျက်စီးစေသော ဆေးလုံးကို ထုတ်ပေးသည်။

"ရက်စက်လှချည်လား... မမလေးရယ်"

ချင်းချင်းက ငိုသံပါကြီးနှင့်ပြောပြီး ဆေးလုံးကို လှမ်းယူသည်။

"စကား ရှည်ရှည်ဝေးဝေး ပြောမနေနဲ့ ဆေးကို မြန်မြန် သောက်လိုက်"

"ကျွန်မကို အခုလိုလုပ်မိတာကို မမလေးမကြာခင်နောင်တရပါလိမ့်မယ်"



ချင်းချင်းက ဤသို့ပြောပြီး ဆေးလုံးကို ပါးစပ်ထဲထည့်ပြီး သောက်ချလိုက်သည်။

"အေး....ဒီလိုမှပေါ့ကွဲကဲ့ခုတင်ပေါ်မှာအေးအေးသက်သာလှဲနေလိုက် ငါမုံ့မုံ့ဆီသွားပြီး ဆေးတိုက် လိုက်အုံးမယ်"

ယဲ့ချီက ဤသို့ပြောကာ ချင်းချင်းကို အသာခုတင်ပေါ် တွန်းလှဲပေးလိုက်သည်။ ချင်းချင်းကလည်း အလိုက်သင့်ပင် ခွေခွေလေး အိပ်နေလိုက်သည်။

ယဲ့ချီသည် ချင်းချင်း၏အခန်းမှထွက်ကာ၊ မုံ့မုံ့၏အခန်းသို့ လာခဲ့သည်။

ချင်းချင်းနှင့်ကြိုတင်စည်းဝါးကိုက်ထားပြီးဖြစ်သည့်အတိုင်း မုံ့မုံ့သည် ယဲ့ချီတိုက်သော ဆေး(၂)မျိုးစလုံးကို မငြင်းတမ်းပင် သောက်သုံးလိုက်သည်။

မုံ့မုံ့ကို ဆေးတိုက်ပြီးနောက် ယဲ့ချီသည် ကျေနပ်အားရစွာ ပြန်ထွက်လာခဲ့သည်။ ချင်းချင်းနှင့်မုံ့မုံ့တို့ကို လက်မရှိ သိုင်းသမားများအဖြစ် ဖန်တီး သိမ်းသွင်း နိုင်တော့မည်ဟု ယဲ့ချီက အပိုင်တွက်ကာ သဘောကျနေသည်။

ချင်းချင်းနှင့်မုံ့မုံ့တို့က ဖြေဆေးများကြိုတင်သောက်ထားကြပြီဖြစ်သည့်အတွက် ယခုတိုက်ကျွေးသောဆေးများမှာမည်သို့မျှ အကျိုးမသက်ရောက်ကြောင်းကိုကား ယဲ့ချီမသိရှာပေ။

× × ×

မှုံမှုံကို ဆေးတိုက်ပြီးနောက်၊ ယွဲ့ချီသည် သင်္ဘော ကုန်းပတ်ပေါ်သို့ တက်လာခဲ့သည်။

အချိန်မှာ ညသန်းခေါင်ကျော်နေပြီဖြစ်သည်။

သင်္ဘောကုန်းပတ်ပေါ်ရှိ မှောင်ရိပ်ကျသောနေရာတွင် လူတယောက်ရပ်နေသည်။

"ကိုက်ထန်းတို့ဆီက စာပို့ခိုရောက်လာသေးလား"

ယွဲ့ချီက လေသံဖြင့် လှမ်းမေးသည်။

"ရောက်မလာသေးပါဘူး မမလေး"

ထိုသူကလည်း လေသံဖြင့်ပင် ပြန်ဖြေသည်။

"ဒါဆို ကိုက်ထန်းတို့လုပ်ငန်း အောင်မြင်ပြီပေါ့ ကဲသူတို့ဆီကို လိုက်သွားဖို့ စီစဉ်ပေတော့။

ယွဲ့ချီက ဤသို့ပြောပြီး ခရာငယ်တခုကိုထုတ်ကာ သုံးချက်ဆင့်မှုတ်လိုက်သည်။

"တီ... တီ... တီ"

ခရာသံမှာ သာမန်မြည်ရိုးမြည်စဉ်နှင့်မတူ။ တမူထူးခြားကာ စူးစူးရှရှရှိသည်။

ထိုအချိန်တွင် ကုန်းပတ်ပေါ်ရှိလူက သင်္ဘော ဘေးဘက်ဝယ် ချိတ်တွဲထားသော အမြန်လှေတစီးကို ရေပြင်သို့ အသာချနေသည်။



ခရာမှုတ်လိုက်ပြီး မကြာမီမှာပင် သင်္ဘောကုန်းပတ်ပေါ်သို့ လူ(၆)ယောက် တက်လာကြသည်။

(၂)ယောက်မှာအစိမ်းရောင်ဝတ်စုံများဝတ်လျက်၊ အစိမ်းရောင် မျက်နှာဖုံးများ တပ်ဆင်ကာ အစိမ်းရောင်ခေါင်းပေါင်းများ ပေါင်းထားကြသည့် လက်မရှိ သိုင်းသမားများ ဖြစ်ကြသည်။

ကျန်(၄)ယောက်မှာမူ ယွဲ့ချီ၏ဘက်တော်သား ဒုစရိုက်ဂိုဏ်းဝင်များဖြစ်ကြသည်။

ထိုလူစု သင်္ဘောကုန်းပတ်ပေါ်ရောက်လာချိန်ဝယ် အမြန်လှေမှာလည်း ရေပြင်ပေါ်သို့ချပြီးဖြစ်နေသည်။

ယွဲ့ချီကိုယ်တိုင် ရှေ့ဆောင်၍ လက်မရှိ သိုင်းသမားခေါင်းပေါင်းစိမ်း(၂)ဦးနှင့် ဒုစရိုက်ဂိုဏ်းသား (၄)ဦးတို့အမြန်လှေပေါ်သို့ဆင်းကြသည်။

လှေပေါ်သို့ အားလုံးတက်ပြီးသည်နှင့် အမြန်လှေသည် တက်သုတ်ရိုက်ကာ လှော်ခတ်ထွက်သွားလေတော့သည်။

(၉)လပိုင်း (၁၅)ရက်နေ့ညတွင် သေမင်းသင်္ဘော ပေါ်လာမည်ကို သိုင်းအဖွဲ့အစည်း အသီးသီးက မြစ်ကြောင်းနေရာ အသီးသီးတို့တွင် လူစုခွဲကာ တာဝန်ယူ၍ စောင့်ကြည့်ကြမည် ဖြစ်ကြောင်းသတင်းကို ယွဲ့ချီကြားသိခဲ့သည်။

ဤတွင်ယွဲ့ချီသည် အကြံတခုရကာ ကိုက်ထန်းနှင့် ပိပိတို့ကို သေမင်းသင်္ဘောနှင့် အသွင်သဏ္ဍာန်ချင်းဆင်တူသော သင်္ဘော

တစင်းပေါ်တင်ကာသေမင်းသတော်အဖြစ် အယောင်ဆောင်ရန် စေလွှတ်ခဲ့သည်။

အကယ်၍ အဆင်မပြေမှု တစုံတရာတွေ့ခဲ့ရလျှင် ကိုက်ထန်းတို့က ယွဲ့ချီထံသို့ စာပို့ခိုစေလွှတ်ကာ အကြောင်းကြားသတင်းပို့ရမည်ဖြစ်သည်။

အယောင်ဆောင်မှု အဆင်ပြေအောင်မြင်ပါက စာပို့ခို စေလွှတ်ရန်မလိုပေ။

ယခုသန်းခေါင်ကျော်သည်အထိ စာပို့ခိုရောက်မလာသောကြောင့် ကိုက်ထန်းတို့၏ အယောင်ဆောင်မှု အောင်မြင်ပြီဟု ယူဆကာ ယွဲ့ချီကိုယ်တိုင် အဖွဲ့သားများကိုခေါင်းဆောင်လျက် ကိုက်ထန်းတို့၏ သတော်ရှိရာသို့ အမြန်လှေဖြင့် လိုက်လာကြခြင်းဖြစ်သည်။

အယောင်ဆောင် သေမင်းသတော်ပေါ်သို့ ယွဲ့ချီတို့ရောက်သွားလျှင် ရွှေပေလွှာအတုများကို လုပ်ကြံကာ ဖြန့်ဝေကြမည်ဖြစ်သည်။

ထိုရွှေပေလွှာ အတုများတွင် ချမ်းသာသတော်ကို ချေမှုန်းဖျက်ဆီးပစ်မည်ဟူသော အကြောင်းများ ရေးသားပါရှိသည်။

ဤရွှေပေလွှာများကို ဖြန့်ဝေပြီးသည့်နောက်တွင် ချမ်းသာသတော်ကို ပြန်လည်မပေါ်ပေါက်စေတော့ပဲ အစဖျောက်ပစ်လိုက်ရန် ယွဲ့ချီက စီစဉ်ထားသည်။




ဤရွှေပေလွှာများအရ လူအများက ချမ်းသာ သတော်မှာ သေမင်းသတော်၏ နှိမ်နင်းမှုကြောင့် ပျက်စီးသွားပြီဟု ထင်မှတ်ကြမည် ဖြစ်ပြီး ယွဲ့ချီတို့အဖို့ ပိပိရိရိ ခြေ ရာ ဖျောက်နိုင်ပေမည်။ ချမ်းသာသတော်ကို အသုံးပြုကာ (၃)နှစ်ကျော် လောင်းကစားမှု၊ ဒုစရိုက်မျိုးစုံဖြင့် ရှာဖွေရရှိထားသော ငွေသည်း ဥစ္စာများကိုလည်း စိတ်အေးလက်အေး သုံးစွဲနိုင်ပေမည်။

လမ်းခရီးတွင် အရေးကြုံခဲ့လျှင် အသုံးပြုနိုင်ရန် လက်မရွံ့သိုင်းသမား (၂)ဦးကို ယွဲ့ချီက တမင်ခေါ်လာခဲ့ခြင်းဖြစ်သည်။

ယွဲ့ချီတို့လူစု အမြန်လှေဖြင့်ထွက်ခွာသွားကြပြီးသည့်နောက်တွင် ချင်းချင်းနှင့် မုံမုံတို့က တစခန်းထကြလေတော့သည်။

× × ×



## အခန်း (၇)

ယွဲ့ချီသင်္ဘောမှထွက်သွားမှုမှာ ချင်းချင်းအဖို့ အခွင့်ကောင်းပင် ဖြစ်သည်။

ချင်းချင်းသည် ယွဲ့ချီ၏ လက်ရင်းတပည့်မ (၁၈)ယောက်တွင် အမှတ် (၂)နေရာတွင်ရှိသည်။ စုလွေ့မှာ အမှတ်(၁) အကြီးဆုံး တပည့်မဖြစ်ပြီး ရန့်အင်းမှာမူ ချမ်းသာသင်္ဘော၏ ဒုတိယခေါင်းဆောင်ဖြစ်သည်။ ယွဲ့ချီ၏ လက်ရင်းတပည့်မများကို နှင်းဆီသိုင်းကညာ(၁၈)ဖော်ဟု ခေါ်ကြသည်။

စုလွေ့နှင့် ရန့်အင်းတို့အမှားများကို နှောင်တရပြီး ဒုစရိုက်နယ်ပယ်ကို ကျောခိုင်းကာ လိန်ပင်းတို့နှင့် လိုက်သွားကြပြီးသည့်



နောက်တွင် ချင်းချင်းမှာ ယွဲ့ချီပြီးလျှင် ဩဇာအရှိဆုံး အနေအထားသို့ ရောက်လာသည်။

ယွဲ့ချီသင်္ဘောပေါ်တွင် မရှိသော ယခုလို အချိန် အခါမျိုးတွင် ချင်းချင်းမှာ ချမ်းသာသင်္ဘောတခုလုံးကို ဦးစီးစီမံပေးနိုင်သည့် အခွင့်အရေးရှိလာသည်။

ဤအခွင့်အရေးကို အကျိုးရှိရှိအသုံးချ၍ ဒုစရိုက်နယ်ပယ်မှ အလွတ်ရုန်းထွက်သွားရန် ချင်းချင်းက ဆုံးဖြတ်ထားသည်။

ထို့ကြောင့် ယွဲ့ချီ စီးနင်း လိုက်ပါသွားသော အမြန်လှေသင်္ဘောမှ ထွက်ခွာသွားသည်နှင့် ချင်းချင်းသည် မှုံမှုံ၏အခန်းသို့ ခပ်သုတ်သုတ် လာခဲ့သည်။

"မှုံမှုံရေ မမလေးယွဲ့ချီတော့ ကိုက်ထန်းတို့ဆီ လိုက်သွားပြီ ဒါ မမတို့အတွက် အခွင့်ကောင်းပဲ၊ မမလေးမရှိတုန်း ချမ်းသာသင်္ဘောကို အပိုင်စီးပြီး ဒီဒုစရိုက်နယ်ပယ်က လွတ်လမ်းရှာရမယ်"

အခန်းထဲသို့ ဝင်ရောက်မိသည်နှင့် ချင်းချင်းကပြောသည်။ ဤစကားကို ကြားရသောအခါ မှုံမှုံမှာ အလွန်ဝမ်းသာသွားသည်။

ချင်းချင်းက မည်သို့မည်ပုံဆောင်ရွက်ကြမည်ကို ဆက်ပြောသည်။ နှစ်ယောက်သား တိုင်ပင်ပြောဆိုကြပြီးနောက် တာဝန်အသီးသီး ခွဲဝေယူကာ လုပ်ငန်းစတင်ရန် အခန်းမှထွက်လာခဲ့ကြသည်။

ချင်းချင်းက သဘော်၏ ပင်မခန်းမဆောင်သို့ သွားသည်။ မုံမုံကမူ အူကန်းရှိနေသော အခန်းသို့လာခဲ့သည်။

"ဒေါက် ဒေါက်"

အူကန်း၏ အခန်းရှေ့သို့ရောက်သောအခါ မုံမုံကတံခါးကို ညင်ညင်သာသာ(၂)ချက်ခေါက်လိုက်သည်။

ထို့နောက် အတွင်းမှပြန်ပြောသံကို စောင့်မနေတော့ပဲ တံခါးကို တွန်းဖွင့်ကာ အခန်းထဲဝင်လာခဲ့သည်။

"ဩော်...မုံမုံပါလား ကျွန်တော့်အတွက် မုံမုံအနှိပ်စက်ခံခဲ့ရတာ စိတ်မကောင်းပါဘူးဗျာ"

ခုတင်ပေါ်ဝယ် အိပ်နေသော အူကန်းသည် မုံမုံကို မြင်ရသောအခါ အိပ်နေရာမှ ထပြီးပြောသည်။

"ဒါတွေပြောမနေပါနဲ့တော့ရှင် အကြောင်းကံ မကောင်းတော့လဲ ဒီလိုဖြစ်ရတာပေါ့၊ ကဲ .. ရှင်ဒီမှာဆက်နေယင်အန္တရာယ်တွေ့ရလိမ့်မယ်၊ ဒီတော့ ဒီနေရာက အမြန်ဆုံး ထွက်သွားရပေတော့"

"ဟင်....ဘာဖြစ်လို့လဲ ယွဲ့ချီပြောတော့ ကျွန်တော့် ဖေဖေ ဒီသဘော်ပေါ်မှာရှိတယ်ဆို၊ ဖေဖေနဲ့တွေ့ချင်သေးတယ်"

"ရှင်ကလဲ အလိုက်တာ အဲဒါ တမင်သက်သက် ပရိယာယ်ဆင်ပြောတာရှင့်၊ မမလေးရဲ့စကားတွေကို ယုံမနေစမ်းပါနဲ့"

"ဟင် ... ဟုတ်လား ... ဒါဖြင့် ကျွန်တော့်ဖေဖေ သဘော်ပေါ်မှာ မရှိတော့ဘူးပေါ့"



"ရှင့်အဖေဟာ သဘော်ပေါ်မှာရှိနေပါတယ်၊ အသက်လဲရှင်နေသဲပါပဲ၊ ဒါပေမယ့် သေတာထက် ဆိုးဝါးတဲ့ ဘဝမျိုးရောက်နေရှာတယ်"

"ဖေဖေ ဘယ်လိုဘဝမျိုး ရောက်နေလို့လဲ ရှင်းရှင်းပြောစမ်းပါ"

"မမလေး ယွဲ့ချီက ရှင့်အဖေကို လက်မရှုံ့သိုင်းသမားအဖြစ်ပုံသွင်း ဖန်တီးထားလိုက်ပြီ"

"လက်မရှုံ့သိုင်းသမား ဟုတ်လား၊ အဲဒါက ဘာလဲ"

လက်မရှုံ့သိုင်းသမားများ၏ အကြောင်းကို မသိသေးသော အူကန်းကမေးသည်။

"လက်မရှုံ့သိုင်းသမားဆိုတာ စဉ်းစား ဆင်ခြင် တတ် တဲ့ အသိဉာဏ်မရှိဘူး သတ်ဖို့ဖြတ်ဖို့ လောက်ပဲ နားလည်တယ်၊ အမိန့်ပေးစေခိုင်းလိုက်တာနဲ့ သေချင်သေ ဒဏ်ရာရချင်ရ ဘာကိုမှ မမှုပဲ အတင်းဝင်ပြီး ထိုက်ခိုက် သတ်ဖြတ် တော့တာပဲ၊ ရှင့်အဖေ အုစိမ်းကိုလဲ မမလေးယွဲ့ချီက အသိဉာဏ် ပျက်စီးစေတဲ့ ဆေးတွေကျွေးပြီး လက်မရှုံ့သိုင်းသမား ဘဝရောက်အောင် ပုံသွင်းဖန်တီးထားတယ်"

"တောက် ... တယ်ရက်စက်ယုတ်မာတဲ့ ယွဲ့ချီပါလား၊ သူ့ကို ကောင်းကောင်းဒဏ်ခတ်အပြစ်ပေးရမယ်"

"အခု မမလေးယွဲ့ချီ သဘော်ပေါ်မှာမရှိဘူး အပြင်ကိုခဏ သွားနေတယ်၊ မမလေးယွဲ့ချီမရှိတုန်း ကျွန်မရယ် မမချင်းချင်း ရယ် ပူးပေါင်းပြီး ဒီသဘော်ကို အပိုင်စီးလိုက်မယ်၊ ပြီးတော့ စီသဘော်ကိုရော ယွဲ့ချီရဲ့ဘက်တော်သား ဒုစရိုက်သမားတွေကို ပါ သက်ဆိုင်ရာအာဏာပိုင်တွေရဲ့ လက်ကိုအပ်မယ်"

"မုံမုံအခုလို အမြင်မှန်ရပြီး ဒုစရိုက်နယ်ပယ်ကို ကျောခိုင်း စွန့်ခွာဖို့ ဆုံးဖြတ်တာ ကျွန်တော်အများကြီး ဝမ်းသာပါတယ် ကျွန်တော်လဲ မုံမုံဘို့နဲ့အတူ ဝိုင်းဝန်းကူညီပေးပါရစေ"

"ရှင့်မှာ ဒဏ်ရာဒဏ်ချက်တွေ အတော်များတယ်၊သဘော် ကိုအပိုင်စီးပြီး ဒုစရိုက်ဂိုဏ်းဝင်တွေကို ထိန်းချုပ်ဖို့က လွယ်တာ မဟုတ်ဘူး၊ တိုက်ကြ ခိုက်ကြရတဲ့ အခြေအနေ မျိုး တောင် ဖြစ်ချင်ဖြစ်လာနိုင်တယ်၊ ရှင်ရှိနေယင် ကျွန်မတို့အတွက် အကူ အညီမဖြစ်ဘဲ အပြင် ရှင့်ကို ကာကွယ်ပေးနေရတာပဲ၊ အလုပ်တခု ဖြစ်နေမယ်၊ ဒီတော့ ရှင်ဘေးကင်းရာကို ထွက်သွားတာက အကောင်းဆုံး"

"မုံမုံပြောတာ နည်းလမ်းကျပါတယ်....၊ ကောင်းပါပြီ ကျွန်တော် ထွက်သွားပါမယ် ဖြစ်နိုင်မယ်ဆိုယင် ဖေဖေ့ကိုပါ တူတူခေါ်သွားချင်တယ်"

"ရှင့်အဖေဟာ တခြား လက်မရှိ သိုင်းသမားတွေနဲ့ အတူ သီးသန့်ခန်းထဲမှာရှိနေတယ်၊ ပြီးတော့ ရှင့်အဖေက အသိဥာဏ် ပျက်စီးနေတော့ ရှင့်ကိုလဲ မှတ်မိတော့မှာမဟုတ်ဘူး၊ လက်မရှိ



သိုင်းသမားတွေကိုမမလေးယွဲ့ချီပဲအမိန့်ပေးနိုင်တယ်၊ကျွန်မတို့လဲ သူတို့ကိုမထိန်းချုပ်နိုင်ဘူး သူတို့ရှိတဲ့နေရာကိုသွားယင် အားလုံး ပျောက်ကုန်မယ်၊ ချမ်းသာသဘော်တခုလုံး သက်ဆိုင်ရာ အာဏာပိုင်တွေလက်အပ်ပြီးတဲ့နောက်မှ လက်မရှိ သိုင်းသမား တွေကိုဆေးဝါးကုသပြီး လူကောင်းပကတိ ပြန်ဖြစ်အောင် လုပ်ချင်လုပ်နိုင်လိမ့်မယ်၊ ကဲ—လာ အချိန်သိပ်မရှိဘူး"

မုံမုံက အူကန်းကို လက်ဆွဲကာ အခန်းထဲမှ ခေါ်ထုတ်လာ သည်။ထို့နောက်သဘော်ပေါ်မှ တိတ်တဆိတ်ထွက်သွားနိုင်ရန် ကူညီစီစဉ်ပေးလိုက်သည်။

အူကန်းသဘော်ပေါ်မှ ဘေးကင်းရန်ကင်းထွက်သွားနိုင်ပြီး သည့်နောက် မုံမုံသည် ချင်းချင်းရှိရာ ပင်မခန်းမဆောင်သို့လိုက် သွားခဲ့သည်။

× × ×

ပင်မခန်းမဆောင်ထဲတွင် ချင်းချင်းနှင့်အတူ နှင်းဆီ သိုင်း သား (၁၅)ဦး၊ ဒုစရိုက်ဂိုဏ်းဝင်သိုင်းသမား အမျိုးသား (၁)ဦး အမျိုးသမီး (၄)ဦးတို့ရှိနေသည်။

ထိုသူအားလုံးကို ချင်းချင်းက 'နဂါးအဆိပ်ဆေး' တိုက် ကျွေးကာ ထိန်းချုပ်ထားပြီးဖြစ်သည်။

'နဂါးအဆိပ်ဆေး'မှာ မိမိ၏လူများ မိမိအပေါ် အာမခံဝံ့ အောင် ယွဲ့ချီက အသုံးပြုထိန်းချုပ်လေ့ရှိသော အဆိပ်ဆေး ဖြစ်သည်။

'နဂါးအဆိပ်ဆေး'ကိုစားပြီး (၇၂)နာရီကြာလျှင်အဆိပ်တန်ခိုးစပြသည်။ အဆိပ်တန်ခိုးစပြချိန်မှ (၂၄) နာရီအတွင်း အဆိပ်ဖြေဆေးမစားနိုင်ပါက အသက်သေဆုံးရမည်ဖြစ်သည်။

တစုံတယောက်ကို အရေးကြီးသော တာဝန်တခုခုပေးအပ်စေခိုင်းတော့မည်ဆိုလျှင် ယဲ့ချိက နဂါးအဆိပ်ဆေးကို ဦးစွာတိုက်ကျွေးပြီးမှ စေလွှတ်လေ့ရှိသည်။

တာဝန်ကျေပြွန်စွာ ထမ်းဆောင်ပြီး ပြန်ရောက်လာမှ ယဲ့ချိက ဖြေဆေးပေးသည်။

သို့ဖြစ်ရာ တာဝန်အပေးခံရသူများမှာယဲ့ချိကို မဖီဆန်ဝံ့ပဲ တာဝန်ကျေပြွန်အောင် ထမ်းဆောင်ပြီး ယဲ့ချိထံသို့ ပြန်လာကြရလေ့ရှိသည်။

ယခုလည်း သင်္ဘောအမှုထမ်းများမှအပ၊ သင်္ဘောပေါ်ရှိ သိုင်းသမားအားလုံးကို ချင်းချင်းက ယဲ့ချိ၏ အမိန့်ဟုဆိုကာ ဆင့်ခေါ်ပြီး နဂါးအဆိပ်ဆေး တိုက်ကျွေးကာ အပိုင်ထိန်းချုပ်ထားလိုက်သည်။

သင်္ဘော အမှုထမ်းများမှာမူ သိုင်းပညာ မတတ်ကျွမ်းပဲ သင်္ဘောမောင်းမှုကိုသာ နားလည်သော သာမန်အရပ်သားများ ဖြစ်ကြသည့်အတွက် အထူးတလည် ထိန်းချုပ် ထားရန် မလိုအပ်ပေ။

"လာဖြာ. မွှံမွှံ အနောက်ခြမ်းသင်္ဘောက လူတွေကိုတော့ နဂါးအဆိပ်ဆေး ကျွေးထားပြီးပြီ သူတို့အားလုံးမမတို့ကိုမလွန်



ဆန်နိုင်ကြတော့ဘူးအရှေ့ခြမ်းသင်္ဘောက လူတွေကိုဆက်ထိန်းချုပ်ဖို့ပဲ ကျန်တော့တယ်"

ခန်းမဆောင်ထဲသို့ ဝင်လာသော မွှံမွှံကို မြင်သောအခါ ချင်းချင်းက လှမ်းပြောသည်။

"အရှေ့ခြမ်းသင်္ဘောကလူတွေကို ဘာကြောင့် ထိန်းချုပ်အုံးမှာလဲ အနောက်ခြမ်းသင်္ဘောကို မောင်းပြီးထွက်သွားယင်ကိစ္စပြီးနေတာပဲ မဟုတ်လား"

မွှံမွှံက ပြန်ပြောသည်။

"ဟာ....ဒီလိုလုပ်လို့ မဖြစ်ဘူးလေ ချမ်းသာသင်္ဘောတခုလုံးကို အပိုင်စီးသွားနိုင်မှ နောက်ရန်အေးမှာပေါ့ အနောက်ခြမ်းသင်္ဘောတခုတည်းကို အပိုင်စီးပြီး ထွက်သွားယင် အရှေ့ခြမ်းသင်္ဘောကလိုက်ပြီးအနှောင့်အရှက်ပေးလိမ့်မယ်"

ချမ်းသာသင်္ဘောဆိုသည်မှာ သင်္ဘော(၂)စီး ဆက်စပ်၍ ဖန်တီးပြုလုပ်ထားသော သင်္ဘောကြီးတစီးဖြစ်သည်။

အရှေ့ခြမ်းသင်္ဘောသည် ချမ်းသာသင်္ဘော၏ အရှေ့ပိုင်းဖြစ်ပြီး အနောက်ခြမ်းသင်္ဘောမှာချမ်းသာသင်္ဘော၏အနောက်ပိုင်းဖြစ်သည်။

ချမ်းသာသင်္ဘော ဖြစ်ပေါ်လာစေရန်အတွက် အရှေ့ခြမ်းသင်္ဘောနှင့် အနောက်ခြမ်းသင်္ဘောတို့ကို ထိကပ် ဆက်စပ်ပြီး အကာအရံ အစပ်အဟပ်များ ပြုလုပ်ထားသည်။

ထို့ကြောင့် ချမ်းသာသင်္ဘောသည် သာမန်သင်္ဘောများထက် နှစ်ဆမျှကြီးမားနေခြင်းဖြစ်သည်။

မီးခိုးလုံးများကြားမှ ချမ်းသာသဘော်ာ ပျောက်ကွယ်သွားသည်မှာ မည်သို့မျှ ထူးခြားချက် မဟုတ်။ မီးခိုးလုံးများကို အကာအကွယ်ယူကာ အရှေ့ခြမ်းသင်္ဘောနှင့် အနောက်ခြမ်းသင်္ဘောတို့ကို တစင်းစီ ခွဲထုတ်ပြီး မောင်းထွက် လာခဲ့ခြင်းဖြစ်သည်။

လူအများက သာမန်သင်္ဘောထက် နှစ်ဆမျှ ကြီးမားသော ချမ်းသာသင်္ဘောကိုသာ မျက်စိထဲစွဲနေကြရာ၊ သာမန်သင်္ဘော အရွယ်အစားဖြစ်သော အရှေ့ခြမ်းသင်္ဘောနှင့် အနောက်ခြမ်းသင်္ဘောတို့ကို အလေးမထားကြပေ။ ဤသင်္ဘော (၂)စင်းမှာ ချမ်းသာသင်္ဘော၏ အစိတ်အပိုင်းဖြစ်ကြောင်းကိုလည်း မရိပ်မိကြပေ။

ချင်းချင်းကဆက်လက်၍ အရှေ့ခြမ်းသင်္ဘောပေါ်ရှိလူများကို ထိန်းချုပ်ရန် အစီအစဉ်များ ပြုလုပ်သည်။

အရှေ့ခြမ်း သင်္ဘောပေါ်ရှိလူများကို ကြီးကြပ် အုပ်ချုပ်သူမှာ မောင်းတိတ်အမည်ရှိ သိုင်းသမားကြီး တယောက်ဖြစ်သည်။

မောင်းတိတ်မှာ ယွဲ့ချီ၏အမိန့်ကိုသာ တိုက်ရိုက် နာခံလုပ်ဆောင်ရသူဖြစ်ရာ ချင်းချင်းအနေဖြင့်အရှေ့ခြမ်း သင်္ဘောပေါ်သို့တက်ရောက်ကာ အလွယ်တကူစီးနင်းထိန်းချုပ်ခြင်းပြုနိုင်မည်မဟုတ်ပေ။

ပထမဦးဆုံး မောင်းတိတ်ကိုအပိုင်ကိုင်ကာထိန်းချုပ်ရမည်။



ပြီးမှ မောင်းတိတ်မှတဆင့် အရှေ့ခြမ်းသင်္ဘောပေါ်ရှိ သိုင်းသမားများကို ချုပ်ကိုင်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် ချင်းချင်းက အစီအစဉ်များကိုသေသေချာချာ ပြုလုပ်သည်။

ဤအစီအစဉ်များကို အောင်မြင်စွာ လုပ်ကိုင်ရန် အတွက် လူအင်အား အကူအညီလိုအပ်သည်ဖြစ်ရာ မိမိဘက်သို့ပါနိုင်မည်ဟုထင်ရသော နှင်းဆီသိုင်းကညာ တချို့ကိုသာ ချင်းချင်းက ဂရုစိုက်ရွေးချယ်၍ တာဝန်ပေးအပ်သည်။

စိတ်မချရဟုထင်ရသော ဒုရိုက်ဂိုဏ်းဝင်တချို့ကိုမူ ကြိုတင်ကာကွယ်မှုပြုသည့်သဘောဖြင့် အချုပ်ခန်းထဲတွင် ခေတ္တထည့်သွင်း ချုပ်နှောင်ထားသည်။

အချုပ်ခန်းတွင်းသို့ထည့်သွင်းချုပ်နှောင်ခြင်းခံရသူများတွင် ရောင်လင်အမည်ရှိ အမျိုးသမီးတဦးလည်းပါဝင်သည်။

ရောင်လင်သည် ယွဲ့ချီ၏ လက်ရင်းတပည့်မတဦး မဟုတ်ပေ။ သင်္ဘောပေါ်မှ စားဖိုမှူးတဦးသာဖြစ်သည်။

သို့သော် ဘာကြောင့်မှန်းမသိ။ ယွဲ့ချီကရောင်လင်ကိုအလွန်အရေးပေးသည်။ အရေးကြီးသော ကိစ္စများ လုပ်ဆောင်တော့မည်ဆိုလျှင် ရောင်လင်နှင့် တိုင်ပင်တတ်သည်။

ရောင်လင်မှာ သိုင်းပညာအတော်ထူးချွန်သည်။ သိုင်းပညာထူးချွန်ပါလျက် သာမန်စားဖိုမှူး လုပ်နေသည်မှာ ထူးခြားသည်။

လိုအပ်သည်များကို စီစဉ်ပြီးနောက်ချင်းချင်းကအရှေ့ခြမ်းသဘော်၏ တာဝန်ခံ ခေါင်းဆောင်ဖြစ်သူ မောင်းတိတ်ကို အရေးကြီးသောကိစ္စတခု တိုင်ပင်ရန်ရှိသည်ဟု ဆိုကာ အခေါ်လွှတ်လိုက်သည်။

× × ×

မောင်းတိတ်မှာ အသက်(၅၀)ခန့်ရှိသော သမ္ဘာရင့်ကြေးစားသိုင်းသမားကြီးတယောက်ဖြစ်သည်။

မောင်းတိတ်၏ လုပ်ရည်ကိုင်ရည်များကို သဘောကျသောကြောင့် ယွဲ့ချီက ကြေးကြီးပေးကာ ငှားရမ်းပြီး အရှေ့ခြမ်းသဘော်ကို တာဝန်ယူအုပ်ချုပ်ခိုင်းခဲ့သည်။

အရှေ့ခြမ်းသဘော်နှင့်အနောက်ခြမ်းသဘော်တို့ ခွဲခွဲခြားခြားရှိနေသောအချိန်များတွင် မောင်းတိတ်သည် အရှေ့ခြမ်းသဘော်ပေါ်ဝယ် စိတ်ကြိုက်စီမံလုပ်ဆောင်နိုင်ခွင့်ရှိသည်။

မောင်းတိတ်ကို ယွဲ့ချီတဦးဘည်းကသာ တိုက်ရိုက်ညွှန်ကြားအမိန့်ပေးနိုင်သည်။

အရှေ့ခြမ်းနှင့် အနောက်ခြမ်း သဘော်များကို ဆက်စပ်ပေါင်းစည်းကာ ချမ်းသာသဘော်အဖြစ် ဖန်တီးထားသည့် အချိန်များတွင်မူ ချမ်းသာသဘော်တခုလုံးကို ယွဲ့ချီနှင့် သူ၏တပည့်မများဖြစ်သည့် နှင်းဆီသိုင်းကညာ (၁၈) ဖော်တို့က ကွပ်ကဲအုပ်ချုပ်သည်။



ဤလိုအချိန်မျိုးတွင် မောင်းတိတ်မှာ ယွဲ့ချီထံမှသာမက နှင်းဆီသိုင်းကညာများ ထံမှလည်း အမိန့်နာခံ လုပ်ဆောင်ရသည်။

ယခုအရှေ့ခြမ်းနှင့် အနောက်ခြမ်းသဘော်တို့ သီးခြားစီရှိနေသောအချိန်ဝယ်ချင်းချင်းကအခေါ်လွှတ်လာသည့်အတွက် မောင်းတိတ်၏စိတ်ထဲတွင် သံသယအနည်းငယ် ဖြစ်မိသည်။

မသွားပဲနေရလျှင် ကောင်းမည်လားဟုပင် စိတ်ကူးမိသည်။

သို့သော် ယွဲ့ချီမရှိချိန်တွင် ချင်းချင်းသည် ယွဲ့ချီကိုယ်စား စီမံအမိန့်ပေးနိုင်သည့် အခွင့်အရေးရှိကြောင်း တွေးမိသည့်အတွက် ခေါင်းမာမာ မနေဝံ့ပဲအနောက်ခြမ်းသဘော်သို့ ကူးလာခဲ့သည်။

အနောက်ခြမ်းသဘော်၏ ပင်မ ခန်းမဆောင်ထဲသို့ မောင်းတိတ်ရောက်လာခဲ့သည်။

ခန်းမဆောင်ထဲတွင် ချင်းချင်း၊မုံမုံနှင့် နှင်းဆီ သိုင်းကညာ (၅)ဦးတို့ လက်နက်စုံကိုင်လျက်ရှိနေကြသည်ကို မောင်းတိတ်တွေ့ရသည်။ မောင်းတိတ်၏ သံသယစိတ်များ ပိုမိုများပြားလာသည်။

အတွေ့အကြုံရင့်ကျက်နေသော မောင်းတိတ်သည် အရေးအခင်းတစုံတရာ ဖြစ်ပေါ်နေပြီဟုလည်း အကဲခတ်မိသည်။

"ချင်းချင်းတို့က လက်နက်တွေဘာတွေကိုင်လို့ပါလားဘာများဖြစ်နေလို့လဲ"

မောင်းတိတ်ကမေးသည်။

"မမလေးဆီက အခုနလေးတင်ပဲ စာပို့ခိုနဲ့လျှို့ဝှက်စာလွှာ တခုရောက်လာတယ် ဒါကြောင့် ဆရာမောင်းတိတ်ကို အခေါ်လွှတ်လိုက်ရတာပဲ"

ချင်းချင်းကမောင်းတိတ်၏သံသယမေးခွန်းကိုအဖြေမပေးပဲ မသိဟန်ပြုကာ ဣန္ဒြေရရနှင့်ပြန်ပြောသည်။

အဲဒီလျှို့ဝှက်စာလွှာကို ကြည့်ပါရစေ"

"လျှို့ဝှက်စာလွှာပါဆိုနေမှ ဆရာမောင်းတိတ်ကိုပြလို့ ဘယ်ဖြစ်မှာလဲ ဆရာမောင်းတိတ်လုပ်ရမယ့် အလုပ်ကိုပဲ ပြောပြမယ် အရှေ့ခြမ်းသင်္ဘောနဲ့ အနောက်ခြမ်းသင်္ဘောကို ဆက်စပ်ပေါင်းစည်းပြီး ချမ်းသာသင်္ဘောအသွင်ဖြစ်အောင် အခုချက်ချင်းလုပ်ပေးပါ"

ချင်းချင်း၏စကားများကမောင်းတိတ်၏သံသယစိတ်ကို ထပ်မံပွားများလာစေသည်။

ယခုအချိန်မှာ (၉)လပိုင်း (၁၅)ရက်နေ့သန်းခေါင်ကျော်၍ (၁၆)ရက်နေ့သို့ပင် ရောက်နေပြီဖြစ်သည်။

ချမ်းသာသင်္ဘောပေါ်ပေါက်ရမည့်အချိန်အခါမဟုတ်။

ယခုချိက နှစ်စဉ်(၉)လပိုင်း (၉)ရက်နေ့မှ (၁၂) ရက်နေ့ အတွင်းတွင်သာ အရှေ့ခြမ်းသင်္ဘောနှင့်အနောက်ခြမ်းသင်္ဘောတို့ကို ဆက်စပ်ပေါင်းစည်းကာ ချမ်းသာသင်္ဘောအသွင်ပြုလုပ်စေခဲ့သည်။



ကျန်အချိန်များတွင်မူ အရှေ့ခြမ်း သင်္ဘောနှင့် အနောက်ခြမ်းသင်္ဘောတို့ကို တသီးတခြား သင်္ဘောတစီးစီအဖြစ်ခွဲခြားထားသည်။

"ကောင်းပါပြီ အခုချက်ချင်းလုပ်ပေးပါ့မယ်"

မောင်းတိတ်စကားနည်းရန်စဲ၍နေရာမှအမြန်ဆုံးထွက်သွားနိုင်ရန်အတွက် ယခုလိုပြောလိုက်ခြင်း ဖြစ်သည်။ အရှေ့ခြမ်းသင်္ဘောသို့ပြန် ရောက်ပြီးလျှင် ချင်းချင်းပြောသည့်အတိုင်းမလုပ်ပဲနေမည်ဟု စိတ်ကူးထားသည်။

မောင်းတိတ်သည်ထိုသို့ပြောပြီးနောက် ခန်းမဆောင်အပြင်ဘက်သို့ ထွက်သွားရန်ဟန်ပြင်သည်။

မွံမွံနှင့် နှင်းဆီသိုင်းကညာ (၃)ယောက်တို့က တားဆီးထားကြသည်။

"ခဏနေပါအုံးလေ ဆရာမောင်းတိတ် မမချင်းချင်းက ဆရာမောင်းတိတ်အတွက် ချီးမြှင့်စရာတခုရှိနေပါသေးတယ်"

မွံမွံကဤသို့ပြောပြီး ချင်းချင်း၏ရှေ့တွင်ရှိသောစားပွဲပေါ်မှ ကြွေပုလင်းကို မေးငေါ့ပြလိုက်သည်။

ဤပုလင်းထဲဝယ် 'နဂါးအဆိပ်'ဆေးလုံးများသာရှိမည်ဖြစ်ကြောင်း မောင်းတိတ်ရိပ်မိသည်။

ခန်းမဆောင်၏ အလယ်ဗဟို ပင်မတံခါးပေါက်တွင် မွံမွံနှင့် နှင်းဆီသိုင်းကညာ (၃)ယောက်တို့က ပိတ်ဆို့ရပ်နေကြသည်။

ဖြစ်ရာ၊ မောင်းတိတ်က ဘေးဘက်နားရှိ အရေးပေါ် ထွက်ပေါက်ရှိရာသို့ 'လှစ်'ကနဲ ပြေးသွားပြီး တံခါးကို ဆွဲဖွင့်လိုက်သည်။

တံခါးပေါက်အပြင်ဘက်တွင် လူတယောက် ရပ်နေသည်ကို မောင်းတိတ် တွေ့ရသည်။

ထိုသူမှာ အစိမ်းရောင် ဝတ်စုံကိုဝတ်လျက် အစိမ်းရောင် မျက်နှာဖုံးတပ်ဆင်ထားသည်။ ခေါင်းတွင်လည်း အစိမ်းရောင် ခေါင်းပေါင်း၊ ပေါင်းထားသည်။

လက်မရှိ့သိုင်းသမားနှင့် ရင်ဆိုင်တွေ့နေရသည်မို့ မောင်းတိတ်မှာ ရင်ထဲဝယ် 'ထိတ်'ကနဲဖြစ်ကာ အပြင်သို့ မထွက်ဝံ့တော့ပဲ နောက်ပြန်ဆုတ်လာခဲ့ရသည်။

လက်မရှိသိုင်းသမားများကို အမိန့်ပေး စေခိုင်း နိုင်သူမှာ ယဲ့ချိတယောက်ထဲသာရှိသည်။ ယဲ့ချိ၏ အခွင့်အမိန့် မရပဲနှင့် မည်သူမျှ လက်မရှိသိုင်းသမားများကို ခေါ်မထားဝံ့ပေ။

ယခု ခန်းမဆောင်နားဝယ် လက်မရှိသိုင်းသမားရှိနေသည်ကိုတွေ့ရသောအခါ မောင်းတိတ်၏သံသယစိတ်များ အတော်ပင် ပျောက်ကွယ်သွားသည်။ ချင်းချင်းတို့သည် ယဲ့ချိ၏ အမိန့်အရ လုပ်ဆောင်နေကြခြင်း ဖြစ်မည်ဟုလည်း ယုံကြည်မှုရှိလာသည်။

မောင်းတိတ်သည် မည်သို့မျှ ငြင်းပယ်ခြင်း မပြုနိုင်တော့ပဲ မိမိအတွက် ကျောင်းကျိုးမရှိနိုင်မှန်း သိလျက်နှင့် နဂါးအဆိပ်



ဆေးလုံးတလုံးကို ကြေပုလင်းမှ ထုတ်ယူကာ စားလိုက်ရလေတော့သည်။

အကင်းပါး၍ ဥာဏ်များသော ချင်းချင်းက မောင်းတိတ်ကို ထိန်းချုပ်ထားနိုင်ခဲ့ပေပြီ။

"ဆရာမောင်းတိတ် ရှင် ဒီသင်္ဘောမှာလုပ်နေရတာ စိတ်ပါ၍လား ထွက်မပြေးသာလို့ ဇွတ်မှိတ်ပြီး နေနေရတာလား"

နဂါးအဆိပ်ဆေးလုံးကို မောင်းတိတ်သောက်သုံးပြီးနောက် ချင်းချင်းက မေးလိုက်သည်။

"အခုအချိန်ဟာ ဒီလိုမေးခွန်းမျိုး မေးနေရမယ့် အချိန်မဟုတ်တော့ပါဘူး"

မောင်းတိတ်က ပြန်ပြောသည်။

"ဒီသင်္ဘောမှာ ဆက်ပြီးနေသွားယင် ဆရာ မောင်းတိတ်အတွက် ဇာတ်သိမ်းမကောင်းဘူးနော် သိုင်းပညာစွမ်းထက်လှပါတယ်ဆိုတဲ့ ဆရာကြီးလိန်ရိတို့၊ဆရာကြီး အင်းဖေရိတို့တောင် ဘယ်လိုဘဝမျိုး ရောက်ကုန်ကြတယ်ဆိုတာ မျက်မြင်ပဲ မဟုတ်လား"

"ဟင်....မင်းတို့ ဒီစကားမျိုးကို ပြောဝံ့တယ်နော်"

ချင်းချင်း ပြောသည်များမှာ ယဲ့ချိ၏နားသို့သာ ပေါက်ကြားသွားပါက ချင်းချင်းအဖို့ အကြီးအကျယ် အပြစ်ပေးဒဏ်ခတ်ခြင်းခံရမည့် စကားရပ်များဖြစ်သောကြောင့် မောင်းတိတ်က တအံ့တသြ မေးလိုက်သည်။

"ကျွန်မတို့က ဟောဒီဒုစရိုက်နယ်ပယ်က အလွတ်ရုန်းထွက်ဖို့ ဆုံးဖြတ်ထားကြပြီးပြီ၊ ဒီတော့ ဒီစကားမျိုးပြောဝံ့တာပေါ့၊ ဆရာမောင်းတိတ်ကော ဘယ့်နှယ်လဲ ကျွန်မတို့နဲ့ အတူတူလိုက်လာခဲ့မလား၊ ဒါမှမဟုတ် ဘယ်လိုမှ ဇာတ်သိမ်းမကောင်းနိုင်တဲ့ ဒုစရိုက်နယ်ပယ်မှာပဲ ဆက်နစ်မွန်းနေမလား"

မောင်းတိတ်က 'ဘာမျှပြန်မပြော။ အဖြေရခက်ဟန်ဖြင့် နှုတ်ဆိတ်၍ နေသည်။

"အခု ဆရာမောင်းတိတ် စားလိုက်တဲ့ နဂါးအဆိပ်ဆေးဟာ ခုနစ်ဆယ့် နှစ်နာရီကြာမှ အစွမ်းပြမယ် ဆိုတာ ဆရာမောင်းတိတ်လဲ အသိသားပဲ၊ အဆိပ်အစွမ်းမပြခင် အတွင်းမှာ သင်္ဘောနှစ်စီးကို မြန်မြန်ပေါင်းစပ်ပြီး ချမ်းသာသင်္ဘောအဖြစ် ပြုလုပ်ပေးပါ၊ အနောက်ခြမ်းသင်္ဘောက လူတွေအားလုံး ကျွန်မဘက်ပါနေပါပြီ၊ အရှေ့ခြမ်းသင်္ဘောက လူတွေကိုတော့ ဆရာမောင်းတိတ်ကပဲ တာဝန်ယူပြီး ထိန်းချုပ်ပေးပါ၊ တကယ်လို့ ကလန်ကဆန်လုပ်မယ့်လူတွေရှိယင် လက်နှေးမနေပဲ အဆုံးသာ စီရင်ပစ်လိုက်၊ ချမ်းသာသင်္ဘောအသွင် ပြောင်းလဲဖန်တီးပြီးတာနဲ့ မမလေးယွဲ့ချီနောက်ကိုလိုက်မယ်၊ မမလေးယွဲ့ချီကိုအလစ်ဖမ်းတိုက်ခိုက်ပြီး သုတ်သင်ပစ်လိုက်မယ်၊ ဒီကိစ္စတွေ ဆောင်ရွက်ပြီးယင် ဆရာမောင်းတိတ်အတွက် ဖြေဆေး ထုတ် ပေး မယ် ဆရာမောင်းတိတ်အနေနဲ့ ကြိုက်ရာဆက်လုပ်နိုင်ပြီ"

"ယွဲ့ချီက သိပ်အကင်းပါးတာနော် သူ့နောက်ကို လိုက်ပြီး အလစ်ဖမ်းတိုက်ခိုက်လို့ ရနိုင်ပါ့မလား"



"ဒီကိစ္စအတွက် မပူပါနဲ့ ကျွန်မအားလုံးစီစဉ်ပြီးပါပြီ အခုလောက်ဆိုယင် မမလေးဟာ ကိုက်ထန်းတို့ရဲ့ အယောင်ဆောင် သေမင်းသင်္ဘောပေါ်ကို ရောက်နေကြပါပြီ၊ ကျွန်မတို့က သင်္ဘောကို အမှောင်ချပြီး အဲဒီ အယောင်ဆောင် သေမင်း သင်္ဘောနားကို ကပ်သွားမယ်"

"ကျုပ်တို့သင်္ဘောကို အမှောင်ချထားတယ်ဆိုပေမယ့် မြစ်လယ်မှာ ဒီလောက်ကြီးတဲ့ သင်္ဘောကြီးကို ဝိုးတိုးဝါးတား ဖြစ်ဖြစ်မြင်နိုင်တယ်၊ သိပ်မလွယ်ဘူး"

"ဟုတ်ပါတယ် ဒီအတွက်လဲ ကျွန်မက စီစဉ်ထားပါတယ်၊ သင်္ဘောအမှုထမ်းတွေထဲက မြောက်ပိုင်းဒေသက လူလေးငါးခြောက်ယောက်လောက်ရွေးပြီး သင်္ဘော ကုန်းပတ်ပေါ် တင်ထားပေးပါ၊ အယောင်ဆောင် သေမင်းသင်္ဘော အနားကို ရောက်ယင် သူတို့ကို မြောက်ပိုင်းဒေသခံစကားနဲ့ အချင်းချင်း စကားများ ရန်ဖြစ်ခိုင်းလိုက်ပါ၊ ရန်ဖြစ်တဲ့လူက ရန်ဖြစ်ပြီး ဖြန်ဖြေပေးတဲ့လူက ဖြန်ဖြေပေးကြပါစေ၊ ဒီလိုဆိုယင် မမလေးတို့က သူတို့နားကိုကပ်လာတာ ကျွန်မတို့ရဲ့ သင်္ဘောဖြစ်မယ်လို့ ထင်ကြတော့မှာ မဟုတ်ဘူး"

နောက်ဆုံးတွင် မောင်းတိတ်သည် ချင်းချင်းပြောသည့် အစီအစဉ်အတိုင်း လုပ်ဆောင်ရန် သဘောတူလက်ခံပြီးနောက် အရှေ့ခြမ်းသင်္ဘောသို့ ပြန်သွားသည်။

"ကဲ— ညီမရေ လာခဲ့ပါတော့ မောင်းတိတ် ပြန်သွားပါပြီ"

မောင်းတိတ်ထွက်ခွာသွားပြီးချိန်တွင် ချင်းချင်းက အသံကျယ်ကျယ်ဖြင့် လှမ်းပြောလိုက်သည်။

ဤတွင်အရေးပေါ်ထွက်ပေါက်၏တံခါးပွင့်သွားပြီး ခေါင်းပေါင်းစိမ်းပေါင်းထားသောလက်မရှိ သိုင်းသာနေတယောက်ဝင်လာသည်။


ထိုသူသည် ခမ်းမဆောင်ထဲသို့ ရောက်သောအခါ၊ ခေါင်းပေါင်းနှင့် မျက်နှာဖုံးများကို ဖယ်ရှားလိုက်ရာ နှင်းဆီသိုင်းကညာတဦး၏အသွင် ပေါ်လာသည်။

အသိဥာဏ်ပျက်စီးနေသော လက်မရှိ သိုင်းသမားများကို ယွဲ့ချီတဦးတည်းသာ ထိန်းသိမ်း အမိန့်ပေးနိုင်သည်။ ယခုမောင်းတိတ်ကိုခြိမ်းခြောက်လို၍ချင်းချင်းကနှင်းဆီသိုင်းကညာတယောက်ကို ဝတ်စုံစိမ်း မျက်နှာဖုံးစိမ်းနှင့် ခေါင်းပေါင်းစိမ်းများ ဝတ်ဆင်စေကာ၊ လက်မရှိ သိုင်းသမား အသွင်အယောင်ဆောင်ခိုင်းခဲ့ခြင်း ဖြစ်ပေသည်။

ချင်းချင်း၏ အစီအစဉ်များမှာ ပိရိကာစေ့စပ်လှသည်။ ယခုအချိန်အထိ ချင်းချင်း၏ အစီအစဉ်များ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်။

ချင်းချင်း၏ အစီအစဉ်အားလုံးဆက်လက်အောင်မြင်နိုင်ပါမည်လား။ မာယာမင်းသမီး ယွဲ့ချီကို ချေမှုန်းသုတ်သင်နိုင်ပါမည်လား။

× × ×



အခန်း (၈)

မြစ်ရေပြင်တွင် အမြန်လှေတစင်းက လျင်မြန်စွာ ပြေးနေသည်။

အချိန်မှာ ညသန်းခေါင်ကျော် (၂)နာရီခန့် ရှိပြီမို့ မြစ်ကြောင်းတွင် တခြားရေယာဉ်များ သွားလာနေခြင်းမရှိ။ ထိုအမြန်လှေတစင်းသာရှိရာ စိတ်ကြိုက် တက်သုတ် နှင်နေနိုင်သည်။

ထိုအမြန် လှေပေါ်တွင် ယွဲ့ချီတို့လူစု စီးနှင်းလိုက်ပါလာသည်။

ရန်အင်းနှင့် စုလေ့တို့ အမြင်မှန်ရကာ ဒုစရိုက် နယ်ပယ်မှ အလုပ်ရှင်းထွက် သွားကြသည်တွင် ယဲ့ချီမှာ လက်ရုန်း နှစ်ဘက် ပြုတ်သလိုဖြစ်သွားခဲ့သည်။

ရန်အင်းမှာ ယဲ့ချီ၏ အားထားရသောလက်ရုန်း တယောက် ဖြစ်သည်။ လက်မရွံ့သိုင်းသမားများကို ထိန်းချုပ်နိုင်သော အချက်ပေးခရာတခုကိုပင် ယဲ့ချီက ရန်အင်းအား ပေးထား ခဲ့သည်။

စုလေ့မှာမူ ယဲ့ချီ၏ လက်ရင်း တပည့်မများ ဖြစ်သော နှင်းဆီသိုင်းကညာ (၁၈)ဦးတွင် အမှတ်စဉ် (၁) ဖြစ်သော ခေါင်းဆောင်ဖြစ်သည်။ ချမ်းသာသင်္ဘော၏ စာရင်းများနှင့် ငွေကြေးဘဏ္ဍာများကို တာဝန်ယူ ထိန်းသိမ်းရသည်။

ရန်အင်းနှင့် စုလေ့တို့မှတဆင့် မိမိ၏ဒုစရိုက် လုပ်ငန်းများ ပူးပေါ်သလို ပေါ်ကုန်မည်ကို ယဲ့ချီစိုးရိမ်မိသည်။

ထို့ကြောင့် ချမ်းသာ သင်္ဘောကိုပြန်ပေါ်မလာစေတော့ပဲ ခြေရာဖျောက်ပစ်ရန် ယဲ့ချီက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယခု ရွှေပေလွှာအတုများကို ဖြန့်ဝေပြီးလျှင် ယဲ့ချီအဖို့ စိတ်ချလက်ချ ခြေရာဖျောက်နိုင်တော့မည်ဖြစ်သည်။

သေမင်းသင်္ဘော၏ အရှိန်အဝါကို ယဲ့ချီအတော်လန့်သည်။ အယောင်ဆောင်မှုကို အမြန်ဆုံးအဆုံးသတ်လိုသည်။ ကိုက်ထန်း ထိုင်နေသော သင်္ဘောရှိရာသို့ ရောက်လိုလှနေပြီ ဖြစ်သည်။



ထို့ကြောင့် လှေလှော်သူများကို အမြန်ဆုံး လှော်ခတ်ကြ ရန် အဆက်မပြတ်နှိုးဆော်နေသည်။

တက်သုတ်ရိုက်ကာ လှော်ခတ်လာသော အမြန်လှေသည် မကြာမီပင် တုံ့ထင်မြစ်၏ တတိယမြစ်ခွနေရာသို့ ရောက်လာ ခဲ့ကြသည်။

မြစ်လယ်တွင် တစင်းတည်း ထီးထီးမားမား ကျောက်ချ ရပ်နားထားသော သင်္ဘောတစင်း၏သဏ္ဌာန်ကို ယဲ့ချီတို့တွေ့ကြ ရသည်။

ထိုသင်္ဘောပေါ်ဝယ် မီးအိမ်မီးခွက် တခုတလေမျှ ထွန်းညှိ မထားပေ။ အားနည်းလှသော မိုးကုတ်စက်ဝိုင်း အလင်းရောင် အောက်ဝယ် မပီမသ ဝိုးတဝါးသာ မြင်ကြရခြင်းဖြစ်သည်။

ယဲ့ချီက အမြန်လှေကို သင်္ဘောဘေးနားသို့အရောက်ချဉ်း ကပ်ခိုင်းသည်။

သင်္ဘောဘေးသို့လှေကပ်မိသည်နှင့် ယဲ့ချီသည် ကျောက်ဆူး ကြိုးကို ဆွဲကိုင်ကာ သင်္ဘောပေါ်သို့ တက်လာခဲ့သည်။

သင်္ဘောတခုလုံး မှောင်မဲ တိတ်ဆိတ်နေသည်။ ဘာသံမျှ မကြားရ။ ဘာလှုပ်ရှားမှုမျှမရှိ။

ယဲ့ချီ၏ စိတ်ထဲဝယ် မယုံသင်္ကာဖြစ်လာသည်။

ယဲ့ချီသည် လျှို့ဝှက်ခရာလေးကိုထုတ်ကာ ခပ်တိုးတိုးမှုတ်၍ အမြန်လှေပေါ်ရှိ လက်မရွံ့သိုင်းသမား(၂)ဦးကို ဆင့်ခေါ် လိုက်သည်။

ချက်ချင်းဆိုသလိုပင် ခေါင်းပေါင်းစိမ်းပေါင်းထားသော လက်မရှိ့ သိုင်းသမား(၂)ယောက် သဘော်ာပေါ်သို့ ရောက်လာကြသည်။

ယွဲ့ချီက လက်မရှိ့ သိုင်းသမားများကို ထိုးတိုးပြောဆိုညွှန်ကြားလိုက်သည်။

လက်မရှိ့ သိုင်းသမားတဦးက သဘော်ာခန်း၏အဝင်တံခါးဝနားတွင်သွား၍ရပ်နေသည်။ကျန်တယောက်ကပဲ့ပိုင်းသို့လျှောက်လှမ်းသွားသည်။

လက်မရှိ့သိုင်းသမား(၂)ဦးကို သဘော်ာ၏ အချက်အချာနေရာများတွင် အစောင့် ချထား လိုက်ပြီးနောက် ယွဲ့ချီက အေးစက်သောလေသံဖြင့် ပြောသည်။

"ကျွန်မရဲ့ တပည့်နှစ်ယောက်ကို ထိန်းချုပ် ဖမ်းဆီးထားတာ ဘယ်သူလဲ၊ ပြောစရာရှိတာပြောရအောင် သဘော်ာခန်းထဲက ထွက်လာခဲ့ပါ၊ ကြာယင် ကျွန်မ သည်းမခံနိုင်တော့ဘူး အတင်းဝင်တိုက်ရလိမ့်မယ်"

"ဟားဟားဟား....ယွဲ့ချီ မင်းက အခုမှ ရောက်လာတာကိုး ကျုပ်က မင်းကိုစောင့်နေတာ မင်းရဲ့တပည့်တွေကို ကျုပ် အရေးမစိုက်ပါဘူး မင်းကိုပဲ လိုချင်တယ်"

သဘော်ာခန်းထဲမှ အဘိုးကြီးတယောက်၏ အသံ ပေါ်လာသည်။ ဤအသံကို ယွဲ့ချီ ကြားဖူးသလိုလိုရှိသည်။



သေသေချာချာ စဉ်းစားကြည့်လိုက်ရာ ချမ်းသာသဘော်ာပေါ်သို့ တက်ရောက်မွေနှောက်သွားသော ဝတ်စုံပြာအဘိုးကြီး အိန်းလုံ၏အသံဖြစ်ကြောင်း ယွဲ့ချီအမှတ်ရလာသည်။

ထိုနေ့က ယွဲ့ချီသည် ခန်းမဆောင် အပြင်ဘက်မှ ချောင်းမြောင်းကြည့်ခဲ့ရာ အိန်းလုံနှင့် လိန့်ပင်းတို့၏ ရုပ်ရည်သွင်ပြင်နှင့် အသံများကို ကြားသိတွေ့မြင်ခဲ့ရသည်။

"လက်စသတ်တော့ အဘိုးကြီး အိန်းလုံကိုး ရှင်က ဘာကြောင့် ကျွန်မနောက်ကိုလိုက်ပြီး နှောင့်ယှက်နေရတာလဲ"

ယွဲ့ချီက လေသံမာမာနှင့်ပြောသည်။

"ကျုပ်က မင်းနောက်ကို လိုက်နှောင့်ယှက်နေတာ မဟုတ်ပါဘူး၊ မင်းကသာ ကျုပ်ရဲ့သဘော်ာပေါ်ကို တက်လာခဲ့တာပါ၊ ကျုပ်မှာအိပ်ဖော်မရှိလို့ အိပ်မပျော်နိုင်အောင် ဖြစ်နေတာ မင်းရောက်လာတာနဲ့ အတော်ပဲ ဟားဟားဟား"

အိန်းလုံ၏ အသားယူကာ ရိသွဲ့သွဲ့ပြောလိုက်သော စကားကြောင့် ယွဲ့ချီအတော် ဒေါသထွက်သွားသည်။

ယွဲ့ချီသည် ဒေါသဖြစ်နေရာမှ သဘော်ာကို သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

သဘော်ာရှက်တိုင်အောက်ခြေတွင် ထွင်းထုထားသော ဘီလူးခေါင်းရုပ်ကြီးကို မြင်လိုက်ရသောအခါ ယွဲ့ချီ၏ ရင်ထဲဝယ် 'ဒိတ်'ကနဲ ဖြစ်သွားသည်။

ဤသဘော်မှာ ကိုက်ထန်းတို့၏ သဘော်မဟုတ်။ ကိုက်ထန်းတို့ကို တုံ့ထင်မြစ်၏ တဘက်ယ မြစ်ကွေ့နေရာဝယ် သဘော်ကို ဆိုက်ကပ်ရန် ယဲ့ချီက သေသေချာချာမှာခဲ့သည်။

ယခု ကိုက်ထန်းတို့၏ သဘော်မရှိပဲ ဤသဘော်သာရှိနေသည်။

ကိုက်ထန်းတို့၏ သဘော် မည်သည့်နေရာသို့ရောက်သွားလေသနည်း။ ဤသဘော်မှာ မည်သည့်သဘော်ဖြစ်သနည်း။ သေမင်းသဘော်များ ဖြစ်နေမည်လား။ အဘိုးကြီး အိန်းလုံသည် သေမင်းသဘော်နှင့် ပတ်သက်နေသူ ဖြစ်သလော။

ယဲ့ချီ၏စိတ်ထဲဝယ် အမျိုးမျိုးတွေးတောနေမိသည်။ ဤသို့တွေးတော စဉ်းစားနေရသောကြောင့် စောစောကဒေါသများပင် ပျောက်သွားသည်။

"ဟေ့ ယဲ့ချီ လာပါကွ ဟောဒီအခန်းထဲကို မြန်မြန်ဝင်လာခဲ့စမ်းပါ၊ ဒီအခန်းထဲမှာ တခြားဘယ်သူမှ မရှိပါဘူး၊ မင်းနဲ့ကျုပ်နဲ့ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်"

သဘော်ခန်းထဲမှ အိန်းလုံ၏ ရိသဲ့သဲ့ ပြောသံ ပေါ်လာပြန်သည်။

စဉ်းစားတွေးတောနေ၍ ပြေပျောက် သလိုလို ဖြစ်သွားသော ယဲ့ချီ၏ ဒေါသစိတ်များ 'ထောင်း'ကနဲ ထလာပြန်သည်။

ယဲ့ချီကအချက်ပေးခရာလေးကို အသာမှုတ်လိုက်သည်။



တိုက်ခိုက်ရန် အချက် ပေးသည့် အသံ ဖြစ်သောကြောင့် သဘော်ခန်းဝနားတွင်ရှိနေသော လက်မှု့ သိုင်း သမားက တံခါးကို အတင်းတွန်းဖွင့်ပြီး သဘော်ခန်းထဲသို့ ဝင်သွားသည်။

သဘော် ပဲ့ပိုင်းတွင် ရှိနေသော လက်မှု့ သိုင်းသမားကလည်း ခြေလှမ်းကြဲကြဲဖြင့် ခပ်သွက်သွက်လျှောက်လှမ်းကာ တံခါးပွင့်နေသော သဘော်ခန်းထဲသို့ ဝင်သွားသည်။

"ဝုန်း—"

သဘော်ခန်းထဲမှ တစုံတရာ လဲပြိုကျသွားသံ ပေါ်လာသည်။

"ဝုန်း—"

နောက်ထပ် တစုတခု လဲကျသွားသံပေါ်လာပြန်သည်။

ထိုနောက် မည်သည့်အသံမျှပေါ်မလာတော့။

လက်မှု့သိုင်းသမားများ ရောက်ရှိသွားသည့် နေရာများတွင်တိုက်ခိုက်သတ်ဖြတ်မှုများ ပေါ်ပေါက်မြဲပင်ဖြစ်သည်။ ယခုဘာသံမျှမကြားရသည့်အတွက် ယဲ့ချီအဖို့ အတွေးရခက်စရာဖြစ်နေသည်။

ယဲ့ချီကအချက်ပေးခရာလေးကို အသာမှုတ်ကာလက်မှု့သိုင်းသမားများကို ပြန်ခေါ်ကြည့်သည်။

လက်မှု့ သိုင်းသမားများသဘော်ခန်းထဲမှပြန်ထွက်မလာ။

ကြည့်ရသည်မှာ သဘော်ခန်းထဲသို့ ဝင်သွားသောလက်မရှ့ သိုင်းသမားများကို အဘိုးကြီး၊ အိန်းလုံ၊ အပိုင် တိုက်ခိုက် နှိမ်နင်းပစ်လိုက်ဟန်တူသည်။

အသက်သေမည်၊ ဒဏ်ရာ အနာတရ ဖြစ်မည်ကို အရေး မထားပဲ တဇွတ်ထိုး အသေအကြေတိုက်ခိုက်လေ့ရှိသည့် လက် မရှ့ သိုင်းသမားများကို ယွဲ့ချီအလွန်အားကိုးသည်။

ယခုလက်မရှ့ သိုင်းသမားများ အရေးနိမ့်သွားပြီဟု ထင်ရ သည့်အတွက် ယွဲ့ချီမှာ ထိတ်လန့်စပြုလာသည်။

ယွဲ့ချီက အမြန်လှေပေါ်ဝယ် ကျန်နေသည့် သိုင်းသမား များကို အချက်ပေး၍ ခေါ်လိုက်ပြန်သည်။

မည်သည့်သိုင်းသမားမျှတက်မလာ။

ယွဲ့ချီသည် ကုန်းပတ်အစွန်းသို့သွား၍ သဘော် ဘေးတွင် ဆိုက်ကပ်ထားသော အမြန်လှေကိုငုံ့ကြည့်သည်။

သဘော်ဘေးဝယ် အမြန်လှေမရှိဘော့။

ဘယ်ဆီ လွင့်မျောသွားသည်ကိုမသိ။ လှေပေါ်ဝယ်ကျန်နေ ခဲ့သူများ ဘာဖြစ်ကုန်ကြသည်ကိုလည်းမသိ။

ယွဲ့ချီ ထိတ်လန့်တုန်လှုပ်စွာ ဘာလုပ်ရမည်မသိပဲ ကုန်းပတ် အစွန်းဝယ် ရပ်နေစဉ်မှာပင် ရေထဲမှတစုံတရာ 'ဘွား'ကနဲပေါ် လာသည်ကို တွေ့ရသည်။

"အို...."



ရုတ်တရက်မို့ ယွဲ့ချီလန့်သွားပြီး ပါးစပ်မှ ယောင်အော် လိုက်မိသည်။ သေသေချာချာထပ်ကြည့်လိုက်သောအခါ မြစ် ရေပြင်မှတဆင့် လူတယောက် သဘော်ကုန်းပတ်ပေါ်သို့ တွယ် ကပ်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ထိုသူ၏ လှုပ်ရှားမှုများမှာ အလွန်လျင်မြန် သွက်လက်လှ သည်။ တခဏအတွင်းမှာပင် သဘော်ကုန်းပတ်ပေါ်သို့ရောက် လာသည်။

"အမြန်လှေကလူတွေ ဘာဖြစ်ကုန်ပြီလဲလို့ အတွေးရ ခက် နေသလားသူတို့အားလုံးကိုအကြောပိတ်ပြီး လှေကိုလဲကြိုးဖြတ် မျှောပစ်လိုက်တာပါ မြစ်ကမ်းတနေရာရာမှာ သွားတင် နေပါ လိမ့်မယ်"

ကုန်းပတ်ပေါ်သို့တက်လာသူက ပြောသည်။ ဤအခါတွင်မှ ထိုသူမှာ အိန်းလုံနှင့် အတူ ချမ်းသာ သဘော်ပေါ် တက်၍ မွေ့နှောက်သွားခဲ့သော လိန်ပင်းဖြစ်နေကြောင်းယွဲ့ချီသိရသည်။

ယွဲ့ချီမှာ ထွက်ပြေးစရာလှေလည်းမရှိ။ ဝိုင်းဝန်း ကူညီမည့် ဘက်တော်သားလည်းမရှိ။ သဘော်ပေါ်ဝယ်တယောက်တည်း ဖြစ်နေရလေပြီ။

သို့သော် ယွဲ့ချီကအလွယ်တကူအရှုံးမပေးပဲ အကြိတ်အနယ် တိုက်ခိုက်ရန် ဆုံးဖြတ်ထားလိုက်သည်။

"ဒါက ဘာသဘောလဲ"

ယွဲ့ချီက လေသံမာမာဖြင့် မေးသည်။

"သိချင်တယ်ဆိုယင် ပြောပြရတာပေါ့ ဒီသဘော်ကတခြားမဟုတ်ဘူး ဒုစရိုက်သမားတွေကို ၊ နှိမ်နင်း သုတ်သင် နေတဲ့ သေမင်းသဘော်ပဲ"

ဤစကားများကို ကြားရသောအခါ ယွဲ့ချီမှာအလွန် ထိတ်လန့်တုန်လှုပ်သွားသည်။ အကြိတ်အနယ်ရင်ဆိုင်တိုက်ခိုက်မည်ဟု မာန်တင်းထားမှုလည်း ပျက်ပြယ်သွားသည်။

သေမင်းသ ဘော်၏အရှိန်အဝါဟန်ပါတ်မှာ အလွန်ကြီးမားသည်။ ဒုစရိုက်လောကသားများမှာ ၎င်းတို့ကိုနှိမ်နင်းနေသည့် ဥပဒေဘက်တော်သားများကို ကြောက်ရွံ့ကြမြဲဖြစ်သည်။

မကောင်းမှုမျိုးစုံကို လုပ်ဆောင်နေသည့် ဒုစရိုက်နယ်ပယ်မှ ဖြစ်သည့် ယွဲ့ချီမှာ သေမင်းသဘော်နှင့် ဆုံရမည်ကို အလွန်ကြောက်လှသည်။

ထို့ကြောင့် သေမင်းသဘော်နှင့်မဆုံရမီ ခြေရာပျောက်ရန် စီစဉ်ခဲ့သည်။ ယခုမူ ယွဲ့ချီ၏အကြံ မအောင်တော့။

တွေ့ဆုံရန် အလွန်ကြောက်လှသော သေမင်းသဘော်ပေါ်ကိုမှ ယွဲ့ချီမှာ ဆိုက်ဆိုက်မြိုက်မြိုက် တက်လာခဲ့မိသည်။

ထွက်ပြေးနိုင်မည့် နည်းလမ်းလည်းမရှိ။

ထိုအချိန်တွင် သဘော်ခန်းထဲမှ အဘိုးကြီး အိမ်းလုံလည်း လျှောက်လှမ်းထွက်လာခဲ့သည်။

"ဘယ်လိုလဲယွဲ့ချီ မင်းကကျုပ်တို့သေမင်း သဘော်ရှဲနာမည်ကို အလွဲသုံးစားလုပ် အယောင်ဆောင်ပြီး လုပ်ကြံသတင်းတွေ



ပြန့်ချီဖို့ အကြံကြီးကြံခဲ့တယ်မဟုတ်လား ့မင်းရဲ့အကြံ ကောင်းပေမယ့် ကျုပ်တို့ကိုတော့ မကြောနိုင်ပါဘူး အခုမင်းကိုယ်တိုင် ကျုပ်တို့ဆင်ထားတဲ့ ထောင်ချောက်ထဲ တိုးဝင်လာမိပြီ မဟုတ်လား မင်းရဲ့တပည့် ကိုက်ထန်းနဲ့ ပိပိတို့ကိုတော့ လူမိုက်တွေသွားရာလမ်းကို ပို့ပေးလိုက်ပြီ မင်းကိုလဲ မင်းကျူးလွန်ခဲ့တဲ့ မိုက်ပြစ်ဒဏ်တွေအတွက် ထိုက်သင့်တဲ့ အပြစ်ဒဏ်ခတ်ရမယ်"

အိမ်းလုံကပြောသည်။

"ခင်ဗျားခေါ်လာတဲ့ လက်မရှိ့ သိုင်းသမား နှစ်ယောက်ဟာ ဘယ်သူတွေလဲ"

လိန်ပင်းက ယွဲ့ချီကိုမေးသည်။

"ကျွန်မဆီမှာ လက်မရှိ့ သိုင်းသမား ခုနစ်ယောက် ရှိတယ် သူတို့အားလုံးဟာ ကျွန်မရဲ့အလှအပကို အရူးအမူး စွဲလန်းပြီး ကျွန်မဆင်ထားတဲ့ မာယာထောင်ချောက်ထဲ တိုးဝင်လာကြတဲ့ လူတွေချည်းပဲ ကျွန်မက ဒီလိုတဏှာရူးမျိုးကို အရေးလုပ်ပြီး ဘယ်သူဘယ်ဝါလို့ မှတ်ထားတာမဟုတ်ဘူး"

ထွက်ပြေးလွတ်မြောက်နိုင်တော့မည် မဟုတ်ကြောင်း ရိပ်မိသည့်အတွက် ယွဲ့ချီကလေသံမာမာဖြင့်ပင်ခပ်ထန်ထန် ပြောလိုက်သည်။

ရန့်အင်း၏ ပြောပြချက်အရ မိမိဖခင် လိန်ရိမှာ လက်မရှိ့ သိုင်းသမားတယောက်ဘဝသို့ ရောက်နေကြောင်း လိန်ပင်း သိထားပြီးဖြစ်သည်။

ယခု ယဲ့ချီက မိမိဖခင် လိန်ရိကို မိန်းမလိုက်စားသူ တယောက်အဖြစ် ရှုတ်ချပြောဆိုလာသည့်အတွက် လိန်ပင်းအတော်ဒေါသထွက်သွားပြီး ယဲ့ချီကို လက်ဝါးဖြင့် တအားရိုက်ချရန် ပြင်သည်။

လိန်ပင်း၏ လက်ဝါးရိုက် အကြောပိတ်ပညာ အလွန်ထက်မြက်သည်။ ယခုလို လက်ဝါးဖြင့် တအားအရိုက်ခံရပါက ယဲ့ချီမှာ နေရာတွင်ပင် ပွဲချင်းပြီး သေသွားနိုင်သည်။

"ဟေ့... လိန်ပင်း အရမ်းမလုပ်နဲ့ ဒီမိန်းမယုတ်ကို စစ်ဆေးစရာတွေ ရှိသေးတယ်၊ ငါတို့ဆီ ရောက်လာတဲ့ လူနှစ်ယောက်ဟာ ဘယ်သူတွေလဲဆိုတာ ငါသိရပါပြီကွာ"

အိန်းလုံက ကမန်းကတန်းဝင်ရောက်တားဆီးပြောဆိုသည်။ အိန်းလုံသည် စကားပြောယင်း ငိုသံပါလာသည်။ အတော်ပင် စိတ်ထိခိုက်ကြေကွဲနေဟန်တူသည်။

"ဘယ်သူတွေလဲဗျ မြန်မြန်ပြောစမ်းပါ"

လိန်ပင်းက ယဲ့ချီကိုရိုက်ချရန် ပြင်ထားသော လက်ဝါးကို ပြန်ရုတ်သိမ်းပြီး အလောတကြီး မေးသည်။

"တယောက်က ငါ့ရဲ့ သွေးသောက် ညီတော် အင်းဖေရီ၊ ကျန်တဲ့လူကတော့ မင်းရဲ့အဖေ လိန်ရိပဲ"

"ဟင်....ဟုတ်လား"

လိန်ပင်းက ဤသို့ပြောယင်း သဘော်ခန်းရှိရာသို့ ပြေးသွားသည်။



"ဟေ့ အရမ်းမသွားနဲ့ နေအုံး"

အိန်းလုံက ဟန့်တားလိုက်ပြန်ရာ လိန်ပင်း ခြေလှမ်းတုံ့သွားသည်။

"ဘာဖြစ်လို့လဲ ကျွန်တော့်အဖေကို တွေ့ချင်လှပြီဗျ"

"သူတို့နှစ်ယောက်စလုံး ဘာအသိဉာဏ်မှ မရှိတော့ဘူး၊ အသေအကြေ အရူးအမူးတိုက်ခိုက်ကြဖို့ပဲသိတယ်၊ သဘော်ခန်းထဲမှာ ကြော့ကွင်းတွေ ထောင်ထားတာ အတော်အသုံးကျသွားတယ်၊ နှစ်ယောက်စလုံး ကြော့ကွင်းမှာ မိကုန်ကြပြီ၊ သူတို့ဟာ ပင်ကိုသိုင်းပညာ အစွမ်းထက်တဲ့အပြင် အရူးအမူးအသေအကြေတိုက်ကြတာဆိုတော့ မင်းနဲ့ငါ ပေါင်းပြီး ထိန်းယင်တောင် အလွယ်နဲ့ရမှာမဟုတ်ဘူး ယဲ့ချီနဲ့ပြဿနာရှင်းပြီးမှ သူတို့ကို ဘယ်လိုဆက်လုပ်သင့်တယ်ဆိုတာ စဉ်းစားကြတာပေါ့"

အိန်းလုံက အကျိုးအကြောင်းရှင်းပြသည်။ လိန်ပင်းလည်း သဘော်ခန်းထဲသို့ မသွားတော့ပေ။

"သူတို့ကို မူလစိတ်ပြန်ဖြစ်လာအောင် ကုသနိုင်မယ့်ဆေး ရှိတော့ဘူးလားဗျာ"

"အနာသိတော့ ဆေးရှိတယ်တဲ့ သူတို့ကို ပင်ကိုစိတ် ပြန်ရအောင် လုပ်နိုင်တဲ့ ကုသနည်းရော ဆေးတွေရောရှိတယ်၊ ဒါပေမယ့် ဒီအတိုင်းတော့ မရနိုင်ဘူး၊ အပေးအယူ လုပ်ဖို့လိုတယ်"

ယဲ့ချီကပြောသည်။ မိမိအတွက် လွတ်မြောက်နိုင်မည့်အခွင့်အရေးပေါ်ပြီမို့ ယဲ့ချီက အတော်အားတက်နေသည်။

"ခင်ဗျားလို မိန်းမယုတ်နဲ့ ဘယ်လိုမှ အပေးအယူမလုပ်နိုင်ဘူး၊ ဖြေဆေးနဲ့ကုသနည်းကို ကျွန်တော်တို့ဘာသာ ရအောင်ရှာယူမယ်"

လိန်ပင်းက ယဲ့ချီကို မုန်းတီးစွာကြည့်ပြီး ပြောသည်။

"ဟားဟားဟား – တယ်အပြောကောင်းတယ် ဖြေဆေးနဲ့ကုသနည်းကို လွယ်လွယ်နဲ့ ရှာလို့ရနိုင်မယ်ထင်သလား၊ လက်မရှိသိုင်းသမားတွေရဲ့ အသိဉာဏ် ပင်ကိုယ်အတိုင်းဖြစ်လာအောင်ကုသနိုင်တဲ့ ကုသနည်းနဲ့ ဖြေဆေးတွေဟာ ယက္ခဂေဟာမှာပဲရှိတယ်၊ ကုသနည်းနဲ့ ဖြေဆေးကို ရှာဖို့ နေနေသာသာ ယက္ခဂေဟာ ဘယ်မှာရှိတယ်ဆိုတာ ရှင်တို့က သိလို့လား"

'ယက္ခဂေဟာ' ဟူသော စကားကို ကြားလိုက်ရသည်တွင် လိန်ပင်းမှာ အကြီးအကျယ်တုန်လှုပ်ချောက်ချားသွားသည်။

"ယက္ခဂေဟာနဲ့ လက်မရှိ့သိုင်းသမားတွေက ဘယ်လိုပတ်သက်နေလို့လဲ"

လိန်ပင်းကမေးသည်။အလွန်စိတ်လှုပ်ရှားနေချိန်မို့ လိန်ပင်း၏အသံမှာ သိသိသာသာ တုန်ယင်နေသည်။

"ချမ်းသာသဘော်ဟာ ယက္ခဂေဟာက စေလွှတ်ထားတဲ့သဘော်ဆိုတာ ရှင်မှသိသေးဘူး ထင်တယ်၊ ကျွန်မဟာလဲ ယက္ခဂေဟာ၏ လက်ရွေးစင်သိုင်းသမားတယောက်ပဲ"



လိန်ပင်းသက်ပြင်းရှည်ကြီးတချက်ချလိုက်သည်။ယက္ခဂေဟာနှင့်ပတ်သက်ခဲ့ဘူးသည့် အတိတ်မှ ဖြစ်ရပ်များကိုလည်း ပြန်လည်စဉ်းစားမိသည်။

× × ×

လွန်ခဲ့သော(၁၀)နှစ်တာ၏ ရှေ့ဘက်ပိုင်း အချိန်များကဖြစ်သည်။

ထိုအချိန်တွင် လိန်ပင်းသည် ယက္ခဂေဟာမှ ဦးစီးခေါင်းဆောင် သိုင်းဆရာကြီး ဝမ်လီဖူး၏ သမီးအကြီးဆုံး ဝမ်မေနှင့်မေတ္တာမျှကာ ချစ်နေခဲ့သည်။

ယက္ခဝမ်လီဖူးသည် သိုင်းလောကတွင်လူအများ လေးစားခြင်းခံရသော ထင်ရှားသည့် သိုင်းပညာရှင်ကြီး တယောက်ဖြစ်သည်။

လိန်ပင်းသည် ဝမ်မေနှင့် ချစ်ကြိုးသွယ် မေတ္တာနှောင်ဖွဲ့မိသော်လည်း ယက္ခဂေဟာသို့ တကြိမ်မျှမရောက်ဘူး ခဲ့ပေ။

လိန်ပင်းနှင့်ဝမ်မေတို့သည် လျှို့ဝှက်စွာ တွေ့ဆုံ ချစ်တင်းနှီးနှောနေခဲ့ကြရာမှ လူကြီးများကို ဖွင့်ဟပြောဆို၍လက်ထပ်ခွင့်တောင်းရန် တိုင်ပင်စီစဉ်ခဲ့သည်။

သို့သော် ဤသို့ဖွင့်ဟမပြောနိုင်မီ မမျှော်လင့်သော အဖြစ်များ ပေါ်ပေါက်လာခဲ့သည်။

လွန်ခဲ့သော (၁၀)နှစ်က သိုင်းလောကတွင် အတော်ဆုံး ထိပ်သီးသိုင်းသမား(၁၀)ဦးရွေးချယ်နိုင်ရန်အတွက်သိုင်းပညာပြိုင်ပွဲတခု ပြုလုပ်ခဲ့သည်။

ထိုပြိုင်ပွဲတွင်အမှတ်(၁)သိုင်းသမားနေရာအတွက်ဝမ်လီဖုံးနှင့် လိန်ပင်း၏ဖခင် လိန်ရိတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့သည်။

ယှဉ်ပြိုင်တိုက်ခိုက်ယင်း ဝမ်လီဖုံးသည် အတွင်းအားသုံးစွဲမှုလွန်ကဲပြီး အတွင်းဒဏ်ရခဲ့သည်။ ထို့ကြောင့်ပြိုင်ပွဲကို ခေတ္တရပ်ကာ ရက်ရွှေ့ဆိုင်းခဲ့သည်။

ယက္ခဝမ်လီဖုံးလည်းအတွင်းဒဏ်ကိုကုသရန်ယက္ခဂေဟာသို့ ပြန်လာခဲ့သည်။ လိန်ရိက ယက္ခဂေဟာသို့ သွားရောက်ပြီး ဝမ်လီဖုံးကိုတွေ့ဆုံ အားပေးစကား ပြောကာ၊ 'ကျူယွမ်' အသက်ကယ် အားတိုးဆေးလုံးတလုံး ပေးခဲ့သည်။

'ကျူယွမ်' အသက်ကယ်အားတိုးဆေးမှာ အလွန်ရှားပါး အစွမ်းထက်သည့် ဆေးဥဆေးမြစ်များနှင့် ဖော်စပ် ထားသည့်ဆေးတလက်ဖြစ်သည်။ အတွင်းဒဏ်များကိုကုသရာတွင်အလွန်အသုံးဝင်သည်။

သို့ရာတွင် မည်သို့မည်ပုံ ဖြစ်ပျက် သွားသည်မသိ၊ ယက္ခဝမ်လီဖုံးသည် လိန်ရိပေးသော 'ကျူယွမ်'ဆေးလုံးကိုစားပြီးနောက် သွေးအန်ကာ သေဆုံးသွားခဲ့သည်။

ပြိုင်ဘက်မရှိတော့သည့်အတွက် လိန်ရိမှာ အမှတ်(၁) သိုင်းသမားအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။



ယက္ခဂေဟာ မိသားစုများက လိန်ရိသည်ပြိုင်ပွဲတွင်အနိုင်ရလိုသောကြောင့်အဆိပ်ဆေးကို ကျူယွမ်အသက်ကယ်အားတိုးဆေးအဖြစ် လိမ်ညာကျွေးခဲ့သည်ဟု စွပ်စွဲခဲ့သည်။ လိန်ရိက အမျိုးမျိုးရှင်းပြသော်လည်း ယက္ခဂေဟာကလက်မခံ။

ဝမ်မေကလည်း လိန်ပင်းအပေါ် မုန်းတီး သွားသည်။ လိန်ပင်းနှင့် ဝမ်မေတို့၏ အချစ်ဇာတ်လမ်းလည်း တခန်းရပ်ခဲ့သည်။

ဝမ်လီဖုံး၏ဈာပနကျင်းပပြီးနောက် ယက္ခဂေဟာမိသားစုနှင့် သိုင်းသမားများသည် နေရင်းစွဲနေရာတွင်ဆက်မနေတော့ပဲပြောင်းရွှေ့သွားကြသည်။

ယက္ခဂေဟာမိသားစုနှင့် သိုင်းသမားများ မည်သည့်နေရာသို့ပြောင်းရွှေ့သွားကြောင်း မည်သူမျှမသိကြပေ။

ထိုအချိန်မှစ၍ ယက္ခဂေဟာသည် သိုင်းလောကမှ ပျောက်ကွယ်သွားခဲ့သည်။ လိန်ပင်းအဖို့လည်းဝမ်မေနှင့်ပြန်မဆုံရတော့ပေ။

လိန်ရိမှာ ဝမ်လီဖုံး သေဆုံးခဲ့သည့်ကိစ္စကြောင့်အတော်ပင် စိတ်မကောင်းဖြစ်ခဲ့သည်။

လိန်ရိသည် သားဖြစ်သူကို ခြင်္သေ့ဂေဟာသို့ သွားရောက်အပ်နှံသည်။ ခြင်္သေ့ဂေဟာ၏ ဦးစီးခေါင်းဆောင်ချိန်ဟွားမှာ လိန်ပင်း၏ အမေ့ဘက်မှ အဘွားတော်ပေသည်။ လိန်ပင်း၏ ခင်မှ လိန်ပင်းငယ်ရွယ်စဉ်ကပင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။

လိန်ရီက ပြိုင်ဘက်ကင်း သိုင်းပညာရပ်တခုဖြစ်သော 'လက်ဝါးရိုက်အကြောပိတ်သိုင်းပညာကျမ်းကို သားဖြစ်သူလေ့လာသင်ယူနိုင်ရန် အမွေအဖြစ် ပေးအပ်သည်။

သားဖြစ်သူ လိန်ပင်း၏နောင်ရေးအတွက် အစစ အရာရာ စိတ်ချရအောင် စီမံပေးခဲ့ပြီးနောက် လိန်ရီသည် သိုင်းလောကတွင် လေလွင့်ကာ ခြေဦးတည့်ရာသို့ လျှောက်သွားနေခဲ့သည်။

လိန်ပင်းသည် ဘွားအေဖြစ်သူနှင့်အတူ နေထိုင်ယင်း၊ 'လက်ဝါးရိုက် အကြောပိတ်' သိုင်းပညာကို လေ့ကျင့်သည်။ ချိန်ဟွာကလည်း'မြေးဖြစ်သူကို ခြင်္သံ့ဂေဟာ၏ အဆင့်မြင့်သိုင်းပညာများ သင်ကြားပေးသည်။

ဤသို့ဖြင့် လိန်ပင်းသည် ဖခင်၏ သိုင်းပညာအမွေသာမက အဘွား၏ သိုင်းပညာအမွေကိုပါ ဆက်ခံနိုင်ကာ ထိပ်သီး သိုင်းသမားတယောက် ဖြစ်လာခဲ့သည်။

တနေ့တွင်ဖခင်ဖြစ်သူ လိန်ရီ ထူးဆန်းစွာ ပျောက်ဆုံးနေကြောင်း လိန်ပင်းကြားသိခဲ့သည်။

လိန်ပင်းသည် အဘွားဖြစ်သူထံတွင် ခွင့်ပန်ကာ ဖခင်အကြောင်းသတင်းစုံစမ်းရန် ထွက်လာခဲ့သည်။

ဖခင်ဖြစ်သူ၏သတင်းကိုစုံစမ်းယင်းလိန်ပင်းသည်အိန်းလုံနှင့်ဆုံမိသည်။

အိန်းလုံမှာလည်း သွေးသောက် ညီဖြစ်သူ အင်းဖေရီ ထူးခြားစွာ ပျောက်ဆုံးနေသည့်အတွက် လိုက်လံ စုံစမ်းနေသူဖြစ်သည်။



အိန်းလုံမှာ သိုင်းပညာထူးချွန်အစွမ်းထက်သူဖြစ်ပြီး သိုင်းလောက၏ ထိပ်သီးသိုင်းသမား(၁၀)ဦးတွင်အမှတ်(၃)နေရာတွင်ရှိသည်။

အိန်းလုံမှာ လျှို့ဝှက်သော သေမင်း သင်္ဘောပိုင်ရှင် ဖြစ်ကြောင်း လိန်ပင်းသိခဲ့ရသည်။

လိန်ပင်း၏ ရိုးသားတည်ကြည်မှုနှင့် သိုင်းပညာအစွမ်းအစထက်မြက်မှုကို သဘောကျသောကြောင့် အိန်းလုံကမိမိနှင့်အတူ သေမင်းသင်္ဘောပေါ်ဝယ် လိုက်ပါနေထိုင်ခွင့်ပေးခဲ့သည်။

လိန်ပင်းနှင့် အိန်းလုံတို့သည် ဒုစရိုက်သမားများကို နှိမ်နင်းယင်း လိန်ရီနှင့် အင်းဖေရီတို့အကြောင်း သတင်း စုံစမ်းခဲ့ကြသည်။

နောက်ဆုံးတွင် လိန်ရီနှင့်အင်းဖေရီတို့ ပျောက်ဆုံးနေမှုမှာ ချမ်းသာသင်္ဘောနှင့်ပတ်သက်နေကြောင်း သိလာခဲ့ကြသည်။

ချမ်းသာသင်္ဘောမှာ အင်အား တောင့်တင်းသည့် အပြင် အလွန်လျှို့ဝှက်လှသောကြောင့် အိန်းလုံနှင့် လိန်ပင်းတို့သည် ချမ်းသာသင်္ဘောကို နှိမ်နင်းချေမှုန်းနိုင်ရန် အဆင့်ဆင့်စီစဉ်ဆောင်ရွက်ခဲ့ကြရသည်။

ချမ်းသာသင်္ဘောကို ချေမှုန်းနိုင်ရန်အတွက် တဆင့်ပြီးတဆင့် ကြိုးစားခဲ့ကြရာမှ ယခု နောက်ဆုံးတွင် ချမ်းသာသင်္ဘော၏ ခေါင်းဆောင်ဖြစ်သူ ယဲ့ချီကို အမိဖမ်းနိုင်ကြခြင်း ဖြစ်သည်။

× × ×

ယဲ့ချီ၏ စကားအရ ချမ်းသာသင်္ဘောမှာ ယက္ခဂေဟာ၏ လက်အောက်ခံဖြစ်ကြောင်း သိရသောအခါ လိန်ပင်း အတော် အံ့သြသွားသည်။

လိန်ပင်းသိထားသလောက်ဆိုလျှင် ယက္ခဂေဟာမှ လူများမှာ အများအကျိုးဆောင်ရွက်သော သိုင်းသမားကောင်းများ ဖြစ်ကြသည်။ မကောင်းမှု ဒုစရိုက်မျိုးစုံလုပ်နေသော ချမ်းသာ သင်္ဘောနှင့် ပတ်သက်စရာ အကြောင်းမရှိ။

ဤကိစ္စတွင် ထူးခြားသော လျှို့ဝှက်ချက် တခုခုရှိမည်ဟု လိန်ပင်း ထင်မိသည်။

"ခင်ဗျားက ယက္ခဂေဟာက လက်ရွေးစင် သိုင်းသမား တယောက်ဆိုတော့ ယက္ခအဘိုးကြီး ဝမ်လီဖုံး သေဆုံးသွားတဲ့ကိစ္စကို အတွင်းကျကျ သိထားမှာပေါ့"

လိန်ပင်း သည် အတိတ်မှ ဖြစ်ရပ်ရှင်များကို ပြန်လည် စဉ်းစားပြီးနောက် ယဲ့ချီကိုမေးလိုက်သည်။

ဝမ်လီဖုံး သေဆုံးခဲ့မှုတွင် လိန်ပင်းအဖို့ သံသယဖြစ်စရာ အကြောင်းများရှိနေသည်။ ယက္ခဂေဟာ မိသားစု ကလည်း လျှို့ဝှက်စွာ နေရာပြောင်းရွှေ့သွားကြရာ လိန်ပင်းအဖို့ စုံစမ်းရန် လမ်းစပျောက်နေသည်။

ယခု ယဲ့ချီက သူ့ကိုယ်သူ ယက္ခဂေဟာမှ လက်ရွေးစင် သိုင်းသမားဟုဆိုလာ၍ လိန်ပင်းက မေးလိုက်ခြင်း ဖြစ်သည်။



"ဆရာကြီး ဝမ်လီဖုံး ကွယ်လွန်သွားတဲ့ အချိန်တုန်းက ဆရာကြီးရဲ့ အနားမှာ သူ့သမီးနှစ်ယောက်ရယ်၊ ကျွန်မရယ် သုံးယောက်ပဲ ရှိကြတာပဲ သူသေဆုံးတဲ့ကိစ္စကို အားလုံး သိတာပေါ့"

ယဲ့ချီက ပြန်ပြောသည်။

"ဝမ်လီဖုံးဟာ ကျွန်တော့်အဖေပေးတဲ့ ကျူယွမ်ဆေး လုံးစားပြီး သေသွားတယ်ဆိုတာ တကယ်ပဲလား"

"ဟုတ်တယ် အဲဒါ အမှန်ပဲ"

"တခြား ဆေးတခုခုများ စားမိသေးလား"

"ဘာဆေးမှ မစားဘူး ကျူယွမ်ဆေးစားပြီး ခဏလောက် ကြာတော့ သွေးအန်ပြီး သေသွားတာပဲ"

"ဆေးကို ဘယ်အချိန်မှာ စားတာလဲ"

"ရှင့်အဖေ လိန်ရိက ဆရာကြီးကို လာသတင်းမေးပြီး ကျူယွမ် ဆေးလုံးပေးတယ် စကားနည်းနည်းလောက် ပြောပြီး ရှင့်အဖေ ပြန်သွားတယ် ရှင့်အဖေ ပြန်သွားပြီး ခဏကြာတာနဲ့ ဆရာကြီးက ကျူယွမ်ဆေးလုံးကို သောက်လိုက်တာပဲ"

"သူ မသေခင် ဘာပြောသွားသေးလဲ"

"ဆရာကြီးဟာ ဆေးစားပြီးတာနဲ့ မျက်နှာချက်ချင်းပျက် သွားတယ်၊ သမီးတို့ရေ ဖေဖေတော့ ဆေးစား မှားသွားပြီ ဒါပေမယ့် လိန်ရိကိုတော့ ဘယ်လိုမှ အပြစ်မယူကြပါနဲ့ လိန်ရိ

ဟာ တည်ကြည်ဖြောင့်မတ်တဲ့ သိုင်းသမားကောင်း တယောက် ဖြစ်တယ်၊ ဒီလို အဆိပ်ဆေးကို အသက်ကယ် အားတိုးဆေးလို့ လိမ်ပေးမှာမဟုတ်ဘူး ကြားထဲက တယောက်ယောက် ဝင်နှောက်ပြီး မကောင်းကြံသွားတာဖြစ်ရမယ်၊ မကောင်းကြံတဲ့ လူ ဘယ်သူလဲဆိုတာ သိအောင် စုံစမ်းပါလို့ သူ့သမီး နှစ်ယောက်ကိုမှာပြီး အသက်ပျောက်သွားတာပဲ"

"သူ့သမီးတွေက မစုံစမ်းကြဘူးလား"

"ဆရာကြီးရဲ့ သမီးနှစ်ယောက်စလုံးကတော့ ယက္ခဂေဟာ မိသားစုဝင် သိုင်းသမား တွေကတော့ ဒီကိစ္စဟာ လိန်ရိရဲ့ အကောက်ကြံမှုလို့ ယုံနေကြတယ်၊ ဒါပေမယ့်ဆရာကြီးရဲ့ မှာကြားချက်အရ စုံစမ်းမှုတော့ လုပ်ပါတယ်၊ ချမ်းသာသဘော်ဟာ အဲဒီလို စုံစမ်းဖို့လွှတ်ထားတဲ့ အခြေစိုက်စခန်းပေါ့"

"ဒီ လုပ်ကြံမှုကို စုံစမ်းဖို့လွှတ်ထားတဲ့ ချမ်းသာသဘော်မှာ ဘာကြောင့် လောင်းကစားဝိုင်းတွေနဲ့ မကောင်းမှု ဒုစရိုက် လုပ်ငန်းတွေ လုပ်နေရတာလဲ"

ဤမေးခွန်းကိုမူ ယဲ့ချီက မည်သို့မျှ အဖြေမပေးပဲနေသည်။

ချမ်းသာသဘော်ပေါ်ဝယ် ဒုစရိုက်မှုများပြုလုပ်နေခြင်းနှင့် ပတ်သက်၍ ထူးခြားသော လျှို့ဝှက်ချက် ရှိမည်ဟု လိန်ပင်း ထင်မြင် ယူဆထားချက်အတွက် မှန်ကန်ကြောင်း အထောက်အကူပြုသလို ဖြစ်နေသည်။



ထိုလျှို့ဝှက်ချက်ကို တဖြည်းဖြည်းစုံစမ်းဖော်ထုတ်ရန်လိုအပ်ကြောင်း နားလည်သည့်အတွက် ချမ်းသာသဘော် ပေါ်မှ မကောင်းမှုဒုစရိုက် လုပ်ငန်းများနှင့် ပတ်သက်၍ ဆက်လက်မေးမြန်းခြင်း မပြုတော့ပေ။

"ကဲ ဦးလေးအိန်း ယဲ့ချီကို ဘယ်လိုစီရင်ရမလဲ"

လိန်ပင်းက အိန်းလုံကို မေးလိုက်သည်။ မိမိကိုသုတ်သင်ပစ်တော့မည်ဟုထင်သောကြောင့် ယဲ့ချီအလွန်ထိတ်လန့်သွားသည်။

"နေ – နေကြပါအုံး... ကျွန်မကို သတ်ယင် ရှင်တို့မှားလိမ့်မယ်၊ ကျွန်မ မရှိပဲနဲ့ ရှင်တို့ဖမ်းမိထားတဲ့ လက်မရှည်သိုင်းသမား နှစ်ယောက်ကို ထိန်းသိမ်းနိုင်ကြမှာ မဟုတ်ဘူး"

ယဲ့ချီက ကမန်းကတန်းကြားဝင်ပြောသည်။

"အခုလောလောဆယ် ယဲ့ချီကို ဘယ်လိုမှ ဒဏ်မခတ်ပဲ ဖမ်းချုပ် ထားတာက ငါတို့အတွက် ပိုအကျိုး ရှိလိမ့်မယ် ဝမ်လီဖုံးသေဆုံးတဲ့ကိစ္စရဲ့ လက်သည်တရားခံအစစ်ကို စုံစမ်းဖို့နဲ့ လက်မရှည့်သိုင်းသမားတွေကို မူလအသိဉာဏ်ပြန်ရပြီးလူကောင်း ပြန်ဖြစ်လာဖို့အတွက် ယဲ့ချီရဲ့ အကူအညီ အတော်များများလိုတယ် သူ့ကိုငါတို့က ဖမ်းချုပ်ထားပြီးတဲ့နောက်တော့ကြိုက်တဲ့ အချိန်မှာ ကြိုက်သလို အပြစ်ဒဏ်စီရင်နိုင်ပါတယ်ကွာလောစရာ မလိုပါဘူး"

အိန်းလုံကပြောသည်။ လိန်ပင်းကဘာမျှပြန်မပြော။ နှုတ်ဆိတ်၍နေသည်။

သောသောဆယ် မိမိ၏အသက် ချမ်းသာရာ ရနေသေးသည်မို့ ယွဲ့ချိုအတော်စိတ်အေးသွားသည်။

အိန်းလုံက လိန်ပင်းကို အသာမျက်ရိပ်တချက်ပြလိုက်သည်။ လိန်ပင်းက ယွဲ့ချိုအနီးသို့သွားကာခါးဆစ်တွင်ရှိသော ပျော့ခွေကြောကို အသာလက်ဝါးနှင့်ရိုက်ပုတ်၍ ပိတ်လိုက်သည်။

ယွဲ့ချိုမလှုပ်နိုင်တော့။

"ကဲ လက်မရှိ့သိုင်းသမားဘဝ ရောက်နေကြတဲ့ လိန်ရိုနဲ့ အင်းဖေရီတို့ကို ဘယ်လိုထိန်းသိမ်းထားရယင်ကောင်းမှာလဲ"

ယွဲ့ချိုကို မလှုပ်မရှားနိုင်အောင် အကြောပိတ်လိုက်ပြီးနောက် အိန်းလုံကမေးသည်။

"သူတို့ဟာ ထိပ်တန်းသိုင်းသမားတွေ ဖြစ်တဲ့အပြင် အသိဉာဏ်လဲ ပျက်စီးနေတာဆိုတော့ ထိန်းသိမ်းရ အလွန်ခက်ပါတယ် ရှင်တို့သံသယ မဖြစ်ဘူးဆိုယင် အကောင်းဆုံးနည်းလမ်းကို ပြောပြပါ့မယ်"

ယွဲ့ချိုက ပြန်ပြောသည်။ ယွဲ့ချိုမှာမလှုပ်မရှားနိုင်သော်လည်း စကားမူ ပြောနိုင်သေးသည်။

"ဘယ်လိုနည်းလမ်းလဲဆိုတာ ပြောစမ်းပါအုံး"

"သူတို့ကို အထူးဆောက်လုပ်ထားတဲ့ သီးသန့်ခန်းမှာထားဖို့လိုပါတယ် ပြီးတော့ အထူးစီမံဖော်စပ်ထားတဲ့ ဆေးတွေကို အချိန်မှန်မှန် တိုက်ကျွေးပေးဖို့လဲလိုပါတယ် သူတို့အတွက်နေ



ထိုင်ဖို့ အသင့်တော်ဆုံးအခန်းက ချမ်းသာသဘော်ကလျှို့ဝှက်ခန်းဆောင်ပဲဖြစ်ပါတယ် သူတို့အတွက်လိုအပ်တဲ့ ဆေးတွေလဲ ချမ်းသာသဘော်မှာ ပြည့်ပြည့်စုံစုံရှိပါတယ်"

"မင်းဆိုလိုတာက သူတို့ကို ကောင်းကောင်းမွန်မွန် ထိန်းသိမ်း နိုင်အောင်လို့ ချမ်းသာ သဘော်မှာ သွားထားတာ အကောင်းဆုံးပဲပေါ့ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီပြင်နည်းလမ်းမရှိတော့ဘူးလား"

"မရှိပါဘူးကျွန်မပြောတာအကောင်းဆုံး နည်းလမ်းပါပဲ"

အိန်းလုံးက သဘောထားတောင်းသည့် အသွင်ဖြင့်လိန်ပင်းကို လှမ်းကြည့်သည်။

ထို အခိုက်မှာပင် အော်ဟစ်ဆဲဆိုသံများမလှမ်းမကမ်းမှပေါ်လာသည်။

"တောက် လူကိုဘာများမှတ်နေလဲမသိဘူး ညကြီးမင်းကြီးမှာတောင် အတင်းခရီးထွက်ခိုင်းနေတယ် နားချိန်ကို မရဘူး"

"ဟုတ်တယ်ကွ နေ့လဲမနားရညလဲမနားရနဲ့ ဒီလိုမှန်းသိယင် ဒီသဘော်မှာ သဘော်သားလာမလုပ်ပါဘူး"

မြောက်ပိုင်းဒေသခံစကားဖြင့်ပြောဆိုနေကြခြင်း ဖြစ်သည်။ လိန်ပင်းနှင့် အိန်းလုံတို့မှာ တရုတ်ပြည် ဒေသအသီးသီး၏ ဒေသခံစကားအတော်များများကိုတတ်ကျွမ်းကြသောကြောင့် ထိုစကားများကို နားလည်သည်။

အိန်းလုံနှင့် လိန်ပင်းတို့ လှမ်းကြည့်လိုက်ကြရာမြစ်ကြောင်းအတိုင်း သေမင်းသင်္ဘောရှိရာသို့ ဦးတည်ကာ ခုတ်မောင်းလာသော သင်္ဘောကြီးတစင်း၏ မဲမဲသဏ္ဍာန်ကိုမြင်ရသည်။

အလင်းရောင်အားနည်းလှသောကြောင့် သင်္ဘော၏ ပုံပန်းသဏ္ဍာန်ကို ပီပီပြင်ပြင်မမြင်ရပေ။ ခပ်ဝါးဝါးသာ တွေ့ကြရသည်။

စကားသံများမှာ ထိုသင်္ဘောပေါ်မှ ပေါ်ထွက်လာခြင်းဖြစ်သည်။ မကျေမနပ် ပြောဆိုနေကြသည့် အသံများ ကြားမှ ဖျောင်းဖျနှစ်သိမ့်သံများလည်း ပေါ်လာပြန်သည်။

"သိပ်ပြီး ဆူဆူပူပူ လုပ်မနေကြပါနဲ့ကွာ မိုးခေါင်ပြီး ငတ်မွတ်ခေါင်းပါးနေတဲ့အရပ်ကို ရိက္ခာပို့ပေးဖို့ သွားနေတာပါ စောစောပိုရောက်တော့ ငတ်ပြတ်နေတဲ့လူတွေ စောစောပိုစားရသောက်ရတာပေါ့ ကုသိုလ်ရပါတယ်ကွာ"

လိန်ပင်းက ပေါ်ထွက်လာသော စကားသံများကိုသေသေချာချာနားထောင်ပြီး အိန်းလုံကို လှမ်းပြောသည်။

"ဦးလေးအိန်း အခုလာနေတဲ့ သင်္ဘောကြီးဟာ မသင်္ကာစရာပဲ မီးလဲထွန်းမထားဘူး ပြီးတော့ သင်္ဘောသားတွေက စကားတွေကို တအားအော်ပြောနေကြတယ်၊ သူတို့အချင်းချင်း ပြောကြဆိုကြတာ ဒီလောက် အသံကုန်အော်နေစရာ မလိုဘူး အခုသူတို့အော်ပြောနေကြပုံက ကျွန်တော်တို့ ကြားရအောင် ပြောနေကြတဲ့ပုံမျိုးပဲ"



"အေး....ဟုတ်တယ် ဘော်ဘော်ထူးခြားတယ်"

"အဲဒီ သင်္ဘောကြီး ဘယ်လိုရည်ရွယ်ချက်နဲ့လာနေတယ်ဆိုတာသိရအောင် ကျွန်တော် သွားစုံစမ်းကြည့်မယ် ဦးလေးကယဲ့ချိကို ကြည့်ထိန်းထားပါ သင်္ဘောခန်းထဲမှာရှိနေတဲ့ဖေဖေနဲ့ ဦးလေး အင်းဖေရီတို့ကိုတော့ခဏတဖြုတ်အေးအေးဆေးဆေးနေနိုင်အောင် အိပ်ဆေးတိုက်ထားလိုက်ပါ"

လိန်ပင်းကဤသို့ပြောဆိုမှာကြားပြီးနောက်အသင့်စီစဉ်ထားသော လှေငယ်တစင်းပေါ်သို့ ခုန်ဆင်းလိုက်သည်။

× × ×

အချိန်မှာ နံနက်(၃)နာရီခန့် ရှိပြီဖြစ်သည်။မကြာမီမှာပင်အာရုံတက်တော့မည်။

လိန်ပင်းသည် လှေငယ်ကို တက်သုတ်ရိုက် လှော်ခတ်ယင်းစကားသံများ ပေါ်ထွက်လာရာ သင်္ဘောရှိရာသို့ လာခဲ့သည်။

ဘာဘော်နှင့် နီးကပ်လာရာ သင်္ဘော၏ ပုံပန်းသဏ္ဍာန်ကိုကောင်းစွာတွေ့မြင်လာရသည်။

"ဟာ...လက်စသတ်တော့ ချမ်းသာသင်္ဘော ပါလားသူပေါ်ပေါက်တဲ့အချိန်အခါမဟုတ်ပဲ ဘာကြောင့် ပေါ်လာရတာလဲဘာပဲဖြစ်ဖြစ်ချမ်းသာသင်္ဘောနဲ့လာဆုံရတာကံကောင်းတာပဲ ချမ်းသာသင်္ဘော ပေါ်မှာ အဖမ်းခံနေရတဲ့ ညီလေးအူကန်းကို ဝင်ကယ်ရမယ်"

လိန်ပင်းသည် ဤသို့စဉ်းစားစိတ်ကူးကာ ချမ်းသာသဘော်၁အနီးသို့ ချဉ်းကပ်လာခဲ့သည်။ ထို့နောက် သဘော်၁ ကုန်းပတ်ပေါ်သို့ တွယ်ကပ်တက်သွားသည်။

ချမ်းသာသဘော်၁သည် သာမန်သဘော်၁များထက် နှစ်ဆနီးပါးကြီးမားသော သဘော်၁ကြီးတစီး ဖြစ်သည်။ သဘော်၁ကုန်းပတ်ထက်ဝယ် အခန်းကြီးအခန်းငယ်များစွာရှိသည်။

လိန်ပင်းမှာ မည်သည့်အခန်းသို့ဝင်၍အူကန်းကို ရှာရမှန်းမသိ။

နောက်ဆုံးတွင် ချမ်းသာသဘော်၁မှ သိုင်းသမားတယောက်ယောက်ကို အမိဖမ်းပြီး အူကန်းရှိသည့်နေရာကိုစစ်မေးကြည့်ရန်စိတ်ကူးရလာသည်။

ထို့ကြောင့်လိန်ပင်းသည် သဘော်၁ခန်းများရှိရာသို့ အသာအယာချဉ်းကပ်လာသည်။

သဘော်၁ခန်းများမှာ မှောင်မည်းပြီး တိတ်ဆိတ် နေသည်။ လိန်ပင်းက အခန်း(၁၀)ခန်းကို ဖြတ်ကျော် လာမိသည့် အချိန်အထိ မည်သူတစုံတယောက်ကိုမျှမတွေ့ရ။

(၁၁)ခန်းမြောက် အခန်းနားသို့ ချဉ်းကပ်လာသောအခါတွင်မူ အခန်းတွင်းမှ တီးတိုးပြောနေကြသောစကားသံများကိုကြားရသည်။

"သဘော်၁ချင်းကပ်မိတာနဲ့ အမြန်ဆုံးလုပ်ရှားကြဖို့ အရေးကြီးတယ်နော်၊ ဟိုဘက်သဘော်၁ပေါ်ကူးမိယင် မမလေး ယွဲ့ချီ



ပွဲအားလုံးဝိုင်းပီးတိုက်ကြရမယ် ဟိုမှာရှိနေတဲ့ လူတွေထဲမှာ မလေးယွဲ့ချီက အခရာပဲ သူ့ကိုသာသုတ်သင်ပစ်နိုင်ယင်ကျန်တဲ့ သူတွေလဲ အလိုလို အရှုံးပေးကြလိမ့်မယ်"

ယွဲ့ချီကို အံ့တုတိုက်ခိုက်ရန် ပြောဆိုတိုင်ပင်နေကြသည့် အသံ ...ားမို့ လိန်ပင်းအံ့ဩသွားသည်။ လိန်ပင်းသည် တံခါးဝတွင် ...သာရပ်ကာ အခန်းထဲမှ စကားသံများကို အာရုံ စိုက်ကာ ...ားထောင်သည်။

စကားသံများအရ၊ ယွဲ့ချီ၏တပည့်မဟာချို့ကအမြင်မှန်ရကာ ...ရိုက်နယ်ပယ်မှအလွတ်ရုန်းထွက်နိုင်ရန်အတွက် လုပ်ဆောင်နေ...ကြောင်းနှင့် ဤလုပ်ဆောင်မှုတွင်ချင်းချင်းနှင့် မုံ့မုံ့ဆိုသူ...းကလေး (၂) ဦးက ဦးဆောင် နေကြောင်း လိန်ပင်း...သည်။

အမှားကိုမြင်၍ အမှန်ရောက်အောင် လုပ်ဆောင်ဝံ့သော ...ချင်းနှင့် မုံ့မုံ့တို့၏ စိတ်ဓာတ်နှင့် သတ္တိကို လိန်ပင်းချီးမွမ်း...ည်။

လိန်ပင်းကယွဲ့ချီကို မိမိတို့လက်ရဖမ်းမိထားကြောင်း ပြော...ရန် အခန်းထဲသို့ဝင်မည်ပြုစဉ်သဘော်၁ပဲ့ပိုင်းဆီမှတဒိုင်းဒိုင်း...များမြည်လာပြီး အချက်ပေးမီးကျည်များကောင်းကင်သို့ ...ပြီးတခု ထိုးတက်လာသည်။

အချက်ပေးမီးကျည်များ၏ အရောင်ကြောင့် သဘော်၁မှာ ...လင်း၍သွားသည်။

လိန်ပင်းသည် သဘော်ခန်းထဲသို့ မဝင်တော့ပဲရွက်တိုင်ရှိရာသို့ ပြေးသွားကာရွက်တိုင်ပေါ် တွယ်တက်လာခဲ့သည်။ ရွက်ထည်များကြားဝယ်ဝင်ပုန်းနေယင်း စာဆက်ဖြစ်လာဦးမည်နည်းဟု စောင့်ဆိုင်းအကဲခတ်ကြည့်နေသည်။

လိန်ပင်း ရွက်ထည်များ ကြားသို့ ဝင်ပုန်း မိချိန်တွင် သဘော်ပဲ့ပိုင်းမှ လက်နက်ကိုင်လူတစု ပြေးလာသည်ကို တွေ့ရသည်။

ထိုလူစုတွင် ယောကျ်ား(၃)ယောက်နှင့်မိန်းမ(၂)ယောက်ပါသည်။ မိန်းမ(၂)ဦးအနက်မှ အရပ်မြင့်မြင့် အနက်ရောင်ဝတ်စုံဝတ်ထားသော အမျိုးသမီးက ရှေ့ဆုံးမှ ဦးဆောင်၍လာသည်။

စောစောက စကားပြောသံများကြားခဲ့ရသည့်သဘော်ခန်းထဲမှလည်း မိန်းမပျို(၁၂)ယောက် ပြေးထွက် လာကြသည်။ ထိုမိန်းမပျိုများမှာလည်း လက်နက်များကိုင်စွဲထားကြသည်။

"ဟာ—ရောင်လင်တို့ လွတ်လာကြပြီ"

သဘော်ခန်းထဲမှ ပြေးထွက်လာသော မိန်းမပျိုတယောက်က အလန့်တကြား အော်ဟစ်လိုက်သည်။

"ဟေ့... ချင်းချင်းနဲ့မုံ့မုံ့ နင်တို့အကြံတွေပျက်ကုန်ပြီနင်တို့အားလုံး သေဖို့သာပြင်ပေတော့ နင်တို့က ငါ့ကို နဂါးအဆိပ်ဆေးကျွေးထားပေမယ့် မမလေးယဲ့ချီနဲ့တွေ့ယင်ဖြေဆေးရမှာပဲ နင်တို့ကို ဘာမှမကြောက်ဘူး"



ပဲ့ပိုင်းမှ ပြေးထွက်လာသောလူစုကို ဦးဆောင် လာသည့်အမျိုးသမီးကပြောသည်။

× × ×

ပဲ့ပိုင်းမှပြေးထွက်လာသည့် လက်နက်ကိုင်လူစုကို ဦးဆောင်လာသူမှာ ယဲ့ချီ၏ လူယုံတော်ရောင်လင်ပင်ဖြစ်သည်။

ယဲ့ချီ၏ လူယုံတော်တယောက်ဖြစ်သည့်အတွက် ရောင်လင်ထံတွင် အချုပ်ခန်း၏သော့တွဲများ ရှိနေခဲ့သည်။ ချင်းချင်းတို့က ရောင်လင်ကို ခေတ္တချုပ်နှောင်ထားခဲ့ရာတွင် စေ့စေ့စပ်စပ်မရှာဖွေခဲ့သောကြောင့် ရောင်လင်ထံတွင်ရှိနေသော သော့များကို မတွေ့ခဲ့ပေ။ မသိမ်းဆည်းခဲ့ပေ။

ရောင်လင်သည် အချုပ်ခန်းထဲဝယ် ထည့်သွင်း ချုပ်နှောင်ခြင်းခံရသူများကို သော့ထိုးပေးကာ ချင်းချင်းတို့ကို ဆန့်ကျင်တိုက်ခိုက်ရန် သိမ်းသွင်းပြောဆိုခဲ့သည်။

ချင်းချင်းက မိမိတို့ကို သက်ဆိုင်ရာများထံ အပ်တော့မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာများလက်သို့ ရောက်လျှင် မိမိတို့လို ဖြစ်မှုကျူးလွန်ထားသူများအဖို့ သေဒဏ် ကျခံကြရမည် ဖြစ်ကြောင်း၊ ယခု မိမိတို့ကို ချင်းချင်းက နဂါးအဆိပ်ဆေးများကျွေးကာ ထိန်းချုပ် ထား သော်လည်း ကြောက်စရာ မလိုကြောင်း၊ ယဲ့ချီထံမှ ဖြေဆေးရနိုင်မည်ဖြစ်ကြောင်း အမျိုးမျိုးပြောဆိုခဲ့သည်။

နောက်ဆုံးတွင် အချုပ်ခံနေကြရသူများမှာ ရောင်လင်၏ စကားကို နားယောင်ကာ ချင်းချင်းတို့အားဆန့်ကျင်တိုက်ခိုက်ရန် သဘောတူကြလေတော့သည်။

ဤတွင် ရောင်လင်က အချုပ်ခန်းတံခါးကို မိမိထံတွင်ရှိနေသော သော့များနှင့်ဖွင့်ကာ ထွက်လာခဲ့ကြသည်။

ချင်းချင်းတို့လူစုမှာ ယဲ့ချီရှိနေသော သင်္ဘောသို့ရောက်လျှင် လုပ်ဆောင်ရမည့်ကိစ္စများကို စိတ်ချစောနေကြရာရောင်လင်တို့သည် သင်္ဘောပဲ့ပိုင်းရှိ အရံ လက်နက်ခန်းသို့ အနှောင့်အယှက်မရှိပဲ အရောက်လာနိုင်ခဲ့ကြသည်။

ရောင်လင်တို့က ထိုအရံလက်နက်ခန်းထဲမှ လက်နက်များကို ယူသည်။

ချမ်းသာသင်္ဘောပေါ်တွင် အန္တရာယ် ပေါ် နေကြောင်း ယဲ့ချီတို့သိရှိစေရန် အချက်ပေးမီးကျည်များပစ်လွှတ်ပြီးနောက် ချင်းချင်းတို့ကို တိုက်ခိုက်ရန်လာခဲ့ကြခြင်းဖြစ်သည်။

ယဲ့ချီမှာ သေမင်းသင်္ဘောပေါ်ဝယ် အဖမ်းခံ နေရပြီဖြစ်ကြောင်းကိုမူ ရောင်လင်တို့အုပ်စုရော ချင်းချင်းတို့လူစုပါ မသိကြသေးပေ။

ရောင်လင်၏ဘက်တွင် လူ(၅)ဦးရှိပြီး ချင်းချင်းတို့ဘက်တွင် (၁၂)ဦးရှိသည်။

ချမ်းသာသင်္ဘောပေါ်ရှိ ကျန်လူများမှာမူမည်သည့်ဘက်က



မျှ မပါပဲ မိမိတို့နေရာများတွင် မိမိတို့နေကာ အခြေအနေကို စောင့်ကြည့်နေကြသည်။

ချင်းချင်းတို့ဘက်တွင် အင်အားများသော်လည်း ရောင်လင်၏ သိုင်းပညာစွမ်းက ချင်းချင်းတို့ထက်များစွာသာသည်။

ရင်ဆိုင်တိုက်ခိုက်ပြီး မကြာမီမှာပင် ချင်းချင်းတို့ ဘက်မှ နှင်းဆီသိုင်းကညာ(၂)ဦး ရောင်လင်၏လက်ချက်မိကာ လဲကျသွား ကြသည်။

ချင်းချင်းနှင့်မုံမုံတို့မှာလည်း ရောင်လင်၏ ဖမ်းချုပ်ခြင်းကို ခံလိုက်ကြရသည်။

ချင်းချင်းနှင့် မုံမုံတို့ ရောင်လင်လက်တွင် ဖမ်းချုပ်ခြင်းခံကြရပြီးနောက် ကျန်မိန်းမပျိုများမှာ စိတ်ဓာတ်ပျက်ကာ ဖရိုဖရဲ ဖြစ်ကုန်ကြသည်။

လိန်ပင်း ကြည့်မနေသာတော့။

ရွက်တိုင်ပေါ်မှ ခုန်ဆင်းကာ ရောင်လင်ရှိရာသို့ ပြေးဝင်လာခဲ့သည်။

ရုတ်တရက်ပေါ်လာသော လိန်ပင်းကိုတွေ့ကြရသောအခါ တိုက်ခိုက်နေကြသူအားလုံး အံ့အားသင့်ကုန်ကြသည်။

ဤသို့ အံ့အားတသင့် ဖြစ်နေကြခိုက်တွင် လိန်ပင်းက ရောင်လင်၏ အနီးသို့ ချဉ်းကပ်ရောက်ရှိသွားပြီး ရောင်လင်၏

ဃယ်ဘက်ပခုံးပေါ်မှ လက်ဝဲရေစီး သွေးကြောကွက် နေရာကို လက်ဝါးဖြင့် ရိုက်ချလိုက်ကြသည်။

လက်ဝါးရိုက် အကြောပိတ်ပညာကို သုံးလိုက်သည်မို့၊ ရှောင်လင်မှာ တကိုယ်လုံး ပျော့ခွေကာ ပုံလျက်သား လဲကျသွားသည်။

ချင်းချင်းနှင့် မှုံမှုံ တို့လည်း ချုပ်ဖမ်းခြင်းခံထားရရာမှလွတ်သွားကြသည်။ လိန်ပင်းက မိန်ကလေးနှစ်ယောက်၏ အပိတ်ခံထားရသော သွေးကြောများကို ဖွင့်ဖြေပေးလိုက်သည်။

ရှောင်လင်၏လူများကလည်းဆက်လက်တိုက်ခိုက်ခြင်းမပြုကြတော့ပဲ လက်နက်ချလိုက်ကြသည်။

"အခုလို ကျွန်မတို့ဘက်က ဝိုင်းဝန်းကူညီပေးတာ အများကြီးကျေးဇူးတင်ပါတယ်အစ်ကို"

ရှောင်လင်၏လူများကို လက်နက်သိမ်းကာဖမ်းဆီးပြီးနောက် ချင်းချင်းက လိန်ပင်းကို ကျေးဇူးတင်စကားဆိုသည်။

"ညီမတို့က အမှားကိုမြင်ပြီး လမ်းမှန်ကိုရောက်အောင် ကြိုးစားနေကြတဲ့ လူတွေပဲ ဒီလိုလူမျိုးကို ဝိုင်းဝန်းကူညီပြီးလမ်းမှန်ပေါ်အရောက်ပို့ပေးရမှာကသိုင်းသမားကောင်းတိုင်းရဲ့ဝတ္တရားပါ ဒါနဲ့အူကန်းတယောက်ကော"

လိန်ပင်းကမိမိသိလိုလှသော အကြောင်းကို မေးလိုက်သည်။

"အူကန်းကို ကျွန်မတို့လွှတ်ပေးလိုက်ပါပြီ အခုလောက်ဆိုယင် ဘေးကင်းရာ တနေရာရာကိုရောက်နေရောပေါ့"



ချင်းချင်းက ပြန်ပြောသည်။ ချင်းချင်းကပင် ဆက်လက်၍ အူကန်းကို ယွဲ့ချီကဖမ်းဆီးနှိပ်စက်နေခဲ့ပုံ၊ အချိုသတ်လှည့်ကွက်ဆင်ပြီး လိန်ပင်းနှင့် အိမ်းလုံတို့အကြောင်း မေးမြန်းရန်ကြံခဲ့ပုံ မိမိတို့က အူကန်းကို လွတ်မြောက်အောင် လုပ်ပေးလိုက်ပုံတို့ကို အသေးစိတ်ပြောပြသည်။

"အူကန်း ဘယ်နေရာကို ထွက်သွားတာလဲ"

"အဲဒါကိုတော့ ကျွန်မတို့မသိဘူး အော့ထင်ဆိပ်ကမ်းပေါ်တက်သွားတာပဲ"

လိန်ပင်းမှာ အူကန်းအပေါ် အတော်သံယောဇဉ်ကြီးသည်။ အူကန်းတယောက်တည်း ဒုက္ခနှင့်ရင်ဆိုင်နေရမည်ကိုစိုးရိမ်ပူပန်မိသည်။

ယခု ယွဲ့ချီကို ဖမ်းမိပြီး ချမ်းသာသင်္ဘောမှာလည်းအမှားကိုမြင်ကာဒုစရိုက်နယ်ပယ်ကိုကျောခိုင်းစွန့်ခွာလာသည့်ချင်းချင်းတို့လက်ထဲရောက်နေပြီဖြစ်ရာ၊ လိန်ပင်းအဖို့ ဆက်လက်ကူညီ လုပ်ဆောင်ပေးစရာ သိပ်မရှိတော့ပေ။

ထို့ကြောင့် တယောက်တည်းထွက်သွားသော အူကန်းကို လိုက်ရှာရန် လိန်ပင်းစိတ်ပိုင်းဖြတ်လိုက်သည်။

"ယွဲ့ချီကိုလဲ အမိဖမ်းထားပြီးပါပြီ သူ့ကိုညီမတို့ ကြောက်နေစရာမလိုတော့ဘူး ဟောဟိုရှေ့ကဟာ သေမင်း သင်္ဘောပဲ အဲဒီသင်္ဘောပေါ်မှာ ဦးလေးအိမ်းလုံဆိုတဲ့ အဘိုးကြီးရှိတယ်၊ ယွဲ့ချီကိုလည်း အဲဒီ သင်္ဘောပေါ်မှာ ဖမ်းချုပ် ထားတယ်

ထက်မရှုံ့သိုင်းသမားဘဝကို ရောက်နေကြတဲ့ အစ်ကိုရဲ့ဖေဖေ လိန်ရှိန်ဦးလေးအိန်းလုံရဲ့ သွေးသောက်ညီတော်အင်းဖေရီတို့လဲ ရှိနေကြတယ် ညီမတို့သေမင်းသဘော်ပေါ်ကို တက်သွားပြီး ဦးလေးအိန်းလုံကိုအကျိုးအကြောင်းပြောပြပါဦးလေးအိန်းလုံက ဘာဆက်လုပ်ရမယ်ဆိုတာ စီမံပေးလိမ့်မယ် အစ်ကိုကတော့ အုကန်းကို လိုက်ရှာလိုက်အုံးမယ်”

လိန်ပင်းက ချင်းချင်းတို့ကို ပါးစပ်မှလည်း ပြောသည်။ အိန်းလုံကိုပေးရန် စာတစောင်လည်း ရေးပေးသည်။

ထို့နောက် ချင်းချင်းတို့ကို နှုတ်ဆက်ကာ လှေငယ်ဖြင့် မြစ်ကမ်းဘက်သို့ ထွက်လာခဲ့သည်။

× × ×

ချင်းချင်းတို့က ချမ်းသာသဘော်ကိုသေမင်းသဘော်ရှိရာသို့ ဆက်လက်မောင်းနှင်လာခဲ့သည်။

ယှဲချိုကို ကြောက်စရာမလိုတော့သောကြောင့် သဘော်ကို အမှောင်ချမထားပဲ မီးများထွန်းညှိလိုက်ကြသည်။

ချမ်းသာသဘော်ကို သေမင်းသဘော်နှင့် ဘေးချင်းယှဉ်ကာ ရပ်ပြီးနောက် ချင်းချင်းနှင့် မွှံမွှံတို့က သေမင်း သဘော်ပေါ်သို့ တက်လာခဲ့ကြသည်။

“အဲဒါ ချမ်းသာသဘော်မဟုတ်လား မင်းတို့က ဘယ်သူတွေလဲ ဘာကိစ္စရှိလို့ ဒီပေါ်တက်လာကြတာလဲ”



၎သမင်းသဘော်၏ ကုန်းပတ်ပေါ်ဝယ် အသင့်စောင့်နေသော အိန်းလုံက ဆီး၍မေးသည်။

“ကျွန်မက ချင်းချင်း သူကမွှံမွှံပါဦးလေး အစ်ကိုလိန်ပင်း ရေးပေးလိုက်တဲ့ ဟောဒီစာကိုဖတ်ကြည့်ယင်ရှင်းပါလိမ့်မယ်”

ချင်းချင်းက ပြုံးရယ်ကာပြန်ပြောပြီး လိန်ပင်း၏စာကိုထုတ်ပေးသည်။

အိန်းလုံက မီးခွက်တခု ထွန်းညှိပြီး စာကိုဖတ်ကြည့်သည်။ စာဖတ်ပြီးသည်နှင့် မီးခွက်ကို ပြန်ငြိမ်းလိုက်သည်။

“မင်းတို့တတွေဟာ အမြင်မှန်ရပြီး ဒုစရိုက်နယ်ပယ်ကို စွန့်ခွာလာကြတယ်လို့ စာထဲမှာ ရေးထားတယ် အကျိုးအကြောင်းကို မင်းတို့က ရှင်းပြလိမ့်မယ်လို့လဲပါတယ်၊ ကဲ— ပြောကြစမ်းပါအုံး”

စာကိုအဆုံးဖတ်ကာ ထွန်းထားသော မီးခွက်ကို ငြိမ်းသတ်ပြီးနောက် အိန်းလုံကမေးသည်။

ဤတွင် ချင်းချင်းက ဖြစ်ပျက်ပုံအကြောင်းစုံကို သေသေချာချာပြောပြသည်။

ချင်းချင်းထံမှ အကြောင်းစုံသိရပြီးနောက် အိန်းလုံက လိုအပ်သည်များကို ဆက်လက်လုပ်ဆောင်ပေးသည်။

ပထမဦးစွာ ယှဲချိုထံမှ ယက္ခဂေဟာ၏ တည်နေရာ၊ အင်အားနှင့် အဆောက်အဦး အနေအထားတို့ကို စေ့မြန်းစစ်ဆေးသည်။

ချမ်းသာသဘော်ကိုပါ လက်လွှတ်ရပြီမို့ မိမိအတွက်လွတ်လမ်းမမြင်နိုင်တော့ကြောင်း နားလည်သည့်အတွက် ယဲ့ချီကယက္ခဂေဟာနှင့်ပတ်သက်၍ အိန်းလုံမေးသမျှဖြေသည်။

ယက္ခဂေဟာတွင်ရှိနေသော လူတယောက်နှင့်ပတ်သက်သည့်လျှို့ဝှက်ချက်ကိုမူ ပြောမပြပဲ ထိန်ချန်ထားသည်။

အိန်းလုံကလည်း ထိုသူအကြောင်းကို မသိသောကြောင့်ထိုသူနှင့်ပတ်သက်၍ မည်သည့်မေးခွန်းမျှမမေးပေ။

ထို့နောက် ဆက်လက်၍ လက်မရွံ့သိုင်းသမားဘဝကို ရောက်နေသော လိန်ရိနှင့် အင်းပေရီတို့ကို သေမင်းသဘော်ပေါ်မှချမ်းသာသဘော်၏ ဝမ်းအတွင်းရှိ သီးသန့်ခန်းသို့ ပြောင်းရွှေ့သည် ယဲ့ချီ၏အကူအညီဖြင့် လုပ်ဆောင်သောကြောင့် ပြောင်းရွှေ့ရာဝယ် အခက်အခဲမရှိပေ။

ဆက်လက်၍ သေမင်းသဘော်ကို အသွင်ပြောင်းကာ မြစ်ကမ်းတနေရာဝယ် သွားဝှက်ထားသည်။

သေမင်းသဘော်ကို အသွင်ပြောင်းကာ ဝှက်ပြီးချိန်ဝယ် မိုးစင်စင်လင်းလာပြီ ဖြစ်သည်။

အိန်းလုံသည် ချမ်းသာသဘော်ပေါ်သို့တက်ကာ သဘော်ကို တုံ့ထင်မြို့သို့ ခုတ်မောင်းလာစေခဲ့သည်။

တုံ့ထင်မြို့တွင် ချမ်းသာသဘော်ဆိုက်ကပ်သောအခါ တမြို့လုံး သောသောရုတ်ရုတ် ဖြစ်ကုန်ကြသည်။

ဆိပ်ကမ်းတွင် ချမ်းသာသဘော်ကိုလာကြည့်သူများနှင့်ပြည့်သွားသည်။



အိန်းလုံက သက်ဆိုင်ရာများနှင့် သွားရောက် တွေ့ဆုံသည်။ ချမ်းသာသဘော်၏ ဒုစရိုက်လုပ်ငန်းများအကြောင်းကို အကုန်အစင်ပြောပြပြီးနောက် ယဲ့ချီအမှူးပြုသော ဒုစရိုက် ဂိုဏ်းဝင်များနှင့် ချမ်းသာသဘော်ပေါ်ရှိ ပစ္စည်းဥစ္စာများကို အကုန်အစင် သက်ဆိုင်ရာများလက်သို့ အပ်သည်။

"ချမ်းသာသဘော်ရဲ့ ဝမ်းထဲကသီး သန့် ခန်းဆောင်ထဲ မှာလက်မရွံ့သိုင်းသမား ခုနစ်ယောက်ရှိနေပါတယ်၊ သူတို့တတွေဟာ မူလက ထင်ရှားတဲ့ အကျော်အမော် သိုင်းသမားကြီးတွေပါပဲ၊ ဒါပေမယ့် အခုအခါမှာတော့ အသိဉာဏ် ပျောက်ပြီးသတ်ဖို့ဖြတ်ဖို့လောက်ပဲ နားလည်တဲ့ လူကြမ်း လူရမ်းကြီးတွေဘဝမျိုးဖြစ်နေပါတယ်၊ သူတို့ကို မူမှန်စိတ်အတိုင်း ပြန်ဖြစ်အောင် ကုသပေးနိုင်မယ့် ကုသနည်းနဲ့ ဖြေဆေးတွေကို ကျုပ်တို့ဆက်ရှာဖွေပေးပါ့မယ်၊ ဖြေဆေးတွေ မရနိုင်သေးတဲ့အချိန်အတွင်းမှာ ဒီလူတွေကို သီးသန့်ခန်းထဲမှာပဲထားပြီး စနစ်တကျထိန်းသိမ်းထားဖို့လိုပါတယ်၊ အပြင်ကိုထုတ်လိုက်ယင် သူတို့ကိုထိန်းသိမ်းလို့မရပဲ အန္တရာယ်သိပ်ပြီးများနိုင်ပါတယ်၊ဒါကြောင့်အခုလောလောဆယ် သူတို့ကို ချမ်းသာသဘော်ပေါ်ကသီးသန့်ခန်းထဲမှာ ဆက်ထားခွင့်ပေးဖို့နဲ့ သူတို့ကို ထိန်းသိမ်း ကြည့်ရှုဖို့အတွက် ယဲ့ချီကိုလဲ ချမ်းသာသဘော်ပေါ်မှာ နေခွင့်ပေးဖို့တောင်းမန်ပါတယ်၊ ယဲ့ချီရဲ့သိုင်းပညာတွေ ပျက်စီးကုန်အောင်လုပ်ထားပြီးပြီမို့ ထွက်ပြေးမှာကို စိုးရိမ်စရာ မရှိတော့ပါဘူး၊ လိုအပ်တဲ့ အစောင့်အရှောက်တွေကိုလဲ ချမ်းသာသဘော်ပေါ်မှာ ချထားပေးပါ"

လက်မရှိုသိုင်းသမားများနှင့်ပတ်သက်၍ အိန်းလုံက သက်ဆိုင်ရာများကို ဤသို့မေတ္တာရပ်ခံပြောဆိုခဲ့သည်။

သက်ဆိုင်ရာ အာဏာပိုင်များက အိန်းလုံ၏မေတ္တာရပ်ခံချက်ကို သဘောတူ ခွင့်ပြုခဲ့သည်။

ထို့ပြင် ချင်းချင်းအမှူးပြုသော အမြင်မှန်ရကာ ဒုစရိုက်လောကနယ်ပယ်ကို ကျောခိုင်းစွန့်ခွာပြီး ဒုစရိုက်ဂိုဏ်းကြီးတခုဖြစ်သည့် ချမ်းသာသဘော်ကို နှိမ်နင်းရာတွင် ဝိုင်းဝန်းကူညီခဲ့ကြသူများ အပြစ်ကင်းလွတ်ခွင့် ရရေးအတွက် အစွမ်းကုန်ကူညီဆောင်ရွက်ပေးရန်လည်း ကတိပြုကြသည်။

ကိစ္စအဝဝကို စိတ်ချရအောင် စီစဉ်ဆောင်ရွက် ပေးခဲ့ပြီးနောက် အိန်းလုံက လိန်ပင်း၏နောက်သို့လိုက်ရန် တုံ့ထင်မြို့မှ ထွက်လာခဲ့သည်။

× × ×



အခန်း (၉)

အိန်းလုံ တုံ့ထင်မြို့မှ ထွက်လာခဲ့သည်။

အိန်းလုံအဖို့ လုပ်စရာ လုပ်ငန်းဆောင်တာအများပင်ရှိနေသေးသည်။

ဝမ်လီဖုံးကို လုပ်ကြံသတ်ဖြတ်သွားသည့် တရားခံအစစ်ကို ရှာဖွေဖော်ထုတ်ရဦးမည်။

လက်မရှိ့သိုင်းသမားများ ဘဝသို့ ရောက်နေသူ သိုင်းအကျော်မော် (၇)ဦးကို လူကောင်းပြန်ဖြစ်အောင်ကုသနိုင်ရေးအတွက် ကုသနည်းနှင့် ဖြေဆေးကိုရှာရဦးမည်။

ချမ်းသာသဘော၏ ဒုစရိုက်လုပ်ငန်းများကို နောက်ကွယ်မှ ကြိုးကိုင်နေသူကို စုံစမ်းဖော်ထုတ်ရဦးမည်။

ထို့ကြောင့် လိန်ပင်းကို အမြန်ဆုံး ရှာတွေ့ရန် အရေးကြီးသည်။ လိန်ပင်းနှင့်အတူ ပူးပေါင်းကာလုပ်ဆောင်မှ ဤလုပ်ငန်းများ အောင်မြင်မည်။

လိန်ပင်းသည် အူကန်းကို လိုက်ရှာနေသည်ဖြစ်ရာ အိန်းလုံကလည်း အူကန်းသွားနိုင်မည့်နေရာများကိုခြေရာခံကာလိုက်လံရှာဖွေသည်။

အူကန်းရှိနေသည့် နေရာတွင် လိန်ပင်းလည်း ရှိနိုင်သည် မဟုတ်ပါလား။

အူကန်းမှာ ချမ်းသာသဘောမှ ထွက်ပြေးလွတ်မြောက်လာသူဖြစ်ရာ တည်းခိုရိပ်သာများတွင်ထင်တင်ပေါ်ပေါ်ဝင်ရောက်တည်းခိုနေထိုင်ခြင်းပြုမည်မဟုတ်ဟုအိန်းလုံတွေးမိသည်။ ဘုန်းကြီးကျောင်းတခုခုတွင် မထင်မရှားတည်းခိုနေထိုင်ကာ နှိပ်စက်ညှင်းပန်းခံထားရသည့် ဒဏ်ရာဒဏ်ချက် များကို ကုသနေပေလိမ့်မည်ဟုလည်း စဉ်းစားမိသည်။

ထို့ကြောင့် အိန်းလုံက ဘုန်းကြီးကျောင်းများ ဇရပ်များစသည်တို့ကို ဦးစားပေးကာ လိုက်လံရှာဖွေကြည့်သည်။

ဤသို့ရှာဖွေခဲ့ရာ ယဲ့ရန်မြို့ပြင်ရှိ 'လွှ ိရှမ်း' ဘုန်းတော်ကြီးကျောင်းသို့ ရောက်သောအခါ လိန်ပင်းနှင့် အူကန်းတို့၏သတင်းအစအနကို ရရှိသည်။



"အူကန်းဆိုတဲ့တကာလေး ကျုပ်တို့ကျောင်းမှာ လာတည်းခိုနေထိုင်သွားတယ် သူ့မှာဒဏ်ရာဒဏ်ချက်တွေလဲ ပါလာတယ် လူဆိုးတွေက ဖမ်းဆီးနှိပ်စက်လိုက်တာလို့ ပြောတယ်ကျုပ်တို့လဲ သူ့ကို ဆေးဝါးကုသပေးပြီး ကျွေးမွေး စောင့်ရှောက်ထားခဲ့ပါတယ်မနေ့ကတော့ လိန်ပင်းဆိုတဲ့တကာတယောက်ထပ်ရောက်လာတယ် သူကလဲ အူကန်းကို လိုက်ရှာနေတာပဲသူက အူကန်းကိုခေါ်ပြီး ခရီးဆက်ထွက်သွားတယ်"

လွှ ိရှမ်း ဘုန်းတော်ကြီးကျောင်း၏ကျောင်းထိုင်ဆရာတော်က မိန့်ကြားပြောဆိုသည်။ အူကန်းကို လိန်ပင်း ရှာဖွေ တွေ့ရှိသွားပြီဖြစ်ကြောင်း သိရသည့် အတွက် အိန်းလုံ ဝမ်းသာမိသည်။

"သူတို့ ဘယ်ကိုခရီးဆက်သွားကြတာလဲဘုရား"

အိန်းလုံက လျှောက်ထားမေးမြန်းသည်။

"အဲဒါတော့ ကျုပ်လဲသေသေချာချာမသိဘူး ယက္ခဂေဟာကို လိုက်လံစုံစမ်းရမယ်လို့ ပြောသံတော့ကြားမိထယ်"

"အခုလိုသိရတာ ကျေးဇူးတင်ပါတယ်ဘုရား"

အိန်းလုံသည် ကျောင်းထိုင်ဆရာတော်ကိုဝတ်ပြုပြီးနောက် လွှ ိရှမ်းဘုန်းတော်ကြီးကျောင်းမှ ထွက်လာခဲ့သည်။

လွှ ိရှမ်း ဘုန်းတော်ကြီးကျောင်းမှ ထွက်လာပြီးနောက် အိန်းလုံသည် ယဲ့ရန်မြို့ထဲသို့ ဝင်လာခဲ့သည်။

ယဲ့ရန်မြို့မှာ ခရီးလမ်းဆုံမြို့ကြီးတမြို့ ဖြစ်ပြီးစည်ကားသည်။ ယဲ့ရန်မြို့ရှိ 'နဂါးသုံးကောင်' စားသောက်ဆိုင်မှာအလွန်နာမည်ကြီးသည်။ ဤဆိုင်တွင် အစားကောင်းအသောက်ကောင်းများ ရနိုင်သည်။

ခရီးလည်းကြုံ၊ ဝမ်းလည်းဟာနေသောကြောင့် အိန်းလုံသည် 'နဂါးသုံးကောင်'စားသောက်ဆိုင်ထဲသို့ ဝင်လာခဲ့သည်။

ချောင်ကျကျ စားပွဲတခုတွင် ထိုင်ကာ အရက်တအိုးနှင့် ဟင်းလျာများ မှာယူပြီး အေးအေး လူလူ စားသောက်နေသည်။

ထိုနေ့အဖို့ နဂါးသုံးကောင် စားသောက်ဆိုင် ထဲဝယ် စားသောက်လျက်ရှိသူများမှာ ပညာတတ် လူရည်မွန်များသာ ဖြစ်ကြသည်။ ဆူဆူပူပူလုပ်တတ်သည့် လူများမပါရှိ။ ကိုယ့်အုပ်စုနှင့်ကိုယ် တိုးတိုးညင်သာ စကားပြောနေကြရာ အတော်ပင် တိတ်တိတ်ဆိတ်ဆိတ် ရှိနေသည်။

အိန်းလုံအဖို့ နားအေးပါးအေးနှင့် စားသောက်နေရသည်။

"လုကောင်းစွန်လုပ်ပုံက အတော်ထူးဆန်းတယ် လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က ဝယ်သွားတဲ့ အဆိပ်ဆေး အတွက် အခုမှရေးကြီးခွင်ကျယ်လုပ်ပြီးရွှေတပိဿာထပ်ပေးမယ် ဂုဏ်ပြု ညှိခံမယ်နဲ့ လုပ်နေတယ်"

အရက်ငှဲ့သောက်လိုက်၊ ဟင်းလျာများကို အရသာ ခံကာ စားလိုက်နှင့် အိန်းလုံစည်းစိမ်တွေ့နေဆဲဝယ် ခပ်ကျယ်ကျယ်



ပြောလိုက်သော စကားသံများ အိန်းလုံ၏နားထဲသို့စူးစူးရှရှဝင်လာသည်။

စကားမှာ ကွင်ချိုးမြို့ ကျင်းစားတုံ့ရပ်ကွက်မှ အရပ်သုံးစကားဖြစ်သည်။

ကွင်ချိုးမြို့မှာ တရုတ်ပြည် မြောက်ဘက်စွန်း တောင်တန်းဒေသမှ တောင်ပေါ်မြို့လေးတမြို့ ဖြစ်သည်။ အသွားအလာခက်ခဲသည်။ ကွင်ချိုးမြို့မှ လူများကလည်း သီးသီး သန့်သန့် နေထိုင်တတ်ကြသည်။ ခရီးဝေးသွားလေ့မရှိ။

ကွင်ချိုးမြို့၏ အနီးပတ်ဝန်းကျင် တောင်စွယ် တောင်တန်းများတွင် ဆေးပင်များ ဂမုန်းပင်များပေါများသည်။

အိန်းလုံသည် ဆေးဝါးများ ရှာဖွေစုဆောင်းယင်း ကွင်ချိုးမြို့သို့ရောက်ရှိခဲ့ပြီး ကျင်းစားတုံ့အရပ်တွင် (၃)လခန့် နေဖူးသည်။ ထို့ကြောင့် ကျင်းစားတုံ့ရပ်ကွက်သုံးစကားကို တတ်ကျွမ်းနေသည်။

တရုတ်ပြည် အလယ်ပိုင်း ဒေသတွင်ရှိသော ယဲ့ရန်မြို့တွင် ကွင်ချိုးမြို့ ကျင်းစားတုံ့ရပ်ကွက်၏ အရပ်သုံး စကားများပြောသူများရှိနေ၍ အိန်းလုံအတော်အံ့ဩသွားမိသည်။

အသံကြားရာဘက်သို့ အိန်းလုံခေါင်းငဲ့ ကြည့်လိုက်သည်။ အိန်းလုံ၏ အနောက်ဘက်မှ စားပွဲတခုတွင် လူ(၄)ယောက် ထိုင်နေသည်ကို တွေ့ရသည်။ ထိုသူများက ကျင်းစားတုံ့အရပ်

သုံးစကားပြောနေကြခြင်း ဖြစ်သည်။ ထိုသူများထဲဝယ် အိန်းလုံ နှင့် သိကျွမ်းဖူးသူတယောက်လည်းပါသည်။

အိန်းလုံ လှည့်ကြည့်လိုက်ချိန်ဝယ် ထိုသူက စားပွဲထိုးကို ဟင်းလျာများ မှာကြားနေခိုက်ဖြစ်သည်။ ထိုသူကို အိန်းလုံ မြင်သော်လည်း ထိုသူကမူ အိန်းလုံကို သတိမပြုမိပေ။

"ဟုတ်တယ်ဗျ အဆိပ်ဆေးသုံးလုံးအတွက် ရွှေတဆယ်သား ပေးပြီးပြီပဲ နောက်ထပ် အပိုပေးနေစရာမလိုတော့ပါဘူးဂုဏ်ပြု ညှော်ခံတာတို့ဘာတို့လဲ လုပ်နေဖို့မလိုတော့ပါဘူးကွာ"

အိန်းလုံမျက်နှာပြန်လှဲလိုက်ချိန်တွင် တခြားလူတယောက်၏ ပြောသံကို ကြားရသည်။

ထိုသူများ ပြောစကားများကို အိန်းလုံအလွန်စိတ်ဝင်စား သွားသည်။

လုကောင်းစွန်သည် မြင်းပျံဂေဟာ၏ ထင်ရှားသောခေါင်း ဆောင် သိုင်းသမားကြီး တယောက် ဖြစ်သည်။ အိန်းလုံ သိ သလောက်ဆိုလျှင် လုကောင်းစွန်မှာ ဖြောင့်မတ် တည်ကြည် သည်။ ယခု ကျောင်းစားတုံ့ အရပ်သားများ ပြောပုံအရဆိုလျှင် လုကောင်းစွန်က အဆိပ်ဆေးများကို ဈေးကြီးပေးဝယ်သည်ဆို ရာ ထူးခြားနေသည်။

လုကောင်းစွန်သည် ရုပ်ပြောင်း ရုပ်လွှဲ ပြုရာတွင် အလွန် တော်သည်။ အဘိုးကြီး၊ လူရွယ်လူချော၊ လူရုပ်ဆိုး စသည့် အသွင်အမျိုးမျိုးပြောင်းကာ သွားလာ လှုပ်ရှား တတ်သည်။



သူ၏ ပင်ကို ရုပ်သွင်ကို မြင်ဖူးသူနည်းသည်။ သူစီးသော အဖိုး တန် မြင်းကောင်းဖြစ်သည့် "တိမ်ပျံ" ကိုကြည့်ပြီး အမှတ်သညာ ပြုကြရသည်။ တိမ်ပျံမှာ အလွန်ရှားပါးသော မြင်းကောင်း ဖြစ်သည်။ တိမ်ပျံရှိသည့်နေရာဝယ် လုကောင်းစွန် ရှိသည်ဟု ပြောစမှတ်ပြုကြသည်။ အိန်းလုံကိုယ်တိုင်တိမ်ပျံကို(၃)ခါထက် မနည်းတွေ့ဖူးသည်။ လုကောင်းစွန်နှင့်မူ သေသေ ချာချာ မျက်နှာချင်း မဆိုင်ဘူးပေ။

အဆိပ်ဆေးလုံးတလုံးကို ရွှေတဆယ်သား ပေးဝယ်သည်ဟု ကြားရရာ မည်သည့်အဆိပ်ဆေးမျိုးဖြစ်၍ ဤမျှတန်ဖိုးကြီးကြီး ပေးဝယ်ရသနည်းဟု အိန်းလုံစဉ်းစားမိသည်။

အိန်းလုံသည် ကျောင်းစားတုံ့အရပ်သားများကို ကျော၍ပေး ထိုင်ကာ ဆက်လက်သောက်စားယင်း ထိုသူများ၏ ပြောစကား များကို နားထောင်နေသည်။

"လုကောင်းစွန်ဝယ်သွားတဲ့ အဆိပ်ဆေးက ဘယ်လိုအဆိပ် မျိုးလဲဗျ၊ အဆိပ်ဆေးလုံးတလုံးကို ရွှေ တဆယ်သား တောင် ပေးတယ်ဆိုတော့ အတော့်ကို ရှားပါးတဲ့ အဆိပ်ဖြစ်မှာပဲ နော်"

အိန်းလုံနှင့် သိကျွမ်းဖူးသူက ပြောလိုက်သည်။ အိန်းလုံမှာ ထိုသူကို သိဖူးသော်လည်း ထိုသူ၏အမည်ကို ရုတ်တရက် စဉ်း စား၍ မရပေ။

"လုကောင်းစွန်က ဒီအကြောင်းကို လျှို့ဝှက် ထားနိုင်း ဘယ်၊ ဒါပေမယ့် တုက္ကမ်းကတော့ ကိုယ့်အရပ်သား အချင်း

ချင်းဆိုတော့ ပြောပြပါ့မယ်၊ အဆိပ်က ရိုးရိုး'အူပြုတ်အဆိပ်' ပါပဲ လုကောင်းစွန်က အူပြုတ်အဆိပ်ကို သူလိုချင်တဲ့အရောင် အဆင်း အနံ့ အရသာအတိုင်း လုပ်ပေးနိုင်ယင် ဆေးတလုံးကို ရွှေတဆယ်သားပေးမယ်လို့ပြောတယ် ကျုပ်တို့ သွေးသောက် ညီနောင် သုံးယောက် ဝိုင်းဝန်းကြိုးစားပြီး လုပ်ပေးလိုက်တာ သူလိုချင်တဲ့ အတိုင်းရသွားလို့ ဆေးသုံးလုံးအတွက် ရွှေသုံး ဆယ်သားပေးသွားတာပဲ အဆိပ်ဆေးကတော့ ဒီလောက်မတန် ပါဘူး"

တခြားတယောက်က ပြန်အဖြေပေးသည်။ ဤအခါတွင်မှ မိမိနှင့်သိကျွမ်းဖူးသူ၏ အမည်မှာ တုက္ကမ်းဖြစ်ကြောင်း အိန်းလုံ အမှတ်ရလာသည်။

"အူပြုတ်အဆိပ်ကို ဘယ်လိုအရောင်အဆင်း အနံ့ အရသာ မျိုးဖြစ်အောင် လုပ်ပေးရတာလဲ"

တုက္ကမ်းကမေးပြန်သည်။

"အဖိုးတန် အားတိုးဆေးတွေလို အနီရောင် တောက်ပြီး အနံ့ကလဲ မွှေးမွှေး အရသာကလဲချိုချိုစိမ့်စိမ့်လေးဖြစ်အောင် လုပ်ပေးရတာပါ"

စောစောက အဖြေပေးသူကပင် ပြန်ပြောသည်။

"ဒီလိုအဆိပ်ဆေးကို အဖိုးတန်အားတိုးဆေးနဲ့ တူအောင် ပြုပြင်ဝိုင်းတာ အကောင်းမဟုတ်နိုင်ဘူး မဟုတ်တာကြံတဲ့နေရာ မှာ အသုံးပြုဖို့ပဲ ဖြစ်ရမယ် ခင်ဗျားတို့က ဒါလောက်တောင်



မတွေးမိကြဘူးလား ဆေးနဂါးညီနောင် သုံးယောက် ဆိုတဲ့ ခင်ဗျားတို့ရဲ့ နာမည်ကိုတောင် မထောက်ထားပဲ ရွှေလေး သုံးဆယ်သားရတာနဲ့ လုပ်ပေးလိုက်ရသလား"

တုက္ကမ်း၏စကားအရ ကျန်လူ(၃)ယောက်မှာ ဆေးနဂါး ညီနောင် (၃)ဦးတို့ဖြစ်ကြောင်း အိန်းလုံ သိလိုက်ရပြန်သည်။

"လုကောင်းစွန်က နှယ်နှယ်ရရ လူမဟုတ်ဘူးလေ သူခိုင်း တာကို လုပ်မပေးပဲ ငြင်းပယ်ယင် ကျုပ်တို့ကို ဒုက္ခပေးမှာပေါ့ ကျုပ်တို့ ဆေးနဂါးညီနောင် သုံးယောက်က ဆေးဝါးတွေ ဖော်စပ်ရောင်းချပြီး အသက်မွေးကြတဲ့ လူတွေပဲ ဝယ်သူအလို ကျ လုပ်ပေးရမှာပေါ့ ဝယ်သွားတဲ့ အဆိပ်ဆေးတွေကိုဘယ်နေ ရာမှာ သုံးတယ်ဆိုတာ ဝယ်သူရဲ့တာဝန်ပဲ မကောင်းတဲ့ နေရာ မှာသုံးယင် သူ့ဘာသာသူ မကောင်းကျိုး ခံစား ရလိမ့်မယ် ကျုပ်တို့နဲ့ မဆိုင်ပါဘူး"

"ဒီစကားတွေ လုကောင်းစွန်နား ရောက်သွားယင် မလွယ် ဘူးနော် စကားကိုဆင်ခြင်ပြောကြယင်ကောင်းမယ်"

တချိန်လုံး ဘာမျှမပြောပဲ ငြိမ်နားထောင်နေသော အသက် ကြီးကြီးလူတယောက်က ပြောသည်။ ထိုသူမှာ ဆေးနဂါး ညီနောင် (၃)ယောက်တွင် အကြီးဆုံးဖြစ်ဟန် တူသည်။

"ကျွန်တော်တို့က ကျင်းစားတဲ့ အရပ်သုံးစကားနဲ့ပြောနေ တာပဲ ဒီစကားကို ကျွန်တော်တို့ အရပ်သားတွေကလွဲလို့တတ်တဲ့

လူ မရှိပါဘူး၊ ကျွန်တော်တို့ပြောတာကို ကြားတဲ့လူ ရှိယင်လဲ အဓိပ္ပါယ်နားလည်မှာ မဟုတ်ပါဘူး အစ်ကိုကြီးရဲ့”

တုကွမ်းနှင့် အချီအချစကားပြောနေသူက ပြန်ပြောသည်။

တရုတ်ပြည်မှာ နယ်ပယ်ကျယ်ဝန်းပြီး လူဦးရေလည်း များပြားလှသဖြင့် ဒေသအခုနှင့်တခု စကားပြောပုံချင်းမတူပဲလေယူလေသိမ်း စကားအသုံးအနှုန်းများ ကွဲပြားခြားနားသည်။

မိမိတို့ ဒေသသုံး စကားများမှလွဲ၍ တခြားအရပ်ဒေသသုံး စကားများကို တတ်ကျွမ်းသူ အတော်ရှားသည်။

အိန်းလုံတို့လို ဒေသအသီးသီး၏ဒေသခံစကားများနားလည် တတ်ကျွမ်းသူမှာ အနည်းငယ်သာရှိသည်။

အထူးသဖြင့် ကျောင်းစားတုံ စကားလို ဘန်းစကားများ ရောပြွန်းသော ရပ်ကွက်သုံးစကားမျိုးကိုကားထိုရပ်ကွက်တွင်နေထိုင်သူများသာ နားလည်သည်။ တမြို့ထဲသား တနယ်ထဲသားချင်းပင် မတတ်ပေ။

အိန်းလုံမှာ ကံကောင်းထောက်မ၍ ကွမ်ချီးမြို့ကျောင်းစားတုံ အရပ်သို့ ရောက်ဖူးပြီးဘာသာစကားမျိုးစုံ သင်ကြားရန်လည်း ဝါသနာသုံသူမို့ နားလည်တတ်ကျွမ်းနေခြင်း ဖြစ်သည်။

ယခုဆေးနဂါးညီနောင်များနှင့် တုကွမ်းတို့က တခြားသူများ နားမလည်နိုင်သည့် ကျောင်းစားတုံ ရပ်ကွက်သုံး စကားဖြင့်လွတ်လွတ်လပ်လပ် ပြောဆိုနေကြသော သူတို့ပြောသမျှကိုအိန်းလုံကြားသိခွင့်ရလေပြီ။



“လုကောင်းစွန်က ဘာကြောင့် အပြတ်အဆိပ်ကို အဖိုးတန်အားတိုးဆေးလို အရောင်အဆင်း အနံ့ အရသာမျိုးဖြစ်အောင် လုပ်ခိုင်းရတာလဲ ပြီးတော့ ဒီကိစ္စဟာလှန်ခဲ့တဲ့ဆယ်နှစ်ကျော်က ဖြစ်ခဲ့တာဆိုတော့ ယကွဝမ်ဖေ့ဖုံး လုပ်ကြံခံခဲ့ရတဲ့ ကိစ္စနဲ့ ဆက်စပ် ပတ်သက်နေမလား လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကအဆိပ်ဆေးဝယ်ခဲ့တာကို အခုအချိန်ကျမှ ဘာကြောင့် ရွှေတပိဿာ ထပ်ပေးပြီး ဂုဏ်ပြုညှော်ခံဖို့ စီစဉ်ရတာလဲ”

အိန်းလုံ၏ စိတ်ထဲဝယ်စဉ်းစားနေမိသည်။ ထိုအခိုက်တဘက်စားပွဲမှ စကားသံ ပေါ်လာ ပြန်သောကြောင့် အိန်းလုံ၏ အတွေးပြတ်သွားသည်။

“လုကောင်းစွန်က ခင်ဗျားတို့ကိုရွှေတပိဿာပေးပြီးဂုဏ်ပြုညှော်ခံချင်တယ်လဲဆိုသေးတယ် ဘာကြောင့် မြင်းညိုဂေဟာကို မဖိတ်ခေါ်တာလဲ”

တုကွမ်းက မေးလိုက်ခြင်းဖြစ်သည်။

“အဲဒါကိုတော့ ကျွန်တော်လဲမသိဘူး အကြောင်းထူးရှိလို့ နေမှာပေါ့ ဒီစားသောက်ဆိုင်မှာ လုကောင်းစွန်ရဲ့တပည့်ကျော် မျောက်ညိုမှာကြူးက ကျွန်တော်တို့ကို လာကြိုဆိုလိမ့်မယ်—ဟော ပြောယင်းဆိုယင်း ဟိုမှာမျောက်ညိုမှာကြူး ရောက်လာပြီ”

မျောက်ညိုမှာကြူး ဆိုသည်မှာမည်သည့်လူစားမျိုးဖြစ်မည်နည်းဟု အိန်းလုံသိချင်လာသည်။ နောက်သို့ လှည့်ကြည့်လျှင်လည်း တုကွမ်းက မြင်သွားပြီး မှတ်မိသွားနိုင်သည်။

ယခုလောလောဆယ်တွင် အိန်းလုံက မိမိရှိနေကြောင်း တုက္ကမ်းကို အသိမပေးချင်သေးပေ။

အကြံကောင်းတခု စဉ်းစားမိသည့် အတွက် အိန်းလုံက အိတ်ထဲမှ မှန်ဝိုင်းလေးတခုထုတ်ကာလက်ဝါးဖြင့်လူများမမြင်အောင် အုပ်ကိုင်ပြီး အသာထောင်ကြည့်သည်။

တုက္ကမ်းတို့၏ စားပွဲရှိရာသို့ လျှောက်လှမ်း လာနေသော အရပ်ပုပု ခါးကုန်းကုန်းအဘိုးအိုတယောက်၏ အသွင်ကို မှန်ထဲဝယ်တွေ့ရသည်။

ဤအဘိုးကြီးကို ချမ်းသာသဘော်ပေါ်တွင်အိန်းလုံတွေ့ခဲ့ရဖူးသည်။ ချမ်းသာသဘော်၏ အစောင့်သိုင်းသမားတဦးသည် လုကောင်းစွန်၏ တပည့်ဖြစ်နေကြောင်း တွေ့ရသည့်အတွက် လုကောင်းစွန်အပေါ် ပို၍သံသယဖြစ်လာမိသည်။

ထို့ကြောင့် မှန်ဝိုင်းလေးမှတဆင့် အကဲခတ် ကြည့်ယင်း ထိုလူစု၏ ပြောစကားများကို ဆက်လက် နားထောင်နေသည်။

"ရှောင်းကြည်တို့ ရောက်နေကြတာ အတော်ကြာပြီသားဟောဒီက မိတ်ဆွေကြီးက ဘယ်သူများပါလိမ့်"

မျောက်ညိုမာကြူးက စားပွဲတွင်ဝင်ထိုင်ပြီး တရုတ်ပြည်၏ အများသုံးဘာသာစကားဖြစ်သည့် ဖူထုံးစကားနှင့် ပြောသည်။

"သူက ကျွန်တော်တို့နဲ့ တရပ်ထဲသား မိတ်ဆွေ ရှောင်းရင်းကြီးတုက္ကမ်းပါ ဒီမြို့မှာလာဆုံမိကြလို့အတူဝိုင်းဖွဲ့ပြီးစားသောက်စကားပြောနေကြတာပဲ"



ရှောင်းကြည်ဟု အခေါ်ခံရသူက ဖူထုံးစကားဖြင့်ပြန်ပြောသည်။ ရှောင်းကြည်ဆိုသူမှာ စောစောက စကားကို ဆင်ခြင်ပြောကြရန် သတိပေးဟန့်တားခဲ့သူပင်ဖြစ်သည်။

"ဩော်ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် ကျွန်တော့်နာမည် မာကြူးပါ မျောက်ညိုမာကြူးလို့လဲခေါ်ပါတယ်"

မာကြူးကပြောသည်။

"အခုလိုတွေ့ဆုံပြီး မိတ်ဆွေ ဖြစ်ရတာ ကျွန်တော်ကလဲဝမ်းသာပါတယ်"

တုက္ကမ်းက ပြန်ပြောသည်။

"ဟောဒီက ရှောင်းကြည်တို့ ညီနောင် သုံးယောက်ကို ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီးက ဂုဏ်ပြု ညစာစားချင်လို့ ဖိတ်ခေါ်ထားတာ ကျွန်တော်ကညှော်သည်ကြိုဆိုရအောင် လာခဲ့တာပါ ကြုံကြိုက်တုန်း မိတ်ဆွေကြီး တုက္ကမ်းလဲ အတူလိုက်ခဲ့ဖို့ဖိတ်ခေါ်ပါရစေ"

"ဟုတ်ကဲ့ အခုလိုဖိတ်ခေါ်တာ ကျေးဇူး တင်ပါတယ်"

"ကဲ...ပဏာမပျိုးတဲ့အနေနဲ့ မိတ်ဆွေကြီးတို့ကို အရက်အကောင်းစားနဲ့ညှော်ဝတ်ပြုပါရစေ ပြီးမှ ခေါင်းဆောင်ကြီးဆီ သွားကြတာပေါ့"

မျောက်ညိုမာကြူးက ဤသို့ပြောပြီးစားပွဲထိုးလူငယ်လေးတယောက်ကို လက်ယပ်လှမ်းခေါ်သည်။ စားပွဲထိုးလူငယ်လေးသူတို့စားပွဲနားသို့ အပြေးရောက်လာသည်။

"နှစ်တရာ မောင်းထိုင် အရက်တအိုးရယ် ဂဠုန်နဂါးကျား သုံးမျိုးစပ် အသားလုံးကြော် ပွဲကြီးတပွဲရယ် အမြန်ယူလာခဲ့ အရက်ခွက်အသစ် ငါးလုံးလဲယူခဲ့"

စားပွဲထိုး လူငယ်လေးကို မျောက်ညိုမာကြူးက မှာကြားသည်။

"ဟုတ်ကဲ့ခင်ဗျ"

စားပွဲထိုးလူငယ်လေး ဆိုင်အနောက်ဘက်ခန်းသို့ ခပ်သုတ်သုတ် ဝင်ရောက်သွားသည်။

"ဂဠုန်နဂါးကျား သုံးမျိုးစပ် အသားလုံးကြော် ဆိုတာ ကြက်သားရယ် မြွေသားရယ် ကြောင်သားရယ် အသားသုံးမျိုးရောပြီး အသားလုံးကြော် ကြော်ထားတာဗျ သိပ်စားလို့ကောင်းတယ် ဒီလိုဟင်းလျာမျိုး တခြားနေရာမှာမရနိုင်ဘူး ဟောဒီနဂါးသုံးကောင် စားသောက်ဆိုင်မှာပဲရနိုင်တယ်"

မျောက်ညိုမာကြူးက သူမှာလိုက်သော ဂဠုန်နဂါးကျား သုံးမျိုးစပ် အသားလုံးကြော် အကြောင်း ချီးမွမ်းပြောဆိုနေသည်။

မကြာမီမှာပင်စောစောက စားပွဲထိုးလူငယ်လေးအရက်အိုး တအိုးနှင့်အရက်ခွက်(၅)လုံးကို လင်ဗန်းပေါ်တင်ကိုင်ကာဆိုင်အနောက်ဘက်ခန်းမှ ထွက်လာသည်။



တခြားစားပွဲထိုး လူငယ်လေးယောက်ကလည်း အသားကြော်ပန်းကန်တခုကို လင်ဗန်းပေါ်တင်ကိုင်ကာ နောက်မှလိုက်ပါလာသည်။

"အရက်အိုးနဲ့ အရက်ခွက်တွေကို ငါ့ဆီယူခဲ့ ငါ့မိတ်ဆွေတွေကို ငါကိုယ်တိုင် အရက်ငှဲ့ပြီး ဧည့်ဝတ်ပြုမယ် ဟောဒီစားပွဲပေါ်က ဟင်းလျာတွေကို အမြန်သိမ်းပြီး ဂဠုန်နဂါး ကျား သုံးမျိုးစပ် အသားကြော်ကို တည်ခင်းလိုက်။

မျောက်ညိုမာကြူးက ဤသို့ပြောပြီးစားပွဲထိုးလူငယ်လေးထံမှ အရက်အိုးနှင့် အရက်ခွက်များ ယူလိုက်သည်။

စားပွဲထိုးလူငယ်လေးက စားပွဲပေါ်တွင်ရှိနေသော ဟင်းလျာပန်းကန်များကို သိမ်းဆည်းသည်။

တုကွမ်းနှင့် ဆေးနဂါးညီနောင်သုံးယောက်တို့ ဟင်းလျာများ သိမ်းဆည်းမှုကို အာရုံစိုက်နေခိုက် မျောက်ညိုမာကြူးက ကိုယ်ခန္ဓာဖြင့် အသာကွယ်ကာ အရက်ခွက်များထဲသို့အရက်များငှဲ့ထည့်သည်။

ထိုသို့အရက်ငှဲ့ထည့်ယင်း အရက်ခွက် (၄)ခွက်ထဲသို့ အမှုန့်ဖြူဖြူလေးများကို ခတ်ထည့်လိုက်သည်။

တုကွမ်းတို့လူစုမှာ ဟင်းလျာများသိမ်းဆည်းနေမှုကိုအာရုံရောက်နေခိုက်မို့ မျောက်ညိုမာကြူး၏ အပြုအမူကို သတိမပြုမိလိုက်ကြပေ။ မမြင်လိုက်ကြပေ။

သို့သော် မှန်ပိုင်းလေးမှတဆင့်ကြည့်နေသော အိန်းလုံကမူ မျောက်ညိုမာကြူး၏ ခိုးကြောင်ခိုးဝှက်လုပ်ရပ်များကိုကောင်းစွာ တွေ့မြင်လိုက်ရသည်။ မျောက်ညိုမာကြူး တခုခုမကောင်းကြံတော့မည်ဖြစ်ကြောင်းကိုလည်း နားလည်လိုက်သည်။

ထိုအချိန်မှာပင် စားပွဲထိုးများက စားပွဲပေါ်ရှိ ဟင်းလျာပန်းကန် အဟောင်းများကို ပြန်သိမ်းပြီး ဂဏ္ဍူ နဂါး ကျားသုံးမျိုးစပ်အသားလုံးကြော် ပန်းကန်ပြားကြီးကို တည်ခင်းပြီး သွားသည်။

လုပ်ဆောင်စရာရှိသည်များကို လုပ်ဆောင် ပေးပြီးပြီဖြစ်၍ စားပွဲထိုးများ အဝေးသို့ ထွက်သွားသည်။

မျောက်ညိုမာကြူးက အသင့်ခွဲထားပြီးသော အရက်ခွက်များကို တယောက်တခွက်စီ ချထားပေးလိုက်သည်။

× × ×

မျောက်ညိုမာကြူးက အရက်ဘခွက်စီ ချထား ပေးလိုက်သည်။

"ကိုင်း ...သောက်ကြဗျာ ပျော်ပျော် ပါးပါးပေါ့"

မျောက်ညိုမာကြူးက ဤသို့ပြောပြီး အရက်ခွက်ကို ကိုင်မြှောက်ကာ ထိုင်နေရာမှ မတ်တတ်ရပ်လိုက်သည်။ တုက္ကမ်းနှင့် ဆေးနဂါးညီနောင် (၃) ယောက်တို့လည်း အရက်ခွက်များကို ကောက်ယူကာ ပြိုင်တူမတ်ဘတ်ရပ်လိုက်ကြသည်။



"ဟေ့လူတွေ အရက်ကို တစက်မှ မသောက်ကြနဲ့ အရက်ခွက်တွေကို အခုချက်ချင်း ပြန်ချထားလိုက်ပါ"

အရက်ခွက်များကို မော့ချမည်အပြုတွင် ဟန့်တားသံတခု ပေါ်လာသည်။

သူတို့လူစုသည် အရက်ကိုမသောက်ဖြစ်တော့ပဲ အသံကြားရရာသို့ လှမ်းကြည့်လိုက်ကြသည်။

ဟန့်တားသူမှာ သူတို့ကို ကျောခိုင်းကာ စားသောက်နေသော ဝတ်စုံပြာနှင့် အဘိုးကြီးဖြစ်ကြောင်း တွေ့ရသည်။ ထိုဝတ်စုံပြာ အဘိုးကြီးက ထိုင်ရာမှထပြီး သူတို့ စားပွဲရှိရာသို့ လျှောက်လှမ်းလာသည်။

မျောက်ညိုမာကြူးနှင့် ဆေးနဂါးညီနောင် (၃)ယောက်တို့က ထိုအဘိုးကြီးကို မကျေနပ်သော အကြည့်များဖြင့်ကြည့်နေကြသည်။ တုက္ကမ်းကမူ ထိုအဘိုးကြီးမှာအိန်းလုံဖြစ်ကြောင်း မှတ်မိလိုက်သည့်အတွက် ပြုံး၍နှုတ်ဆက်ပြီး ဦးညွတ် ဂါရဝပြုလိုက်သည်။

အိန်းလုံကလည်း ပြုံး၍ ခေါင်းတချက်ဆတ်ပြသည်။

ဝတ်စုံပြာအဘိုးကြီးကို တုက္ကမ်းက ရိုရိုသေသေလေးလေးစားစားနှုတ်ဆက်ကြောင်း တွေ့ရသည့်အတွက် ဆေးနဂါး ညီနောင် (၃)ယောက်တို့က စိတ်လိုက်မာန်ပါ မလုပ်ကြသေးပဲ အခြေအနေကို အကဲခတ်ကြည့်နေသည်။

"ဟေ့လူ ကျုပ်တို့ဘာသာ စားသောက်နေတာ ဘာကြောင့် ဝင်ရှုပ်တာလဲ သေချင်လို့လား"

အိန်းလုံကို 'အကျော်အမော်'သိုင်းသမားတယောက်ဖြစ်မှန်း မသိသေးသည့် မျောက်ညိုမာကြူးက လေသံမာမာဖြင့် ဟိန်းဟောက်လိုက်သည်။ ထိုသို့ဟိန်းဟောက်လိုက်ပြီးမှ တုံကွမ်း၏ ရှိရှိသသော ရှိနေသော အသွင်ကို မြင်ရသည်တွင် မျောက်ညိုမာကြူးက ချက်ချင်းလေသံပြောင်းကာ ပြောသည်။

"တုံကွမ်း သူ...သူက ခင်ဗျားတို့ရဲ့ မိတ်ဆွေလား"

တုံကွမ်း တစုံတရာ ပြန်အဖြေမပေးနိုင်မီမှာပင် အိန်းလုံက ကြားဖြတ်ကာ ပြောသည်။

"ကျုပ်က ခင်ဗျားကို သေမင်းနိုင်ငံပို့မယ့် သေမင်းတမန်ပါ"

အိန်းလုံက ဤသို့ပြောပြီး မျောက်ညိုမာကြူး၏လည်ကုပ်ကို 'ဆတ်'ကနဲ ဆုပ်ဖမ်းလိုက်သည်။ မျောက်ညိုမာကြူး ခမျာမည်သို့မျှ ရုန်းကန်ခြင်းမပြုနိုင်၊ အိန်းလုံ၏လက်ထဲဝယ် ကုပ်ကုပ်လေး အမိခံလိုက်ရရှာသည်။

"မိတ်ဆွေကြီးက ဗြုန်းစားကြီး အော်ပြောလိုက်တော့ ကျွန်တော်တို့အားလုံး လန့်ကန့်ကြတာပေါ့၊ ဒါကြောင့် မျောက်ညိုမာကြူးက ရုတ်တရက်ဒေါသဖြစ်ပြီး ပြောမိတာပါ မျောက်ညိုမာကြူးပြောတာ နည်းနည်းရိုင်းသွားပေမယ့် သည်းခံသင့်ပါတယ်၊ ပြောစရာရှိယင် အေးအေး ဆေးဆေးပြောကြတာပေါ့"

ဆေးနဂါးညီနောင်(၃)ယောက်တွင် အကြီးဆုံးဖြစ်သော ရှောင်းကြည်က ပြောသည်။



အိန်းလုံက ရှောင်းကြည်ပြောသည်ကို အလေးထား၍ ပြန်မဖြေပဲ တုံကွမ်းကိုသာ လှမ်းပြောသည်။

"ခင်ဗျားက မှတ်ဉာဏ် အတော်ကောင်းတယ်၊ ကျုပ်ကို ချက်ချင်းမှတ်မိတယ်။ ကဲ သိပ်ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘူး ခင်ဗျားလူသုံးယောက်ကို ခေါ်ပြီး ဆိုင်အပေါ်ထပ်က သီးသန့်ခန်းထဲကို လိုက်ခဲ့ ဟိုကျမှ အကြောင်းစုံ ရှင်းပြမယ် ခင်ဗျားလူတွေ ထွက်ပြေးမသွားဖို့တော့ ခင်ဗျား တာဝန်ယူ ဟောဒီစကားပွဲပေါ်က အရက်နဲ့ စားစရာတွေကို အားလုံး သွန်ပစ်လိုက် ဘာကိုမှ မစားနဲ့မသောက်နဲ့"

အိန်းလုံက ဤသို့ပြောပြီး မျောက်ညို မာကြူးကို လည်ကုပ်မှဆုပ်ဖမ်းကာ ဆိုင်အပေါ်ထပ်သို့ ဆွဲခေါ်သွားသည်။

မျောက်ညိုမာကြူးမှာ မရုန်းနိုင်ပဲ အိန်းလုံဆွဲခေါ်ရာသို့ ကန့်လန့်ကန့်လန့်နှင့် ပါသွားသည်။

"တုံကွမ်း .. အဲဒီဝတ်စုံပြာနဲ့ အဘိုးကြီးက ဘယ်သူလဲဗျ"

အိန်းလုံ ထွက်သွားသောအခါတွင် ရှောင်းကြည်က မေးသည်။

"သူ့နာမည် အိန်းလုံတဲ့ သိုင်းလောကရဲ့ ထိပ်သီး သိုင်းသမား ဆယ်ဦးမှာ အမှတ်စဉ်သုံးမှာ ရှိနေတဲ့လူပဲ သူပြောတဲ့ အတိုင်းလိုက်လုပ်တာ ဘေးကင်းလိမ့်မယ်"

တုံကွမ်းက ပြန်ပြောသည်။

ဆေးနဂါးညီနောင် (၃)ယောက်တို့ ဘာမျှထပ်မပြောကြတော့ပေ။

"ဟော့.... ဟောဒီစားပွဲပေါ်က ဟင်းလျာနဲ့ အရက်တွေကို အားလုံး သွန်ပစ်လိုက်ကြပေတော့ ဘာကိုမှ မစားကြနဲ့ကြားလား...."

တုက္ကမ်းက စားပွဲထိုးများကို လှမ်း၍ပြောဆို မှာကြားပြီး ဆေးနဂါးညီနောင်(၃)ယောက်တို့ကို ခေါ်ကာ ဆိုင်အပေါ်ထပ်သို့ တက်လာခဲ့သည်။

နဂါးသုံးကောင် စားသောက်ဆိုင်၏ အပေါ်ထပ် ဝယ် သီးသန့်ခန်းလေးများရှိသည်။ ထိုအခန်းများမှာ သီးသီး သန့်သန့်အေးအေးဆေးဆေး စားသောက်လိုသူများအတွက် အထူးပြုလုပ်ထားခြင်းဖြစ်သည်။

သီးသန့်ခန်းတခုထဲဝယ် အိန်းလုံရောက်နှင့်ပြီးဖြစ်သည်။

တုက္ကမ်းနှင့် ဆေးနဂါးညီနောင် (၅)ဦးတို့ ရောက်ရှိသွားချိန်တွင် မျောက်ညိုမာကြူးမှာ အကြောပိတ်ခံထားရဟန်ဖြင့် ထိုင်ခုံပေါ်ဝယ် ပျော့ပျော့ခွေခွေ ထိုင်လျက်ရှိနေသည်ကို တွေ့ရသည်။

"ကဲ...လာထိုင်ကြဗျာ ဒီမှာအေးအေးဆေးဆေး စားရသောက်ရအောင်လို့ အရက်တအိုးနဲ့ ဟင်းလျာတွေ ထပ်မှာထားတယ် ကျသင့်ငွေကိုတော့ ဆေးနဂါးညီနောင် သုံးယောက်တို့ကို ကျခံခိုင်းရမှာပဲ"



အိန်းလုံက ဆီးပြောသည်။

ဆေးနဂါးညီနောင် (၃)ယောက်တို့က တစုံတရာပြောမည်ပြုသည်။ သို့သော် တုက္ကမ်းက မျက်ရိပ်ပြကာ ဟန့်တားလိုက်သောကြောင့် ဘာမျှမပြောကြတော့။

သုန်သုန်မှုန်မှုန် မျက်နှာများဖြင့် ထိုင်ခုံများတွင် ဝင်ထိုင်သည်။

မကြာခင်မှာပင် အိန်းလုံမှာထားသော ဟင်းလျာများနှင့် အရက်အိုး ရောက်ရှိလာသည်။

"ကိုင်း....စားကြသောက်ကြအုံးစို့. စားယင်းကျုပ်က မေးစရာရှိတာလေးတွေကို မေးမယ်၊ အမေးခံရတဲ့လူသာ ဖြေနော် မဆိုင်တဲ့လူ ကြားဝင်မဖြေနဲ့"

ဟင်းလျာများရောက်ရှိလာပြီး အရက်ခွက်များတွင် အရက်များ ငှဲ့ထည့်ပြီးသောအခါ အိန်းလုံက ပြောသည်။

"ဟုတ်ကဲ့....ဟုတ်ကဲ့"

တုက္ကမ်းက ရိုသေစွာ ခေါင်းညိတ်အဖြေပေးသည်။ ဆေးနဂါးညီနောင် (၃) ယောက်တို့ကမူ ဘာမျှမပြော။ မျက်နှာထားသုန်သုန်မှုန်မှုန်နှင့် ဆက်ထိုင်နေကြသည်။ ဟင်းလျာနှင့်အရက်များကို လက်ဖျားနှင့်ပင်မတို့။

အိန်းလုံက ဆေးနဂါးညီနောင်တို့ကို အရေးမစိုက်ပဲ အရက်တခွက်မော့သောက်သည်။ထို့နောက် အမဲကြော်တတုံးကိုယူကာ ဝါးစားယင်း မျောက်ညိုမာကြူးကို မေးခွန်းထုတ်သည်။

"ဒီမယ် မာကြူး.... ခင်ဗျားဟာ ချမ်းသာသဘော်မှာ အစောင့်သိုင်းသမားလုပ်ခဲ့ဖူးတယ် မဟုတ်လား"

ဟို– အင်း....အဲ"

မျောက်ညိုမာကြူးက ချက်ချင်းအဖြေမပေးပဲ တအင်းအင်း တအဲအဲလုပ်နေသည်။

"ကျုပ်က သိပ်စိတ်ရှည်တာမဟုတ်ဘူးနော် စကားကို နှစ်ခါ ထပ်ပြီးမပြောချင်ဘူး မေးတာကိုကောင်းကောင်း ဖြေပါမဟုတ်ယင် ခင်ဗျားကိုယ်ခန္ဓာပေါ်က အရိုးအဆစ်တွေကို ခြေဆစ်က စပြီး တဆစ်စီဖြုတ်ပစ်မယ်"

အိန်းလုံက လေသံမာမာဖြင့် ပြောသည်။

"ဟုတ်–ဟုတ်ပါတယ် လုပ်ခဲ့ဖူးပါတယ်"

"ခင်ဗျားဟာ လုကောင်းစွန်ရဲ့ မြင်းညိုဂေဟာမှာ ဘယ်လို အဆင့်မျိုးရှိသလဲ"

"မြင်းညိုဂေဟာရဲ့ သာမန်အဖွဲ့ဝင် သိုင်းသမားတယောက် ပါ"

"ခင်ဗျား ယွဲ့ရန်မြို့ကိုလာတာဟာ လုကောင်းစွန်က လူ သုံးယောက်ကို လုပ်ကြံသုတ်သင်ပစ်ဖို့ လွှတ်လိုက်တာ မဟုတ် လား"

"ဟုတ်ပါတယ်"



"ခင်ဗျားလုပ်ကြံရမယ့် လူသုံးယောက်ဟာ ဘယ်သူတွေလဲ"

"ကျန်းစူးခရိုင်က တောသဌေးညီနောင် သုံးယောက်ပါ အခုသူတို့သုံးယောက် ကုန်အရောင်းအဝယ်ကိစ္စနဲ့ ယွဲ့ရန်မြို့ကို ရောက်နေကြပါတယ်"

"အမှန်အတိုင်းဖြေနော် အမှားတခွန်းပါတာနဲ့ ခင်ဗျား ကိုယ်ပေါ်ကအရိုးတချောင်း ကျိုးရပြီသာမှတ်ပေတော့ ကဲ.... သေသေချာချာ စဉ်းစားပြီးပြန်ဖြေစမ်း လုကောင်းစွန်က အ သုတ်သင်ခိုင်းလိုက်တာ တောသဌေးသုံးယောက်မှဟုတ်ရဲ့လား',

အိန်လုံးက ဤသို့ပြောပြီးနောက် မျောက်ညိုမာကြူး၏ ညာဘက် ခြေကျင်းဝတ်မှ ခြေဆစ်ကို 'ဆက်' ကနဲ ဆွဲဖြုတ်ပစ် လိုက်သည်။

နာကျင်လွန်း၍ မျောက်ညိုမာကြူး၏ တကိုယ်လုံးတဆတ် ဆတ် တုန်သွားသည်။ တုက္ကမ်းနှင့် ဆေးနဂါးညီနောင် (၃) ယောက်တို့ရှေ့ဝယ် အော်ဟစ်ညီးညူရမည်ကို ရှက်သောကြောင့် အသံထွက်မညီးမိရန် မနည်းကြိုးပင် ချုပ်တည်း ထားလိုက် ရ သည်။

"ကဲ...ဖြေစမ်း လုကောင်းစွန်က အသုတ်သင်ခိုင်းလိုက်တဲ့ လူသုံးယောက်ဟာ ဘယ်သူတွေလဲ"

အိန်းလုံက ထပ်မေးပြန်သည်။

"ကျွန်တော်အမှန်အတိုင်း ဖြေပါတော့မယ်ခင်ဗျာ ဒါပေ

မယ့် ဒီနေရာမှာတော့ မပြောပါရစေနဲ့ လူရှင်းတဲ့နေရာကို ခေါ်သွားပါ ဆရာကြီးကိုတိုးတိုးလေး ပြောပြပါမယ်”

မျောက်ညိုမာကြူးက တောင်းပန်စကားဆိုသည်။

“ဟာ—ဒီလိုလုပ်လို့ ဘယ်ရမှာလဲ ဟောဒီက မိတ်ဆွေကြီး တုကွမ်းနဲ့ ဆေးနဂါးညီနောင်သုံးယောက်တို့ရှေ့မှာပဲပြောသူတို့ကို သက်သေအရာထားရမယ်”

အိန်းလုံက မျောက်ညိုမာကြူး၏ တောင်းဆိုချက်ကို မလိုက်လျောပဲ ခပ်ပြတ်ပြတ်ပြောသည်။

“သူတို့ရှေ့မှာပဲ ပြောဆိုပြောပါ့မယ် ဒါပေမယ့် ကျွန်တော့်အတွက် ဘယ်လိုမှ အန္တရာယ် မကျရောက်ရအောင် ဆရာကြီး တာဝန်ယူ အကာအကွယ်ပေးနိုင်ပါ့မလား”

“စိတ်ချ ခင်ဗျားကို ဘယ်သူမှ လက်ဖျားနဲ့တောင် မတို့စေရဘူး ကျုပ်တာဝန်ယူတယ် ရဲရဲသာပြောစမ်း”

အိန်းလုံကရဲရဲဝံ့ဝံ့တာဝန်ယူလိုက်သည်။ မိမိအတွက်အန္တရာယ် မရှိနိုင်တော့ပြီမို့ မျောက်ညိုမာကြူးက ဆေးနဂါးညီနောင် (၃) ယောက်ကို ရှက်ကိုးရှက်ကန်း အမူအရာဖြင့် ကြည့်ပြီး ပြောသည်။

“ရှောင်းကြည်တို့ ခင်ဗျားတို့ဘယ်လိုမှ မအောက်မေ့ကြနဲ့ နော် လုကောင်းစွန်က သုတ်သင်ခိုင်းလိုက်တာ တခြားလူတွေ မဟုတ်ဘူး ခင်ဗျားတို့ သုံးယောက်ကိုပဲ”



မမျှော်လင့်သော စကားကြောင့် ဆေးနဂါး ညီနောင် (၃)ယောက်တို့မှာ အလွန်အံ့ဩကာ ကြက်သေ သေကုန်ကြသည်။ ရုတ်တရက်ဘာပြောရမည်ကိုပင်မသိ။

“ခင်ဗျားက သူတို့သုံးယောက်အပြင် တုကွမ်းကိုလဲလုပ်ကြံဖို့ ကြိုးစားသေးတယ်မဟုတ်လား”

အိန်းလုံကပြောသည်။

“ဟုတ်ပါတယ် ကျွန်တော့်အဖို့ သက်သေ မကျန်အောင် လုပ်ရမှာမို့ပါ”

“လုကောင်းစွန်နဲ့ ဆေးနဂါးညီနောင် သုံးယောက်တို့ဟာ ဘယ်လိုမှ ရန်ညှိုးရန်စ ရှိကြတာမဟုတ်ဘူး ဘာကြောင့်အခုလို သုတ်သင်ပစ်ခိုင်းရတာလဲ”

“အဲ….အဲ—ဒါကိုတော့ ကျွန်တော်လဲမသိပါဘူး”

“မှန်မှန်ပြောနော် ယက္ခဝမ်လီဖုံး အလုပ်ကြံ ခံခဲ့ရတဲ့ ကိစ္စအတွက် သက်သေအထောက်အထား လုံးဝမကျန်တော့အောင် အပြတ်ရှင်းပစ်ချင်လို့ မဟုတ်လား”

အိန်းလုံက ဤသို့ပြောပြီး မျောက်ညိုမာကြူး၏ ဗယ်ဘက် ခြေကျင်းဝတ်မှအဆစ်ကို ဆွဲဖြုတ်မည်ပြုလိုက်သည်။

“အမလေး ခြေဆစ်ကိုတော့ မဖြုတ်ပါနဲ့ ဟုတ်ပါတယ် ဆရာကြီးပြောတဲ့အတိုင်းပါပဲ”

မျောက်ညိုမာကြူးက အလန့်တကြားပင်အာခေါ်ပြပေးသည်။ အိန်းလုံက မျောက်ညိုမာကြူး၏ ဖယ်ဘယ် ခြေကျင်း ဝတ်ကို ဆုပ်ကိုင်ထားသည့်လက်ကို ဖယ်လိုက်သည်။

"နေပါအုံး…ယက္ခဝမ်လီဖုံး အလုပ်ကြံ ခံခဲ့ရတဲ့ ကိစ္စက ကျုပ်တို့နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ဆေးနဂါးညီနောင် (၃)ယောက်အနက်မှအငယ်ဆုံးဖြစ်သူ ကမေးသည်။

"ကဲ မာကြူး ဘယ်လို ပတ်သက်နေသလဲ ဆိုတာ သူတို့ နားလည်အောင် ပြောပြလိုက်စမ်းပါ"

အိန်းလုံက မာကြူးကိုပြောသည်။ မျောက်ညို မာကြူးလည်း မတတ်သာတော့ပဲ ယက္ခဝမ်လီဖုံး လုပ်ကြံခံခဲ့ရမှုနှင့် ပတ်သက်၍ သိရှိထားသမျှ အကြောင်းစုံကို ထုတ်ဖော် အစစ်ခံရတော့သည်။

လုကောင်းစွန်သည် အပြင်ပန်းအားဖြင့် တည်ကြည် ဖြောင့်မတ်သော သိုင်းသမားကြီးတယောက်၏ အသွင်ကို ဆောင်နေသော်လည်း အမှန်စင်စစ်မူ မကောင်းမှုမျိုးစုံကို လျှို့ဝှက်စွာ လုပ်ဆောင်နေသော ဒုစရိုက်ခေါင်းဆောင် တယောက်သာ ဖြစ်သည်။

အမှန်တရားဘက်မှရပ်တည်ကာ မကောင်းမှုများကိုနှိမ်နင်းနေသည့်ယက္ခဝမ်လီဖုံး၊ လိန်ရိစသော သိုင်းသမားကောင်းကြီးများကို လုကောင်းစွန်က အလွန်မျက်မုန်းကျိုးသည်။



သိုင်းသမားကောင်းကြီးများကို နှိမ်နင်းပစ်နိုင်ရေးအတွက် လုကောင်းစွန်က စနစ်တကျ ကြံစည်လုပ်ဆောင်ခဲ့သည်။

ပထမဦးစွာ ဆေးနဂါးညီနောင်တို့ကို ငွေသုံးဆယ်သား ပေး၍ အူပြတ်အဆိပ်ဆေးကို ကျူယွမ်အသက်ကယ် အားတိုး ဆေးနှင့် အရောင်အဆင်းအနံ့အရသာချင်း တူအောင် ပြုလုပ် ခိုင်းခဲ့သည်။

ထို့နောက်ကျူယွမ်အသက်ကယ်အားတိုးဆေးနှင့်တူအောင် ဖိမ်ပြုလုပ်ထားသော အူပြတ်အဆိပ်ဆေးလုံးများကို လိန်ရိ၏ ဆေးအစစ်ထဲမှ ကျူယွမ် ဆေးလုံး အစစ် များနှင့် လဲထား ခဲ့သည်။

လိန်ရိသည်လုကောင်းစွန်ကိုသိုင်းသမားကောင်း တယောက် ဟု ထင်မှတ်ကာ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံခဲ့၍ လုကောင်းစွန်အဖို့ ယခုလို အားတိုးဆေးနှင့် အဆိပ်ဆေး လဲလှယ်ထားခွင့်ရခဲ့ခြင်းဖြစ်သည်။

ဝမ်လီဖုံး အတွင်းဒဏ်ရသောအခါ၊ လိန်ရိက စေတနာ ကောင်းဖြင့် ကျူယွမ်အသက်ကယ်အားတိုးဆေးလုံး တလုံးပေး ခဲ့သည်။ ထိုဆေးလုံးမှာ အစစ်မဟုတ်ပဲ ကျူယွမ် အသက်ကယ် အားတိုးဆေးနှင့်တူအောင် ပြုပြင်ထားသောအူပြတ်အဆိပ်ဆေး ဖြစ်ပေရာ ဝမ်လီဖုံးသည် ထိုဆေးလုံးစားပြီးနောက် အဆိပ်သင့် ကာ သေဆုံးသွားခဲ့သည်။

လိန်ရိမှာလည်း ဤကိစ္စအတွက် စိတ်မကောင်းဖြစ်ကာသိုင်း လောကတွင် လေလွင့်နေခဲ့သည်။

ဝမ်လီဖု်း သေဆုံးခဲ့မှုမှာလုကောင်းစွန်၏လက်ချက်ဖြစ်မည် ဟု မည်သူကမျှ မထင်ခဲ့ကြပေ။

ဤသို့ဖြင့် ဆယ်နှစ်ကျော်လွန်လာခဲ့သည်။

ဤသို့ရှိနေခဲ့ရာမှ လိန်ပင်းက အိန်းလုံနှင့် ပူးပေါင်းကာ ချမ်းသာသဘော်ကို နှိမ်နင်းချေမှုန်းခဲ့သည်။ ဝမ်လီဖု်း သေဆုံးခဲ့ရမှုတွင် နောက်ကွယ်မှ လျှို့ဝှက်လုပ်ကြံမှုရှိမည်ဟု လိန်ပင်းသိခဲ့ပြီး အူကန်းကိုလိုက်ရှာယင်းဤကိစ္စအတွက် စုံစမ်းခဲ့သည်။

ဝမ်လီဖု်းသေဆုံးခဲ့မှုနှင့်ပတ်သက်၍ လိန်ပင်းက သတင်းလိုက်လံစုံစမ်းနေကြောင်း လုကောင်းစွန်သိရှိခဲ့သည်။ထို့ကြောင့် အထောက်အထားသက်သေ လုံးဝမရှိစေရန်အတွက်ဆေးနဂါးညီနောင်(၃)ယောက်ကိုသုတ်သင်နှုတ်ပိတ်ပစ်ရန် လုကောင်းစွန်က မျောက်ညိုမာကြူးကို တာဝန်ပေးစေလွှတ်ခဲ့ခြင်းဖြစ်သည်။

"လက်စသတ်တော့ အဖြစ်ကဒီလိုကိုးကျုပ်တို့ကဈေးမြိုးမြိုးမြက်မြက်ရတဲ့အပြင် လုကောင်းစွန်ကိုလဲကြောက်လို့ သူခိုင်းတဲ့အတိုင်း လုပ်ပေးခဲ့တာပါ ဒါလောက်အထိ ဖြစ်လာလိမ့်မယ်လို့ ထင်ကိုမထင်ဘူး"

အကြောင်းစုံကြားသိရပြီးသောအခါ ဆေးနဂါးညီနောင် (၃)ယောက်မှ အကြီးဆုံးဖြစ်သူ ရှောင်းကြည်ကပြောသည်။

"ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ရယင် ကောင်းမလဲ"

ဆေးနဂါးညီနောင် (၃)ယောက်မှ အငယ်ဆုံး ဖြစ်သူက အိန်းလုံကို မေးသည်။



"ဘာလုပ်ရမလဲဟုတ်လား အဆိပ်ဆေး အရောင်းအဝယ်ပဲ ဆက်လုပ်ပေါ့ အဲဒါမှ ကိုယ်ရောင်းတဲ့အဆိပ်နဲ့ ကိုယ့်ပြန်ထိပြီး တနေ့နေ့ သေပွဲဝင်ကြရလိမ့်မယ်"

အိန်းလုံက ခနဲ့တဲ့တဲ့ပြောသည်။

"ကျွန်တော်တို့ အဆိပ်အရောင်းအဝယ် ဆက်မလုပ်တော့ပါဘူး ဒီကပြန်သွားယင် ရှိသမျှအဆိပ်ဆေးတွေအားလုံးဖျက်စီးပစ်လိုက်ပါတော့မယ်"

"ခင်ဗျားတို့ မသိလို့ပဲဖြစ်ဖြစ် မှားခဲ့တာကတော့ မှားခဲ့မိကြပြီ အမှားကိုမြင်ပြီး အမှန်ရောက်အောင်ပြုပြင်ဖို့က အရေးကြီးတယ် အခုလိန်ပင်းက ဝမ်လီဖု်း သေဆုံးခဲ့ရမှု အတွက် တရားခံအစစ်ကိုလိုက်ပြီးစုံစမ်းဖော်ထုတ်နေတယ်၊ ခင်ဗျားတို့က သူ့ကို ဝိုင်းကူညီပေးနိုင်မလား"

အိန်းလုံကမေးသည်။

"ဟုတ်ကဲ့ ကျုပ်တို့ တတ်နိုင်သလောက် လုပ်ဆောင်ပေးပါ့မယ်"

ရှောင်းကြည်က ရဲရဲဝံ့ဝံ့ အာမခံပြောကြားသည်။

"မာကြူး ခင်ဗျားကို လုကောင်းစွန်က ဒီအတိုင်း အမြဲဘေးမဲ့ပေးထားမှာ မဟုတ်ဘူး ဒီနေ့ ဆေးနဂါးညီနောင်သုံးယောက်ကို နှုတ်ပိတ်သုတ်သင်ပစ်ဖို့ ခင်ဗျားကို လွှတ်လိုက်သလို တနေ့ကျယင် ခင်ဗျားကို နှုတ်ပိတ်သုတ်သင်ဖို့တယောက်ယောက်ကို လွှတ်အုံးမှာအမှန်ပဲ အခုတော့ခင်ဗျားဒီဆိုင်ထဲက

ထွက်လာယင် နွတ်ပိတ် သုတ်သင်ပစ်ဖို့ လုကောင်းစွန့်ရဲ လူတယောက်ယောက် ဆိုင်အပြင်က စောင့်နေပြီလား မသိဘူး လုကောင်းစွန့်လို ဒုစရိုက်သမားမျိုးက ကိုယ်ကျိုးကိုပဲ သိတတ်တယ် သူ့အကျိုးကို ထိခိုက်တော့မယ်ဆိုယင် ဘာကိုမှထောက်ထားငဲ့ညှာနေမှာမဟုတ်ဘူး ဒီတော့ ခင်ဗျားအနေနဲ့ ဒုစရိုက်လောကကို ကျောခိုင်းစွန့်ခွါတာ အကောင်းဆုံး ဖြစ်လိမ့်မယ် ဘယ်လိုသဘောရသလဲ''

အိန်းလုံက မျောက်ညိုမာကြူးကိုပြောသည်။

"ဟုတ်ကဲ့ ဆရာကြီး ကောင်းသလိုသာ ကြည့်စီမံပါတော့"

"ရှေ့ဆက်ဘယ်လိုလုပ်ကြမယ် ဆိုတာ ကျုပ်နောက်တော့ အသေးစိတ်ပြောပြမယ်အခုလောလောဆယ်မှာတော့ခင်ဗျားကို မေးစရာရှိသေးတယ်မာကြူး လုကောင်းစွန့်နဲ့ ချမ်းသာသဘော်နဲ့ ဘယ်လို ပတ်သက်နေတယ်ဆိုတာ ခင်ဗျား သိသလောက် ပြောပြစမ်းပါအုံး"

× × ×

ထိုနေ့ညနေစောင်းတွင်ဖြစ်သည်။

နဂါးသုံးကောင် စားသောက်ဆိုင်ထဲမှမျောက်ညိုမာကြူး ထွက်လာသည်။ မာကြူး၏လက်ထဲဝယ် အထုပ်ကြီးတထုပ် ကိုင် ထားသည်။ အထုပ်ထဲဝယ်မည်သည့်အရာတွေပါမှန်းမသိ။ အထုပ်မှာ ခပ်ဖောင်းဖောင်းဖြစ်နေသည်။



မျောက်ညိုမာကြူးသည် ဆိုင်မှထွက်လာပြီးနောက်မြို့အရှေ့ပြင်ဘက်သို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်း သွား သည်။ မျောက်ညိုမာကြူး၏ နောက်မှ ဝတ်စုံနက် ဝတ်ထားသူတယောက် မယောင်မလည်နှင့် နောက်ယောင်ခံကာ လိုက်သွားသည်။

မျောက်ညိုမာကြူးသည်သူ့နောက်မှလူတယောက်ခြေရာခံလိုက်လာသည်ကို သတိပြုမိဟန်မရှိ။ နောက်သို့ လှည့်မကြည့်ပဲ ရှေ့သို့သာ စိုက်စိုက် စိုက်စိုက်နှင့် သွားနေသည်။

မကြာမီမှာပင် ယဲ့ရန်မြို့၏အရှေ့ပြင်သို့ရောက်လာသည်။

ထိုနေရာမှာ အတော်ပင် လူနေကြဲပါးသည်။လမ်းပေါ်တွင် လူသွား လူလာမရှိ။ မျောက်ညိုမာကြူးနှင့် သူ့နောက်မှ နောက်ယောင်ခံလိုက်လာသူတို့ ပေါင်း(၂)ဦးသာရှိသည်။

တိတ်ဆိတ်၍ လူသူကင်းမှင်းသော လမ်းသွယ်လေးတခုသို့ အရောက်တွင် မျောက်ညိုမာကြူးက ရုတ်တရက် ခြေလှမ်းကို ရပ်ကာ နောက်သို့ချာကနဲ လှည့်ကြည့်သည်။ မျောက်ညိုမာကြူး၏နောက်မှ ခြေရာခံ လိုက်နေသော ဝတ်စုံနက်နှင့်လူမှာ မပုန်းသာ မရှောင်သာတော့ပဲ မျောက်ညို မာကြူးနှင့် မျက်နှာချင်းဆိုင် ပက်ပင်းတိုးမိလေတော့သည်။

"လက်စသတ်တော့ ချုံယုံကိုး‌ဗျ ခင်ဗျားက ကျုပ်ကို သုတ်သင်ချင်လို့ နောက်ယောင်ခံလိုက်ပြီး အကွက်ချောင်းနေတာ မဟုတ်လား"

မျှောက်ညိုမှာကြူးက ပြောလိုက်သည်။ မျှောက်ညိုမှာကြူးနောက်သို့ နောက်ယောင်ခံလိုက်နေသော ဝတ်စုံနက်နှင့်လူမှာ မြင်းညိုဂေဟာ၏ လက်ရွေးစင်သိုင်းသမား ချံယုံပင်ဖြစ်ပေသည်။

မျှောက်ညိုမှာကြူး၏ ပြောင်ပြောင်ရှင်းရှင်း မေးလိုက်သောစကားကြောင့်ချံယုံမှာ အဖြေရခက်ကာ မျက်နှာ 'ကွက်' ကနဲပျက်သွားသည်။

"ဟို...ခင်ဗျားနောက်ကို ကျုပ်လိုက်လာမယ်ဆိုတာခင်ဗျားက ကြိုတင်သိနေမှကိုး"

ခေတ္တမျှ ကြောင်အန်းအန်း ဖြစ်နေပြီးနောက် ချံယုံက ကောက်ကျစ်စွာ တချက်ပြုံးပြီး ပြောသည်။

"ကျုပ်မှာ ဒီလောက် ကွက်ကျော်တွေးဆနိုင်တဲ့ စိတ်ဘူး ဉာဏ်မရှိပါဘူး"

မျှောက်ညိုမှာကြူးက ပြန်ဖြေသည်။

"ဒါဖြင့် ဘယ်သူက ကြိုတင်ပြောထားတာလဲ"

"စေတနာကောင်းရှိတဲ့ သိုင်းသမားတယောက်ပါ သူက ပြောတယ် လုခကောင်းစွန်ဟာ အင်မတန်ကောက်ကျစ် ယုတ်မာပြီး မြွေဆိုးလို ကြောက်ဖရာ ကောင်းတယ်တဲ့ အခုကျုပ်ကို ဆေးနဂါးညီနောင်သုံးယောက်ကိုသုတ်သင်ဖို့ တာဝန်ပေး ခိုင်းစေလိုက်ဘဲ့နေရာမှာ ကျုပ်ကို နှုတ်ပိတ်ဖို့ တခြားလူ တယောက်



ကိုလဲ ထပ်လွှတ်ထားလိမ့်မယ်လို့ သူက ကြိုတင်ဟောကိန်းထုတ်တယ် သူ့ဟောကိန်းကို ကျုပ်က မယုံမိပါဘူး သူပြောသလို မဖြစ်နိုင်ပါဘူးလို့တောင် ငြင်းခဲ့သေးတယ် အခုတော့သူပြောတာတွေ သွေးထွက်အောင် မှန်နေပြီ"

"အဲဒီလို ဟောကိန်းထုတ်တဲ့ လူဟာ ဘယ်သူလဲ သူအခု ဘယ်မှာလဲ"

ချံယုံက အလောတကြီးမေးသည်။

"အဲဒီလူကို ရှည်ရှည်ဝေးဝေး ရှာနေစရာမလိုပါဘူး အခု ခင်ဗျားရဲ့နောက်မှာ ရောက်နေပါပြီ"

နောက်ကျောဘက်ဆီမှအေးစက်စက်ပြောလိုက်သောစကားသံကို ချံယုံကြားရသည်။ မိမိနောက်ကျောဘက်ဝယ် ရန်သူ ရောက်နေပြီဖြစ်ကြောင်း ချံယုံသိလိုက်သည်။

ချံယုံက တုံ့ဆိုင်းမနေ။ ချက်ချင်းပင် နောက်သို့လှည့်ကာ လက်ဝါးရိုက်ချက်များ ဆင့်ကဲ ဆင့်ကဲ ရိုက်ချသည်။

အားလုံး လက်ဝါးရိုက်ချက်(၅)ချက်။

ပြင်းထန်သော လက်ဝါးရိုက်ချက် (၅)ချက်ကို လျှင်မြန်သွက်လက်စွာ ဆင့်ကဲ ဆင့်ကဲ ရိုက်ထုတ်တိုက်ခိုက်လိုက်သည့်တိုင် နောက်ကျောဘက်တွင်ရှိနေသူကို တချက်မျှပင်မထိ။

ဤလက်ဝါးရိုက်ချက်(၅)ချက်မှာ ချံယုံ၏ ပညာကုန်သုံးကာ ရိုက်ချလိုက်သော လက်ဝါးရိုက်ချက်များဖြစ်သည်။ ဤ

ထက်ဝါးရှိက်ချက်များကို တဘက်လူက လွတ်အောင် တိမ်းရှောင်နိုင်သည်ဖြစ်ရာ ထိုသူ၏ သိုင်းပညာသည် မိမိထက် များစွာသာလွန် မြင့်မားကြောင်း ချံယုံအကဲခတ်သိရှိလိုက်သည်။

ချံယုံ၏ စိတ်ထဲဝယ် အကြီးအကျယ် ထိတ်လန့် တုန်လှုပ်သွားသည်။ ချံယုံမှာ သိုင်းပညာ အားကိုးဖြင့် အမျိုးမျိုးသောင်းကျန်းရမ်းကားနေသော သိုင်းသမားဆိုးတယောက်ဖြစ်သည်။

ဤလိုလူမျိုးသည် မိမိကိုမယှဉ်နိုင်သူများအပေါ် အမျိုးမျိုးအနိုင်ကျင့်တတ်သလောက် မိမိထက် ပညာစွမ်း ထက်သောသူများကိုမူ အသေအလဲ ကြောက်တတ်သည်။

ချံယုံသည် ဆက်လက်ခုခံခြင်းပင်မပြုတော့ပဲ တချိုးတည်းသုတ်ခြေတင်ကာ ထွက်ပြေးလေတော့သည်။

သို့ရာတွင် ခြေတလှမ်းသာ ပြေးနိုင်သည်။

ခါးလယ်ရှိ ပျော့ခွေကျော နေရာဝယ် 'စစ်'ကနဲ ဖြစ်ကာ တကိုယ်လုံး ထုံကျဉ်လျက် ခြေလှမ်းပင် ဆက်မလှမ်းနိုင်တော့ပဲ၊ ခွေရက်သား လဲကျသွားလေတော့သည်။


"ဟားဟားဟား...အိန်းလုံ့ရဲ့ လက်ကနေပြီး လွတ်အောင် ထွက်ပြေးလို့ရနိုင်မယ်ထင်နေသလား"

ကျေနပ်အားရစွာ ရယ်မောပြောဆိုသံကို ချံယုံကြားလိုက်ရသည်။



ချံယုံကို အကြောပိတ်ဖမ်းဆီးလိုက်သူမှာ ဝတ်စုံပြာ အဘိုးကြီး အိန်းလုံပင်ဖြစ်သည်။ အိန်းလုံသည် မျောက်ညိုမာကြူးနှင့် အချိတ်အဆက်လုပ်ကာ ခပ်လှမ်းလှမ်း အကွာမှနေ၍ ပုန်းလျှိုးကွယ်လျှိုးနှင့်လိုက်လာပြီး မာကြူးနောက်မှနောက်ယောင်ခံလိုက်လာသူ ချံယုံကို အပိုင်ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

× × ×



## အခန်း (၁၀)

ခြသေ့်ဂေဟာသို့ အိန်းလုံတို့ ရောက်ရှိလာကြသည်။

အိန်းလုံနှင့်အတူ မျောက်ညိုမာကြူး ဆေးနဂါး ညီနောင် (၃)ယောက်တို့အပြင် အဖမ်းခံထားရသော ချုံယုံလည်းပါလာသည်။

အရေးကြီးသော သတင်းများ ရရှိခဲ့သည့်အတွက် အိန်းလုံသည် လိန်ပင်းကို လိုက်ရှာမနေတော့ပဲ လိန်ပင်း၏အဘွားဖြစ်သူ ချိန်ဟွာထံသို့ တိုက်ရိုက်လာခဲ့ခြင်း ဖြစ်သည်။

မိမိ သိရှိထားသည်များကို ခြသေ့်ဂေဟာ ခေါင်း ဆောင် ချိန်ဟွာအားပြောပြပြီးနောက် ဆက်လလ် လုပ်ဆောင် သွားရ



မည့် လုပ်ငန်းများအတွက် ချိန်ဟွာ၏ အကူအညီ ရယူရန် အိန်းလုံက စိတ်ကူးထားသည်။

အိန်းလုံအတွက် ကံကောင်းသည်ဟု ဆိုရမည်။ ခြသေ့်ဂေဟာတွင် လိန်ပင်းနှင့် အူကန်းတို့ရောက်ရှိနေကြသည်ကို အိန်းလုံတွေ့သည်။

"ဟေ့ လိန်ပင်း၊ ဟေ့ အူကန်း လက်စသတ်တော့မင်းတို့က ဒီရောက်နေကြတာကိုး အခုလို မင်းတို့နဲ့ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ဆုံရတာ သိပ်ဝမ်းသာတာပဲကွာ"

ခြသေ့်ဂေဟာ၏ ဧည့်ခန်းဆောင်ထဲဝယ် လိန်ပင်းနှင့်အူကန်းတို့ကို တွေ့ရသောအခါ အိန်းလုံက အားရ ဝမ်းသာ ပြောသည်။

"ကျွန်တော်တို့ မနေ့ညကမှ ရောက်လာကြတာဗျ၊ ဦးလေးအိန်းလုံနဲ့ပါလာကြတဲ့ လူတွေက ဘယ်သူတွေလဲ ဒီလောက်လူစုလူဝေး ကောင်းကောင်းနဲ့ ရောက်လာပုံ ထောက်တော့အကြောင်းထူး ရှိမယ်ထင်တယ်"

လိန်ပင်းက ပြန်ပြောသည်။

"အကြောင်းထူးတာကတော့ မပြောနဲ့ ဝမ်လီဖုံးသေဆုံးခဲ့ရတဲ့ကိစ္စမှာ ပါဝင်ခဲ့တဲ့လူကို သိခဲ့ရပြီ၊ ပြီးတော့ ချမ်းသာသတော်ရဲ့ ဒုစရိုက်လုပ်ငန်းတွေကို နောက်ကွယ်ကနေကြိုးကိုင်ချယ်လှယ်နေတဲ့လူကိုလဲ သိခဲ့ရပြီကွ"

အိန်းလုံက ဤသို့အစချီကာ လိန်ပင်းတို့နှင့် မျောက်ညို မာကြူး၊ ဆေးနဂါးညီနောင်(၃)ဦးတို့ကိုမိတ်ဆက်ပေးသည်။ ချုံယုံကိုမူ ခြသေ့ဂေဟာ၏ အချုပ်ခန်းထဲတွင် ထည့်သွင်း ချုပ်နှောင်ထားစေလိုက်သည်။

ထို့နောက် အိန်းလုံက မိမိစုံစမ်းသိရှိခဲ့ရသည့် အကြောင်း ခြင်းရာများကို အကုန်အစင်ပြောပြသည်။

ပထမဦးစွာ ဝမ်လီဖုံးသေဆုံးခဲ့ရမှုမှာ မြင်းညိုဂေဟာရှင် လုကောင်းစွန်၏ လက်ချက်ဖြစ်ကြောင်းကို မာကြူးနှင့် ဆေး နဂါးညီနောင် (၃)ယောက်တို့အား သက်သေထူကာ ရှင်းပြ သည်။

ထို့နောက် ချမ်းသာသဘော်၏ အကြောင်းကို ဆက်ပြော သည်။

"ချမ်းသာသဘော်ဟာ မူလကတော့ ဝမ်လီဖုံး သေဆုံးခဲ့ မှုအတွက် စုံစမ်းထောက်လှမ်းဖို့ ယက္ခဂေဟာက စေလွှတ်ထား တဲ့ အခြေစိုက်စခန်းတခုပဲ ဒါပေမယ့် လုကောင်းစွန်က ချမ်းသာ သဘော်ကို ဦးစီးကွပ်ကဲရတဲ့ မာယာမင်းသမီးယဲ့ချိန်ပူးပေါင်း ပြီး ချမ်းသာသဘော်ကို ဒုစရိုက်အသိုက်အမြုံဖြစ်အောင် လုပ် ခဲ့တယ် ချမ်းသာသဘော်ပေါ်မှာရှိနေတဲ့ ဒုစရိုက်လုပ်ငန်းတွေ ကို နောက်ကွယ်ကကြိုးကိုင်ချယ်လှယ်နေသူဟာ လုကောင်းစွန်ပဲ လက်မရှိ သိုင်းသမားတွေနဲ့ ပတ်သက် လို့တော့ ဘာ သတင်းမှ ထူးထူးခြားခြားမသိခဲ့ရဘူး ယက္ခဂေဟာ ဘယ်နေ ရာမှာ ရှိနေတယ်ဆိုတာကိုတော့ သိရပါပြီ"



"ဦးလေးအိန်းလုံ စုံစမ်းသိရှိလာတဲ့ သတင်းတွေကတော့ ဘာကယ့်ကို အဖိုးတန်တဲ့ သတင်းကောင်း တွေပါပဲ ဒီလို အထောက်အထား သက်သေခိုင်ခိုင်လုံလုံနဲ့ စုံစမ်း ဖေါ်ထုတ် ပေးတဲ့အတွက် အများကြီး ကျေးဇူး တင်ပါတယ် ကဲ.... နေ့လယ်စာ စားသုံးဖို့ကြွကြပါအုံး စားသောက်ပြီးမှ ရှေ့ ဆက် လုပ်ရမယ့် လုပ်ငန်းစဉ်တွေကို တိုင်ပင်ကြတာပေါ့"

အိန်းလုံအကြောင်းစုံ ရှင်းပြပြီးသောအခါ လိန်ပင်းက ပြောသည်။

ထို့နောက် လိန်ပင်းက အိန်းလုံတို့လူစုကို စားသောက် ဆောင်သို့ ဦးဆောင်ဖိတ်ခေါ်လာခဲ့သည်။

စားသောက်ဆောင်ထဲဝယ် စားပွဲဝိုင်းကြီးတခုဖြင့် စား သောက် ဖွယ်ရာများ အသင့်ခင်းကျင်းထားသည် လိန်ပင်းက ကိမ်ရှင် နေရာ တွင်နေကာ ဧည့်ဝတ်ပြုသည်။ နေ့လယ်စာ စားသောက်နေကြဆဲဝယ်၊ ထွေရာလေးပါး၊ အလ္လာပသလ္လာပ စကားများကိုသာ ပြောကြသည်။

နေ့လယ်စာ စားသောက်ပြီးသောအခါ လိန်ပင်း[illegible]အိန်းလုံ တို့လူစုကို ခေတ္တတည်းခိုနေထိုင်ရမည့် အခန်းများသို့ လိုက်ပို့ နေရာချထားပေးသည်။

ထို့နောက် လိန်ပင်းက အိန်းလုံကို စာကြည့်ဆောင်သို့ ခေါ်လာခဲ့သည်။ ကျန်လူများကမူ မိမိတို့ဟိုနေရာချထားပေး သားသော အခန်းများထဲဝယ် အနားယူ ကျန်နေခဲ့ကြသည်။

× × ×

စာကြည့်ဆောင်ထဲဝယ် ချိန်ဟွာရှိနေသည်။

ချိန်ဟွာ၊ အိန်းလုံနှင့် လိန်ပင်းတို့ (၃)ယောက်သားသည် စာကြည့်ဆောင်ထဲ အတူကိုင်ကာ၊ ရှေ့ဆက်လုပ်ရမည့်လုပ်ငန်းများကို တိုင်ပင် ကြသည်။

"အခုလောလောဆယ်မှာ လက်မရှိ သိုင်းသမားတွေကိုမူလအတိုင်း လူကောင်းပြန်ဖြစ်အောင် ကုသပေးဖို့ကအရေးကြီးတယ် လက်မရှိ သိုင်းသမားတွေ ဖြစ်ပေါ်လာတာ ယက္ခဂေဟာရဲ့ လက်ချက်လား လူကောင်းစွန်ရဲ့ လက်ချက်လားဆိုတာတော့ အခုထိတိတိကျကျ မသိရသေးဘူးယဲ့ချိကတော့လက်မရှိသိုင်းသမားတွေကို မူလအတိုင်း ပြန်ဖြစ်အောင် ကုသနိုင်တဲ့ ကုသနည်းနဲ့ ဖြေဆေးတွေ ယက္ခဂေဟာမှာ ရှိတယ်လို့ အခိုင်အမာပြောတယ်၊ ကျွန်တော့်သဘော ပြောရယင်တော့ ယက္ခဂေဟာကို အယင်သွားပြီး ကုသနည်းနဲ့ ဖြေဆေးတွေ အယင်ယူသင့်တယ် ဝမ်လီဖုံးသေဆုံးရတာဟာ ဖေဖေရဲ့ ပရောဂမပါကြောင်း သက်သေအခိုင်အလုံနဲ့ ပြနိုင်ပြီဆိုတော့ ယက္ခဂေဟာမိသားစုက ကျွန်တော်တို့အပေါ် အယင်ကလို ခါးခါးသီးသီး ဆက်ဆံကြတော့မှာမဟုတ်ဘူး"

လိန်ပင်းကမိမိ၏သဘောထားကို ပြောပြသည်။

"ဟုတ်တယ် လိန်ပင်းပြောတာမှန်တယ် ယက္ခဂေဟာကိုသွားပြီး အကြောင်းစုံ သေသေချာချာ ပြောပြရမယ် ဒီလိုဆိုယင် သူတို့က ကုသနည်းနဲ့ ဖြေဆေးတွေ ပေးမယ့်အပြင် လူကောင်းစွန်ရဲ့ မြင်းညိုဂေဟာကိုတိုက်ခိုက်ချေမှုန်းတဲ့နေရာမှာ



...ဲ့ တတပ်တအား ဝိုင်းဝန်းကူညီလာနိုင်တယ် လူကောင်းစွန်...ာ ကိုယ်တိုင် သိုင်းပညာအစွမ်းထက်မြက်တဲ့ အပြင်မြင်းညို...ဂေဟာရဲ့ အသိုင်းအဝိုင်း အင်အားကလဲ တောင့်တင်းတယ် ...တော့ မြင်းညိုဂေဟာကို နှိမ်နင်းတိုက်ခိုက်တဲ့ နေရာမှာ ယက္ခ...ဂေဟာရဲ့ အကူအညီကိုရယင် အကောင်းဆုံးပဲ"

အိန်းလုံက လိန်ပင်းဘက်မှ ထောက်ခံ ပြောဆိုသည်။

"ဒီလိုလဲ အပိုင်မတွက်ကြနဲ့အုံး ယက္ခဂေဟာ မိသားစုက ...ပ်ပြီး လျှို့လျှို့ဝှက်ဝှက်နေတတ်တာသူတို့သဘောကလဲတမျိုး ...ငါတို့ရှင်းပြတာကို ကျေနပ်လက်ခံယင် ကောင်းပါရဲ့ သူတို့ ...က မကျေနပ်ပဲ သူတို့ဘာသာ သီးသီးသန့်သန့် နေတာကို လာ...နှောင့်အယှက်ပေးရမလားဆိုပြီး ရန်လုပ်နေယင် ခက်မယ် ...ါကိုလဲ ထည့်တွက်ဖို့ မမေ့နဲ့"

ချိန်ဟွာကပြောသည်။

သူတို့(၃)ယောက်သည် အခြေအနေအရပ်ရပ်ကို ရှုထောင့်...းစုံမှကြည့်ကာ အနည်းနည်းအဖုံဖုံ တိုင်ပင်ကြသည်။ ဆွေး...နွေးကြသည်။

နောက်ဆုံးတွင်မူ ယက္ခဂေဟာသို့ ဦးစွာ သွားရောက်ကာ ...ဖြစ်မှန်များကို သက်သေအခိုင်အမာနှင့် ရှင်းပြပြီးလက်မရှိ...ိုင်းသမားများအတွက် ဖြေဆေးနှင့် ကုသနည်းကိုတောင်းရန် ...မြင်းညိုဂေဟာရှင် လူကောင်းစွန်ကို တိုက်ခိုက် နှိမ်နင်း

ရေးကိစ္စကို ဒုတိယအစီအစဉ်အဖြစ် ဆက်လက် လုပ်ဆောင်ရန် ဆုံးဖြတ်ချက်ချလိုက်ကြသည်။

ထို့နောက် ယက္ခဂေဟာသို့သွားရောက်ရန် အစီအစဉ်များ ပြုလုပ်ကြသည်။ အကယ်၍ အပြေအလည် ပြောဆို၍ မရပဲ တင်းတင်းမာမာဖြစ်ကာ တိုက်ခိုက်ကြရမည့် အခြေအနေမျိုး ပေါ်ပေါက်လာပါက အသင့်ရှိစေရန် အစစအရာရာ ကြိုတင် စီစဉ်ထားသည်။

ယက္ခဂေဟာသို့ သွားရောက်ရန် အတွက် အုပ်စု (၃) စု ဖွဲ့စည်းသည်။

ပထမအုပ်စုကို ချိန်ဟွာကိုယ်တိုင်ဦးစီးသည်။ ဤအုပ်စုတွင် ခြင်္သေ့ဂေဟာ၏ လက်ရွေးစင်သိုင်းသမား(၂၄)ဦးနှင့်ချိန်ဟွာ ၏ရုံရွှေတော်(၂)ဦးဖြစ်သော ရှောင်ကျက်နှင့် ရှောင်အယ်တို့ ပါဝင်သည်။ ဤအဖွဲ့နှင့်အတူ ချဲယုံနှင့် မျောက်ညို မာကြူး တို့လည်းလိုက်ပါကြရသည်။

ဒုတိယ အုပ်စုတွင် အိန်းလုံ၊လိန်ပင်း၊အူကန်း၊တုကွမ်း၊ဆေး နဂါးညီနောင် (၃)ယောက်နှင့် ခြင်္သေ့ဂေဟာမှ သိုင်းသမား (၆)ဦးပါဝင်သည်။ဤအုပ်စုကိုအိန်းလုံကခေါင်းဆောင်သည်။

တတိယအုပ်စုကို ခြင်္သေ့ဂေဟာ၏ ထင်ရှားသော အမျိုး သမီးသိုင်းပညာရှင်ဖြစ်သူ စမ်းအဲ့က ကွပ်ကဲသည်။အဖွဲ့ဝင်များ မှာလည်း သိုင်းပညာ အစွမ်းထက်သော မိန်းမပျို (၁၂)ဦး ဖြစ်သည်၊ ထိုမိန်းမပျိုများမှာ 'သီဟကညာများ' ဟု ကျော် ကြားနေသော သိုင်းပညာရှင်များဖြစ်ကြသည်။



စမ်းအဲ့မှာ ချိန်ဟွာ၏တူမဖြစ်သည်။ ချိန်ဟွာ ကိုယ်တိုင် ကြပ်မတ်၍ သိုင်းပညာသင်ကြားလေ့ကျင့်ပေးထား၍ အဆင့် မြင့်သိုင်းပညာများထူးထူးချွန်ချွန်တတ်ကျွမ်းသည်။

စမ်းအဲ့သည် အသက်(၃၀)ခန့်ရှိပြီး အရွယ်ဘင်ကာ နုပျို ချောမောသည်။ စမ်းအဲ့မှာချစ်ရေးတွင် ကံခေခဲ့သည်။စမ်းအဲ့ နှင့်လက်ထပ်ရန် စေ့စပ်ကြောင်းလမ်းထားပြီးဖြစ်သောချစ်သူ ရည်းစားမှာ သိုင်းသမားဆိုး တစုံ၏ လက်ချက်ဖြင့် သေဆုံး သွားခဲ့ရသည်။ ထိုအချိန်မှစ၍ စမ်းအဲ့သည်ချစ်ရေးတွင် စိတ် မဝင်စားတော့ပဲ သိုင်းပညာကို ဖိလေ့ကျင့်ကာ အပျိုကြီး လုပ်နေခဲ့သည်။

စမ်းအဲ့သည်စိတ်ကောင်းစေတနာကောင်းရှိသည်။သို့သော် သိုင်းသမားဆိုးများကိုမူ တူးတူးခါးခါးမုန်းတီးသည်။သာမန် အချိန်များတွင် ကြင်နာတတ်သော်လည်း သိုင်းပညာကို အလွဲ သုံးစားလုပ်ကာ မကောင်းမှုများကျူးလွန်နေသည့်သိုင်းသမား ဆိုးများနှင့်ရင်ဆိုင်တိုက်ခိုက်ရသော အခါများတွင်မူ စမ်းအဲ့ သည် အကြင်နာကင်းမဲ့စွာ ရက်ရက်စက်စက် ချေမှုန်းတိုက်ခိုက် တတ်သည်။

ယက္ခဂေဟာသို့ ခရီးနှင်ရာတွင် ချိန်ဟွာ ဦးဆောင်သော ပထမအုပ်စုက ခြင်္သေ့ဂေဟာ၏အလံနှင့် အဆောင်အယောင် များ ခင်းကျင်းကာ ထင်ထင်ပေါ်ပေါ်သွားကြမည်ဖြစ်သည်။

အိန်းလုံခေါင်းဆောင်သော ဒုတိယအုပ်စုနှင့်စမ်းအဲ့ကွပ်ကဲ သော တတိယအုပ်စုတို့ကမူ ရုပ်ဖျက်ကာ သွားကြရမည် ဖြစ် သည်။

ဒုတိယအုပ်စုက သယ်ယူပို့ဆောင်ရေး အဖွဲ့တခု အသွင်မျိုး အယောင်ဆောင်ကာ ရှေ့ဆုံးမှသွား၍ လမ်းခရီး အခြေအနေကို ထောက်လှမ်းစုံစမ်းရန် တာဝန်ယူရသည်။

စမ်းအဲ့၏ တတိယအုပ်စုက အပျော်ခရီးထွက်နေကြသော အထက်တန်းစားမိန်းမပျိုတဦးနှင့်ရံရွေတော်များအသွင်မျိုးဖြင့် လမ်းခရီးတလျှောက် သွားလာလှုပ်ရှားကာ အခြေအနေကို စောင့်ကြည့်ပေးရမည် ဖြစ်သည်။ အရေးပေါ်လျှင် ဤအုပ်စုက ပထမအုပ်စုနှင့် ဒုတိယအုပ်စုတို့ကိုလိုအပ်သလို အထောက်အကူ ပေးရန် စီစဉ်ထားသည်။

လိုအပ်သည့် အစီအစဉ်များကို ပြုလုပ် ပြင်ဆင် ပြီးနောက် နောက်တနေ့နံနက်တွင် ခရီးစတင်ထွက်လာခဲ့ကြသည်။

× × ×

ယက္ခဂေဟာသို့ သွားမည့် ခရီးစကြသည်။

ပထမဦးစွာ အိန်းလုံခေါင်းဆောင်သော ဒုတိယအုပ်စုက စတင်ထွက်ခွာသည်။ ဤအုပ်စုသည် 'စင့်ရိ' သယ်ယူပို့ဆောင်ရေး အဖွဲ့ထံမှ အထိမ်းအမှတ်အလံနှင့် မြင်းလှည်းများကို ငှားရမ်းကာ သယ်ယူပို့ဆောင်ရေးလှည်းအုပ်စုတခုအသွင်ပိပိရိရိရုပ်ဖျက် အယောင်ဆောင်ထားသည်။

သူတို့အုပ်စုတွင် မြင်းလှည်း(၄)စီးပါရှိသည်။ ခြင်္သေ့ဂေဟာ၏ သိုင်းသမား (၆)ဦးက မြင်းလှည်း(၃)စီးတွင် တစီးလျှင်



(၂)ယောက်ကျ မြင်းလှည်းမောင်းသမားများအသွင် စီးနင်းကြသည်။

ကျန်မြင်းလှည်းပေါ်တွင်မူ တုက္ခမ်းနှင့်ဆေးနဂါးညီနောင် (၃)ယောက်တို့က ခရီးကြုံလိုက်လာသောခရီးသည်များအသွင် စီးနင်းကြသည်။

အိန်းလုံ၊ လိန်ပင်းနှင့် အုကန်းတို့က မြင်းကိုယ်စီ စီးကာ အစောင့်သိုင်းသမားများအဖြစ် ခြံရံလိုက်ပါကြသည်။ သူတို့စီးသော မြင်းများမှာ အဖိုးတန် မြင်းကောင်းများ ဖြစ်သော်လည်း ရုတ်တရက်ကြည့်လျှင် အညံ့စားမြင်းများဟု ထင်မှတ်ရအောင် ရုပ်ဖျက်ပြုပြင်ပေးထားသည်။

အိန်းလုံတို့၏အုပ်စု ထွက်သွားပြီး အချိန်အတန်ကြာသည့်အခါ စမ်းအဲ့ခေါင်းဆောင်သော တတိယအုပ်စု ဆက်လက်ထွက်သွားသည်။

စမ်းအဲ့က အထက်တန်းစား မိန်းမပျိုတယောက် အသွင် အဖိုးတန်သော ပိုးသားဝတ်စုံအနီကို ဝတ်ဆင်ကာ တောက်ပသော ကကြိုးတန်ဆာများဆင်ထားသည့် မြင်းဖြူကြီးကို စီးသည်။

သီဟကညာ(၁၂)ဖော်က ပန်းနုရောင်ဝတ်စုံများ ဆင်တူဝတ်ကာ အနုန်းခွန်ရောင်မြင်းကြီးများကို စီးကြသည်။

စမ်းအဲ့ကိုယ်တိုင်မှာ ချောမောလှပသော အမျိုးသမီးတဦး ဖြစ်ပြီး သီဟကညာ(၁၂)ဖော်မှာလည်း အသက်(၂၀) ဝန်း

ကျင်အရွယ် လှပပြေပြစ်သော မိန်းမပျိုလေးများ ဖြစ်ကြသည်။

ယခုလို ဝတ်ကောင်းစားလှများ ဝတ်ဆင်ကာ အဖိုးတန်မြင်းကောင်း မြင်းချောများကို စီးထားကြရာ အလွန်ထည်ဝါနေသည်။

စမ်းအဲ့တို့အုပ်စုသည် မြင်းများကို အသော့နှင်ကာ ဒုန်းဝိုင်းစီး၍ ထွက်သွားကြသည်။

စမ်းအဲ့၏ ဒုတိယအုပ်စုထွက်သွားပြီးနောက် ချိန်ဟွာဦးစီးသော ပထမအုပ်စု ထွက်လာသည်။

သူတို့အုပ်စု၏ရှေ့ဆုံးဝယ် ခြသေ့ဂေဟာ၏ အထိမ်းအမှတ်အလံကိုင်ထားသော မြင်းစီးသမား(၃)ယောက်က ဦးဆောင်လာသည်။

ထို့နောက် ချိန်ဟွာက မြင်း(၂)ကောင်က မြင်းရထားကိုစီး၍ လိုက်လာသည်။ မြင်းရထား၏ဝဲယာတွင် ချိန်ဟွာ၏ ရံရွေတော် မိန်းကလေးများဖြစ်သည့် ရွှောင်ကျက်နှင့် ရွှောင်အယ်တို့က မြင်းကိုယ်စီစီးကာ ခြံရံလာကြသည်။

ရွှောင်ကျက်နှင့်ရွှောင်အယ်တို့သည် အသက်(၁၆)နှစ်မျှသာရှိကြသေးသည်။ ရုပ်ရည်လည်းချောမောသည်။ အသက ငယ်ရွယ်သော်လည်း ချိန်ဟွာ၏သိုင်းပညာအမွေကို ဆက်ခံထားကြရသူများ ဖြစ်သည့်အတွက် သိုင်းပညာ အစွမ်းအစ မသေးလှပေ။



ချိန်ဟွာ၏ မြင်းရထားနောက်တွင် မြင်း(၂) ကောင်ဆွဲမြင်းရထားတစီး ပါလာသေးသည်။ ထိုဒုတိယမြင်းရထားပေါ်ဝယ်ချုံယုံနှင့် မျောက်ညိုမာကြူးတို့ ပါလာသည်။

ကျန် ခြသေ့ဂေဟာ၏ လက်ရွေးစင်သိုင်းသမား(၂၁)ဦးကမြင်းကိုယ်စီစီးကာ မြင်းရထား(၂)စီး၏နောက်မှ စီတန်းလျက်လိုက်ကာကြသည်။

သူတို့သွားသော လမ်းခရီးမှာ အဓိကခရီးစေး လမ်းမကြီးဖြစ်ရာ သယ်ယူပို့ဆောင်ရေးအဖွဲ့ အမျိုးမျိုးတို့၏ လှည်းအုပ်စုများ ဥဒဟိုသွားလာနေကြသည်။ ထို့ကြောင့် အိန်းလုံတို့အဖွဲ့ကို မည်သူကမျှ မယုံသင်္ကာမဖြစ်ကြ။ အေးအေး ဆေးဆေးအနှောင့်အယှက်မရှိပဲ သွားနိုင်ကြသည်။

စမ်းအဲ့တို့အဖွဲ့မှာမူ မိန်းမချောများချည်းဖြစ်သောကြောင့်စိတ်ဝင်စားသူ အတော်များသည်။ သို့သော်စမ်းအဲ့တို့ကို မယုံသင်္ကာဖြစ်သည့် သဘောမျိုးမူမဟုတ်။ လှပချောမောသောရုပ်ရည်အသွင်ကြောင့် စိတ်ဝင်စားကြခြင်းသာဖြစ်သည်။

စမ်းအဲ့တို့အသွင်မှာ ထည်ဝါကာ ဟန်ပါတ်လည်း အပြည့်ရှိသောကြောင့် သူတို့ကိုတစေ့တစောင်း ငေးမောကြည့်ရှုကြသူများ မရှားသော်လည်းကိုယ်ထိလက်ရောက် နောက်ပြောင်၍ပြဿနာရှာဝံ့သူကား တဦးတယောက်မျှမရှိပေ။

ခြသေ့ဂေဟာ၏ အထိမ်း အမှတ် အလံကို လွင့်ထူကာထင်ထင်ရှားရှား ခရီးနှင်လာသော ချိန်ဟွာ၏ အုပ်စုကိုမူလမ်းခရီးတွင် ဆုံတွေ့ရသောသိုင်းသမားများက နှုတ်ခွန်းဆက်

စကားများ လာရောက်ပြောဆိုကြသည်။ မည်သည့်အရေးကိစ္စကြောင့် မည်သည့်နယ်ပယ်ဒေသသို့ခရီးထွက်လာခြင်း ဖြစ်သည်ကိုလည်း စုံစမ်းမေးမြန်းကြသည်။

ချိန်ဟွာက အရေးကြီးသော ကိစ္စတခုကြောင့် ထုတ်ဖော်မပြောလိုသော အရပ်ဒေသတခုသို့ ခရီးထွက်လာခြင်းဖြစ်သည် ဟုသာ ပြန်လည်အဖြေပေးခဲ့သည်။

အိန်းလုံတို့၏ အုပ်စုသည် သယ်ယူပို့ဆောင်ရေးအဖွဲ့ အသွင်အယောင်ဆောင်ထားသည်ဖြစ်ရာ ဖြည်းဖြည်း လေးလေးပင် ခရီးနှင်ခဲ့သည်။

မြင်းကိုယ်စီ စီးထားသောစမ်းအဲ့တို့၏အုပ်စုကမူ သွက်သွက်မြန်မြန် ခရီးနှင်နေကြရာညနေစောင်းလောက်တွင် အိန်းလုံတို့၏အဖွဲ့ကို ဖြတ်ကျော်တက်သွားခဲ့သည်။ အိန်းလုံတို့က စမ်းအဲ့တို့၏အုပ်စုကို မသိဟန်ဆောင်ကာ နေလိုက်ကြသည်။

ညနေ၊ နေဝင်ချိန် လောက်တွင် စမ်းအဲ့တို့ အုပ်စုသည် ထုံကျားမြို့သို့ ရောက်ရှိသွားကြသည်။ မြို့လယ်ရှိတည်းခိုရိပ်သာ တခုဝယ် အခန်းများငှားကြသည်။

သိဟကညာ (၄) ဦးကို တည်းခိုရိပ်သာဝယ် ထားခဲ့ပြီး စမ်းအဲ့နှင့် သိဟကညာ (၈)ဦးတို့က ထုံကျားမြို့ ပတ်ဝန်းကျင်ကို လှည့်လည်ကာ အခြေအနေ စုံစမ်း ကင်း ထောက် ကြည့်ကြသည်။

ထိုနေ့ည (၁၀)နာရီလောက်တွင်မှ ကင်းလှည့်ရာမှ စမ်းအဲ့တို့အဖွဲ့ တည်းခိုရိပ်သာသို့ ပြန်ရောက်ကြသည်။



စမ်းအဲ့တို့အဖွဲ့ တည်းခိုရိပ်သာသို့ ပြန်ရောက်လာပြီး ခဏအကြာတွင်အိန်းလုံတို့အုပ်စုထုံကျားမြို့သို့ ရောက်လာကြသည်။ အိန်းလုံတို့သည် စမ်းအဲ့တို့တည်းခိုနေထိုင်သော တည်းခိုရိပ်သာတွင်ပင်အခန်းငှားကာ၊ တညတာနေထိုင်ကြသည်။

တည်းခိုရိပ်သာ တခုထဲဝယ် အတူတည်းခိုနေထိုင်ကြသော်လည်း အိန်းလုံတို့က စမ်းအဲ့တို့နှင့် မသိသလို ဘာသိ ဘာသာ နေကြသည်။

ထိုနေ့ည သန်းခေါင်လောက်တွင် ချိန်ဟွာတို့၏ အုပ်စု ထုံကျားမြို့သို့ ရောက်လာ ကြသည်။ ချိန်ဟွာတို့ အုပ်စုသည် ထုံကျားမြို့ထဲဝယ် ခရီးရပ်မနားပဲ မြို့ကိုကျော်ဖြတ်၍ဆက်သွားကြသည်။

ထုံကျားမြို့နှင့် တမိုင်ခန့်ဝေးသော နေရာသို့ ရောက်သောအခါတွင်မှ၊ကွင်းပြင်ထဲဝယ် ယာယီတဲ့များထိုးကာ တညတာစခန်းချ နေထိုင်ကြသည်။

ဤသို့နေထိုင်ရန် မူလကပင် ချိန်ဟွာက ညှိနှိုင်းစီစဉ်ထားခဲ့သည်။ အကယ်၍ သူတို့ကို အကဲခတ်ကြည့်နေသူများ ရှိပါက မျက်စိလှည့်စားနိုင်ရန် အုပ်စုတစုနှင့်တစုတို့ အထောက်အကူပြုနိုင်ရန် ယခုလို တည်းခိုနေထိုင်ရန် စီစဉ်ခဲ့ခြင်းပင်။

ထိုနေ့ညအဖို့ မည်သည့်အနှောင့်အယှက်မျှ မတွေ့ရပေ။

× × ×

အုပ်စု(၃)စုတို့ ခရီးထွက်လာခဲ့ကြ သည်မှာ တပတ်ခန့်ရှိပြီဖြစ်သည်။

ထိုရက်သတ္တ တပတ်ခန့်သောအချိန်ကာလအတွင်း၊ချိန်ဟ္ဝာ စီစဉ်ထားသည့်အတိုင်း အုပ်စု(၃)စုတို့ စနစ်တကျ ခရီးနှင်နိုင်ခဲ့ကြသည်။ မည်သည့်အတားအဆီးကိုမျှ မတွေ့ခဲ့ရပေ။

တပတ်ခန့်ကြာသောအခါ မရဏချိုင့်ဝှမ်းဒေသနားသို့ရောက်ရှိလာခဲ့သည်။ ယက္ခဂေဟာမှာထိုမရဏချိုင့်ဝှမ်းအလွန်တွင် ရှိနေကြောင်း ယဲ့ချီထံမှ သတင်းအရ သူတို့သိရှိထားကြသည်။

မရဏချိုင့်ဝှမ်းတွင် ယက္ခဂေဟာ၏ရှေ့ပြေးကင်းစခန်းများ ရှိနိုင်သောကြောင့် သူတို့လူစုမှာ အထူးပင် သတိဝီရိယထားကာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြသည်။

စမ်းအဲ့ဦးဆောင်သော တတိယအုပ်စုက မရဏ ချိုင့်ဝှမ်းကို အထက်စီးမှ မိုးနေသော တောင်တန်းထက်ရှိ အချက်အချာကျသော နေရာများတွင် ဦးစွာပထမ ကင်းပုန်းဝပ်ကာစောင့်ကြပ်ထားလိုက်သည်။

ထို့နောက် အိန်းလုံတို့၏သယ်ယူပို့ဆောင်ရေး အဖွဲ့အသွင်ရုပ်ဖျက်အယောင်ဆောင်ထားသော အုပ်စုက မရဏချိုင့်ဝှမ်းထဲသို့ ဝင်ရောက်လာခဲ့ကြသည်။

ချိန်ဟ္ဝာတို့၏ အုပ်စုကမူ နောက်မှ ခပ်ဖြေးဖြေး လိုက်လာကြသည်။

မရဏချိုင့်ဝှမ်းမှာ လူနေကြဲပါးသော နေရာဒေသတခုဖြစ်သည်။ စုံစမ်းသိရှိရသလောက်ဆိုလျှင် မရဏချိုင့်ဝှမ်းတွင်ရွာငယ်လေး (၃)ရွာခန့်နှင့် ခရီးထောက်စခန်းတခုသာရှိသည်။



ထိုခရီးထောက်စခန်းမှာ မရဏချိုင့်ဝှမ်းကို ဖြတ်ကျော်သွားကြသည့် ခရီးဝေးသွား ခရီးသည်များ ခေတ္တခဏ စခန်းချနားနေရာဖြစ်ပြီး 'ကျားပျံခရီးထောက်စခန်း' ဟုအမည်တွင်သည်။

အိန်းလုံတို့အဖွဲ့သည် ခရီးဝေး လမ်းမကြီးအတိုင်း တအိအိ ခရီးနှင်ယင်း မရဏချိုင့်ဝှမ်းဒေသသို့ ဝင်ရောက်လာခဲ့ကြသည်။

လမ်းမကြီးပေါ်ဝယ် လူအသွားအလာ အလွန်နည်းပါး နေသည်ကို အိန်းလုံတို့ သတိပြုမိသည်။

မရဏချိုင့်ဝှမ်းဒေသသို့ ဝင်ရောက်မိပြီးနောက်လမ်းခရီးတွင် တခြားမည်သည့် ခရီးသွားကိုမျှမတွေ့ကြရ။ အိန်းလုံတို့၏ အဖွဲ့ တခုသာလျှင် ရှိနေသည်။

မရဏချိုင့်ဝှမ်း ဒေသထဲသို့ ရောက်ရှိပြီး (၅)မိုင်ခန့် ခရီးနှင်လာပြီးချိန်ဝယ် ရှေ့တည့်တည့်မှ မြင်းစီးသမား (၄) ယောက် မြင်းများကိုဒုန်းစိုင်းလျက် လာနေသည်ကို အိန်းလုံတို့ တွေ့ကြရသည်။

"ဒီလူတွေက ဘယ်ကလူတွေလဲ တောပုန်းဓမြတွေလား ငါတို့ကို တကယ့်သယ်ယူပို့ဆောင်ရေးအဖွဲ့ထင်ပြီး တိုက်ခိုက်လုယက်ကြမလို့နဲ့တူတယ် ကဲ အူကန်းယူတ္တိရှိအောင် နည်းနည်းလုပ်ပြလိုက်စမ်းပါအုံး"

အိန်းလုံက အူကန်းကို လှမ်းပြောလိုက်သည်။

"ဟုတ်ကဲ့ ဦးလေး"

အူကန်းက ခေါင်းညိတ်ပြပြီး မြင်းကိုအသာခြေတို့ကာရှေ့သို့ အသော့နှင်ထွက်သွားသည်။

"စင့်ရိပ္ပိုဆောင်ရေးအဖွဲ့ ရောက်လာတယ် စင့်ရိပ္ပိုဆောင်ရေး အဖွဲ့ရောက်လာတယ် စင့်ရိပ္ပိုဆောင်ရေးအဖွဲ့ ရောက်လာတယ်"

သယ်ယူပို့ဆောင်ရေး အဖွဲ့များ၏ လုပ်မြဲထုံးတမ်းစဉ်လာ အတိုင်း၊ အူကန်းက အော်ဟစ်ကြွေးကြော် လိုက်သည်။

စင့်ရိသယ်ယူပို့ဆောင်ရေးအဖွဲ့၏အမည်ကို(၃)ကြိမ်တိုင်တိုင် အော်ဟစ်ကြွေးကြော်ပြီးနောက် အူကန်းက မြင်းဇက်ကိုတုံ့ရပ် လိုက်သည်။

ထိုအချိန်တွင် မျက်နှာချင်းဆိုင်မှလာနေသောမြင်းစီးသမား များမှာအူကန်းနှင့် ပေ(၂၀)ခန့်အကွာဝယ် ရပ်လိုက်ကြသည်။ ထို့နောက်မြင်း(၇)ကောင် စီတန်းကာ လမ်းကိုပိတ်ဆို့ ထား လိုက်ကြသည်။

အိန်းလုံက လိန်ပင်းကို ခေါင်းတချက်ဆတ်ပြကာ မြင်းကို ဒုန်းစိုင်းစီး၍ထွက်သွားသည်။ လိန်ပင်းလည်းအိန်းလုံ၏နောက်မှ မြင်းကိုအပြင်းနှင်ကာ လိုက်ပါသွားသည်။

အိန်းလုံနှင့် လိန်ပင်းတို့သည် ရှေ့တွင်ရှိနေသော အူကန်းကို ဖြတ်ကျော်၍ သွားကြသည်။ ဤတွင်အူကန်းလည်း မြင်းကို ခြေတို့ကာ လိန်ပင်း၏နောက်မှ ကပ်၍ လိုက်လာခဲ့ပြန်သည်။

"ဘေးဖယ်ပေးကြပါခင်ဗျာ လမ်းကိုပိတ်ဆို့ မထားပါနဲ့"

မြင်းကိုအဇသာ့နှင်ယင်း အိန်းလုံကအော်ဟစ်ပြောဆို လာ သည်။ မြင်း(၇)စီးက ဘေးဖယ်မပေး။ လမ်းပိတ်ဆို့ကာ ချပ်မြဲရပ်နေကြသည်။



"ဟော့လူတွေ ဒီမှာ လမ်းပိတ်ထားဆီးထားတာကို မမြင် ဘူးလား ဘာလဲ ခင်ဗျားတို့က အတင်းထိုးဖောက်ထွက်လို့ ရမယ် ထင်နေကြသလား"

လမ်းတွင်ပိတ်ဆို့ရပ်ထားသော မြင်းစီးသမား(၇)ယောက် မှ ခေါင်းဆောင် ဖြစ်ဟန်တူသော အသား မည်းမည်းနှင့် အဘိုးကြီး တယောက်ကပြောသည်။

အိန်းလုံက မြင်းကို အသာ ဇက်သတ်ကာ ရပ်လိုက်သည်။ လိန်ပင်း နှင့် အူကန်းတို့ကလည်း မိမိတို့စီးလာသော မြင်းများ ကို ဇက်တုံ့ဆွဲကာ ရပ်လိုက်ကြသည်။ အိန်းလုံတို့၏မြင်း(၃) စီးတို့နှင့် လမ်းတွင် ပိတ်ဆို့ရပ်ထားသော မြင်းစီးသမား (၇)ယောက်တို့မှာ လက်တကမ်းအကွာတွင် ရှိနေကြပြီဖြစ် သည်။

"ခင်ဗျားတို့က ကျုပ်တို့ သယ်ယူပို့ဆောင်ရေး အုပ်စုကို ဒမြတိုက်ကြမလို့လား"

အိန်းလုံက မေးသည်။

"ဟိတ်....တွေ့ကရာ လျှောက်ပြောမနေနဲ့ ကျုပ်တို့ ဒမြ တွေ မဟုတ်ဘူး ဒီနေရာမှာမကြာခင် တိုက်ပွဲ အကြီးအကျယ် ဖြစ်လိမ့်မယ် မဆိုင်တဲ့လူတွေ ဝင်မပါစေချင်လို့ လမ်းပိတ် ထားတာ ခင်ဗျားတို့တတွေလဲ ကြားထဲကအချောင် ဒုက္ခ မရောက်စေချင်ယင် နောက်ကြောင်း ပြန်လှည့်သွားကြ"

အဘိုးကြီး၏ လက်ျာဘက်ရှိ ပိန်ပိန်ပါးပါးနှင့်လူက ပြော သည်။

အိန်းလုံတို့(၃)ယောက်၏ ရင်ထဲဝယ် 'ဒိတ်' ကနဲ ဖြစ်ကုန်ကြသည်။

ဤလူစုက အဘယ်ကြောင့်လမ်းကိုပိတ်ဆို့ တားဆီးနေကြရသနည်း။ ဤနေရာ ဤဒေသတွင် ယခုလိုပိတ်ပင် တားဆီးမှုမျိုး ယခင်ကမပေါ်ခဲ့ဘူးပေ။ ဤလူစုသည် ယက္ခအိမ်တော်၏ ရှေ့ပြေး ကင်းတပ်ဖွဲ့တခု ဖြစ်နိုင်သည်ဟုလည်း သူတို့တွေးမိကြသည်။

"ဟုတ်ကဲ့ - ဒီလို လမ်းပိတ်ထားမှန်းမသိလို့ ဝင်လာမိကြတာပါ၊ ပြန်လှည့်ထို ပြန်လှည့်သွားပါ့မယ် ဆရာကြီးတို့က ဘယ်အဖွဲ့အစည်း ကလဲဆိုတာ သိပါရစေ"

အိန်းလုံက ပြောသည်။

"တယ်စကား ရှည်ကြတာကိုး သွားဆို မြန်မြန်သွားစမ်း စိတ်သိပ်မရှည်ချင်တော့ဘူး"

အသားမည်းမည်း အဘိုးကြီးက ဤသို့ပြောကာ ခြိမ်းခြောက်သည့်အသွင် ဖြင့်ဓားကိုထုတ်ပြီး တချက်ဝင့်လိုက်သည်။

ဤသို့ဓားကို ဝင့်လိုက်ချိန်တွင် အဘိုးကြီး၏အင်္ကျီရင်ဘတ် ဟသွားသည်။ အဘိုးကြီး၏ရင်ဘတ်ပေါ်ဝယ် ဓားထမ်းထားသော ဘီလူးတကောင်ပုံ ဆေးမှင်ထိုးထားသည်ကို မျက်စိရှင်လှသော အိန်းလုံ မြင်လိုက်ရသည်။

ဤဆေးမှင်မှာ ယက္ခဂေဟာ၏ လက်ရင်းအဖွဲ့ဝင် သိုင်းသမားကြီးများသာ ရေးထိုးခွင့်မရှိကြောင်း အတွေ့အကြုံ ရင့်ကျက်နေသည့် အိန်းလုံရိပ်မိလိုက်သည်။



"ဟာ...ဆရာကြီးက ယက္ခဂေဟာကကိုး"

အိန်းလုံက ကြောက်လန့်ဟန်ဖြင့် ရေရွတ်လိုက်သည်။ အမှန်စစ်စစ်မှု မိမိတို့ရင်ဆိုင်နေရသူများမှာ ယက္ခဂေဟာမှ သိုင်းသမားများဖြစ်ကြောင်း လိန်ပင်းနှင့်အူကန်းတို့ သိရှိရန်အတွက် အသိပေး ပြောကြားလိုက်ခြင်း ဖြစ်သည်။

အိန်းလုံဤသို့အော်လိုက်သည်နှင့် အသားမည်းမည်း အဘိုးကြီး၏မျက်နှာ 'ကွက်' ကနဲ ပျက်သွားသည်။

"ငါတို့ဘယ်သူဆိုတာ ဒီလူတွေသိကုန်ပြီ အားလုံးကို နှုတ်ပိတ်ပစ်"

အသားမည်းမည်း အဘိုးကြီးက အော်ဟစ် ပြောဆိုပြီး ညာလက်ရှိ ဓားကိုဝင့်ကာ အိန်းလုံကိုခုတ်ပိုင်းချသည်။ ကျန်မြင်းစီးသမား(၆)ယောက်ကလည်း အိန်းလုံတို့ကိုတိုက်ခိုက်ချန်ဝိုင်းရံလာကြသည်။

အိန်းလုံက ကိုယ်ခန္ဓာကို အသာယိမ်းကာ အဘိုးကြီး၏ ဓားချက်ကို ရှောင်သည်။ အဘိုးကြီး၏ဓားချက်သည် လမ်းကြောင်း ပြောင်းကာ အိန်းလုံတိမ်းရှောင်ရာနောက်သို့ လိုက်လာသည်။

ဤသို့ဓားချက်လမ်းကြောင်းကို ချက်ချင်း အပြောင်းအလဲလုပ်ရန်မှာ တော်ရုံတန်ရုံ သိုင်းပညာအဆင့်နှင့်မရနိုင်ပေ။

မိမိရင်ဆိုင်နေရသော အသားမည်းမည်း အဘိုးကြီး၏ သိုင်းပညာ အစွမ်းအစမသေးကြောင်း အိန်းလုံနားလည်လိုက်သည်။

အိန်းလုံသည်မပေါ့ဆတ့်ပဲ သူ၏ ထိပ်တန်း သိုင်းပညာရပ်ဖြစ်သော 'မြွေရိုပ်လက်ဝါး' သိုင်းကိုထုတ်သုံးကာ အဘိုးကြီး၏ ညာဘက်ပခုံးကို လက်ဝါးဖြင့် လှမ်းရိုက်သည်။

အလွန်စွန့်စားရသော တုံ့ပြန်တိုက်ကွက်ပင်။

အသားမည်းမည်း အဘိုးကြီး၏ လမ်းကြောင်း ပြောင်းကာ ထပ်ဆင့်ခုတ်ပိုင်းလာသော ဓားချက်ကို ဘိမ်းရှောင်ခြင်း မပြုပဲ လက်ဝါးဖြင့် လှမ်းရိုက်လိုက်သည်ဖြစ်ရာ၊ အကယ်၍ လက်ဝါးရိုက်ချက် ရည်မှန်းရာသို့ အချိန်မီမထိမိပါက အိန်းလုံမှာ ဓားချက်ထိမိကာ ခေါင်းနှင့်ကိုယ် အိုးစား ကွဲသွားမည်ဖြစ်သည်။

သို့ရာတွင် အိန်းလုံ၏ 'မြွေရိုပ်လက်ဝါး'ရိုက်ချက်မှာ အလွန်စိတ်ချရသည်။ မြွေပေါက်သည့်နှယ်လျင်မြန်စွာတချက်ကောင်း 'ဆတ်'ကနဲရိုက်ထုတ်ရသည့် လက်ဝါးရိုက်ချက်ဖြစ်သည်။

အဘိုးကြီး၏ ဓားချက်ရောက်မလာမီမှာပင် အိန်းလုံ၏ လက်ဝါးချက်က လက်ဦးသွားသည်။

"ဖုံး...."

အသားမည်းမည်းအဘိုးကြီးမှာ ညာဘက်ပခုံးတွင်ပြင်းထန်သော လက်ဝါးချက် အထိခံလိုက်ရသည့်အတွက် ကိုယ်ခန္ဓာယိမ်းယိုင် သွားသည်။ ညာဘက်တွင် ဆုပ်ကိုင် ထားသောဓားရှည်လည်း လက်လွတ်သွားသည်။

ဤတွင် အိန်းလုံက အသားမည်းမည်းအဘိုးကြီး၏ပျော့ခွေကြောကို ဖိထောက်ကာ အကြောပိတ်ပစ်လိုက်သည်။ အကြော



ပိတ်ခံလိုက်ရသည့် အဘိုးကြီးမှာ မြင်းပေါ်မှ အောက်သို့ခွေလျက်သားကျသွားသည်။

ထိုအချိန်တွင် လိန်ပင်းက မြင်းစီးသမား (၃)ယောက်ကို လက်ဝါးရိုက် အကြောပိတ်သိုင်းပညာဖြင့် တိုက်ခိုက်အကြောပိတ်လို ့ပြီးဖြစ်သည်။

အုကန်းမှာမူ မြင်းစီးသမား(၂)ယောက်၏ ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်ခြင်းကိုခံနေရသည်။

အုကန်းက လိန်ပင်း သင်ပေးထားသော လက်ဝါးရိုက်အကြောပိတ်ပညာကိုသုံးကာ တိုက်ခိုက်သည်။ အုကန်းသည် ဤသိုင်းပညာကို ကောင်းစွာပိုင်နိုင်အောင် မလေ့ကျင့်ရသေးသောကြောင့်မြင်းစီးသမား(၂)ယောက်ကိုအပိုင်အနိုင်အကြောပိတ်တိုက်ခိုက်ခြင်း မပြုနိုင်ပေ။ သို့သော် မြင်းစီးသမား(၂)ယောက်၏ တိုက်ခိုက်မှုကိုမူ ပိတ်ဆို့ ခုခံထားနိုင်သည်။

ကျန် မြင်းစီးသမား(၂)ယောက်ကလိန်ပင်းထံသို့တယောက် အိန်းလုံထံသို့တယောက် မြင်းများကို စိုင်းနှင် ဝင်ရောက်ကာ အတင်းတိုက်ခိုက်ကြသည်။

အိန်းလုံနှင့် လိန်ပင်းတို့ကထိုမြင်းစီးသမား (၂)ယောက်ကို အလွယ်တကူပင် တိုက်ခိုက်အနိုင်ယူပြီး အကြောပိတ် ပစ်လိုက်ကြသည်။

ထို့နောက်အုကန်းကို ဝိုင်းရံတိုက်ခိုက် နေသော မြင်းစီးသမား (၂)ယောက်ကို ဆက်လက် အကြောပိတ် ပစ်လိုက်ကြသည်။

အချိန်အနည်းငယ် မျှသာ ကြာသော တိုက်ပွဲ ငယ်လေး ပြီးသွားသည်။

ယက္ခဂြဟာ၏ သိုင်းသမား(၇)ယောက်စလုံးအကြောပိတ်ခံရကာ မြေကြီးပေါ်ဝယ် လဲကျနေကြသည်။

"ကျုပ်တို့ဟာ အရေးကြီးတဲ့ ပစ္စည်းတွေကို ပို့ဆောင်ပေးဖို့ တာဝန်ယူထားကြတဲ့ လူတွေပါ ခင်ဗျားတို့ ယက္ခ ဂြဟာကို ဘယ်လိုမှ အန္တရာယ်ပေးဖို့ မရည်ရွယ်ဘူး ဒီတော့ ကျုပ်တို့ ခမေးတာကို ကောင်းကောင်းဖြေပါ"

ယက္ခဂြဟာ၏သိုင်းသမားများထံမှ ရနိုင်သမျှသတင်းများ စစ်ခမေးလိုသောကြောင့် အိန်းလုံက ဤသို့စကားခင်းကာအယုံသွင်းလိုက်ခြင်းဖြစ်သည်။ ထို့နောက် ဆက်လက်၍ မေးခွန်း ထုတ်သည်။

"ခင်ဗျားတို့က ဘာရည်ရွယ်ချက်နဲ့ မရဏချိုင့်ဝှမ်းကိုဖြတ်တဲ့ လမ်းမကြီးကို ပိတ်ဆို့ထားရတာလဲ ဒီလမ်းမကြီးဟာကျုပ်တို့လို သယ်ယူပို့ဆောင်ရေးအဖွဲ့တွေ အမြဲတန်း သွားလာနေရတဲ့လမ်း ဆိုတာ မသိကြဘူးလား"

"ခြင်္သေ့ဂြဟာက သိုင်းသမားတွေ ဒီနယ်ဘက်ကို ရောက် နေကြတယ် ခြင်္သေ့ဂြဟာနဲ့ ကျုပ်တို့ ယက္ခဂြဟာ ကြားမှာ မကြေလည်တဲ့ပြဿနာလေးတွေရှိခနတယ် သူတို့ ရောက်လာတာ ဟာ ကျုပ်တို့ယက္ခဂြဟာကို တိုက်ခိုက်ဖို့ ဖြစ်ချင် ဖြစ်နိုင်တယ် ဒါကြောင့် ဒီနယ်ထဲကို ဘယ်သူမှမဝင်ရအောင်လို့ပိတ်တောက်



ပိတ်ဆို့ထားတာပါ ပို့ဆောင်ရေးအဖွဲ့တွေကို အနှောင့်အယှက် ပေးချင်လို့ မဟုတ်ဘူး"

အသားမည်းမည်းအဘိုးကြီးက အိန်းလုံ တို့ကို သယ်ယူပို့ ဆောင်ရေးအဖွဲ့မှ ထိပ်သီးသိုင်းသမားများဖြစ်မည်ဟု ထင်မှတ် သောကြောင့် ဟုတ်တိုင်း မှန်ရာကို ထုတ်ဖော် ပြော ကြား လိုက်သည်။

အိန်းလုံတို့လူစုက ယက္ခဂြဟာမှ သိုင်းသမားများကိုဖမ်းဆီး ကာ လမ်းဘေးရှိ ချုံပုတ်များကြားသို့ ပို့ထားလိုက်ကြသည်။

ထို့နောက်နောက်ဘက်တွင်ရှိနေသောချိန်ဟွာတို့ အုပ်စုထံသို့ အကျိုးအကြောင်းသတင်းပို့ရန် ဆက်သားတယောက်စေလွှတ် လိုက်သည်။ သူတို့လူစုကမူ လမ်းဘေး ချုံပုတ်များကြားဝယ် မျက်ကွယ်ယူကာ ကိုယ်ရောင်ဖျောက် နေလိုက်ကြသည်။

အချိန်အတော်ကြာသောအခါ ချိန်ဟွာတို့အုပ်စု ရောက်ရှိ လာသည်။ အိန်းလုံတို့ အုပ်စုက ပုန်းကွယ်နေရာမှ ထွက်လာ ကာ ခရီးဦးကြိုဆိုကြသည်။

"ဒီအတိုင်းဆိုယင် မရဏချိုင့်ဝှမ်း အနီးဝန်းကျင်မှာ ယက္ခ ဂြဟာရဲ့ ရှေ့ပြေး ကင်းသမားတွေ လှည့်ရှား နေကြမှာပဲ စမ်းအဲ့တို့လူစု အခြေအနေ ဘယ်လိုရှိသလဲ မပြောတတ်ဘူး အဆင်မှ ပြေပါ့မလား"

ချိန်ဟွာက စမ်းအဲ့တို့အုပ်စုအတွက်စိုးရိမ်စိတ်ဖြင့်ပြောသည်။

"ဒီလိုဆိုယင် ကျွန်တော်နဲ့ဦးလေးအိန်းလုံ မမစမ်းအဲ့တို့ဆီကို လိုက်သွားမယ်လေ"

လိန်ပင်းက ပြောသည်။

"ခဏလောက် စောင့်ကြည့်လိုက်ပါအုံး ညနေစောင်းလို့မှ သူတို့ဆီက အဆက်အသွယ် ရောက်မလာယင်တော့ လိုက်သွားကြပေါ့"

ချိန်ဟွာက ပြန်ပြောသည်။

ဤသို့ဖြင့် အုပ်စု(၂)စု ပူးပေါင်းကာ ထိုနေရာဝယ် ခေတ္တစခန်းချလိုက်ကြသည်။ ညနေစောင်း မတိုင်မီမှာပင် စမ်းအဲ့ထံမှ စေလွှတ်လိုက်သော စာပို့ခိုရောက်ရှိလာသည်။

စာပို့ခို၏ ခြေထောက်တွင် ချိတ်ထားသော စာကိုဖတ်၍ကြည့်ကြရာ စမ်းအဲ့တို့အုပ်စုက မရဏချိုင့်ဝှမ်းကို အုပ်စီးထားသော တောင်တန်းပေါ်မှ အချက်အချာကျသည့် နေရာဖြစ်သော ကျောက်မည်းတောင်တွင် ကင်း ပုန်း ချ ထား ပြီး ဖြစ်ကြောင်း သိရသည်။

စမ်းအဲ့တို့အတွက် စိတ်အေးရပြီမို့ ချိန်ဟွာက အိန်းလုံတို့၏အုပ်စုကို ဆက်လက်သွားရန် ခွင့်ပြုသည်။

အိန်းလုံတို့လူစုလည်း ခရီးဆက်၍ ထွက်လာ ခဲ့ကြသည်။ ချိန်ဟွာတို့လူစုမှာ ထိုနေရာတွင် ချန်နေရစ်ခဲ့ကြသည်။ ဖမ်းမိထားသော ယက္ခဂေဟာ၏သိုင်းသမား(၇)ဦးကိုလည်း ချိန်ဟွာတို့၏ လက်တွင် အပ်ထားခဲ့ကြသည်။

× × ×



အခန်း (၁၁)

အိန်းလုံတို့လူစု မရဏချိုင့်ဝှမ်းထဲသို့ ခရီးဆက် လာခဲ့ကြသည်။

ညနေ နေဝင်လုဆဲဆဲ အချိန်လောက်တွင် ကျားပျံခရီးထောက်စခန်းသို့ ရောက်ရှိလာကြသည်။

ထိုနေရာဝယ် စားသောက်ဆိုင်တဆိုင်နှင့် တည်းခိုဇရပ်များရှိသည်။ စားသောက်ဆိုင်၏ အမည်မှာ 'ကျားပျံ' စားသောက်ဆိုင်' ဖြစ်သည်။

ဤစားသောက်ဆိုင်မှာ ယက္ခဂေဟာ၏ လျှို့ဝှက်စခန်းတခု ဖြစ်နိုင်ကြောင်း အိန်းလုံတို့ ကြိုတင်တွက်ဆမိသည်။ ထို့ကြောင့်

ကျားပျံ့စားသောက်ဆိုင်မှ လူများကို လက်ဦးအောင် ဖမ်းဆီးကြရန် ကြိုတင်ပြင်ဆင်လာခဲ့ကြသည်။ တာဝန်များလည်း ခွဲဝေသတ်မှတ်ပေးထားခဲ့ကြသည်။

အစစအရာရာ ကြိုတင်ပြင်ဆင်ထားကြသောအိန်းလုံတို့အုပ်စုသည် ကျားပျံ့စားသောက်ဆိုင်ရှေ့ဝယ် မြင်းများနှင့် မြင်းလှည်းများကို ခပ်တည်တည်ပင် ရပ်လိုက်ကြသည်။

ကျားပျံ့စားသောက်ဆိုင်ထဲဝယ် ဆိုင်တာဝန်ခံနှင့် ဆိုင်အမှုထမ်းများသာ ရှိနေကြသည်ကို သူတို့သတိပြုလိုက်သည်။

စားသောက်နေကြသူ တဦးတယောက်မျှ မရှိ။ ထိုနည်းတူ တည်းခိုဇရပ်များတွင်လည်း တည်းခိုနေထိုင်သူ တစုံတယောက်မျှမရှိပေ။

မရဏချိုင့်ဝှမ်းကို ဖြတ်ကျော် သွားသည့် လမ်းမကြီး ကို ယက္ခဂေဟာမှ သိုင်းသမားများက ဖြတ်တောက်ပိတ်ဆို့ထား၍ ယခုလို အခြေအနေမျိုးရှိနေခြင်းဖြစ်ကြောင်း အိန်းလုံတို့ နားလည် လိုက်ကြသည်။

အိန်းလုံတို့ တွေးထင်ထားသလိုပင် ကျားပျံ့ စားသောက်ဆိုင်မှာ ယက္ခဂေဟာ၏ လျှို့ဝှက် အခြေစိုက်စခန်း တခု ဖြစ်သည်။

ဤနေရာသို့ လာရာ လမ်းများကို ပိတ်ဆို့ ဖြတ်တောက်ထားပါလျက် သယ်ယူပို့ဆောင်ရေးအဖွဲ့တခု ဆိုင်ရှေ့သို့ရောက်လာသည့်အတွက် ဆိုင်တာဝန်ခံဖြစ်သူ ယီသန်းရှန်အတော်ပင် အံ့ဩသွားသည်။



ပိတ်ဆို့တားဆီးရန် တာဝန်ကျသူများ တစုံတရာပြဿနာကြုံကြရပြီဖြစ်ကြောင်းလည်း တွေးမိလိုက်သည်။

သို့သော် ယီသန်းရှန်သည် မိမိ၏သိုင်းပညာကို အထင်ကြီးသူမို့ ထိတ်လန့်တုန်လှုပ်ခြင်း မဖြစ်မိ။ ဤ သယ်ပို့ အဖွဲ့သားများက ပြဿနာရှာလာလျှင် မိမိအနေဖြင့် အလွယ်တကူ နှိမ်နင်း နိုင်မည်ဟု ယီသန်းရှန်က ထင်နေသည်။

သို့သော် လိုရမယ်ရသဘောဖြင့် ဆိုင်အမှုထမ်းများကို သတိရှိရှိအနေခိုင်းပြီး အကယ်၍ အရေး တစုံတရာ ကြုံခဲ့ရသော် ယက္ခဂေဟာသို့ အလျင်အမြန် အကြောင်းကြားနိုင်ရေးအတွက် စာပို့ခိုများကိုလည်း အသင့်ပြင်ဆင်ထားခိုင်းသည်။

ထို့နောက် စားသောက်ဆိုင် ပိုင်ရှင်တယောက်၏ လေသံဟန်ပန်အပြည့်ဖြင့် ဆိုင်ပြင်သို့ထွက်ကာ ခရီးဦး ကြိုဆို စကားပြောသည်။

"ကြွကြွပါခင်ဗျာ ကြွကြွပါ ကျွန်တော်က ကျားပျံ့စားသောက်ဆိုင်ရဲ့ တာဝန်ခံ ထုံအူပါ မိတ်ဆွေများ အကြိုက် စားသောက်ဖွယ်ရာမျိုးစုံ ရနိုင်ပါတယ်"

ထုံအူဆိုသည်မှာ ယီသန်းရှန်၏ ပြောင်းလဲ ခံယူထားသောအမည်ဖြစ်သည်။ ယီသန်းရှန်သည် သူ့အကြောင်းနှင့် သူမို့အမည်ရင်းကို လျှို့ဝှက်ထားရသည်။

ဆိုင်တာဝန်ခံ 'ထုံအူ'ဆိုသူကို တွေ့ရသောအခါ အိန်းလုံ၏စိတ်ထဲဝယ် ထင့်ကနဲဖြစ်သွားမိမည်။ ဤလူ၏ ပုံပန်းသဏ္ဌာန်ကို သိဖူးမြင်ဖူးသလိုလို ထင်မိသည်။

ထို့ကြောင့် အိန်းလုံက ဆိုင်တာဝန်ခံ 'ထုံအူ'ကို သေသေချာချာ အကဲခတ်ကြည့်သည်။

"ထုံအူဆိုတဲ့လူက လက်စသတ်တော့ ပင့်ကူနက်ယီသန်းရှန်ပဲကိုး ဒီလူပျောက်နေတာ ကြာပြီ ဒီနေရာမှာမှ မမျှော်လင့်ပဲ လာတွေ့နေရတယ် သူ့လို အဓိကရ ဒမြဗိုလ်တယောက်က ဘာကြောင့် ဒီနေရာမှာ စားသောက်ဆိုင် တာဝန်ခံလာလုပ်နေရတာလဲ"

'ထုံအူ'မည့်သူ မည်ငါဖြစ်ကြောင်း မှတ်မိသိရှိသွားသည့်အတွက် အိန်းလုံ၏စိတ်ထဲဝယ် တွေးတောစဉ်းစားမိသည်။

ပင့်ကူနက်ယီသန်းရှန်သည် နာမည်ကြီး ဒမြဗိုလ်တယောက်ဖြစ်သည်။ သိုင်းပညာလည်း အတော် ကောင်း သော ကြောင့် မြည်သူလူထုကို အမြဲတန်း အလှန်ဒုက္ခပေးဆိုးသွမ်းခဲ့သည်။

သေမင်းသခင်ဘော်ပိုင်ရှင် အိန်းလုံက ပင့်ကူနက် ယီသန်းရှန်ကို နှိမ်နင်းချေမှုန်းပစ်မည်ဟု ရွှေဒပလွှာတွင် ရေးသားဖြန့်ဝေကာ လိုအပ်သည့် အစီအစဉ်များလုပ်ခဲ့သည်။

ယီသန်းရှန်သည် သူ့ကို သေခင်းသခင်ဘော်က ချေမှုန်းတော့မည်ဖြစ်ကြောင်း သိရသောအခါ တိမ်းရှောင် ထွက်ပြေးသွားခဲ့သည်။ ဤသည်မှာ လွန်ခဲ့သော(၆)နှစ်ကြာက ဖြစ်သည်၊

ထိုအချိန်မှစ၍ ယီသန်းရှန်၏အကြောင်း သိုင်းလောကတွင် တစုံတရာမျှမကြားရတော့ပေ။ သိုင်းသမားများက ယီသန်းရှန်မှာ သေမင်းသခင်ဘော်၏ နှိမ်နင်းသုတ်သင်ခြင်း ခံလိုက်ရပြီဟုပင် ထင်မှတ်နေခဲ့ကြသည်။



ယခုမူ ယီသန်းရှန်ကို မမျှော်လင့်သော နေရာဝယ် အိန်းလုံ လာတွေ့နေရလေပြီ။

"စားစရာတွေ အကောင်းဆုံးပြင်ဗျာ၊ ကျုပ်တို့က ဗိုက်ပန်းပြီး ဆာလှပြီ"

အိန်းလုံက ခပ်ပေါ့ပေါ့ပြောယင်း မြင်းပေါ်မှ ဆင်းကာ ယီသန်းရှန်၏ အနီးသို့ တိုးကပ်လာခဲ့သည်။

"အကောင်းဆုံးဟင်းလျာတွေ ရပါစေ့မယ် စိတ်ချပါ"

ယီသန်းရှန်က ဤသို့ပြောပြီးနောက် ဟင်းလျာများ ပြင်ဆင်ရန် ဆိုင်အမှုထမ်းများကို အော်ဟစ် အမိန့်ပေးလိုက်သည်။

ထိုအချိန်တွင် ယီသန်းရှန်၏ အနီးသို့ ကပ်မိပြီ ဖြစ်သော အိန်းလုံက လေသံဖြင့် နှစ်ကိုယ်ကြား တီးတိုး ပြောလိုက်သည်။

"ဘယ်လိုလဲ ယီသန်းရှန် သေမင်းသခင်ဘော်ရဲ့လက်ကခင်ဗျား ပြေးလို့ မလွတ်ပါဘူး"

ဒမြဗိုလ်တယောက်ဖြစ်သော ယီသန်းရှန်မှာ ဒုစရိုက်သမားများကို ပြင်းပြင်းထန်ထန် နှိမ်နင်းနေသော သေမင်းသခင်ဘော်ကို အသေအလဲကြောက်သည်။

သေမင်းသခင်ဘော်မှ ဖြန့်ဝေသော ရွှေပေလွှာထဲတွင် မိမိကို နှိမ်နင်းချေမှုန်းတော့မည်ဟု ပါရှိလာသောအခါ ယီသန်းရှန်သည် အလွန်ကြောက်လန့်ပြီး ကိုယ်လွတ်ရုန်းနိုင်ရန် တိမ်းရှောင်ထွက်ပြေးလာခဲ့သည်။

ဤသို့တိမ်းရှောင် ထွက်ပြေးရာမှ 'ခေါင်းဆောင်ကြီး'နှင့် ဆက်မိကာ ဤနေရာဝယ် ထုံအူဟု အမည်ပြောင်းကာ ဆိုင်တာဝန်ခံ လုပ်နေခြင်းဖြစ်သည်။

ယခု မိမိ၏အမည်ရင်းကို ခေါ်လိုက်သည့်အပြင် သေမင်းသဘော်ဟူသော စကားရပ်လည်းကြားလိုက်ရပြန်ရာ ယီသန်းရှန် အကြီးအကျယ် ထိတ်လန့်သွားသည်။

ယီသန်းရှန်တယောက် အကြီးအကျယ် ထိတ်လန့်ကာ ဘာလုပ်ရမည်မသိ ဖြစ်နေဆဲဝယ် အိန်းလုံက ယီသန်းရှန်၏ ညာလက်မောင်းကို ဆုပ်ဖမ်းလိုက်သည်။

'လက်ယာရေဆန်' သွေးကြောကွက်နေရာကို အပိုင်ဖိကာ ဆုပ်ကိုင်လိုက်ခြင်းဖြစ်ရာ ယီသန်းရှန်၏ ကိုယ်ခန္ဓာ အထက်ပိုင်း တခုလုံး ထုံကျဉ်သွားသည်။ စကား လည်း မပြောနိုင်တော့။

"ကျုပ်ခေါ်ရာကို အေးအေးဆေးဆေးလိုက်လာခဲ့"

အိန်းလုံက လျှို့ဝှက်အသံဖြင့် ပြောသည်။ ဆက်လက်၍ လေသံကျယ်ကျယ်ဖြင့် ပြောသည်။

"ခင်ဗျားဆိုင် မရောက်ရတာ နှစ်နှစ်နီးပါးလောက်ရှိနေပြီ၊ အခုလို ခင်ဗျားကို ကျန်းကျန်းမာမာတွေ့ရတာ ဝမ်းသာတယ်ဗျာ"

အိန်းလုံက အားလုံးကြားလောက်အောင် အသံကျယ်ကျယ်နှင့်အော်ပြောပြီးနောက် ယီသန်းရှန်ကို ညာလက်မောင်းမှ ဆွဲကိုင်ကာ ဆိုင်ထဲသို့ ဝင်လာခဲ့သည်။



အပိုင် အကြောပိတ် ဆုပ်ဖမ်းခြင်း ခံထားရသောကြောင့် ယီသန်းရှန်မှာ မည်သို့မျှ မငြင်းသာပဲ အိန်းလုံဆွဲခေါ်ရာနောက်သို့ လိုက်လာခဲ့ရသည်။

'လက်ယာရေဆန်'သွေးကြောကွက်ကို ဖိပိတ်ထားခြင်းခံရ၍ စကားလည်း မပြောနိုင် ကိုယ်ခန္ဓာအထက်ပိုင်း တခုလုံးလည်း မလှုပ်ရှားနိုင် ဖြစ်နေသော ယီသန်းရှန်မှာ မိမိ၏အဖွဲ့သား ဆိုင်အမှုထမ်းများကို အချက်ပြခြင်းမပြုနိုင်ပေ။

ယီသန်းရှန်က အချက်မပြသောကြောင့် ဆိုင်အမှုထမ်းများက ယခုရောက်လာကြသူများမှာ ရန်သူများမဟုတ်ပဲ သာမန်သယ်ယူပို့ဆောင်ရေးအဖွဲ့သားများသာဖြစ်မည်ဟု ထင်သွားကြသည်။ ထို့ကြောင့် သူတို့ကလည်း သာမန်ဆိုင်အမှုထမ်းများ အသွင်ဖြင့်သာ နေနေလိုက်သည်။

ဤသို့ ခပ်ပေါ့ပေါ့နေမိသောကြောင့် လိန်ပင်း၊ အူကန်းနှင့် ခြသေ့ဂေဟာမှ သိုင်းသမားများက စားပွဲထိုးနှင့်စားဖိုမှူးများ အပါအဝင် ဆိုင်အမှုထမ်း(၇)ယောက်စလုံးကိုအလွယ်တကူပင် အကြောပိတ် ဖမ်းဆီးလိုက်ကြသည်။

ယီသန်းရှန်တို့ကို စစ်ဆေးရာ သူတို့မှာ ဤခရီးထောက်စခန်းဝယ် စားသောက်ဆိုင် ရိုးရိုးသားသား လာရောက်ဖွင့်လှစ်နေကြသူများသာ ဖြစ်ကြောင်း အစစ်ခံကြသည်။ ယက္ခဂေဟာဆိုသည်ကို ကြားပင်မကြားဘူးကြောင်းဖြင့်လည်း ဘူးကွယ် ကြသည်။

အိန်းလုံက အကြမ်းနည်းသုံး၍ ဖိဖိစီးစီး စစ်မေးမည် ပြုရာ လိန်ပင်းက ကန့်ကွက်သည်။

"အခု ကျွန်တော်တို့က ယက္ခဂေဟာကို မိတ်ဆွေ ဖွဲ့ချင်လို့ ကောင်းသောလာခြင်းနဲ့လာခဲ့တာပါ၊ ဒါကြောင့် ယက္ခဂေဟာက သိုင်းသမားတွေကို အကြမ်းကိုင်လို့ မဖြစ်ဘူး အေးအေးသက်သာ စစ်ဆေးမှ ကောင်းမယ်"

ယီသန်းရှန်နှင့် အပေါင်းပါများကို မလှုပ်ရှားမအော်ဟစ်နိုင်အောင် အကြောများပိတ်၍ ဆိုင်အတွင်းခန်း တခုထဲတွင် ထည့်ထားလိုက်ကြသည်။

ထို့နောက် မီးဖိုဆောင်ထဲမှ စားသောက် ဖွယ်ရာများကို ကိုယ်တိုင် ချက်ပြုတ်ကာ စားသောက်ကြသည်။

ထိုနေ့ည(၉)နာရီခန့်တွင် ချိန်ဟွာတို့အုပ်စုရောက်လာသည်။ အိန်းလုံတို့က အသင့်ရှိနေသော စားသောက် ဖွယ်ရာများဖြင့် တည်ခင်း ကျွေးမွေးသည်၊ ဖမ်းဆီးရမိထားသော ယီသန်းရှန်တို့လူစုကိုလည်း ချိန်ဟွာ၏လက်သို့ အပ်သည်။

အိန်းလုံတို့၏အုပ်စုနှင့် ချိန်ဟွာတို့၏အုပ်စု အုပ်စု(၂)စုလုံးသည် ကျားပျံ ခရီးထောက်စခန်း၌ ညအိပ်နေထိုင်ကြသည်။

နောက်တနေ့နံနက်တွင် နံနက်စာ စားသောက် ပြီးနောက် ယက္ခဂေဟာသို့ ခရီးဆက်ခဲ့ကြသည်။

ယွဲ့ချီထံမှ သိခဲ့ရသော ခရီးလမ်းညွှန်အရ၊ ယက္ခဂေဟာမှာ ကျားပျံ ခရီးထောက်စခန်း၏ မြောက်ဘက် တရက်ခရီးအကွာတွင် တည်ရှိသည်။



ယက္ခဂေဟာနှင့် နီးကပ်နေပြီ ဖြစ်သောကြောင့် မူလကလို အဖွဲ့များခွဲ၍ သွားမနေကြတော့။ အုပ်စုနှစ်စု ပူးပေါင်းကာ အဖွဲ့တဖွဲ့တည်းအဖြစ် ခရီးဆက်ကြသည်။

လိန်ပင်းတို့၏အုပ်စုမှာ စင့်ရိသယ်ယူပို့ဆောင်ရေးအဖွဲ့အသွင် အယောင်ဆောင်ခြင်းလည်း မပြုကြတော့။ ခြင်္သေ့ဂေဟာ၏ အဖွဲ့ဝင် သိုင်းသမားများအဖြစ် ချိန်ဟွာတို့နှင့်အတူ လိုက်ပါသည်။

ဖမ်းမိထားသော ယီသန်းရှန်နှင့် ဆိုင်အမှုထမ်း များကို ချိန်ဟွာတို့က ခေါ်ဆောင်သွားသည်။

ကျားပျံ ခရီးထောက်စခန်းတွင် အိန်းလုံချန်နေယစ်ခဲ့သည်။ ဤနေရာမှာ ခရီးလမ်းဆုံနေရာဖြစ်ရာ အရေးတစုံတရာပေါ်လာပါက အသင့်ရှိစေရန် နေခဲ့ခြင်းဖြစ်သည်။

× × ×

ကျားပျံစားသောက်ဆိုင်တွင် အိန်းလုံကျန်နေခဲ့သည်။

စားသောက်ဆိုင် မီးဖိုခန်းထဲဝယ် စားသောက်ဖွယ်ရာများနှင့် အရက်အိုးများ အများအပြားရှိနေသည်မို့ အိန်းလုံအဖို့ စိတ်ကြိုက်စားနိုင်သောက်နိုင်နေသည်။

စားသောက်ဖွယ်ရာ ဟင်းလျာမျိုးစုံကို စားပွဲအပြည့် ခင်းကျင်းပြီး အရက်အိုးတအိုးကို စားပွဲပေါ်တင်ကာ၊ အရက်ကို မြိန်ဆဲ့သောက်နေခဲ့ရာ မွန်းလွဲပိုင်းအချိန်အထိ မည်သို့မျှအခြေအနေ မထူးခြားပဲ အေးအေးဆေးဆေးပင် ရှိနေခဲ့သည်။

မွန်းလွဲပိုင်း အချိန်တွင်မှ 'ကျားပျံစားသောက်ဆိုင်' ရှေ့သို့ ထူးခြားသော ခရီးသွားတယောက် ရောက်ရှိလာသည်။

ထိုသူမှာ အဘိုးအိုတယောက်ဖြစ်သည်။ ဥပတိရုပ် ခန့်ညားသည်။ မုတ်ဆိတ်မွေးရှည်များက ရင်ဘတ်လောက်အထိ ကျနေသည်။

ဆံပင်နှင့် မုတ်ဆိတ်မွေးများ ပါးသိုင်းမွေးများ အားလုံး မည်းနက်နေသည်။ အဘိုးအို၏ အသက်အရွယ် မည်၍ မည်မျှရှိမည်ကို အမှန်းဆရခက်သည်။

အဘိုးအိုသည် အဖြူရောင် ပိုးသားဝတ်စုံကိုဝတ်ဆင်ထားပြီးခါးတွင် ဓားလွယ်တခုလွယ်ထားသည်။ ဓားအိမ်၏အရောင်မှာ အနီရောင်ဖြစ်သည်။ ဓားရိုးတွင် အဝါရောင်ပန်းပွား တပ်ဆင်ထားသည်။

ထိုအဘိုးကြီး စီးလာသည်မှာ မြင်းဖြူကြီးတကောင် ဖြစ်သည်။

မြင်းမှာ တကိုယ်လုံးဖြူမနေ အမည်းကွက်လေးများ ဟိုတကွက်သည်တကွက်ရှိနေသည်။ မြင်းခွာ(၄)ဘက်မှာသွေးရောင်လျှမ်းကာ နီရဲနေသည်။ မြင်း၏မျက်လုံးများမှာအရည်လဲ့ကာ တောက်ပနေသည်။

အကယ်၍အမည်းကွက်များသာမပါပဲတကိုယ်လုံးဆွတ်ဆွတ်ဖြူနေပါက အလွန်ရှားပါးသော အဖိုးတန် မြင်းကောင်းတစီးဖြစ်ပေမည်၊



အဘိုးကြီးကို မြင်လိုက်ရစကအိန်းလုံမှာ မည်သို့မျှမဖြစ်ပေ။ သို့ရာတွင် အဘိုးကြီး၏မြင်းကို ကြည့်လိုက်မိသော အခါတွင်မှ အိန်းလုံအတော်ပင် စိတ်လှုပ်ရှားသွားသည်။

ဂူခြေမပျက်ရအောင် မနည်းပင်ကြိုးစား ထိန်းသိမ်းထားလိုက်ရသည်။

"ဒီစားသောက်ဆိုင် မပိတ်သေးပါဘူးနော်"

အဘိုးကြီးက ဆိုင်ဝတွင်ရပ်ကာ ဟိုဟိုသည်သည် ကြည့်ပြီးနောက် အိန်းလုံကိုလှမ်းပြောသည်။

"မပြောတတ်ဘူးဗျာ"

အိန်းလုံက ဂူခြေရရနှင့်ပြန်ဖြေသည်။

"ဒါဖြင့် မိတ်ဆွေရဲ့ စားပွဲပေါ်က ဟင်းလျာ တွေကဘယ်လိုရလာတာလဲ"

"မီးဖိုဆောင်ထဲမှာ ဟင်းလျာတွေအများကြီးရှိတယ် အဲဒီအထဲက ကိုယ့်ဘာသာကိုယ်ယူပြီး စားနေတာ"

"ဪ ဒီလိုကိုး ဒါဖြင့် ဒီဆိုင်ကလူတွေမရှိဘူးပေါ့"

"ဟုတ်တယ် မရှိဘူး"

"သူတို့ ဘယ်ရောက်ကုန်ပြီလဲ"

"အဲဒါတော့ ကျုပ်လဲမသိဘူး"

"စားသောက်ဆိုင်က ပိုင်ရှင်မဲ့ပစ္စည်းဖြစ်နေပြီပေါ့ အယင်ရောက်နှင့်တဲ့ခင်ဗျားက ပိုင်ဆိုင်ခွင့်ရှိနေတယ် ဒါကြောင့် စား

သောက်ဖွယ်ရာတွေ ယူစားခွင့်ပြုဖို့ ခင်ဗျားဆီမှာ ခွင့်တောင်း ရမှာပဲ”

“မီးပိုဆောင်ထဲမှာ စားသောက်ဖွယ်ရာဟင်းလျာတွေရော အရက်အိုးတွေရော အများကြီးရှိပါတယ် သဘောရှိ ယူစားပေတော့”

“ဟုတ်ကဲ့ ကျေးဇူးပါပဲ”

အဘိုးကြီးက ဤသို့ပြောပြီးနောက် မြင်းကိုဆိုင်ရှေ့ရှိတန်းတွင် ချည်ထားခဲ့ပြီး ဆိုင်ထဲသို့ လျှောက်လှမ်း ဝင်ရောက်လာသည်။

“မြင်းက တယ်ကောင်းပါလား”

အဘိုးကြီးဆိုင်ထဲသို့ လျှောက်လှမ်းဝင်လာခိုက်တွင် အိန်းလုံက ပါးစပ်မှ ထုတ်ဖော်ချီးကျူးလိုက်သည်။

“ထိပ်တန်း မြင်းကောင်းတကောင်တော့ မဟုတ်ပါဘူး”

အဘိုးကြီးက ဤသို့ပြန်ပြောပြီး မီးပိုဆောင်ထဲသို့အရောက် ဆက်လက်ဝင်သွားသည်။

ထိုအဘိုးကြီး ဆိုင်နောက်ဘက်ပိုင်းသို့ ဝင်ရောက်သွားသည်တွင် အိန်းလုံက သူ၏လက်နက်ကို အသင့်ထုတ်ယူလိုက်သည်။

အိန်းလုံ၏ လက်နက်မှာ ကြေးနီဖြင့် ပြုလုပ် ထားသော ဆေးတံကြီးတချောင်းဖြစ်သည်။ သာမန် အနေအထားတွင် အရှည် တပေခွဲခန့်ရှိသည်။ လုံအပ်၍ ဆွဲဆန့်ထုတ်လျှင် (၄) ပေခန့် အထိ ရှည်လာနိုင်သည်။



အိန်းလုံ၏မျက်နှာမှာလည်း လေးနက် တည်ကြည်နေသည်။

သိုင်းသမားဆိုးများ မင်းမူ ချယ်လှယ်နေသော ချမ်းသာ သာဘော်ပေါ်သို့ တက်ရောက်တိုက်ခိုက်ခဲ့စဉ်ကပင် အိန်းလုံသည် ဆေးတံလက်နက်ကို ထုတ်ယူကိုင်စွဲခြင်း မပြုခဲ့ အမူအရာ ဤမျှ လေးနက်တည်ကြည်ခြင်း မဖြစ်ခဲ့။

ယခု ဤအဘိုးကြီးကို တွေ့ရသောအခါတွင်မှ အိန်းလုံက လက်နက်ကို ထုတ်ယူကိုင်စွဲသည်။ အမူအရာလည်း လေးနက် တည်ကြည်နေသည်။

ဤအဘိုးကြီးမည်သူနည်း။ အိန်းလုံကြိုတင် ပြင်ဆင်ထားပုံကိုကြည့်လျှင် ဤဝတ်စုံဖြူအဘိုးကြီးမှာ အစွမ်းအစ ထက်မြက် မြင့်မားသည့် ရန်သူကြီးတယောက် ဖြစ်နိုင်သည်။

သူ၏လက်နက်ဖြစ်သော ကြေးဆေးတံကြီးကို ကြည့်လိုက်သည်။ ဤဆေးတံလက်နက်ကို မသုံးရသည်မှာ ကြာပေပြီ။ သို့သော် အိန်းလုံက ကရုတစိုက် ထိန်းသိမ်း ထားသောကြောင့် ကြေးဆေးတံမှာ ပြောင်လက်၍နေသည်။

အိန်းလုံက ဆေးအိတ်ကိုဖွင့်ကာ ဆေးတံဆေးများထုတ်ယူလိုက်သည်။ ထို့နောက် ဆေးတံအိုးထဲသို့ ဆေးများ အပြည့်ထည့်ကာ မီးညှိပြီး ခပ်တည်တည်နှင့် ဖွာရှိုက်နေသည်။

မကြာမီမှာပင် ဝတ်စုံဖြူအဘိုးကြီး ပြန်ထွက် လာသည်။ လင်ဗန်းတခုတွင်အရက်တအိုးနှင့် ဟင်းလျာပန်းကန်များအပြည့် ထည့်လာသည်။

"မိတ်ဆွေကြီး အတူတူဝိုင်းဖွဲ့စားဖို့ ဝါသနာ ပါသလား"

ဝတ်စုံဖြူအဘိုးကြီးကပြောသည်။

"ကျုပ်ဘာသာကျုပ် အေးအေးဆေးဆေးစားချင်ပါတယ် ခင်ဗျားဘာသာ ခင်ဗျားစားပါ ကျေးဇူး တင်ပါတယ်"

အိန်းလုံက ပြန်ပြောသည်။

ဝတ်စုံဖြူအဘိုးကြီးသည် အိန်းလုံ ရှိနေသော စားပွဲနှင့် (၁၀)ပေခန့်ကွာသော စားပွဲပေါ်သို့ယူလာသောအရက်အိုးနှင့် ဟင်းလျာများကို ခင်းကျင်းလိုက်သည်။ ထို့နောက် ထိုင်ခုံတွင် ဝင်ထိုင်ကာ စားသောက်သည်။

အိန်းလုံကလည်း မိမိစားပွဲတွင်ထိုင်ကာ ငြိမ်သက်စွာစားနေသည်။ ဆိုင်ထဲဝယ် တိတ်ဆိတ်၍နေသည်။

"ခင်ဗျားက ယက္ခဂေဟာကို သွားမလို့လား"

အဘန်ကြာအောင် တိတ်ဆိတ်နေကြပြီးနောက် အိန်းလုံက မေးသည်။

"ယက္ခဂေဟာ...ဟုတ်လား ...ဟားဟားဟားခင်ဗျားမို့လို့ ဒီမေးခွန်းမျိုး မေးတယ်ဗျာ"

ဝတ်စုံဖြူအဘိုးကြီးက ရယ်မော၍ပြောသည်။

"ကျုပ်မေးတာ ဘာများရယ်စရာရှိလို့လဲ"

"ခင်ဗျားပဲ စဉ်းစားကြည့်လေ ယက္ခဂေဟာ ပျောက်ကွယ်သွားတာ ကြာလှပြီမဟုတ်လား အခုအချိန်မှာ ယက္ခဂေဟာ



ဘယ်နေရာမှာ ရှိနေတယ်ဆိုတာ ဘယ်သူမှမသိကြဘူးကျုပ်က ယက္ခဂေဟာကို သွားချင် အုံးတော့ ဘယ်လိုလုပ် သွားရမှာလဲ"

"ဒါဖြင့် ခင်ဗျားနာမည်ဘယ်သူဆိုတာရယ် ဘယ်လိုကိစ္စရှိလို့ ဒီနေရာကို ရောက်လာရတယ်ဆိုတာ ပြောပြစမ်းပါ"

"ခင်ဗျားကတယ်အမေးအမြန်းထူပါလားကျုပ်အကြောင်းကို ဘာ့ကြောင့်သိချင်ရတာလဲ"

"ကျုပ်က ဒီနေရာကို အယင်ရောက်နေတာဆိုတော့ဒီနေရာရဲ့ ပိုင်ရှင်ဖြစ်နေပြီလို့ စောစောက ခင်ဗျားပဲ ပြောခဲ့တယ် မဟုတ်လား ဒီတော့ ကျုပ်ရဲ့ နေရာကို ရောက်လာတဲ့ ဧည့်သည် အကြောင်း သိချင်တာပေါ့"

"အင်း–အပြော ကောင်းတယ် အပြော ကောင်းတယ် ကောင်းပါပြီလေ ခင်ဗျားသိချင်တယ် ဆိုယင်လဲ ပြောပြရတာပေါ့ ကျုပ်ဟာ မီအမျိုးအနွယ်က အမှုတခု စစ်ဆေးရအောင် ဒီနေရာဘက်ကိုရောက်လာတာပဲဒီလောက်ပြေဆိုယင် လုံလောက်ပါပြီနော်"

"ခင်ဗျားဟာ မီအမျိုးအနွယ်က ဟုတ်မဟုတ်တော့ သေသေချာချာ မပြောနိုင်ဘူး ဒါပေမယ့် အမှုစစ်ရအောင်လို့ရောက်လာတာတော့ မဟုတ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

အမှုစစ်ရအောင်လာတဲ့ မင်းမှုထမ်း တယောက်ဟာ ဘယ်တော့မှ တယောက်တည်းမလာဘူး အခြွေအရံတွေပါလာစမြဲပဲ ပြီးတော့ ခင်ဗျားရဲ့ သွင်ပြင်ဟန်ပန်က မင်းမှုထမ်း တယောက်နဲ့ မတူဘူး သိုင်းအဖွဲ့အစည်းတခုရဲ့ ခေါင်းဆောင် တယောက်နဲ့ တူနေတယ်"

"ခင်ဗျားက တယ်စပ်စပ်စုစု နိုင်တာပဲ ဒီလိုစပ်စပ်စုစုလုပ်တာမျိုးကို ကျုပ်မကြိုက်ဘူး ကျုပ်အနေနဲ့ အစက ခင်ဗျားကိုရန်မူဖို့ မရည်ရွယ်ပါဘူး ဒါပေမယ့် ဒီနေ့ခင်ဗျားကို လွှတ်ပေးလိုက်ယင် ခင်ဗျားက ကျုပ်ဘယ်သူလဲဆိုတာ သိအောင်စပ်စပ်စုစု လိုက်စုံစမ်းနေအုံးမှာပဲဒီလိုစုံစမ်းယင်းကျုပ်ဘယ်သူလဲဆိုတာခင်ဗျား သိသွားနိုင်တယ်"

အဘိုးကြီးက ဤသို့ပြောကာ ထိုင်နေရာမှထ၍ အိန်းလုံရှိရာသို့ လျှောက်လာသည်။ ဝတ်စုံဖြူအဘိုးကြီး၏ အမူအရာမှာ ခက်ထန်ကြမ်းတမ်းနေသည်။ အိန်းလုံကို အပြတ်ရှင်းပစ်တော့မည့်အသွင်မျိုး။

"ခင်ဗျားအကြောင်းကို တွေ့တွေ့ထူးထူးစုံစမ်းနေစရာ မလိုပါဘူး ခင်ဗျားဘယ်သူလဲဆိုတာ ကျုပ်သိပါပြီ"

အိန်းလုံက နေရာတွင်ကုန်နွေ့ရရ ထိုင်နေရာမှ ပြန်ပြောသည်။ အဘိုးကြီး၏ ခြေလှမ်းတုံ့ ရပ်သွားသည်။ ဒေါသရောင် လွှမ်းသော မျက်လုံးများဖြင့် အိန်းလုံကိုစိုက်ကြည့်သည်။

"ခင်ဗျားကကျုပ်ကိုတိုက်ချင်တယ်ဆိုယင်လဲကျုပ်က ခုခံဖို့အသင့်ပဲ အခုတိုက်ပွဲဟာခင်ဗျားအဖို့နောက်ဆုံးတိုက်ပွဲဖြစ်လိမ့်



မယ် ခင်ဗျားဘယ်လိုဖကောက်ဉာဏ်သုံးသုံး အလကားပဲ"

အိန်းလုံက ဝတ်စုံဖြူအဘိုးကြီးကို စူးစိုက်ကြည့်ပြီး ဆက်ပြောသည်။

"ခင်ဗျားက ကျုပ်ကို ဘယ်သူလို့ ထင်နေတာလဲ ဘယ်လိုအကြောင်းကြောင့် ဒီလိုထင်ရတာလဲ"

ဝတ်စုံဖြူအဘိုးကြီးက ဤသို့ပြောပြီးနောက် ဓားရှည်ကို ဆွဲထုတ်လိုက်သည်။

"ခင်ဗျားက ဓားကိုလဲ ပြောင်းလဲထားတယ်၊ မြင်းကိုလဲ ရှုတ်တရက် မမှတ်မိအောင် ပြုပြင်ထားတယ် ခင်ဗျားကိုယ် ခင်ဗျားလဲ ရုပ်ဖျက်ထားတယ်၊ ဒါပေမယ့် ခင်ဗျားတခု သတိလစ်သွားတယ်၊ ခင်ဗျားရဲ့မြင်းဟာ သိပ်ကိုထင်ရှားတဲ့ ပြိုင်စီးရွား မြင်းကောင်းတစီးဖြစ်တယ်၊ ခင်ဗျားကိုမသိကြတဲ့လူတွေတောင် ခင်ဗျားရဲ့မြင်းကို သိကြတယ်၊ အခု ခင်ဗျားက မြင်းရဲ့ အမွေးပေါ်မှာ ဆေးဆိုးပြီး အမည်းကွက်တွေဖြစ်အောင်လုပ်ထားပေမယ့် ဒီမြင်းဟာ ပြိုင်စီးရွားတဲ့ တိမ်ပျံမှုန်းကျုပ်သိပါတယ် လုကောင်းစွန်"

ဤသို့ပြောပြီးသည်နှင့် အိန်းလုံသည် ထိုင်ရာမှ ဖြုန်းကနဲ ထကာ ဝတ်စုံဖြူ အဘိုးကြီးကို ဆေးတံဖြင့် လှမ်းရိုက်သည်။

× × ×

အိန်းလုံတွေ့နေရသော ဝတ်စုံဖြူ အဘိုးကြီးမှာ မြင်းညို ဂေဟာရှင် လုကောင်းစွန်ပင် ဖြစ်သည်။

လုကောင်းစွန်သည် သိုင်းလောကထဲသို့ အထွက်နည်းသည်။ သိုင်းလောကထဲသို့ ဝင်ရောက်သွားလာရန် အကြောင်းကိစ္စ ပေါ်လာလျှင်လည်း မူလရုပ်သွင်ဖြင့် သွားလာလေ့မရှိပဲ ရုပ်ဖျက်၍သာ သွားလာတတ်သည်။

များသောအားဖြင့် အိမ်တွင်းအောင်းနေလေ့ရှိသည်။

ယခုအကြိမ်တွင်မူ ဆေးနဂါးညီနောင် (၃) ယောက်ကို လုပ်ကြံသုတ်သင်ပစ်ရန် မျောက်ညိုမာကြူးကို တာဝန်ပေး စေလွှတ်ပြီး၊ တဖန် မျောက်ညိုမာကြူးကို နုတ်ပိတ်သုတ်သင်ပစ်ရန် ချုံယုံကိုပါ ဆက်လက်စေလွှတ်ခဲ့ရာတွင် ချုံယုံလည်း ပြန်မလာ၊ မျောက်ညိုမာကြူးနှင့် ပတ်သက်၍လည်း မည်သို့မျှ သတင်းမကြားရသောကြောင့် လုကောင်းစွန်သည် စုံစမ်းရန် ကိုယ်တိုင်ထွက်လာခဲ့ခြင်းဖြစ်သည်။

မျောက်ညိုမာကြူးနှင့် ချုံယုံတို့အကြောင်း လိုက်လံစုံစမ်း နေဆဲဝယ် ခြသေ့်ဂေဟာမှ သိုင်းသမား အဖွဲ့တဖွဲ့ကို ချိန်ဟွာ ကိုယ်တိုင်ဦးဆောင်၍ မရဏချိုင့်ဝှမ်းဆီသို့ ခရီးထွက်လာ ကြောင်း သတင်းကို လုကောင်းစွန် ကြားသိခဲ့သည်။

မရဏချိုင့်ဝှမ်း ဒေသတွင် ယက္ခဂေဟာ ရှိကြောင်းကို လုကောင်းစွန်က သူ့နည်းနှင့်သူ သိရှိထားသည်။ ထို့ပြင် လုကောင်းစွန်မှာ ယက္ခဂေဟာနှင့် ဆက်နွယ် ပတ်သက်ရော အကြောင်း ရှိနေသည်။



ထို့ကြောင့် လုကောင်းစွန်သည် မျောက်ညိုမာကြူးနှင့် ချုံယုံတို့အကြောင်း ဆက်လက်မစုံစမ်းတော့ပဲ ယက္ခဂေဟာသို့ အမြန်ဆုံးလာခဲ့သည်။

ကျားပျံစားသောက်ဆိုင်၏ ဆိုင်တာဝန်ခံ ထုံအူအဖြစ် အသွင်ဆောင်ထားသူ ယီသန်းရှန်မှာ လုကောင်းစွန်၏ လက်ရင်းတပည့်တဦးပင် ဖြစ်သည်။

လုကောင်းစွန်သည် မာယာမင်းသမီးယွဲ့ချီနှင့်ပူးပေါင်းကာ ချမ်းသာသဘော်ပေါ်တွင် မကောင်းမှု ဒုစရိုက်များပြုလုပ်ရာ ယီးသန်းရှန်ကို ကြားခံလူအဖြစ် အသုံးချကာ ဆက် သွယ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ယခု ကျားပျံစားသောက်ဆိုင်သို့ ရောက်လာရာတွင်တပည့် ကြီး ယီသန်းရှန်ကိုမတွေ့ရပဲရှိနေရာ တစုံတရာ ပြဿနာပေါ်ပြီ ဖြစ်ကြောင်း လုကောင်းစွန်ရိပ်မိသည်။

စားသောက်ဆိုင်ထဲဝယ် အစားအသောက်များ ထိုင်စား လျက်ရှိနေသူမှာ ချိန်ဟွာတို့ ဘက်တော်သားတယောက်ဖြစ်မည် ဟုလည်း လုကောင်းစွန်က ထင်မိသည်။

အိန်း လုံသည် လုကောင်းစွန်၏ အမည်ကို ထုတ်ဖော်ပြော လိုက်ပြီးနောက် လုကောင်းစွန် စိတ်လှုပ်ရှား သွားချိန်ဝယ် ဆေးတံနှင့် အပိုင်ရိုက်နှက်တိုက်ခိုက်လိုက်သည်။

သို့ရာတွင် လုကောင်းစွန်သည် သမ္ဗာရင့် သိုင်းသမားကြီး တယောက်ပီပီ နေရာတကာတွင် သတိရှိသည်။ မိမိအမည်ကို ထုတ်ပြောခံရ၍ စိတ်လှုပ်ရှား သွားချိန်တွင်ပင် သတိရှိစွာ နောက်သို့ 'လွှား'ကနဲ ခုန်ရှောင်လိုက်သည်။ အိန်းလုံ၏ ဆေးတံ အိုးမှာ လုကောင်းစွန်ကို မထိမိပဲ လွဲချော်သွားသည်။

ရိုက်ချက်ကိုရှောင်ပြီးနောက် လုကောင်းစွန်ကတိုက်စစ်ဆင် သည်။

ဤသို့ဖြင့် သိုင်းသမားကြီး(၂)ယောက်၏ အသေအကြေ တိုက်ခိုက်မှု စတင်လေတော့သည်။

နှစ်ဦးစလုံးမှာ သမ္ဗာရင့် ထိပ်သီးသိုင်းသမားကြီးများချည်း ဖြစ်ကြရာ တိုက်ကွက်တိုင်းမှာ ရက်စက်ပြီး ကြောက်စရာ ကောင်းသည်။

လုကောင်းစွန်က 'မြင်းစီးသိုင်း'ကိုသုံးကာ အပြင်းအထန် တိုက်စစ်ဆင်သည်။ မြင်းစီးသိုင်းမှာ မြင်ညိုဂေဟာ၏ အဆင့် မြင့် သိုင်းပညာရပ်တခုဖြစ်သည်။ တိုက်စစ်ကို အဓိကထားသော သိုင်းပညာရပ်ဖြစ်သည်။ တဘက် ရန်သူကို အနားမပေးပဲ အပြင်းအထန် တိုက်စစ်ဆင်သည့်နေရာမျိုးတွင်သုံးရန်အထူးသင့် လျော်သည်။ ခံစစ်အတွက်မူ အားမကိုးလောက်ပေ။

အိန်းလုံက ဆေးတံ သိုင်းကွက်ဖြင့် အကွက်ကျကျ ခုခံ သည်။



ဆေးတံသိုင်းကွက်မှာ တိုက်စစ်ရော ခံစစ်တွင်ပါ နှစ်မျိုးလုံး အသုံးပြုနိုင်သော သိုင်းပညာဖြစ်သည်။

တိုက်စစ်ကိုသာ အဓိကထားသော 'မြင်းစီးသိုင်း'ထက် တိုက် စစ်နှင့်ခံစစ်မျှတစွာပေါင်းစပ်သုံးစွဲနိုင်သော 'ဆေးတံသိုင်းကွက်' က သိုင်းပညာ အခြေခံအားဖြင့်သာလွန်သည်ဟုဆိုရမည်။

လုကောင်းစွန်၏ မုန်တိုင်းတိုက်သလို တိုက်စစ် ဆင်လာမှုကို အိန်းလုံကအကွက်ကျကျခုခံတိုက်ဖျက်နေနိုင်သည်။ လုကောင်းစွန် ၏မြင်းစီးသိုင်းမှာ သွက်လက်မြန်ဆန်ပြီး အားအင် ပြင်းထန် သော်လည်း အိန်းလုံ၏ စေ့စပ်ပိရိသော ခံစစ်ကို အလွယ်တကူ ထိုးဖောက်ခြင်း မပြုနိုင်ပေ။

အိန်းလုံသည်ခံစစ်ပြုနေရာမှ အကွက်ကောင်းပေါ်လာလျှင် ရုတ်တရက်တန်ပြန်တိုက်စစ်ဆင်တတ်သည်။ ဤလိုအခါမျိုးတွင် လုကောင်းစွန်မှာ အတော်ပင် အကြပ်တွေ့သွားရသည်။

သူ၏မြင်းစီးသိုင်းမှာ ခံစစ်အတွက် မသုံးနိုင်သောကြောင့် အိန်းလုံ၏ တန်ပြန်တိုက်စစ်ကို ခုခံနိုင်ရန်အတွက် အခြားသင့် တော်ရာ သိုင်းကွက်တခုခုကို ကမန်းကတန်း အသုံးပြုရသည်။

မြင်းစီးသိုင်းဖြင့် သိုင်းကွက်နင်းကာတိုက်ခိုက်နေရာမှတခြား သိုင်းကွက်တခုခုသို့ ရုတ်တရက်ပြောင်းလဲရသောကြောင့်ခြေရှုပ် လက်ရှုပ်ဖြင့် အတော်ပင် ကသောင်းကနင်း ဖြစ်နေသည်။

သိုင်းကွက်(၃၀)ကျော်သွားသည်။

အရှုံးအနိုင်မပေါ်သေး။

သိုင်းကွက်(၁၀၀)ရှိသွားသည်။

အကြိတ်အနယ်တိုက်ခိုက်နေကြဆဲ။

သိုင်းကွက် (၁၅၀)ပင်ရှိလာပြီ။

မည်သူမျှ အနိုင်မရသေးပေ။

မိမိ၏ မြင်းစီးသိုင်းကို သိုင်းကွက် (၁၅၀) ကျော်အောင် ရင်ဆိုင်ခုခံနိုင်ပြီး တခါတရံတွင် တန်ပြန်တိုက်စစ်များပင် ဆင်နိုင်သည့်အတွက်မိမိရင်ဆိုင်နေရသူမှာအစွမ်းအစမသေးကြောင်း လုကောင်းစွန် အကဲခတ်မိသည်။

"ခင်ဗျားက နဂါးဖြူကြီး အင်းဖေရီနဲ့ ဘယ်လိုပတ်သက်သလဲ"

အိန်းလုံ၏သိုင်းကွက်သိုင်းဟန်များမှာအင်းဖေရီ၏သိုင်းဟန်များနှင့် တူသောကြောင့် လုကောင်းစွန်က မေးလိုက်ခြင်းဖြစ်သည်။

အိန်းလုံသည် သေမင်းသဘော်ပိုင်ရှင်အဖြစ် လျှို့ဝှက်စွာ လှုပ်ရှားလေ့ ရှိသောကြောင့် သိုင်းလောကတွင် အိန်းလုံကို သေသေချာချာသိသူနည်းသည်။ အင်းဖေရီမှာမူ လူသိအတော်များသည်။

"ခင်ဗျားကအကဲခတ်မဆိုးဘူးပဲကိုး ကျုပ်ဟာ အင်းဖေရီရဲ့ သွေးသောက် နောင်တော် အိန်းလုံပဲ"



"ကြော် ခင်ဗျားက အင်းဖေရီရဲ့သွေးသောက်နောင်တော်ကိုး ဒါ့ကြောင့် ဒီလောက်လက်ရည် ကောင်းနေတာပဲ ကိုင်း ဟောဒီအကွက်တွေကို ခံနိုင်မလားလို့ စမ်းကြည့် စမ်းပါအုံး"

လုကောင်းစွန်က ဤသို့ပြောပြီးနောက် ဆက်လက်တိုက်ခိုက်ဆင်သည်။ ယခုတကြိမ်တွင်မူ မြင်းစီးသိုင်း တခုတည်းကိုသာ မသုံးတော့။ မြင်းစီးသိုင်းနှင့်အတူ ခံစစ်အတွက်ပါ အားထားရသော 'ဘီလူးသံလျက်ဓားသိုင်း'ကို တွဲသုံးသည်။

"ဟာ အဲဒီဘီလူးသံလျက်ဓားသိုင်းဟာ ယက္ခဂေဟာရဲ့ မူပိုင်သိုင်းပညာ မဟုတ်လား ခင်ဗျားဘယ်လိုလုပ်ပြီး ခိုးသင်ထားတာလဲ"

အိန်းလုံက ပြောသည်။

"ကျုပ်ဘာသာ ဘယ်လိုလုပ်သင်သင် ခင်ဗျားနဲ့ မဆိုင်ဘူး အကွက်သာကြည့်"

လုကောင်းစွန် ပြန်ခအော်ပြောသည်။

'ဘီလူးသံလျက်ဓားသိုင်း'ကိုပါ ဒွန်တွဲကာသုံးလာသည်တွင် လုကောင်းစွန်၏ တိုက်စစ်မှာ ပို၍ကြောက်စရာ ကောင်းလာသည်။ ခံစစ်လည်း သိပ်သိပ်သည်းသည်း လုံလုံခြုံခြုံရှိနေသည်။

အိန်းလုံ ခံစစ်သာဆင်နေရသည်။ တန်ပြန်တိုက်စစ်တကွက်တလေမျှပင် မပြုနိုင်။ လုကောင်းစွန်၏ပြင်းထန်သောတိုက်ခိုက်မှုကို ခုခံယင်း နောက်သို့ဆုတ်ပြီးယင်းဆုတ်ပေးနေရသည်။

အိန်းလုံမတတ်သာတော့။ ဤအတိုင်းသာသွားပါကမကြာမီ အရေးနိမ့်ရတော့မည်ဖြစ်သည်။ အိန်းလုံ အရေးနိမ့်ရသည်မှာ အရေးမကြီး။ လူကောင်းစွန်အနေဖြင့် ချိန်ဟွာတို့ နောက်သို့ လိုက်၍ နှောင့်ယှက် နိုင်သည်။ ချိန်ဟွာတို့ အနေဖြင့်လည်း လူကောင်းစွန်၏ ဒုစရိုက်အသိုက်အမြုံကို ဆက်လက် ဖြိုခွင်းနိုင် တော့မည်မဟုတ်။

ထို့ကြောင့် အိန်းလုံက ပရိယာယ်လှည့်ကွက်ဆင်ကာ အနိုင် ယူရန် ဆုံးဖြတ်လိုက်သည်။

အိန်းလုံသည် လူကောင်းစွန်၏တိုက်ခိုက်မှုကို အသေ အလဲ ခုခံနေရာမှ အခွင့်ကောင်းတခု ပေါ်လာသည်နှင့် ဆေးတံရိုးရှိ လျှို့ဝှက်ခလုတ်လေးကို အသာနှိပ်လိုက်သည်။

"ဝှစ်....ဝှစ်....ဝှစ်"

ဆေးတံအိုးထဲမှ သေးငယ်သော အပ်လေး (၃) ချောင်း လွင့်ပျံထွက်လာကာ လူကောင်းစွန်၏ မျက်နှာတည့်တည့်သို့ တန်းဝင်သွားသည်။

လူကောင်းစွန်မှာ အနီးကပ်၍ လက်နက်ပုန်းဖြင့် အပစ်ခံရ သောကြောင့် ပျာပျာသလဲ ဖြစ်သွားသည်။ အိန်းလုံလိုနာမည် ရသိုင်းသမားကြီးတယောက်အနေဖြင့် ဤသို့သော နည်းလမ်း မျိုးသုံးကာ တိုက်ခိုက်လိမ့်မည်ဟုမထင်မှတ်သောကြောင့် အငိုက် မိသွားသည်။



လူကောင်းစွန်လို ဒုစရိုက်သမား သိုင်းသမားဆိုးကြီးကို အနိုင်တိုက်ခိုက်ရန် အရေးကြီးသောကြောင့် အိန်းလုံအနေဖြင့် မလွှဲသာမရှောင်သာပဲ ဤနည်းကို သုံးလိုက်ရခြင်း ဖြစ်သည်။

လူကောင်းစွန်က နောက်သို့ခြေတလှမ်းဆုတ်ကာ ကိုယ်ခန္ဓာ ကို ယိမ်းပြီး အပ်လေးများကို ရှောင်သည်။

အမှန်စင်စစ်အားဖြင့် လက်နက်ပုန်းအပ်လေး (၃)ချောင်း ဖြင့် ပစ်လွှတ်လိုက်သည်မှာ စွယ်ရောင်ပြ ပရိယာယ်တိုက်ကွက် ဆင်လိုက်ခြင်းသာဖြစ်သည်။

လျှို့ဝှက်ခလုတ်ကိုနှိပ်ကာ အပ်လေးများ ပစ်လွှတ်ပြီးသည် နှင့် အိန်းလုံက ဆေးတံလက်နက်ဖြင့် လူကောင်းစွန်၏ခေါင်း ကို အပိုင်ရိုက်ချသည်။

လူကောင်းစွန်မှာ အပ်လေးများကို တိမ်းရှောင်နေရသည် ဖြစ်သောကြောင့် အိန်းလုံ၏ဆေးတံလက်နက်ဖြင့် ရိုက်ချလာမှုကို တိမ်းရှောင်ရန် အချိန်မရပေ။

အချိန်မရသည့်ကြားမှ ကြိုးစားတိမ်းရှောင်လိုက်ရာ၊ ဆေး တံ လက်နက်မှာ လူကောင်းစွန်၏ ခေါင်းကိုမရိုက်မိပဲ လွဲ ချော်ကာ ညာဘက်ပခုံးကိုသာ ရိုက်မိသွားသည်။

"ဖုန်း"

ရိုက်မိသည့်အရှိန်မှာ အတော့်ပြင်းသည်။ လူကောင်းစွန်၏ ညာလက်တွင် ဆုပ်ကိုင်ထားသော ဓားရှည်ပင် ကြမ်းပြင် ပေါ်သို့ လွှတ်ကျသွားသည်။

အိမ်နီးလုံက အပိုင်တိုက်ခိုက်ရန် ရှေ့သို့ 'လွှား' ကနဲ ခုန်တက်လာသည်။ လုကောင်းစွန်က အိမ်နီးလုံကို ခြေထောက်ဖြင့် ဆီးကန်သည် ခြေကန်ချက်အလွန်ပြင်းသည်။ ထိမိကသက်သာမည် မဟုတ်။

အိမ်နီးလုံက ရှေ့သို့ အတင်းမတိုးဝံ့။ ကိုယ်ရှိန်သတ်ကာ နောက်သို့ကပျာကယာ ဆုတ်လိုက်ရသည်။

လုကောင်းစွန်ကခါးကြားမှဓားပျံလေးများကိုဗယ်လက်ဖြင့် ဆွဲထုတ်ကာ၊ အိမ်နီးလုံရှိရာသို့ လှမ်းပစ်သည်။

"ဝှစ်—ဝှစ်…ဝှစ်"

စုစုပေါင်း ဓားပျံ(၃)လက် ဆင့်ကဲဆင့်ကဲပစ်ပေါက်သည်။ ဗယ်လက်ဖြင့် ပစ်ပေါက်ခြင်းဖြစ်သော်လည်း ဓားပျံများသည် အိမ်နီးလုံရှိရာသို့ တည့်တည့်မတ်မတ်ပင် တန်းဝင် လာကြသည်။

အိမ်နီးလုံမှာ ကိုယ်ခန္ဓာကို ကြမ်းပြင်ပေါ် ထိုလဲချကာ စားပွဲ ကုလားထိုင်များကြားဝယ် လူးလှိမ့်တိမ်းရှောင်ရသည်။ အိမ်နီးလုံ၏ ကိုယ်ခန္ဓာနှင့်တိုက်မိ၍ စားပွဲ ကုလားထိုင်များ လဲကျ ကုန်သည်။

မိမိ၏ညာဘက်ပခုံးတွင် ဒဏ်ရာရနေပြီဖြစ်ရာ အိမ်နီးလုံနှင့် ရင်ဆိုင်ရာတွင် မိမိလက်မှာ ပပန်းရှုံးနေပြီ ဖြစ်ကြောင်း လုကောင်းစွန် ရိပ်မိသည်။



ထို့ကြောင့် ဆက်လက် ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မပြုတော့ပဲ ဆိုင်ပြင်သို့တဟုန်ထိုး ပြေးထွက်သွားသည်။ ကြမ်းပြင်ပေါ် ကျနေသော ဓားရှည်ကိုပင် ကောက်မသွားတော့။

အိမ်နီးလုံမှာလဲကျနေသော စားပွဲများထိုင်ခုံများ ကြားဝယ် ညှပ်နေသလို ဖြစ်နေသောကြောင့် ရုတ်တရက် လုကောင်းစွန်ကို ဟန့်တားတိုက်ခိုက်ခြင်း မပြုနိုင်ပေ။

ညှပ်နေသော စားပွဲများ ထိုင်ခုံများကို တွန်းဖယ်ကာ အိမ်နီးလုံမတ်တတ်ရပ်မိချိန်ဝယ် ဆိုင်အပြင်ဘက်မှ အပြင်း စိုင်းနှင် ထွက်သွားသော မြင်းခွာသံကို ကြားရသည်။

" ခွပ် ခွပ် — ခွပ် ခွပ် "

အိမ်နီးလုံ ဆိုင်အပြင်ဘက်သို့ အတင်းပြေးထွက်ကြည့်သည်။ လုကောင်းစွန်ကို မမိတော့။

မြောက်ဘက်သို့ အပြင်းစိုင်း ထွက်သွားသော လုကောင်းစွန် နှင့် မြင်းဖြူကြီး တိမ်ပျံတို့၏ အသွင်ကိုသာ ခပ်ဝေးဝေးဝယ် လှမ်းမြင်ရသည်။

"လုကောင်းစွန်က ယက္ခဂေဟာကို လိုက်သွားတာ ဖြစ်နိုင်တယ် ငါလဲဒီမှာ ဆိုင်းနေလို့မသင့်ဘူး လုကောင်းစွန် ဒီနယ်ဘက်ကို ရောက်နေတဲ့အကြောင်း ချိန်ဟွာတို့ကို လိုက်ပြောမှ ဖြစ်မယ်"

အိန်းလုံ၏စိတ်ထဲဝယ် ဤသို့စဉ်းစားမိသည်။ အိန်းလုံသည် မိမိ၏စီးတော်မြင်းကို ထုတ်ယူကာ၊ ယက္ခဂေဟာတည်ရှိရာ မြောက်ဘက်သို့ ရှေ့ရှု၍ အပြင်းစိုင်းနှင် လာခဲ့သည်။

× × ×



## အခန်း (၁၂)

ယက္ခဂေဟာသည် မရဏချိုင့်ဝှမ်းဒေသ၏ မြောက်ဘက်ရှိ ကျောက်မည်းတောင်ခြေမှ တောအုပ်လေးတခု၏ အလယ်ဗဟိုတွင် တည်ရှိသည်။

ယက္ခဂေဟာသို့ အရောက် တောအုပ်လေးကို ဖြတ်ကျော်၍ လာခဲ့ကြရသည်။

ချိန်ဟွာဦးဆောင်သော အဖွဲ့များ ယက္ခဂေဟာသို့ ရောက်ရှိ သွားချိန်မှာ ညနေစောင်းအချိန်ဖြစ်သည်။ ယက္ခဂေဟာ ပရဝဏ်အဝင်ဝရှိ ဘီလူးခေါင်း တံခါးကြီး ပိတ်လျက်ရှိနေကြောင်း တွေ့ကြရသည်။

ချိန်ဟွာသည် မြင်းလှည်းပေါ်မှ ဆင်းလာကာ၊ ဘီလူးရုပ်တံခါးတွင်ရှိနေသော ကြေးကွင်းကို ကိုယ်တိုင် လှုပ်ရှားကာ တံခါးခေါက် အသံပေးလိုက်သည်။

"ဟိတ်....ဘယ်သူတွေလဲ ဒီနေရာကို အပြင်လူ လာခွင့်မရှိဘူးဆိုတာ မသိကြဘူးလား အားလုံးသေကုန်မယ် မြန်မြန်ပြန်သွားကြ"

တံခါး၏တဘက်မှ အော်ပြောသံပေါ်လာသည်။ အသံမှာ အသံဝါကြီးဖြစ်ကာ ခက်ထန်လှသည်။

"ကျုပ်တို့ ရောက်လာတာ ကောင်းသော လာခြင်းပါ ယက္ခဂေဟာရဲ့ ဦးစီးခေါင်းဆောင်နဲ့ တွေ့ပါရစေ"

ချိန်ဟွာက ပြန်ဖြေသည်။

"ဘာကိစ္စရှိလို့လဲ"

အတွင်းဘက်မှ ပြန်မေးသည်။

"သိပ်အရေးကြီးတဲ့ လျှို့ဝှက်ကိစ္စပါ ယက္ခဂေဟာ ဦးစီးခေါင်းဆောင်နဲ့တွေ့ရမှ ပြောပြနိုင်မယ်"

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ကျုပ်တို့ ဘယ်သူ ဘယ်ဝါဆိုတာ ယက္ခဂေဟာရဲ့ ဦးစီးခေါင်းဆောင်သိပါတယ် သူရောက်လာယင် အားလုံးရှင်းကုန်မှာပါ၊ သူ့ကိုသာ တဆိတ်လောက် ခေါ်ပေးပါ"



အတွင်းဘက်မှ မည်သည့်အသံမျှ မကြားရပဲ အတန်ကြာ တိတ်ဆိတ်သွားသည်။ ချိန်ဟွာတို့လူစုကလည်း စိတ်ရှည်ရှည်ဖြင့် ဆက်လက်စောင့်ဆိုင်းနေသည်။

အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ အတွင်းဘက်မှ စကားသံပေါ်လာသည်။ အသံမှာ စောစောက ကြားရသော အသံဝါကြီးမဟုတ်တော့။ မိန်းမရွယ်တယောက်၏ ကြည်သင်သော အသံဖြစ်သည်။ အသံမှာ ကြည်လင်သော်လည်း ခက်ထန်သည်။

"ရှင်တို့က ခြင်္သေ့ဂေဟာက လူတွေမဟုတ်လား၊ ခြင်္သေ့ဂေဟာနဲ့ ယက္ခဂေဟာ ပတ်သက်စရာအကြောင်း ဘာမှမရှိပါဘူး မြန်မြန်ပြန်သွားကြပါ"

ဤအသံကို ကြားရသောအခါ လိန်ပင်း အကြီးအကျယ် စိတ်လှုပ်ရှားသွားသည်။ ဤအသံသည် လိန်ပင်းမည်သည့်အခါတွင်မှ မေ့ပျောက်မည်မဟုတ်သော ဝမ်မေ၏အသံဖြစ်သည်။

"ဩော်....ဝမ်မေက ယက္ခဂေဟာရဲ့ ဦးစီးခေါင်းဆောင် တောင်ဖြစ်နေပြီကိုး၊ အင်းလေ သူက ဝမ်လီဖုံးရဲ့ သမီးအကြီးဆုံးဆိုတော့ ဝမ်ဂ်ဖုံးမရှိတဲ့နောက် သူပဲ ဦးစီးခေါင်းဆောင် ဖြစ်ရတော့မှာပေါ့"

လိန်ပင်း၏ စိတ်ဘဲဝယ် တွေးနေမိသည်။

ဤသို့ လိန်ပင်းတွေးတောနေမိခိုက်ာယ် ချိန်ဟွာကဝမ်လီဖုံးသေဆုံးခဲ့ရမှုတွင် လိန်ရှိ၏ ပရောဂမပါကြောင်း မြင်းညိုဂေဟာ

ရှင် လုကောင်းစွန်က လှည့်ကွက်ဆင်ကာ လုပ်ကြံခဲ့ခြင်း ဖြစ်ကြောင်း ရှင်းပြသည်။

ပထမတွင် ဝမ်မေကလက်မခံ။ မယုံကြည်နိုင်ကြောင်း ငြင်းချက်ထုတ်သည်။ တဘက်နှင့်တဘက် အတော်တင်းမာလာကာ တိုက်ကြခိုက်ကြတော့မည့် အခြေအနေမျိုးပင် ဆိုက်ရောက်လာသည်။

ချိန်ဟွာက ဆေးနဂါးညီနောင်(၃)ယောက်နှင့် မျောက်ညိုမာကြူးတို့ကို သက်သေထူသည်။ ဆေးနဂါးညီနောင် (၃) ယောက်နှင့် မျောက်ညိုမာကြူးတို့ကလည်း ဝမ်လီဖုံးသေဆုံးခဲ့မှုတွင် မိမိတို့ပါဝင်ပတ်သက် သိရှိထားရသမျှကို အကုန်အစင်ထုတ်ဖော်ပြောကြသည်။

ဤသို့ သက်သေ ခိုင်ခိုင်လုံလုံနှင့် တိတိကျကျ ပြောဆိုရာနောက်ဆုံးတွင် ဝမ်မေသည် မိမိဖခင် ဝမ်လီဖုံး သေဆုံးရမှုတွင် လိန်ရှိ၏ ပရောဂမပါကြောင်း လက်ခံယုံကြည် သွားလေတော့သည်။

"အင်း—ကျွန်မတို့ဆယ်နှစ်လုံးလုံး အထင်လွဲနေခဲ့မိတာကို အခုလို ကျွန်မတို့ အထင်မှား အမြင်မှားဖြစ်မိတာကို ရှင်းသွားအောင် သက်သေခိုင်ခိုင်လုံလုံ ခေါ်လာပြီး တကူးတက လာရောက်ရှင်းပြတဲ့ ခြသေ့ဂေဟာရှင် ဘွားဘွား ချိန်ဟွာကို အများကြီး ကျေးဇူးတင်ပါတယ်၊ ဂေဟာထဲကို ကြွကြွဖို့ ဖိတ်ခေါ်ပါတယ်"



ဝမ်မေ၏ စကားအဆုံးဝယ် ပိတ်နေသော ဘီလူးခေါင်းတံခါးပွင့်သွားသည်။ တံခါးဝတွင် မိန်းမပျို (၂)ဦး ရပ်နေသည်။ မိန်းမပျို(၂)ဦး၏ ဘေးနားဝယ် အသက်(၆၀)ခန့်ရှိ အဘိုးအိုတဦးရှိသည်။ ထို့နောက် ခပ်လှမ်းလှမ်းဝယ် (၁၀)ဦးမျှရှိသော သိုင်းသမားတစုရပ်နေသည်ကို တွေ့ကြရသည်။

ရပ်နေသော မိန်းမရွယ်(၂)ဦးအနက် တဦးမှာ ဝမ်မေဖြစ်သည်။ ကျန်တယောက်မှာ ဝမ်မေနှင့် အတော် ရုပ်ချင်းဆင်သည်။

ဝမ်လီဖုံးတွင် သမီး(၂)ယောက်ရှိကြောင်း လိန်ပင်း သိထားသည်။ ကျန်မိန်းမပျိုမှာ ဝမ်မေ၏ညီမပင် ဖြစ်လိမ့်မည်ဟု လိန်ပင်းတွေးမိသည်။

"ကျွန်မက ယက္ခဂေဟာရဲ့ ဦးစီးခေါင်းဆောင် ဝမ်မေပါ၊ ဟောဒါက ကျွန်မရဲ့ညီမ ဝမ်ယု၊ ဟိုဟာကတော့ ယက္ခဂေဟာရဲ့ ခေါင်းဆောင် သိုင်းသမား ဘီလူးကျွန်းဝှက်"

ဝမ်မေက မိမိ၏လူများနှင့် မိတ်ဆက်ပေးသည်။

ချိန်ဟွာကလည်း မိမိနှင့်ပါလာသူများ၏ အမည်များကို တဦးချင်းပြောပြကာ ဝမ်မေနှင့် မိတ်ဆက်ပေးသည်။

လိန်ပင်းနှင့် မိတ်ဆက်ပေးသော အလှည့်သို့ ရောက်သောအခါတွင် လိန်ပင်းရော ဝမ်မေပါ မျက်နှာမထားတတ်ကြ။ တယောက်ကိုတယောက် စေ့စေ့ပင်မကြည့်ပဲ မျက်လွှာချကာ ပြုံးပြ လိုက်ကြရသည်။

နှစ်ဦးစလုံး၏ ရင်များခုန်နေသည်။ ဝမ်လီဖုံးသေဆုံးခဲ့ရမှုမှာ လိန်ရိနှင့်မပတ်သက်ကြောင်း ရှင်းရှင်းလင်းလင်း သိရပြီမို့ သူတို့၏ အချစ်ဇာတ်လမ်း ပြန်လည်ဆန်းသစ်တော့မည် ဆိုခြင်းကို လိန်ပင်းရော ဝမ်မေကပါ နားလည်ထားသည်။

ဘီလူးကျွန်းဝှက်က သူတို့လူစုအတွက် တည်းခို နေထိုင်ရန်အခန်းများ စီစဉ်နေရာချထားပေးသည်။

× × ×

ထိုနေ့ညတွင် ယက္ခဂေဟာ၏ ဦးစီးခေါင်းဆောင်ဖြစ်သော ဝမ်မေက ညစာစားသောက်ပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားသောက်ပွဲတွင် ချိန်ဟွာ၊ လိန်ပင်း၊ အူကန်း၊ ဝမ်မေ၊ ဝမ်ယုနှင့်ဘီးလူးကျွန်းဝှက်တို့ (၆)ယောက်က စားပွဲဝိုင်းတဝိုင်းထဲဝယ် ထိုင်ကြသည်။ ကျန်လူများက တခြားစားပွဲဝိုင်းများတွင် ထိုင်ကြသည်။

ညစာ စားပွဲကို ည(၇)နာရီတွင် စတင်ပြုလုပ်သည်။ ည(၈)နာရီခန့်တွင် အိန်းလုံ ယက္ခဂေဟာသို့ ရောက်လာသည်။

ယက္ခဂေဟာအဝင်ဝတွင် စောင့်ကြပ်နေကြသော အစောင့်သိုင်းသမားများက အိန်းလုံကိုတားဆီးကြသေးသည်။ သို့သော် အိန်းလုံက အကျိုးအကြောင်း ပြောပြသော အခါတွင်မူ၊ ဆက်လက်တားဆီးခြင်း မပြုကြတော့ပဲ ညစာစားပွဲ ကျင်းပ-



ပြုလုပ်နေရာ ထမင်းစားဆောင်ထဲသို့ အိန်းလုံကိုခေါ်လာခဲ့ကြသည်။

အိန်းလုံရောက်လာသည်ကို တွေ့ရသောအခါ ချိန်ဟွာတို့မှာ အတော်အံ့ဩသွားကြသည်။ သို့သော် ဘာမျှထူးထူးထွေထွေ မေးမြန်းခြင်းမပြုပဲ၊ မိမိတို့၏စားပွဲတွင်နေရာတနေရာ ပေးလိုက်ကြသည်။

အစီကဟင်းလျာများ တည်ခင်းကျွေးမွေးပြီးသည့် နောက်တွင်၊ ချိန်ဟွာက လက်မရွှံ့သိုင်းသမားများနှင့် ပတ်သက်၍ စကားစသည်။

"ယက္ခဂေဟာဆိုတာ အမည်ထင်ရှားတဲ့ သိုင်းမိသားစုတခု ဖြစ်ပါတယ် အများကလဲ လေးစားပါတယ် ဒါပေမယ့် စိတ်မကောင်းစရာ တခုဖြစ်နေတာက ယက္ခဂေဟာဟာ လက်မရွှံ့သိုင်းသမားတွေ လေ့ကျင့်ဖန်တီးနေတယ်လို့ သတင်းကြားရတာပါပဲ ဒီသတင်းဟုတ်မဟုတ် သိပါရစေ"

ချိန်ဟွာ၏ပါးစပ်မှ ဤစကားလွှတ်သွားသည်နှင့် ထမင်းစားဆောင်ထဲဝယ် ပြောဆိုနေကြသော စကားသံများအားလုံး တိတ်သွားသည်။

"လက်မရွှံ့သိုင်းသမားတွေ ဟုတ်လား အဲဒါ ဘယ်လိုဟာလဲ"

ဝမ်မေက နားမလည်သည့်အသွင်ဖြင့် ပြန်မေးသည်။

"ခင်ဗျားတို့လုပ်ထားတဲ့ အလုပ်ကို ခင်ဗျားတို့ မသိဘူးလား ဘာကြောင့် ပြောင်လိမ်ရတာလဲ"

အူကန်းက ဒေါသတကြီး ပြောသည်။

"ညီလေးအူကန်း အေးအေးဆေးဆေးနေပါ ပြောစရာရှိတာကို ဘွားဘွား ချိန်ဟွာ ပြောပါလိမ့်မယ်"

လိန်ပင်းက အူကန်းကို ပျောင်းဖျပြောဆိုကာ ထိန်းသိမ်းလိုက်သည်။ အူကန်းလည်း ဘာမျှ ဆက်မပြောတော့ပဲ ငြိမ်သွားသည်။

"ချမ်းသာသဘော်ကို အုပ်ချုပ်တဲ့ မာယာမင်းသမီး ယွဲ့ချီဆိုတာ ယက္ခဂေဟာရဲ့ မိသားစုဝင် သိုင်းသမားမဟုတ်လား"

ချိန်ဟွာက မေးသည်။

"ဟုတ်ပါတယ် ယွဲ့ချီဟာ ကျွန်မတို့ရဲ့ လက်ရွေးစင် သိုင်းသမား တယောက်ပါ ကျွန်မနဲ့ဆိုယင် သိုင်းပညာအတူ သင်ဘက် သွေးသောက်ညီမ တော်ပါတယ်"

ဝမ်မေက ပြန်အဖြေပေးသည်။

"ချမ်းသာသဘော်ကကော"

"ချမ်းသာသဘော်ဟာ ဖေဖေသေဆုံးခဲ့ရတာနဲ့ ပတ်သက်ပြီး၊ စုံစမ်းထောက်လှမ်းရအောင် စေလွှတ်ထားတဲ့ သဘော်ပါ"



"ယွဲ့ချီက ယက္ခဂေဟာရဲ့ အမိန့်ကိုနာခံပြီး လုပ်ဆောင်ရတယ် မဟုတ်လား"

"ဟုတ်ပါကယ် ဒါပေမယ့် တချို့ကိစ္စတွေမှာ ယွဲ့ချီအနေနဲ့ လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်ခွင့်ရှိပါတယ် အရာရာကိုကျွန်မတို့ဆီ အကြောင်းကြား အမိန့်နာခံနေဖို့ မလိုအပ်ပါဘူး"

"ချမ်းသာသဘော်ပေါ်မှာရှိနေတဲ့ လက်မရှိ့ သိုင်းသမား ခုနစ်ယောက်ကို ဘယ်သူကလေ့ကျင့် ဖန်တီးခိုင်းခဲ့တာလဲ"

"ချမ်းသာသဘော်ပေါ်မှာ လက်မရှိ့သိုင်းသမားတွေ ရှိတယ်လို့ မကြားမိပါလား"

ဝမ်မေက ဤသို့ငြင်းဆိုလိုက်သည့်အတွက် ချိန်ဟွာတို့ လူစုအံ့ဩ သွားကြရသည်။ ဝမ်မေလိမ်လည် ပြောနေသည်ဟု သံသယဝင်မိကြသည်။

ဝမ်မေက ယက္ခဂေဟာတွင် လက်မရှိ့ သိုင်းသမားများ ဖန်တီး လေ့ကျင့်ရာတွင် အသုံးပြုသော အသိဉာဏ်ဖျက်ဆေးနှင့် လေ့ကျင့်နည်းများရှိသော်လည်း၊ လက်မရှိ့ သိုင်းသမားများ ဖန်တီးလေ့ကျင့်သည့်ကိစ္စမှာ ရက်စက်ကြမ်းကြုတ် လှသည့်အတွက်၊ ဝမ်လီဖုံး ဂေဟာရှင်ဖြစ်သည့် အချိန်မှစကာ၊ လက်တွေ့အသုံးမပြုတော့ကြောင်း ရှင်းပြသည်။

ဘီလူးကျွန်းဝှက်ကလည်း ဝမ်မေ ပြောသည်မှာ ဟုတ်မှန်ကြောင်း ထောက်ခံသည်။ ချိန်ဟွာတို့လူစုမှာ အဆုံးဖြတ်ရခက်နေသည်။

"ဘယ်လိုပဲဖြစ်ဖြစ် ချမ်းသာသဘော်ပေါ်မှာ လက်မရှိ့ သိုင်းသမား(၇)ယောက် ရှိနေတာကတော့ အမှန်ပဲ ဒီတော့ အဲဒီ လက်မရှိ့ သိုင်းသမားတွေဟာ ယက္ခဂေဟာနဲ့ ပတ်သက်တာ မပတ်သက်တာကို အပထားပြီး သူတို့ကိုမှမှန်စိတ် ဖြန့်ဖြစ်ပြီး လူကောင်းဘဝရောက်အောင် ကုသနိုင်ဖို့ ဖြေဆေးနဲ့ ကုသနည်းကိုတော့ ပေးအပ်ဖို့ မေတ္တာရပ်ခံပါတယ်"

ချိန်ဟွာကပြောသည်။

"ဟုတ်ကဲ့ ကူညီပါ့မယ် ဖြေဆေးနဲ့ကုသနည်းတွေကို ပေးပါ့မယ်"

ဝမ်မေက ရွှောရွှောရှူရှူ သဘောတူသောကြောင့် အားလုံး ဝမ်းသာသွားကြရသည်။

ဝမ်မေက မူလအသိဉာဏ် ပြန်ပေါ်လာစေသော ဖြေဆေးများကို ချက်ချင်းထုတ်ပေးသည်။ ဖြေဆေးသုံးစွဲပုံနှင့်ကုသနည်းများ ပါရှိသော ကြေးပရပိုဒ် ကိုလည်း ချိန်ဟွာ လက်သို့ အပ်သည်။

"ချမ်းသာသဘော်ကို ယက္ခဂေဟာကနေပြီး တကြိမ်တခါမှ သွားရောက်စစ်ဆေးမကြည့်ဘူးလား"

ဖြေဆေးနှင့် ကုသနည်းများ ရရှိပြီးနောက် ချိန်ဟွာက မေးလိုက်သည်။

"ကျွန်မတို့ ယက္ခဂေဟာ မိသားစုက ဒီနေရာမှာ တသီးတခြား လျှို့လျှို့ဝှက်ဝှက် နေကြတာဆိုတော့ အပြင်ကိုမထွက်



ကြပါဘူး ချမ်းသာသဘော်နဲ့ ဆက်သွယ်တဲ့နေရာမှာ ကျွးပျံ့ ခရီးယောက်စခန်းက ထုံအူတို့ လူစုကနေတဆင့် ဆက်သွယ်ပါတယ် ကျွန်မတို့ဂေဟာရဲ့ အထူးကိုယ်စားလှယ်ကလဲ ခြောက်လ တခါလောက်ဆိုသလို ချမ်းသာသဘော်ကို သွားပြီးစစ်ဆေးပါတယ် သူတို့ဆီကလဲ လက်မရှိသိုင်းသမားတွေနဲ့ ပတ်သက်ပြီး ဘာမှမကြားမိပါဘူး ရှင်တို့ကတော့ လက်မရှိ သိုင်းသမား ခုနစ်ယောက်ရှိနေတယ်လို့ အတိအကျ ပြောနေကြတယ် ကျွန်မ အဖို့ အစဉ်းစားရ ခက်ခက်ပဲ"

ဝမ်မေကပြန်ပြောသည်။

"ချမ်းသာသဘော်ကို သွားစစ်ဆေးတဲ့ ယက္ခဂေဟာရဲ့ အထူးကိုယ်စားလှယ်ဆိုတာ ဘယ်သူလဲ"

"ကျွန်မ ညီမ ဝမ်ယုရဲ့ ခင်ပွန်းပါ နာမည်ကဂျီချင်းလို့ ခေါ်တယ်"

"အဲဒီဂျီချင်းဆိုတဲ့လူကိုတွေ့ပါရစေ"

ဤတွင် ဝမ်မေက ညီမဖြစ်သူ ဝမ်ယုကို လှမ်းကြည့်သည်။ ဝမ်ယုက အဖြေပေးသည်။

"ကျွန်မခင်ပွန်းဟာအရေးကြီးတဲ့ ကိစ္စတခုကြောင့် အပြင်ကို သွားနေပါတယ်"

ဝမ်ယုက ထိုသို့အဖြေပေးလိုက်ချိန်မှာပင် ဂေဟာ အမှုထမ်းတဦးရောက်လာကာ ဝမ်မေကို တိုးတိုးပြောသည်။

"ဟော—ကံကောင်းချင်တော့ ကျွန်မရဲ့ မတ်တော်မောင်ဂျီချင်း အခုနလေးတင်ပဲ ဂေဟာကို ပြန်ရောက် လာပါတယ် မကြာခင်မှာပဲ ညစာစားပွဲကိုရောက်လာပါလိမ့်မယ်ခဏသည်းခံပြီး စောင့်ကြပါ"

ဂေဟာအမှုထမ်း၏ စကားများကို နားထောင်ပြီးနောက် ဝမ်မေက ပြုံးရယ်ကာပြောသည်။

"လက်မရှိ သိုင်းသမားတွေ ဖန်တီးလေ့ကျင့်တဲ့ပညာတတ်မြောက်ထားတဲ့လူ ဘယ်နှစ်ယောက်ရှိသလဲ"

ဂျီချင်းအလာကို စောင့်နေကြဆဲဝယ် ချိန်ဟွာကဝမ်မေကို မေးသည်။

"ဒီအတတ်ပညာက ကျွန်မတို့ ယက္ခဂေဟာရဲ့ လျှို့ဝှက်အတတ်ပညာတခုမို့ အဖွဲ့ဝင်တိုင်းကိုသင်မပေးပါဘူးကျွန်မရယ် ယွဲ့ချီရယ် နှစ်ယောက်ပဲ တတ်ပါတယ်"

ဝမ်မေက ပြန်ပြောသည်။

× × ×

မကြာမီမှာပင် ထမင်းစားဆောင်ထဲသို့ ဂျီချင်း ဝင်ရောက်လာသည်။

ဂျီချင်းသည် အသက်(၃၀)ခန့်ရှိသည်။ မီးခိုးရောင်ပိုးသားဝတ်စုံကိုဝတ်ထားသည်။ အရပ်အမောင်းမြင့်မားပြီး ရုပ်ရည်



ချောမောသည်။ ခါးတွင်ကျောက်သံပတ္တမြားစီခြယ်ထားသော ရွှေခါးပတ်ကို ပတ်ထားသည်။

ဂျီချင်းလျှောက်လှမ်းလာသောအခါ ထမင်းစားဆောင်ထဲရှိ ယက္ခဂေဟာအဖွဲ့ဝင်သိုင်းသမားအပေါင်းနှင့် ဂေဟာအမှုထမ်းအပေါင်းက ထိုင်ရာမှထကာဦးညွှတ်အရိုအသေ ပေးကြသည်။

ထိုသို့ ကြိုဆိုအရိုအသေပေးကြသည့် ယက္ခဂေဟာ အဖွဲ့ဝင်သိုင်းသမားများတွင် (၁၀)ပုံ(၇)ပုံမှာ မကျေနပ်သည့် အသွင်မျိုး ရှိနေကြောင်း လိန်ပင်းအကဲခတ်မိသည်။ သူတို့နှင့်တစားပွဲတည်းထိုင်နေသည့် ဘီလူးကျွန်းဝှက်ကိုယ်တိုင်ပင် မကျေနပ်သည့်သဘောမျိုးရှိနေကြောင်း တွေ့ရသည်။

ဂေဟာအမှုထမ်းတဦးကထိုင်ခုံတခုယူလာကာဝမ်ယု၏အနီးဝယ် ချပေးသည်။

"ကျွန်တော်ဂျီချင်းပါ။ခြသေ့ဂေဟာရှင်ဘွားဘွားချိန်ဟွာကို အခုလိုတွေ့ဆုံမိတ်ဆက်ခွင့်ရတဲ့အတွက် အများကြီး ဝမ်းသာပါတယ် ကျွန်တော့်အပေါ် ညွှန်ကြားဆုံးမစရာရှိယင်ညွှန်ကြားဆုံးမနိုင်ပါတယ်"

ဂျီချင်းက ယဉ်ကျေးပျူငှာစွာ စကားဆိုပြီး အသင့်ချထားပြီးဖြစ်သော ထိုင်ခုံတွင်ဝင်ထိုင်သည်။

ဝမ်ယုက အရက်တခွက်ငှဲ့၍ ဂျီချင်း၏ရှေ့တွင် ချပေးသည်။ ဂျီချင်းက အရက်ခွက်ကို ညာလက်ဖြင့် မကိုင်ပဲ ဘယ်လက်ဖြင့်

ကိုင်သည်။ ထို့နောက်မည်သို့စိတ်ကူးပေါက်သည်မသိ။ အရက်မသောက်တော့ပဲ အရက်ခွက်ကို ပြန်ချထားလိုက်သည်။

ဤအဖြစ်ကို မည်သူမျှသတိမပြုမိကြ။ အိန္ဒလုံ ကသာ ဂျီချင်းကို အကဲခတ်ကြည့်နေသူမို့ သတိပြုမိ လိုက်သည်။

"တူတော်မောင် ဂျီချင်းက ချမ်းသာသဘော်ကိုခြောက်လတကြိမ် စစ်ဆေးနေတာဆိုတော့ ချမ်းသာသဘော် ပေါ်မှာဖြစ်ပျက်ခဲ့သမျှအကြောင်းတွေကိုအားလုံးသိမှာပေါ့နော်"

ချိန်ဟွာကပြောသည်။

"ဟုတ်ကဲ့သိပါတယ်"

ဂျီချင်းက ပြန်ပြောသည်။ သူ၏အမူအရာမှာ တုံ့တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။

"ချမ်းသာ သဘော်ပေါ်မှာ လက်မရှိ့ သိုင်းသမားခုနစ်ယောက်ကိုသီးသန့်ခန်းနဲ့ထားထားတဲ့ကိစ္စကိုကော တူမောင်သိသလား"

"ဟင်အင်း....ဒီကိစ္စမျိုး ချမ်းသာသဘော်ပေါ်မှာ ဖြစ်နေတယ်လို့ မကြားမိပါဘူး"

ဂျီချင်းက ဤသို့အဖြေပေးသည်တွင် ဝမ်မေက ချိန်ဟွာကို အဓိပ္ပါယ်ပါပါဖြင့် ကြည့်လိုက်သည်။

"ဟားဟားဟား ...ဒီလိုအတည်ပေါက်နဲ့ လိမ့်လုံး ထုတ်တာမျိုးတွေ လုပ်မနေပါနဲ့တော့ ခင်ဗျားအခုလို အဝတ်အစားလဲပြီး ရုပ်လေးဘာလေး နည်းနည်းပါးပါး ပြောင်းလဲပစ်လိုက်တာကို မဆိုထားနဲ့ ခင်ဗျားတကိုယ်လုံး မီးလောင်ပြီးမြာကျသွားယင်တောင်မှ ခင်ဗျားဟာ လုကောင်းစွန်ပဲဆိုတာ ကျုပ်သေသေချာချာ မှတ်မိပါတယ်"

အိန္ဒလုံက ပြောလိုက်သည်။

"ဟာ—"

"အို...."

ထမင်းစားဆောင်ကြီးထဲဝယ် တအံ့တဩ ရေရွတ်သံမျေး ပေါ်လာသည်။ လူအတော်များများမှာ အံ့ဩလွန်း၍ ထိုင်နေရာမှ ထရပ်လိုက်မိကြသည်။

ထရပ်သည့်လူစုထဲဝယ်၊ လိန်ပင်း၊အူကန်း၊ဝမ်မေနှင့်ဘီလူးကျန်းဝှက်တို့လည်း ပါသည်။

"ဟာ—ဒီအဘိုးကြီးဘာပေါက်တတ်ကရတွေလျှောက်ပြောနေတာလဲ ကျုပ်ဟာလုကောင်းစွန် မဟုတ်ဘူး ကျုပ်နာမည် ဂျီချင်း ဟောဒီမှာရှိနေတဲ့လူတိုင်းသိတယ်"

ဂျီချင်းက အိန္ဒလုံကို ဒေါသတကြီး ကြည့်ပြီး အော်ပြောသည်။

"ဂျီချင်းခေါကလောက် တိတ်တိတ်နေပါ ကျွန်မမေးစရာရှိပါတယ်"

ဝမ်မေကပြောသည်။

"ဒီလူက ယက္ခဂေဟာရဲ့သိက္ခာကိုစော်ကားပြီးမဟုတ်မဟပ်တွေ လာစွပ်စွဲနေတာကိုတော့ ဘာမှမပြောတော့ဘူးလား"

"ဂျီချင်းကပြန်ပြောသည်။

ရှင့်ကို တိတ်တိတ်နေပါလို့ ကျွန်မ ပြောနေတယ်နော် ဒါဟာ ယက္ခဂေဟာခေါင်းဆောင်ရဲ့အမိန့်ပဲ"

ဝမ်မေက ခတ်ပြတ်ပြတ်ပြောသည်။ ဂျီချင်းစကားမရှည်တော့။ ငြိမ်သွားသည်။

"ကဲ....ဆရာအိန်းလုံ ကျွန်မရဲ့မတ်တော်မောင် ဂျီချင်းကို ဘယ်လိုအထောက်အထားကြောင့် လုကောင်းစွန်လို့ စွပ်စွဲနေရတာလဲဆိုတာ ရှင်းပြစမ်းပါဦး"

ဝမ်မေက အိန်းလုံကိုလှမ်းမေးသည်။

"ပြစရာအထောက်အထားတွေ အများကြီးပါ တခြားအထောက်အထားတွေကို ခဏထားပြီး အခုလောလောဆယ်ဖြစ်ခဲ့တဲ့ ကိစ္စအတွက်ပဲ အထောက်အထားပြမယ် နေ့လယ်ပိုင်းတုန်းက လုကောင်းစွန်နဲ့ကျုပ်နဲ့ ကျားပျံစားသောက်ဆိုင်မှာ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြပါတယ် အဲဒီလို တိုက်ခိုက်ကြတဲ့အခါမှာ လုကောင်းစွန်ရဲ့ ညာဘက်ပခုံးကို ကျုပ်ရဲ့ဆေးတံလက်နက် ထိမိပြီး ငနဲသား ကိုယ်လွတ်ရုန်း ထွက်ပြေးသွားပါတယ် ဒါကြောင့် ဟောဒီဂျီချင်းဆိုတဲ့လူကို အင်္ကျီချွတ်ပြီး စစ်ဆေးကြည့်ပါ သူ့ညာဘက်ပခုံးမှာ ဆေးတံအိုးထိထားတဲ့ ဒဏ်ရာ



တွေ့လိမ့်မယ် တကယ်လို့ ဒဏ်ရာမရှိဘူးဆိုယင် မင်းတို့ဘာမှ လုပ်စရာမလိုဘူး ကျုပ်လည်ပင်းကို ကျုပ်ဘာသာခုတ်ဖြတ် ပစ်လိုက်မယ်"

အိန်းလုံက ရဲရဲဝံ့ဝံ့ပြောလိုက်သည်။

"ကဲ....ရှင်ဘာပြောဦးမလဲ"

ဝမ်မေက ဂျီချင်းကိုလှမ်းမေးသည်။

"ဟာ— ကျုပ်လိုလူတယောက်က လူပုံအလယ်မှာ အင်္ကျီချွတ်ပြရမှာလား ဒီလိုအလုပ်မျိုး မလုပ်နိုင်ဘူး"

ဂျီချင်းကပြောသည်။

"ဟုတ်သားပဲ မမရဲ့အစ်ကိုဂျီချင်းက ယက္ခဂေဟာခေါင်းဆောင်ရဲ့ မတ်တော်မောင်တယောက်လုံး လုပ်နေပြီး လူမြင်ကွင်းမှာ အင်္ကျီတွေဘာတွေချွတ်ပြလို့ သယ်သင့်လျော်မှာလဲ ဟိုအဘိုးကြီး အိန်းလုံ ပေါက်ကရပြောတာတွေကို မမကပါ ယုံနေလို့လား"

ဝမ်ယုကလည်း ဝမ်မေကို အပြစ်တင်စကားပြောသည်။

"ဆရာအိန်းလုံကသူစွပ်စွဲသလိုမဟုတ်မမှန်ဘူးဆိုယင်သူ့လည်ပင်းသူဖြတ်ပစ်ပါမယ်လို့သေသေချာချာပြောထားတာပဲတို့ဘက်ကလဲ သူတို့သံသယရှင်းအောင် လုပ်ပြဖို့လိုတယ်"

ဝမ်မေက ပြန်ပြောသည်။

ထိုအချိန်တွင် အိန်းလုံက ကျားပျံစားသောဆိုင်တွင် မိဒိနှင့် လုကောင်းစွန် တွေ့ဆုံတိုက်ခိုက်ခဲ့ကြပုံ အကြောင်းများကို ချိန်ဟွာအား လေသံဖြင့်ရှင်းပြလိုက်သည်။

"ကောင်းပါပြီဂေဟာခေါင်းဆောင်ရဲ့ဆန္ဒအတိုင်းအားလုံး သံသယရှင်းအောင် ကျွန်တော် အစစ်ဆေးခံပါ့မယ် ဒါပေမယ့် ယက္ခဂေဟာရဲ့ဂုဏ်သိက္ခာကိုလဲ ထိန်းသိမ်းဖို့ လိုအပ်တာကြောင့် အစီအစဉ်တခု တင်ပြပါရစေ"

ဂျီချင်းကပြောသည်။ ဝမ်မေက ခွင့်ပြုသည့်အတွက်ဂျီချင်းက သူ၏အစီအစဉ်ကို ဆက်လက် ပြောကြားသည်။

"ကျွန်တော်ဟာ ယက္ခဂေဟာခေါင်းဆောင်ရဲ့ မတ်တော်သူ ဖြစ်နေသော လူပုံအလယ်မှာ အင်္ကျီချွတ်ပြယင် ယက္ခဂေဟာ အဖို့ သိက္ခာကျစရာ ဖြစ်နေပါတယ် ဒါကြောင့် လူမြင်ကွင်း မဟုတ်တဲ့ အတွင်းခန်းထဲမှာ သွားအစစ်ဆေးခံပါ့မယ် ဂေဟာ ခေါင်းဆောင်နဲ့ဝမ်ယုတို့နှစ်ယောက် သက်သေအဖြစ်လိုက်ကြည့် ကြပါ"

ဤအစီအစဉ်မှာ သင့်တင့်ကောင်းမွန်သောကြောင့်ဝမ်မေက ခေါင်းညိတ်သဘောတူလိုက်သည်။

"ဦးလေးအိန်းလုံလဲ သက်သေအဖြစ် အဘူဘူ လိုက်သွားပါလား"

လိန်ပင်းက ဝင်ပြောသည်။



"ယက္ခဂေဟာခေါင်းဆောင် တယောက်လုံး ပါနေတာပဲ သူကအမှန်အတိုင်း ကြည့်ရှုဆုံးဖြတ်ပါလိမ့်မယ် ငါလိုက်သွားစရာမလိုပါဘူး"

အိန်းလုံက ပြန်ပြောသည်။

ထို့နောက် ဝမ်မေက ထိုင်နေရာမှထကာ အတွင်းခန်းထဲသို့ ဦးဆောင်၍ ထွက်သွားသည်။ ဝမ်မေ၏နောက်မှ ညီမဖြစ်သူ ဝမ်ယု လိုက်ပါသွားသည်။ ဂျီချင်းကမူ နောက်ဆုံးမှ လိုက်သည်။

ထမင်းစားဆောင်ထဲရှိ လူအားလုံးက သူတို့ကို အကဲခတ်ကာစူးစိုက်ကြည့်နေကြသည်။

တံခါးဝနားသို့ ရောက်သောအခါ ဝမ်မေကခြေလှမ်းတုံ့ရပ်လိုက်သည်။ အင်္ကျီအိတ်ထဲမှ ရွှေပြားဝိုင်းတခုကိုထုတ်ယူပြီး လိန်ပင်းကိုလှမ်းပေါ်သည်။

"အစ်ကိုလိန်ပင်းခဏလောက်"

လိန်ပင်းမှာ ရင်ထဲဝယ် 'ရှိန်း'ကနဲ ဖြစ်သွားသည်။ရင်ခုန်သံမြန်လာကာ ဘာလုပ်ရမည်မသိ ဖြစ်နေသည်။

"ဟိတ် မြန်မြန်သွားလေကွာ"

အိန်းလုံက လိန်ပင်း၏နားနားသို့ကပ်ကာ တိုးတိုးပြော၍ လောဆော်လိုက်သည်။ လိန်ပင်းလည်း ထိုင်ရာမှထကာ ဝမ်မေရှိရာသို့ လျှောက်လာခဲ့သည်။

မိမိအနီးသို့လိန်ပင်းရောက်လာသည်နှင့်ဝမ်မေသည်လက်တွင်ကိုင်ထားသော ရွှေပြား အဝိုင်းကို အားလုံး မြင်သာအောင် ထောင်ပြသည်။ ဤဟွင် ယက္ခဂေဟာ အဖွဲ့ဝင် သိုင်းသမားအပေါင်းက ထိုင်နေရာမှ 'ဝုန်း'ကနဲ ထရပ်လိုက်ကြသည်။

"အဖွဲ့ဝင်အားလုံး နားထောင် ဟောဒီ ယက္ခဂေဟာရဲ့ အထိမ်းအမှတ်ဖြစ်တဲ့ ယက္ခရွှေပြားဝိုင်း တံဆိပ်ကို အစ်ကို လိန်ပင်းဆီမှာ ခေတ္တအပ်နှင်းထားခဲ့မယ် ဂေဟာခေါင်းဆောင် မရှိတဲ့အခါမှာ ဒီယက္ခရွှေပြားဝိုင်း တံဆိပ်ဟာ ဂေဟာခေါင်းဆောင်ကိုယ်စား အာဏာရှိတယ်"

ဤသို့ပြောပြီးနောက် ဝမ်မေက လိန်ပင်း၏လက်သို့ ယက္ခရွှေပြားဝိုင်းတံဆိပ်ကို ပေးအပ်လိုက်သည်။

"အစ်ကိုအပေါ်မှာ ကျွန်မအထင်လွဲခဲ့မိတာစိတ်မကောင်းပါဘူး ဟောဒီယက္ခရွှေပြားဝိုင်းတံဆိပ်ကို ခဏယူပြီး ထိန်းသိမ်းထားပါ အစ်ကိုဉာဏ်ရှိသလိုကြတို့သုံးပါ"

ဝမ်မေက လေသံဖြင့်နှစ်ကိုယ်ကြားပြောသည်။ လိန်ပင်းကလည်း ဝမ်မေပေးသော ယက္ခရွှေပြားဝိုင်း တံဆိပ်ကို လှမ်းယူလိုက်သည်။

ယက္ခရွှေပြားဝိုင်းတံဆိပ်ကို လိန်ပင်းလက်သို့ ပေးအပ်ပြီးနောက်၊ ဝမ်မေသည် 'ချာ'ကနဲလှည့်ကာ တံခါးပေါက်မှထွက်သွားသည်။ ဝမ်ယုနှင့် ဂျီချင်းတို့လည်း ရွှေဆင့် နောက်ဆင့်ဆိုသလို ဝမ်မေ၏နောက်မှ လိုက်သွားကြသည်။



လိန်ပင်းလည်း ယက္ခရွှေပြားဝိုင်းတံဆိပ်ကို လက်တွင် ကိုင်ယင်း စားပွဲရှိရာသို့ ပြန်လာသည်။

"ဝမ်မေတို့ထွက်သွားတဲ့တံခါးပေါက်ကနေသွားယင် ဘယ်နေရာကို ရောက်နိုင်သလဲ"

စားပွဲရှိ မိမိ၏ထိုင်ခုံတွင် ပြန်ထိုင်မိသောအခါ လိန်ပင်းက ဘီလူးကျွန်းဝှက်ကို မေးလိုက်သည်။

"အဲဒီတံခါးအပြင်မှာ စကြံလမ်းလေးရှိတယ် အဲဒီစကြံလမ်းပေါ်မှာ တံခါးပေါက် သုံးပေါက်ရှိတယ် ပထမတံခါးပေါက်က သီးသန့်စာဖတ်ခန်းရဲ့ ဝင်ပေါက်ပဲ ဒုတိယ တံခါးပေါက်က ပစ္စည်းသိုလှောင်ခန်းရဲ့ ဝင်ပေါက်ပါ တတိယ တံခါးပေါက်ကတော့ လျှို့ဝှက် တံခါးပေါက်တခု ဖြစ်ပါတယ် အဲဒီတံခါးကို ဖွင့်ပြီးဝင်သွားယင် ဘယ်နေရာကို ရောက်မယ် ဆိုတာ ဂေဟာခေါင်းဆောင် တဦးတည်းပဲ သိပါတယ် ကျုပ်တို့မသိပါဘူး"

ဘီလူးကျွန်းဝှက်က ပြန်အဖြေပေးသည်။

× × ×

ဝမ်မေတို့ ပြန်ထွက်အလာကို အားလုံးက မျှော်လင့်တကြီး စောင့်ဆိုင်းနေကြသည်။

အချိန်အတော်ကြာသွားသည့်တိုင် ပြန်ထွက်မလာကြသော အခါလိန်ပင်းကယက္ခရွှေပြားဝိုင်းတံဆိပ်ကိုမြှောက်ပြကာဂျီချင်း

တို့ကိုသွားရောက်ရှာဖွေရန် ယက္ခဂေဟာ အဖွဲ့သားများကို အမိန့်ပေးသည်။

သီးသန့်စာကြည့်ခန်းထဲသို့ဝင်ရောက်ရှာဖွေကြသည်။မည်သူမျှ မရှိ။ ပစ္စည်းသိုလှောင်ခန်းထဲသို့ ဝင်ရှာကြပြန်သည်။ ဝမ်မေတို့ကို မတွေ့ရ။

တတိယ တံခါးပေါက်ကို ဖွင့်ကြည့်သော အခါတွင်မူ လျှို့ဝှက်လမ်းကြောင်း၏ အဝနားရှိ နံရံတွင် စာတစ်ရွက်တစ်ရွက် ကပ်ထားသည်ကို တွေ့ရသည်။

> "ယက္ခဂေဟာအဖွဲ့ဝင်များ သိစေရန်....
> ခြင်္သေ့ဂေဟာရှင် ချိန်ဟွာ၊ လိန်ပင်း၊အူကန်းနဲ့ အိန်းလုံတို့ကို မြင်းညိုဂေဟာအရောက်ဖမ်းဆီး ခေါ်ဆောင်လာပြီး ကျုပ်လက်အပ်မှ ယက္ခ ဂေဟာ ခေါင်းဆောင် ဝမ်မေကို ပြန်လွှတ် ပေးမယ်...
> မြင်းညိုဂေဟာရှင်လုကောင်းစွန်"

စာရွက်ပေါ်တွင် ဤအတိုင်းရေးသားထားသည်။

ဤစာကို ဖတ်ရသောအခါ အားလုံးပင် ဒေါသထွက်ကာ ခံပြင်းမိကြသည်။ လိန်ပင်းမှာမူ ဝမ်မေအတွက်အလွန်စိုးရိမ်မိသည်။

အားလုံး ထမင်းစားဆောင်သို့ ပြန်လာခဲ့ကြပြီး ညှိနှိုင်းတိုင်ပင်ကာ လုပ်ငန်းတာဝန်များ ခွဲယူလုပ်ဆောင်ကြသည်။



ကျောက်မည်းတောင်ကုန်းပေါ်ဝယ် ကင်းပုန်းချလျက်ရှိနေသော စမ်းအဲ့တို့အုပ်စုထံတို့ စာပို့ခိုစေလွှတ်ကာ ယက္ခဂေဟာမှ မြင်းညိုဂေဟာသို့ သွားရာလမ်းများကို ပိတ်ဆို့ထားရန် အကြောင်းကြားသည်။

စမ်းအဲ့တို့ကို အားဖြည့် ကူညီပေးနိုင်ရန်အတွက် ချိန်ဟွာ ဦးစီးသော ခြင်္သေ့ဂေဟာအဖွဲ့ဝင် သိုင်းသမားများ အလုံတပြင်းပင် ထွက်သွားကြသည်။ ယက္ခဂေဟာ အဖွဲ့ဝင် သိုင်းသမား (၁၀)ဦးလည်း ချိန်ဟွာတို့နှင့်အတူ ပါသွားသည်။

အိန်းလုံကမူ လက်မရှိသိုင်းသမားများအတွက် ဖြေဆေးနှင့် ကုသနည်းများကိုယူကာ တုံ့ထင်မြို့သို့ ပြန်လာခဲ့သည်။အိန်းလုံနှင့်အတူ ခြင်္သေ့ဂေဟာအဖွဲ့ဝင် သိုင်းသမား (၃)ဦးနှင့် ယက္ခဂေဟာအဖွဲ့ဝင်သိုင်းသမား(၃)ဦးလည်းလိုက်ပါလာသည်။

ယက္ခဂေဟာသို့ ဝင်လမ်း ထွက်လမ်း အားလုံးတွင်လည်း အစောင့်များ တင်းကြပ်စွာချကာ နောက်ထပ် အထွက်အဝင် လုံးဝမပြုနိုင်အောင် ပိတ်ဆို့ထားလိုက်သည်။

လိန်ပင်း၊အူကန်း၊ဘီလူးကျွန်းဝှက်နှင့် ယက္ခဂေဟာမှ လက်ရွေးစင် သိုင်းသမား(၅)ဦး စုစုပေါင်းအင်အား (၈)ယောက်တို့သည် ယက္ခဂေဟာခေါင်းဆောင်သာသိသော လျှို့ဝှက်လမ်းအတိုင်းဝင်၍ လိုက်လာခဲ့ကြသည်။

ထိုလမ်းမှာ ဥမင်လမ်းတခုဖြစ်သည်။ ဥမင်မှာ အဝင်ဝတွင်

ကျယ်သော်လည်း တစစကျဉ်းမြောင်း သွားသည်။ လူတကိုယ် ကတ်သီးကတ်သတ်လျှောက်နိုင်ယုံလောက်သာရှိသည်။

ထို့ကြောင့် သူတို့လူစုသည် ရှေ့နောက် တန်းစီလျှက် သွားကြရသည်။ အရှေ့ဆုံးမှ ဘီလူးကျုန်းဝှက်က သွားသည်။ ထို့နောက် လိန်ပင်းနှင့် အူကန်းတို့ ဆက်လိုက်ပါ လာကြသည်။ ယက္ခဂေဟာ၏သိုင်းသမား (၅)ယောက်ကမူ အူကန်း၏နောက်မှတယောက်စီတန်းစီ၍ လိုက်လာကြသည်။

"ဒီ ဥမင်လမ်းဟာ အတော်ကျဉ်းတယ်၊ တနေရာရာကနေ ချောင်းမြောင်းပြီး တိုက်ခိုက်နိုင်တယ် သတိမလစ်ကြစေနဲ့"

ဥမင်လမ်းအတိုင်း လျှောက်လှမ်း လာယင်း လိန်ပင်းက သတိပေးစကား ပြောကြားသည်။

ဥမင်လမ်းအဲဝယ် အလင်းရောင် ဝိုးတဝါးသာ ရှိသည်။ လိန်ပင်းတို့တွင် မီးတုတ်များ ပါရှိလာသော်သည်း ရန်သူက မီးရောင်ကိုမြင်ပြီး မိမိတို့ လာနေကြောင်း ရိပ်မိမည် စိုးသောကြောင့် မီးတုတ်များ ထွန်းညှိခြင်းမပြုကြပေ။

ဥမင်လမ်းသည် ဖြောင့်ဖြောင့်သွားနေရာမှ တဆစ်ချိုးကွေ့၍လာသည်။

"အကွေ့အလှန်မှာ လူတယောက်ပုန်းနေတယ် ဝမ်ယုံဖြစ်ဖို့များတယ်၊ ကျုန်တော်တို့ကို ချောင်းမြောင်းတိုက်ဖို့ စောင့်နေတာနဲ့တူတယ်"



တဆစ်ချိုးအကွေ့လေးနားသို့ ရောက်သောအခါ လိန်ပင်းက ဘီလူးကျုန်းဝှက်ကို လျှို့ဝှက်လေသံဖြင့် တိုးတိုးပြောသည်။ ရှေ့ဆုံးမှသွားနေသော မိမိပင်မသိပဲနှင့် မိမိနောက်မှ လိုက်လာသော လိန်ပင်းက ရန်သူရှိနေကြောင်း သိနေသည့် အတွက် လိန်ပင်း၏ အကဲခတ်ကောင်းမှုကို ဘီလူးကျုန်းဝှက် စိတ်ထဲမှ ချီးမွမ်းမိသည်။

လိန်ပင်းက မိမိနောက်မှ လိုက်ပါလာသူ အူကန်းမှတဆင့် တခြားလူများသို့လည်း ဆက်လက်၍ သတိပေးစကား ပြောကြားလိုက်သည်။

သူတို့လူစုသည် သတိရှိရှိဖြင့် ဆက်လက် လာခဲ့ကြသည်။ တဆစ်ချိုးအကွေ့လေးကို လွန်လာခဲ့ကြသည်။

တဆစ်ချိုးအကွေ့လေးကို လွန်သောအခါ ဥမင်လမ်းမှာ အတော်ကျယ်ကျယ်ပြန့်ပြန့်ရှိလာသည်။

ထိုနေရာဝယ် ရန်သူ၏ အလစ်ချောင်းမြောင်း တိုက်ခိုက်မှုကို ကြုံကြရတော့သည်။

"ဝှစ် ဝှစ် ဝှစ်"

ဥမင်လမ်း၏ ချောင်ကျသောနေရာရှိ မှောင်ရိပ်မှသေးငယ်သော လက်နက်ပုန်းလေးများ လွင့်ပျံထွက်လာသည်။

လိန်ပင်းက လွင့်ပျံထွက်လာသော လက်နက်ပုန်းလေးများကို တိမ်းရှောင်ယင်း ထိုမှောင်ရိပ်ကျရာ နေရာသို့ 'လွှား'ကနဲ ခုန်ဝင်သွားသည်။

ထိုနေရာဝယ် လူတယောက် ပုန်းအောင်းနေသည်။

ထိုသူက လိန်ပင်းကို ဆီးကြိုတိုက်ခိုက်ရန် ကြံသေးသည်။ သို့သော် လိန်ပင်းက ထိုသူထက်ပိုမြန်ကာ လက်ဦးသွားသည်။

"ဖြောင်း...."

လိန်ပင်းက ပုန်းအောင်းနေသူ၏ ညာဘက် ပခုံးပေါ်မှ 'လက်ယာရေစီး' သွေးကြောကွက်နေရာကို လက်ဝါး ရိုက် အကြောပိတ်ပညာဖြင့် ရိုက်ချလိုက်သည်။ ထိုသူမှာ မခုခံနိုင်တော့ပဲ ပျော့ခွေကာ လဲကျသွားသည်။

လိန်ပင်းက ထိုသူကို မှောင်ရိပ်ထဲမှ ဆွဲထုတ် လာခဲ့သည်။ မီးတုတ်တခု ထွန်းညှိပြီး ကြည့်လိုက်ရာ ထိုသူမှာ လိန်ပင်းထင်သည့်အတိုင်းပင် ဝမ်ယုဖြစ်နေကြောင်း တွေ့ကြရသည်။

ဘီလူးကျွန်းဝှက်နှင့် ယက္ခဂေဟာမှ သိုင်းသမားများသည် ကြိုတင်မြင်ဆင်မှု ရှိကြသည့်အတွက် အမှောင်ရိပ်မှ ချောင်းမြောင်းပစ်ခတ်လာသည့် လက်နက်ပုန်းငယ်များကိုလွတ်အောင် ရှောင်နိုင်ကြသည်။

သို့သော် သိုင်းပညာ အခြေခံနုသေးသော အူကန်းမှာမူ လွတ်အောင် မရှောင်နိုင်ပဲ နှစ်ချက်အထိခံလိုက်ရသည်။

ထိုလက်နက်ပုန်းလေးများမှာ သေးငယ်သော အပ်ကလေးများဖြစ်သည်။ သေးငယ်သော်လည်း အဆိပ်သုတ်လိမ်းထားသောကြောင့် အူကန်းမှာ အဆိပ်ဒဏ်ခံရပြီး သတိလစ် မေ့မြောနေသည်။



"ဒီ လက်နက်ဟာ ကျုပ်တို့ ယက္ခဂေဟာကသုံးတဲ့ လက်နက်ပုန်းမဟုတ်ဘူး မြင်းညိုဂေဟာရဲ့ အဆိပ်လက်နက် ဖြစ်ရမယ်"

အူကန်း၏အခြေအနေကို စစ်ဆေးကြည့်ပြီးနောက် ဘီလူးကျွန်းဝှက်ကပြောသည်။

"ဝမ်ယု ဖြေဆေးအမြန်ထုတ်ပေးစမ်းပါ"

လိန်ပင်းက ဝမ်ယုကိုပြောလိုက်သည်။ ဝမ်ယုမှာ မလှုပ်နိုင်အောင် အကြောပိတ်ထားခြင်းခံရသော်လည်းစကားမူပြောနိုင်သေးသည်။

ဝမ်ယုက ဘာမျှမပြောပဲ နှုတ်ဆိတ်၍နေသည်။ လိန်ပင်း၏ တောင်းဆိုချက်ကို မလိုက်လျောနိုင်ဟု ဆိုလိုသည့်သဘော။

"ဒီမယ် ဝမ်ယု ခင်ဗျားဟာ ယက္ခဂေဟာကို သစ္စာဖောက်ခဲ့တယ် ကိုယ့်အစ်မအရင်းဖြစ်တဲ့ ဂေဟာ ခေါင်း ဆောင် ကို ရန်သူ့လက် အဖမ်း ခံရ အောင် ကူညီခဲ့တယ် ဒါကြောင့် ခင်ဗျားကို မညှာနိုင်ဘူး ဖြေဆေး ထုတ်ပေးယင်ပေး မပေးယင်ခဟာဒီ အရိုးခေါင်းသွေးစုတ်အပ်ရဲ့အရသာကို မြည်းကြည့်ပေတော့"

ဘီလူးကျွန်းဝှက်က ဤသို့ပြောပြီးနောက် အိတ်ထဲမှ အပ်တချောင်းကို ထုတ်လိုက်သည်။ ထိုအပ်မှာ (၆)လက်မခန့်ရှည်ကာ အလုံးလည်း သာမန်အပ်များထက် အနည်းငယ် ပိုတုတ်

သည်။ အပ်၏ နောက်မြီးပိုင်းတွင် အရိုးခေါင်းငယ် တခုကို လက်ရာမြောက်စွာ ပြုလုပ်ထားသည်။

အရိုးခေါင်း သေးစုတ်အပ်ကိုမြင်လိုက်သည်နှင့် ဝမ်ယုမှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။

"ရှင်....ရှင်....ကျွန်မကို ဒါလောက်အထိ ရက်စက်တော့ မှာလား"

ဝမ်ယုက အလန့်တကြားပြောသည်။

"ခင်ဗျားလို သစ္စာဖောက်မျိုးကို ရက်စက်သင့်ယင် ရက်စက်ရမှာပဲ"

ဘီလူးကျွန်းဝှက်က အေးစက်တင်းမာသောလေသံဖြင့် ပြောပြီးနောက်၊ အရိုးခေါင်းအဆိပ်အပ်ကို ဝမ်ယု၏ အသားထဲသို့ ထိုးစိုက်သွင်းမည်ပြုသည်။

"မ—မလုပ်ပါနဲ့ ဖြေဆေးပေးပါ့မယ် ပေးပါ့မယ်"

ဝမ်ယုက ကမန်းကတန်းပြောသည်။

ဤတွင် လိန်ပင်းက ဝမ်ယု၏ညာဘက်လက်တခုတည်း လှုပ်ရှားနိုင်အောင် အကြောကိုအနည်းငယ်ဖြေဖွင့်ပေးသည်။ ဝမ်ယုက ဖြေဆေးထုတ်ပေးသည်။ ဖြေဆေးရပြီးနောက် လိန်ပင်းက ဝမ်ယုကို လုံးဝမလှုပ်ရှားနိုင်အောင် အကြော ပြန်ပိတ် လိုက်သည်။



ဖြေဆေးဖြင့် အူကန်းကို ကုသပေးသည်။ မကြာမီမှာပင် အူကန်း ပြန်သတိရလာသည်။

ဒဏ်ရာရထားသော အူကန်းနှင့် အကြောပိတ် ဖမ်းမိထားသော ဝမ်ယုတို့ကို ယက္ခဂေဟာသို့ ပြန်ပို့ ပေးလိုက်ကြသည်။ ယက္ခဂေဟာ၏ သိုင်းသမား(၂)ယောက်ကိုလည်း အစောင့်အဖြစ် ထည့်ပေးလိုက်သည်။

ထို့နောက်မီးတုတ်များကို ငြိမ်းပစ်ကြပြီးသူတို့လူစုလျှို့ဝှက် ဥမင်လမ်းအတိုင်း ရှေ့သို့ဆက်လာခဲ့ကြသည်။

ဥမင်လမ်းမှာပိုကျယ်လာသည်။ အလင်းရောင်လည်းအတော်ရလာသည်။

အချိန်အတော်ကြာအောင် လျှောက်လှမ်း လာပြီးနောက် ရှေ့တွင် တံခါးတချပ် ရှိနေသည်ကို တွေ့ကြရသည်။ တံခါးကို ဆွဲဖွင့်လိုက်ရာ အလွယ်တကူပင် ပွင့်သွားသည်။

ထိုတံခါးမှ ထွက်လာသောအခါ လျှိုမြောင်တခုထဲသို့ရောက်လာကြသည်။ လျှိုမြောင်မှာ သိပ်မကျယ်။ လျှိုမြောင်၏ဝဲယာတွင် မြင့်မားသော တောင်စွယ်(၂)ခုရှိနေသည်။

"ဟာ—ဒီနေရာကို ကျုပ်မှတ်မိပြီ ဟောဟို ဘက်နားမှာ ကျုပ်တို့ဂေဟာရဲ့ မြင်းဇောင်းရှိတယ်ဟိုလူတော့ မြင်းဇောင်းက မြင်းတွေဝင်ယူပြီး မြင်းစီးပြေးပြီနဲ့တူတယ်"

ဘီလူးကျွန်းဝှက်က ပြောသည်။ ထို့နောက်ဘီလူးကျွန်းဝှက်

က ရွှေ့ဆောင် လမ်းပြကာ မြင်းဇောင်း ရှိရာသို့ လာခဲ့ကြသည်။

× × ×

ယက္ကဂေဟာ၏ မြင်းဇောင်းကို တာဝန်ယူ အုပ်ချုပ်ရသူမှာ ကျွမ်းကွ°ဆိုသူဖြစ်သည်။

ဘိလူးကျွန်းဝှက်တို့လူစုကို မြင်သည်နှင့် ကျွမ်းကွ°က အပြေးပင် လာရောက်ကြိုဆိုနှုတ်ဆက်သည်။

"အစ်ကိုကျွန်းဝှက် လူစုလူဝေးနဲ့အင်အား ကောင်းလှချည်လား ဘယ်လိုအရေးကိစ္စများ ပေါ်နေလို့ပါလိမ့်"

"အရေးကတော့ သိပ်ကြီးတယ် အကြောင်းစုံကိုပြောရယင် ရှည်တယ် ဒီတော့ ငါသိချင်တာကိုအယင်မေးရအုံးမယ်ဂျီချင်းဒီကို လာသွားသလား"

"ဟုတ်ကဲ့ ရောက်လာပါတယ် သူနဲ့တူတူ ဂေဟာခေါင်းဆောင် သခင်မလေးလဲပါလာတယ် သူတို့ မြင်းကောင်းနှစ်စီးတောင်းပြီးထွက်သွားကြတာ နာရီဝက်လောက်ပဲရှိသေးတယ်"

"ဂေဟာခေါင်းဆောင် သခင်မလေး ဝမ်မေက ဘာများ မိန့်ကြားသွားသေးလဲ"

"ဂေဟာခေါင်းဆောင် သခင်မလေး စကားတခွန်းမှတောင် မပြောဘူး ဒီအတိုင်းရပ်နေတယ် ဟိုသတ္တဝါကောင်ဂျီချင်းကသာ အစစအရာရာ ပြောဆိုညွှန်ကြားတယ်"



"ကောင်းပြီ ငါတို့အတွက် အကောင်းဆုံးမြင်းတွေ စီစဉ်ပေးစမ်း အရေးကြီးတယ်"

"ကောင်းပါပြီ"

ကျွမ်းကွ°က မြင်းထိန်းများကို အကောင်းဆုံးမြင်း (၅) ကောင် အသင့်ပြင်ဆင်ရန် အော်ဟစ် အမိန့်ပေးသည်။

မြင်းထိန်းများ မြင်းများကို ပြင်ဆင် နေဆဲဝယ် ဘိလူးကျွန်းဝှက်က ဂျီချင်းမှာ ရုပ်ဖျက် အယောင်ဆောင်ထားသော ဒုစရိုက်ကောင် မြင်းညိုဂေဟာရှင် လုကောင်းစွန် ဖြစ်ကြောင်းနှင့် ဂေဟာခေါင်းဆောင် ဝမ်မေကို အကြပ်ကိုင်ဖမ်းဆီးသွားကြောင်းများကို ရှင်းပြလိုက်သည်။

"အစ်ကိုတို့စိတ်ချ ဒီသတ္တဝါကောင် မြင်းညိုဂေဟာကို မရောက်နိုင်ပါဘူး"

ကျွမ်းကွ°ကပြောသည်။

"ဘာဖြစ်လို့လဲဗျ ခင်ဗျားက ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

ဝမ်မေအတွက် အလွန်စိတ်ပူနေမိသော လိန့်ပင်းက မေးလိုက်သည်။

"ဒီလူရဲ့အခြေမဟန်မှုန်း ကျွန်တော် အကဲခတ်မိပါတယ်၊ ဒါပေမယ့် အကျိုးအကြောင်းလဲ သေသေချာချာ မသိရသေးတော့ သူ့ကိုကလန်ကဆန်မလုပ်ဝံ့ဘူး သူပြောတဲ့အတိုင်း မြင်း

နှစ်စီး စီစဉ်ပေးလိုက်ရတယ် ဂျီချင်းစီးတဲ့မြင်းရဲ့ မြင်းဗိုက်ပတ်ကြိုးလို တဝက်လောက် အသာဓားနဲ့ ကြိတ်ဖြတ် ပေးလိုက်တယ် ဒီလူ လမ်းတဝက်မှာတင် မြင်းဗိုက်ပတ်ကြိုး ပတ်ပြီး ဒုက္ခတွေ့လိမ့်မယ်”

ကျွမ်းကျင်၏ စကားကိုကြားရသောအခါ လိန်ပင်းတို့မှာ အတော်အားတက် မိကြသည်။

ထိုအချိန်တွင် မြင်းများ အသင့်ဖြင့်ပြီးပြီ ဖြစ်ပါ၍ ဘီလူးကျန်းဝှက်၊ လိန်ပင်းနှင့် ယက္ခဂေဟာအဖွဲ့ဝင် သိုင်းသမား (၃)ဦးတို့သည် မြင်းကိုယ်စီ စီးကာ၊ လုကောင်းစွန်နောက်သို့ လိုက်ရန် အပြင်းစိုင်းနှင် ထွက်လာခဲ့ကြသည်။

× × ×



## အခန်း (၁၃)

လုကောင်းစွန်သည် ယက္ခဂေဟာ၏ ခေါင်းဆောင်ဖြစ်သူ ဝမ်မေကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ကာ၊ ပိတ်ဆို့ထားသည့် လမ်းကြောင်းများမှ လွတ်အောင်ထိုးဖေါက် ထွက်လာနိုင်ခဲ့သည်။

ဂျီချင်းမှာ ရုပ်ဖျက် အယောင်ဆောင်ထား သော လုကောင်းစွန်ဖြစ်ကြောင်း ယခုချိန်ထိ မည်သူမျှမသိကြပေ။ ဝမ်ယုပင်လျှင် ဤအကြောင်းကို မသိခဲ့ပေ။

လုကောင်းစွန်သည် သူ၏အယောင်ဆောင်ဟန်ကို ပိပိရိရိ ဖြစ်အောင် အထူးကြိုးစားကာ လုပ်ဆောင်ခဲ့သည်။

မိမိ၏ ဒုစရိုက်လုပ်ငန်းများမှာ တနေ့နေ့တွင် ပေါ်ပေါက်သွားပြီး မိမိ၏ မြင်းညိုဂေဟာလည်း ဥပဒေဘက်တော် သားများ၏ ချေမှုန်း တိုက်ခိုက်ခြင်းကို ခံရမည် ဖြစ်ကြောင်း လုကောင်းစွန် ကြိုတင် တွက်ဆထားပြီး ဖြစ်သည်။

ဤသို့သောအခါမျိုးကြုံကြိုက်လာလျှင် မြင်းညိုဂေဟာရှင် လုကောင်းစွန် ဟူသောဘဝကို ပြည်ဖုံးကားချကာ ဇာတ်သိမ်းပြီး ဂျီချင်းအဖြစ်နှင့် အေးအေးဆေးဆေး ဆက်လက်နေထိုင်သွားရန် လုကောင်းစွန်က စိတ်ကူးပြင်ဆင် ထားခဲ့သည်။

သို့သော် လုကောင်းစွန်၏ အကြံ မအောင်မြင်တော့။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ ဆိုသလို၊ သူ၏ဒုစရိုက်ဇာတ်ရုပ် ဗူးပေါ်သလိုပေါ်ကာ၊ သေပြေးရှင်ပြေး တွက်ပြေးနေရလေပြီ။

စမ်းအဲ့တို့အဖွဲ့သည် စာပို့ခိုဖြင့် သတင်းပို့မှု ရလျှင်ရခြင်း ယက္ခဂေဟာမှ မြင်းညိုဂေဟာသို့ သွားရာလမ်းများကို ပိတ်ဆို့ထားလိုက်ကြသည်။

သို့သော် လျှို့ဝှက် လမ်းကြောင်းတခု ရှိနေကြောင်းကိုမူ စမ်းအဲ့တို့မသိကြပေ။ ထိုလျှို့ဝှက် လမ်းကြောင်းကို ပိတ်ဆို့ခြင်းမပြုခဲ့ကြပေ။ လုကောင်းစွန်က ထိုလျှို့ဝှက်လမ်းကြောင်းမှနေ၍ ထွက်သွားခဲ့ခြင်းဖြစ်သည်။

မကြာမီမှာပင် ချိန်ဟွာဦးစီးသောအဖွဲ့၊ လိန်ပင်းတို့အုပ်စုနှင့်



စမ်းအဲ့တို့ အုပ်စုဆုံမိကြသည်၊ ဤသို့လူစုံတက်စုံ ဆုံမိသောအချိန်မှာ မိုးလင်းနေပြီ ဖြစ်သည်။

လုကောင်းစွန် လွတ်မြောက်သွားကြောင်း သိရသောအခါတွင် စမ်းအဲ့မှာ အလွန်ခံပြင်းမိသည်။

"ဒီလူက လျှို့ဝှက်လမ်းကြောင်းကနေ ထွက်ပြေးသွားနိုင်ပေမယ့် မြင်းညိုဂေဟာကို သွားယင် ဟုလုံထန်းကျေးရွာကို ဖြတ်မသွားလို့မဖြစ်ဘူး ကျွန်မ ဟုလုံထန်းကျေးရွာကို ရောက်အောင် သွားပြီး စောင့်ကြည့်မယ် အကြောင်းထူးယင် စာပို့ခိုနဲ့ သတင်းပို့ ဆက်သွယ်မယ်"

စမ်းအဲ့က ဤသို့ပြောကာ မြင်းကောင်းမြင်းသန့် (၅)စီးကိုယူ၍ ထွက်သွားသည်။ လမ်းခရီးတွင် မြင်းတကောင်ပြီး တကောင် လဲလှယ်စီးကာ မနားတမ်း ဒုန်းစိုင်းလာခဲ့သည်။

မြင်း(၅)ကောင်ကို တကောင်ပြီး တကောင် လဲစီးကာ တနေကုန် ခရီးပြင်းနှင်လာခဲ့သော စမ်းအဲ့သည်ညနေစောင်း အချိန်လောက်တွင် ဟုလုံထန်း ကျေးရွာသို့ရောက်လာခဲ့သည်။

ဟုလုံထန်းကျေးရွာမှာ အိမ်ခြေ (၃၀၀)ကျော်၊ ရှိသော ရွာကြီးတရွာဖြစ်သည်။ ထိုရွာတွင် တည်းခိုရိပ်သာဟူ၍ တခု တည်းသာ ရှိသည်။

စမ်းအဲ့က ပထမတန်း အခန်းတခန်းကို ဈေးကြီးပေးကာ ငှားရမ်းလိုက်သည်။ တည်းခိုရိပ်သာတွင် ဖွင့်ထားသော စား

သောက်ဆိုင်မှ အကောင်းဆုံးဟင်းလျာများကို ဝယ်ယူ စားသောက်သည်။

ဤသို့ ဟန်ဟိတ်အပြည့်ဖြင့် ငွေကို ဖောဖောသီသီ သုံးစွဲပြလိုက်ရာ တည်းခိုရိပ်သာ တာဝန်ခံက စမ်းအဲ့ကို အထူးပင် အလေးပေး ဆက်ဆံလာသည်။

စမ်းအဲ့သည် စားသောက် ပြီးနောက် တည်းခိုရိပ်သာ တာဝန်ခံထံသို့ ကိုယ်တိုင်သွားပြီး ငွေရှင်းပေးသည်။ ငွေရှင်းပေးရာတွင် ကျသင့်ငွေထက် တဆခန့် အပိုဆောင်းပေးလိုက်ရာ တည်းခိုရိပ်သာ တာဝန်ခံ အဘိုးကြီး၏မျက်နှာမှာ သကာရည် လောင်းထားသလို ချို၍နေသည်။

"အဘဆီမှာ အကူအညီတခုတောင်းချင်တယ်"

စမ်းအဲ့က ပြောသည်။

"ဟာ....ရပါတယ် ရပါတယ် ဘာလုပ်ပေးရမလဲပြောသာ ပြော အားမနာနဲ့"

"ကျွန်မနဲ့အတူ ခရီးသွားဖော် နှစ်ယောက် ပါလာတယ်၊ တယောက်က ယောကျ်ား တယောက်ကမိန်းကလေး သူတို့ရဲ့ မြင်းကုန်းနှီးက ဗိုက်ပတ်ကြိုးကို ကျွန်မကနောက်ပြီး တဲ့တဲ့လေး ဖြစ်အောင် ဖြတ်ထားခဲ့တယ်၊ မကြာခင် သူတို့ ဒီတည်းခိုရိပ်သာကို ရောက်လာလိမ့်မယ် ကျွန်မ ဒီမှာ ရောက်နေတယ် ဆိုတာ သူတို့မသိစေနဲ့ ပြီးတော့ သူတို့ရောက်လာတာနဲ့ ကျွန်မကို ချက်



ချင်းလာအကြောင်းကြားပါ အဘကို ထပ်ပြီး ကျေးဇူးပြုပါ အုံးမယ်"

"ဟာ....ဒါ အပန်းကြီးတာမှတ်လို့ စိတ်သာချ ဆက်ဆက် လာပြောမယ်"

တည်းခိုရိပ်သာ တာဝန်ခံ အဘိုးကြီးကို ပြောဆို မှာကြား ပြီးနောက် စမ်းအဲ့သည် မိမိ၏အခန်းသို့ပြန်လာခဲ့သည်။

တည်းခိုရိပ်သာ တာဝန်ခံ အဘိုးကြီးလည်း ဆိုင်အဝင်ဝရှိ စားပွဲတွင်ထိုင်ကာ နောက်ထပ်ရောက်လာမည့် ဧည့်သည်များကို စောင့်နေသည်။

မကြာမီမှာပင် မြင်းခွာသံများကြားရပြီး တည်းခိုရိပ်သာ ရှေ့သို့ မြင်းစီးသမား(၂)ဦး ရောက်လာသည်။

အမျိုးသားတဦးနှင့် အမျိုးသမီးတဦးတို့ဖြစ်သည်။ မြင်းများကို တည်းခိုရိပ်သာရှေ့ရှိ တန်းလေးဝယ် ချည်ထားပြီးနောက် နှစ်ယောက်သား တည်းခိုရိပ်သာထဲသို့ ဝင်လာသည်။

"အဘရေ သွားယင်းလာယင်း ကျွန်တော့် မြင်းကုန်းနှီးက ဗိုက်ကြိုးပြတ်သွားလို့ အဲဒါ မြင်းကုန်းနှီး အသစ်တခုလောက် ရနိုင်မလား"

အမျိုးသားက တည်းခိုရိပ်သာ တာဝန်ခံအဘိုးကြီးကိုလှမ်း မေးသည်။

"ဟာ_ ရနိုင်ပါတယ်၊ ရနိုင်ပါတယ်"

တည်းခိုရိပ်သာတာဝန်ခံအဘိုးကြီးက ပြန်ပြောသည်။

"ဒါဖြင့် ကျွန်တော်တို့ ထမင်းဝင်စားလိုက်အုံးမယ် မြင်းကုန်းနှီးကို အဆင်သင့်လုပ်ပေးထားပါ ကျွန်တော်တို့မှာ အရေးကြီးတဲ့ ကိစ္စတခုရှိလို့ ထမင်းစားပြီးတာနဲ့ ခရီးဆက်ရအုံးမယ်"

အမျိုးသားက ဤသို့ပြောပြီး အမျိုးသမီးကို ဆွဲခေါ်ကာ တည်းခိုရိပ်သာထဲတွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်ထဲသို့ ဝင်သွားသည်။

တည်းခိုရိပ်သာ တာဝန်ခံ အဘိုးကြီးသည် တည်းခိုရိပ်သာ အမှုထမ်းလူငယ်လေးတယောက်ကို မြင်းကုန်းနှီးတခုအသင့်လုပ်ထားခိုင်းပြီးနောက် စမ်းအဲ့ရှိရာသို့ ထွက်လာခဲ့သည်။

"မိန်းကလေး စောင့်နေတဲ့ မိတ်ဆွေနှစ်ယောက်တော့ရောက်လာကြပြီ မိန်းကလေးထင်တဲ့အတိုင်းပဲ မြင်းကုန်းနှီး တခု ကဝမ်းဗိုက်ကြိုးပြတ်သွားလို့တဲ့ ကျုပ်တို့ဆီမှ မြင်းကုန်းနှီးအသစ်တခုဝယ်တယ်၊ သူတို့ ဒီမှာ မနားကြဘူးဆိုပဲ စားသောက်ပြီးယင် ခရီးဆက်ကြမယ်တဲ့"

စမ်းအဲ့က တည်းခိုရိပ်သာ တာဝန်ခံ အဘိုးကြီးအား ဆုငွေအတော်များများ ပေးလိုက်သည်။ အဘိုးကြီးက ကျေးဇူးတင်စကား အထပ်ထပ်ပြောပြီး ပြန်သွားသည်။

စမ်းအဲ့သည် ကြားသိရသော သတင်းများကို စာရွက်ပေါ်



တွင်ရေးကာ စာပို့ခို၏ ခြေထောက်တွင် ချိတ်ဆွဲပြီးနောက် ချိန်ဟွာတို့ထံကို သတင်းပို့ရန် လွှတ်ပေးလိုက်သည်။

ထို့နောက် စမ်းအဲ့သည် မိမိရှိနေကြောင်း လုကောင်းစွန်တို့မသိစေရန်အတွက် တည်းခိုရိပ်သာ အနောက်ဘက် မလှမ်းမကမ်းရပ်နေ..."

ပေါက်မှနေ၍ တိတ်တဆိတ်ထွက်ကာ ရွာပြင်သို့လာခဲ့သည်။

ရွာမှအထွက် လမ်းဘေးရှိ ချုံဖုတ်ကြီးတခုထဲဝယ် ဝင်ပုန်းအောင်းယင်း လုကောင်းစွန်တို့ ရွာထဲမှထွက်လာလျှင် နောက်ယောင်ခံလိုက်ရန် အသင့်စောင့်နေသည်။

× × ×

ချိန်ဟွာ ဦးစီးသောအဖွဲ့သည် စမ်းအဲ့ ခရီးပြင်းနှင့် သွားသည့် လမ်းကြောင်းအတိုင်း ဟုလုံထန်းရွာရှိရာသို့ ရှေးရှု၍ လိုက်လာခဲ့ကြသည်။

လိန်ပင်းနှင့် ဘီလူးကျန်းဝှက်တို့၏အုပ်စုကမူ တခြားလမ်းခွဲတခုမှနေ၍ ဟုလုံထန်းရွာအလွန် လမ်းဆုံ နေရာသို့ ရောက်အောင် ကြိုတင်သွားနှင့်ကြသည်။

လိန်ပင်းတို့အုပ်စုသည် ထိုလမ်းဆုံတွင် တညလုံးစောင့်ကြည့်နေကြမည် ဖြစ်ပြီး မည်သို့မျှ အခြေအနေမထူးလျှင် ဟုလုံထန်းကျေးရွာသို့ နောက်ကြောင်း ပြန်ကာ လိုက်လာကြမည် ဖြစ်သည်။

ဟုလုံထန်း ရွာဘက်သို့ ရွေ့ရှားလာခဲ့ကြသော ချိန်ဟွာတို့ အုပ်စုမှာ လမ်းခုလတ်တွင် စမ်းအဲ့စေလွှတ်လိုက်သောစာပို့ခိုနှင့် ဆုံမိကြသည်။

စာပို့ခိုတွင်ပါလာသော သဘင်းပို့ချက်ကို ဖတ်ကြည့်ပြီး နောက် ချိန်ဟွာက မိမိလူများကို ဟုလုံထန်းရွာသို့ အမြန်ဆုံး ရောက်အောင် ခရီးပြင်းနှင်စေသည်။ရုံရွှေတော်(၂)ဦးဖြစ်သော ရှောင်ကျက်နှင့် ရှောင်အယ်တို့ကို တဦးလျှင် မြင်း (၂)စီးစီ ပေးကာ ရှေ့ပြေးအဖြစ် သွားစေသည်။

ချိန်ဟွာတို့ အုပ်စုသည် ထိုနေ့ည သန်းခေါင်ယံ လောက် တွင် ဟုလုံထန်းကျေးရွာနှင့် တမိုင်ခန့်ကွာဝေးသော နေရာသို့ ရောက်လာကြသည်။ ချိန်ဟွာကရှေ့ဆက်မသွားပဲထိုနေရာတွင် တို့ရပ်ကာ ရှောင်ကျက်နှင့် ရှောင်အယ်တို့ထံမှ သတင်းပို့လာ မည်ကို စောင့်နေကြသည်။ မိမိတို့ရောက်လာကြောင်း သိစေရန် ရွာတဘက်ထိပ်ရှိ စမ်းအဲ့ထံသို့ ဆက်သားစေလွှတ် အကြောင်း ကြားလိုက်သည်။

ခဏအကြာတွင် ရှောင်ကျက် ချိန်ဟွာထံ ပြန်ရောက် လာ သည်။

"တည်းခိုရိပ်သာတာဝန်ခံ အဘိုးကြီးဆီ စုံစမ်းကြည့်တော့ လုကောင်းစွန်တို့ ညဆယ်နာရီလောက်ကတည်းက ထွက်သွား ကြပြီတဲ့ ရိုးရိုးလမ်းကမသွားပဲ လယ်ကွင်းတွေကို ဖြတ် ကျော်



ဖောက်လုပ်ထားတဲ့ဖြတ်လမ်းက ထွက်သွားကြတယ်လို့ သိရတယ် ရှောင်အယ်လဲ ဒီလမ်းအတိုင်း လိုက်သွားတယ်"

ရှောင်ကျက်က ချိန်ဟွာထံ သတင်းပို့ အကြောင်းကြား သည်။

ချိန်ဟွာက စမ်းအဲ့ကို ပြန်ခေါ်ယူပြီး ရှောင်ကျက် ပြော သည့် ဖြတ်လမ်းအတိုင်း လိုက်လာခဲ့ကြသည်။

လမ်းမှာ လယ်ကွင်းများ စိုက်ခင်းများကြားမှကွေ့ကွေ့ ကောက်ကောက်ဖြတ်ဖောက်လုပ်ထားသောလမ်းလေးဖြစ်သည်။ ဖြတ်လမ်း၏ အစပိုင်းနေရာများတွင်ရှောင်အယ်ထားရစ်ခဲ့သော လျှို့ဝှက် သင်္ကေတများကို တွေ့ရသည်။ မြင်း(၂)စီး၏ ခွာရာ များကိုလည်း တွေ့ရသည်။

သို့သော် ထိုလမ်းအတိုင်း တမိုင်ခန့် လိုက်လာကြပြီးသော အခါတွင်ကား လျှို့ဝှက်သင်္ကေတများကို မတွေ့ကြရ တော့ပေ။ မြင်းခွာရာများကိုလည်း မတွေ့ရတော့။

ကျွန်မတို့တော့ အလှည့်စားခံရပြီထင်တယ်"

စမ်းအဲ့က ချိန်ဟွာကိုပြောသည်။ ချိန်ဟွာက ရှောင်ကျက် ကိုလှမ်းကြည့်သည်။

"တည်းခိုရိပ်သာတာဝန်ခံ အဘိုးကြီးက ဒီဖြတ်လမ်းက သွားမယ်ဆိုတဲ့အကြောင်း လုကောင်းစွန် ကိုယ်တိုင် ပြောတာ

ကြားလိုက်ရတယ်လို့ သတင်းပေးတာပဲပြီးတော့မြင်းခွာရာတွေကိုလဲ တွေ့ခဲ့ကြရတယ်မဟုတ်လား''

ရှောင်ကျက်က ပြန်ပြောသည်။

''အဲဒါကြောင့် အလှည့်စား ခံရပြီလို့ ပြော တာ ပေါ့ လုကောင်းစွန်က သိပ်အကင်းပါးတဲ့ လူနော် သူသွားမယ့် လမ်းအမှန်ကို အခုလို မဆင်မခြင် ပြောသွားမှာ မဟုတ်ဘူး တို့တတွေ သူ့နောက်က နောက်ယောင်ခံလိုက်လာယင်လမ်းလွဲသွားအောင် တမင်ပြောခဲ့တာဖြစ်ရမယ်''

စမ်းအဲ့က ရှောင်ကျက်ကိုပြောသည်။

''ဒါဖြင့် စောစောက တွေ့ခဲ့ရတဲ့ မြင်းခွာရာတွေကကော''

''မြင်းခွာရာတွေ ပေါ်လာအောင်လုပ်တာက မခက်ပါဘူး မြင်းနှစ်ကောင်လောက် မောင်းသွင်းလိုက်ယင် ဖြစ်တာပဲ ဒါမှမဟုတ် လူနှစ်ယောက်ကို ငွေပေးပြီး ဒီလမ်းအတိုင်း မြင်းစီးသွားခိုင်းယင်လဲ မြင်းခွာရာတွေ ထင်နေမှာပဲ''

''ဒါဖြင့် ဒီလမ်းအတိုင်း လိုက်သွားတဲ့ ရှောင်အယ် ဘယ်ရောက်နေတာလဲ''

''ရှောင်အယ်ကို လုကောင်းစွန်က တဘက်လှည့်နဲ့ အလစ်ချောင်း ဖမ်းခေါ်သွားပြီထင်တယ်''

''ကဲ....ကဲ မြင်းခွာရာတွေကို စစ်ဆေး ကြည့်ကြပါအုံး''

ငြိမ်၍ နားထောင်နေသော ချိန်ဟွာက ဝင်ပြောသည်။

ထို့ကြောင့် နောက်ကြောင်းပြန်လှည့်လာကြပြီး စောစောကတွေ့ခဲ့ရသော မြင်းခွာရာများကိုသေသေချာချာပြန်စစ်ဆေးကြည့်ကြသည်။



''ဒါဟာ ကျွန်တော်တို့ ယက္ခဂေဟာက မြင်းတွေရဲ့ ခွာရာတွေမဟုတ်ဘူး တခြားမြင်းရဲ့ခွာရာတွေပဲ''

မြင်းခွာရာများကို စစ်ဆေးကြည့်သော ယက္ခဂေဟာ၏အဖွဲ့ဝင်သိုင်းသမားတယောက်က ပြောသည်။

အလှည့်စားခံရမှန်းသိ၍ အားလုံးဒေါ်အပွကြီးပွကြရသည်။

× × ×

စမ်းအဲ့ တွေးထင်သည့် အတိုင်းပင် လုကောင်းစွန်က ပရိယာယ်ဆင်ကာ လှည့်စားသွားခြင်းဖြစ်သည်။

လုကောင်းစွန်က လယ်ကွင်းများကို ဖြတ်လျက် ရှိနေ သည့် ဖြတ်လမ်းမှ မိမိတို့သွားကြမည် ဖြစ်ကြောင်း တည်းခိုရိပ်သာဝန်ခံ အဘိုးကြီးကြားလောက်အောင် တမင်ပြောကြားခဲ့ပြီး စားသောက်ဆိုင်မှ ထွက်လာခဲ့သည်။

ထို့နောက် ဟုလုံထန်း ရွာထဲမှာပင် ရှိုကာပုန်းနေသည်။ ရွာသား(၂)ယောက်ကိုငွေပေးကာဖြတ်လမ်းအတိုင်း မြင်းချားစီးကာသွားစေသည်။

ရှောင်အယ်က ထိုမြင်းခွာရာများကို လုကောင်းစွန် တို့၏ မြင်းခွာရာများဟုထင်ကာ ခြေရာခံလိုက်သွားခဲ့ရာလုကောင်းစွန်က နောက်မှချောင်းမြောင်း လိုက်သွားပြီး အမိဖမ်းခဲ့သည်။

မိမိနောက်သို့ ချိန်ဟွာတို့ ခြေရာခံလိုက်လာကြပြီ ဖြစ်၍ လုကောင်းစွန်မှာ သည်အတိုင်းခရီးမနှင်ဝံ့တော့ပေ။

ထို့ကြောင့် ဖျားနာနေသော ဇနီးသည်ကို မြို့ပေါ်ရှိ ဆေးဆရာထံပို့ပေးရန်ဟု အကြောင်းပြကာ မြင်းလှည်းတစီး

လိုက်ဝယ်သည်။ ဟုလုံထန်းရွာတွင် မြင်းလှည်းမရှိ။ နွားလှည်းသာရှိသည်။

လုကောင်းစွန်မှာ မတတ်သာတော့ပဲ နွားလှည်း တစီးကိုဝယ်ကာ မိမိတို့စီးလာသော မြင်း(၂)ကောင်ကို နွားအစားလှည်းတွင်တပ်ကာ မောင်းနှင်ပြီး ထွက်လာခဲ့သည်။

သူ့ကိုယ်သူ အဘိုးကြီးတယောက်အသွင် ရုပ်ဖျက် ပြုပြင်သည်။ ဝမ်မေကိုလည်း အရွယ်လတ်အရွယ် လူမမာ မိန်းမရွယ်အသွင် ရုပ်ဖျက်ပေးသည်။ ရှောင်အယ် ကိုလည်း အိမ်ဖော်တဦးအသွင် ရုပ်ဖျက်ပေးသည်။

ဤသို့အကြံပိုင်ပိုင် ရုပ်ဖျက်ကာ ထွက်သွားသောကြောင့် ချိန်ဟွာတို့လူစု ဟုလုံထန်းရွာအနီး ဝန်းကျင်ကို ပိုက်စိတ်တိုက်လိုက်လံရှာဖွေနေကြသည့်ကြားမှ အလွတ်ထိုးဖောက် သွားနိုင်ခဲ့သည်။

ဟုလုံထန်းရွာမှ အနှောင့်အယှက်မရှိ ထွက်လာ ခဲ့သော လုကောင်းစွန်သည်လမ်းခရီးတွင် ဟုလုံထန်းရွာဘက်သို့လာနေသော လိန်ပင်းတို့လူစုနှင့် ရင်ဆိုင်တိုးမိကြသည်။

လိန်ပင်းတို့အုပ်စုကို မြင်ရသောအခါ လုကောင်းစွန်အတော်လန့်သွားသည်။ သို့သော် သမ္မာရင့်နေသူတယောက်ပီပီ ဣန္ဒြေမပျက်ပဲ မြင်းတပ်ထားသော နွားလှည်းကို ခပ်တည်တည်ပင်ဆက်မောင်းလာခဲ့သည်။

လိန်ပင်းတို့ လူစုဝယ် စုစုပေါင်းလူအင်အား (၁၀)ယောက်ပါဝင်သည်။ ဘိလူးကျန်းဝှက်က ရှေ့ဆုံးမှ ဦးဆောင်ကာ



ယက္ခဂေဟာ အဖွဲ့ဝင်သိုင်းသမား (၄) ဦးနှင့် ခြသေ့ဂေဟာအဖွဲ့ဝင်သိုင်းသမား (၄)ဦးတို့က အလယ်မှ ပါလာသည်။

လိန်ပင်းကမူ နောက်ဆုံးမှ လိုက်ပါလာသည်။

သူတို့လူစုသည် မြင်းတပ်ထားသော နွားလှည်းကိုထူးဆန်းသည့်သဘောဖြင့်ကြည့်သွားသည်မှလွဲ၍ တစုံတရာသံသယ မဖြစ်ကြပေ။

လိန်ပင်းသည် မြင်းတပ်ထားသော နွားလှည်းအနီးမှ ဖြတ်သွားယင်း ထူးခြားသော အနံ့သင်းသင်းလေးတခုကို အမှတ်မထင် ရှူမိလိုက်သည်။

ကိုယ်သင်းနံ့။

မိန်းမပျိုတဦး၏ ကိုယ်သင်းနံ့။

လိန်ပင်း၏ရင်ထဲဝယ် 'ထင့်'ကနဲဖြစ်သွားသည်။ မြင်းဇက်ကိုဆွဲကာ ချက်ချင်းရပ်လိုက်သည်။

"ဗျို့—လှည်းမောင်းတဲ့အဘ ခဏလောက်နေပါအုံး"

လိန်ပင်းက လှမ်းအော်ခေါ်လိုက်သည်။

ကိုယ့်လိပ်ပြာ ကိုယ်မလုံ ဖြစ်နေသော လုကောင်းစွန်သည်မိမိ၏ အကြောင်း ပေါ်သွားပြီထင်၍ တုံ့ဆိုင်း မနေတော့ပဲ လှည်းကို တအားမောင်းလေတော့သည်။

ပထမတွင် လိန်ပင်းက စိတ်ထဲဝယ် သံသယ အနည်းငယ်ဝင်လာ၍ လှမ်းတားလိုက်ခြင်းဖြစ်သည်။ ယခု လှည်းကိုအတင်း

မောင်းပြေးသောအခါတွင်ကား လိန်ပင်း၏ သံသယစိတ်ပိုများလာသည်။

"ဟောဟို လှည်းနောက်ကိုလိုက်ကြ"

လိန်ပင်းက မိမိလူများကို အော်ဟစ်အချက်ပေးပြီး မြင်းတပ်ထားသော နွားလှည်းနောက်သို့ မြင်းကို အပြင်း စိုင်းနှင်ကာ လိုက်သည်။ ကျန်လူများလည်း မြင်းများကို ပြန်လှည့်ကာ လိန်ပင်းနှင့်အတူ လိုက်လာကြသည်။

လုကောင်းစွန်၏ မြင်း (၂)ကောင်မှာ မြင်းကောင်းများဖြစ်သော်လည်း လေးလံသော နွားလှည်းကို ဆွဲနေရသောကြောင့် ခြေကုန်မပြေးနိုင်။

မကြာမီမှာပင် နောက်မှလိုက်လာသော လိန်ပင်းတို့လူစုက လှည်းကို မီလုလုဖြစ်လာသည်။

ဤတွင် လုကောင်းစွန်မှာ မတတ်သာတော့ပဲ မြင်းတကောင်၏ ကျောပေါ်သို့ ခုန်တက်ကာ လှည်းနှင့်တပ်ဆင်ချိတ်တွဲထားသောကြိုးများကို ခုတ်ဖြတ်၍ မြင်းကို တအားစိုင်းနှင် ထွက်ပြေးလေတော့သည်။

လေးလံသောလှည်းဝန်ကို မဆွဲရတော့သောကြောင့်မြင်း၏ အပြေးနှုန်းမှာ ချက်ချင်းနှစ်ဆတိုးသွားသည်။

လိန်ပင်းတို့လူစုမှာ ယိမ်းယိုင် သွားသော လှည်း မ တိမ်းမှောက်ရအောင် ဝိုင်းဝန်းထိန်းသိမ်း ပေးနေရ သောကြောင့် လုကောင် စွန်နောက်သို့ မလိုက်နိုင်ကြတော့ပေ။



လိန်ပင်းတို့လူစုက လှည်းကို တိမ်းမှောက် မသွားအောင် ထိန်းပေးပြီးနောက် လှည်းပေါ်ရှိ အမျိုးသမီး(၂)ယောက်ကို စစ်ဆေးကြည့်သည်။

အမျိုးသမီး(၂)ယောက်စလုံး၏ အကြောများကို ဖြေဖွင့်ပေးလိုက်သည်။

ဤသို့ အကြောများကို ဖွင့်ပေးပြီးသောအခါတွင် ထိုအမျိုးသမီးနှစ်ယောက်မှာ ယက္ခဂေဟာမှ ခေါင်းဆောင် ဝမ်မေနှင့် ချိန်ဟွာ၏ ရံရွေတော် ရှောင်အယ်တို့ ဖြစ်မှန်း သိကြရတော့သည်။

"ကျွန်မတို့ကို အခုလို ကယ်တင်ပေးတာကိုကျေးဇူးတင်ပါတယ်၊ ကျွန်မတို့မှန်း ဘယ်လိုလုပ် သိတာလဲ"

အကြောများပြန်ပွင့်လာပြီး လှုပ်ရှားစကားပြောနိုင်သောအခါ ဝမ်မေကမေးသည်။

"အဲဒီလှည်းနားဖြတ်သွားယင်း ကိုယ်သင်းနံ့လေးကိုအမှတ်မထင် ရှူမိတယ်၊ တို့ကောင်းကောင်းအမှတ်ရနေတဲ့ ဝမ်မေရဲ့ ကိုယ်သင်းနံ့လေးနဲ့ တူနေလို့ လှည်းကိုရပ်ခိုင်းလိုက်ရာကအခုလို အထိ ဖြစ်လာတာပါပဲ"

လိန်ပင်းက ရှင်းပြသည်။ ဝမ်မေမှာ ရှက်စနိုးနှင့် ခေါင်းငုံ့သွားသည်။ ကျန်လူများကတော့ ကျေနပ်စွာ ပြုံးနေကြသည်။

× × ×



## အခန်း (၁၄)

မြင်းညိုဂေဟာသို့ ခြသေ့်ဂေဟာမှ သိုင်းသမားများနှင့် ယက္ခဂေဟာမှ သိုင်းသမားများ ရောက်ရှိလာသည်။

ခြသေ့်ဂေဟာမှ သိုင်းသမားများကို လိန်ပင်းကဦးဆောင်သည်။ယက္ခဂေဟာမှ သိုင်းသမားများကိုမူ ဝမ်မေကဦးဆောင်သည်။

မြင်းညိုဂေဟာ ပရဝဏ်အဝင်ဝရှိ တံခါးကြီးမှာ စေ့စေ့ပိတ်နေသည်။ ရောက်လာသူများကို တားဆီး စိန်ခေါ်နေသယောင်။

လိန်ပင်းနှင့် ဝမ်မေတို့သည် သိုင်းလောက၏ ထုံးတမ်းစဉ်လာအတိုင်း မိမိတို့ခြသေ့်ဂေဟာနှင့် ယက္ခဂေဟာမှ သိုင်း



သမားများက မြင်းညိုဂေဟာမှ သိုင်းသမားများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် ရောက်လာကြကြောင်း စာသဝဏ် ရေးသားကာ မြင်းညိုဂေဟာထဲသို့ ပစ်ပေးလိုက်ကြသည်။

ထိုအချိန်တွင် လုကောင်းစွန်မှာ မြင်းညိုဂေဟာထဲသို့ ပြန်ရောက်နေပြီဖြစ်သည်။

လုကောင်းစွန်သည် လိန်ပင်းတို့၏လက်မှ အလွတ်ရုန်းကာ ထွက်ပြေးလာခဲ့ပြီးနောက် မြင်းညိုဂေဟာသို့ ခရီးဖြင်နှင်ကာ အရောက်ပြန်လာခဲ့သည်။ လမ်းခရီးတွင် သူ၏ ဒုစရိုက်အသိုင်းအဝိုင်းအဆက်အသွယ်များထံသို့ မိမိကိုကြောမိရန်သူများအကြီးအကျယ်လာရောက်တိုက်ခိုက်ကြတော့မည်ဖြစ်ကြောင်းသတင်းပို့အကြောင်းကြားသွားခဲ့သည်။

ဤသတင်းပို့ချက်အရ ဒုစရိုက်လောကနယ်ပယ်မှသိုင်းသမားဆိုးအပေါင်းသည် မြင်းညိုဂေဟာသို့ ရောက်ရှိလာခဲ့သည်။

လိန်ပင်းနှင့် ဝမ်မေတို့ဦးစီးသော ခြသေ့်ဂေဟာနှင့် ယက္ခဂေဟာတို့မှ သိုင်းသမားများ ရောက်လာချိန်ဝယ် မြင်းညိုဂေဟာ၌ သိုင်းသမားဆိုးများ အင်ကြီးအားကြီးပင်စုစည်းမိနေကြပြီ ဖြစ်သည်။

လိန်ပင်းတို့နှင့် လုကောင်းစွန်တို့၏ တိုက်ခိုက်မှုမှာ ဒုစရိုက်သမား သိုင်းသမားဆိုးများနှင့် အမျိုး အကျိုး ဆောင်သည့် သိုင်းသမားကောင်းများ၏ အပြီးသတ်အားပြိုင် အနိုင်လုသည့် စိန်ခေါ်ပွဲလို ဖြစ်နေသည်။

လုကောင်းစွန်က လိန်ပင်းတို့ရောက်လာကြမည် ဖြစ်ကြောင်း

ကြိုတင်တွက်ထားပြီးဖြစ်သည်။ လိန်ပင်းတို့ကို အပိုင်တိုက်ခိုက်နိုင်ရန်လည်း ကြိုတင်၍ အစီအစဉ်များချမှတ်ထားသည်။

လုကောင်းစွန်၏ အစီအစဉ်မှာ ဤသို့ဖြစ်သည်။

ပထမဦးစွာ ယှဉ်ပြိုင်တိုက်ခိုက်ရန် ရက်ချိန်း တောင်းမည်။ ရက်ချိန်းမရောက်မီ ညသန်းခေါင်းယံတွင် လုကောင်းစွန်နှင့် လက်ရွေးစင်သိုင်းသမားများက လိန်ပင်းတို့၏ စခန်းထဲသို့တိတ်တဆိတ်ဝင်ရောက်ကာ လိန်ပင်း၊ ဝမ်မေ၊ ကျန်းဌက်၊ စမ်းအဲ့ စသော ခြသေ့်ဂေဟာနှင့် ယက္ခဂေဟာတို့မှ အားကိုးရသော ထိပ်သီးသိုင်းသမားများကို အလစ်ဖမ်းကာ တိုက်ခိုက်သုတ်သင်ပစ်မည်။

ဤအခါတွင် ချိန်းဆိုထားသောအချိန်တွင် ခြသေ့်ဂေဟာနှင့် ယက္ခဂေဟာတို့ဘက်မှ အစွမ်းအစရှိသော သိုင်းသမားများ ပါဝင်နိုင်တော့မည် မဟုတ်။ မြင်းညိုဂေဟာ ဘက်မှ အပြတ်အသတ် အနိုင်ယူနိုင်မည်။ ခြသေ့်ဂေဟာနှင့် ယက္ခဂေဟာတို့လည်း သိက္ခာကျမည်။ သိုင်းလောကတွင် မြင်းညိုဂေဟာကို နောက်ထပ် အံတု ယှဉ်ပြိုင်သူ လည်း မရှိနိုင်တော့အောင် လုကောင်းစွန်တို့က အပိုင်တွက်ကိန်းချထားသည်။

ထို့ကြောင့် လိန်ပင်းနှင့်ဝမ်မေတို့ ပူးတွဲလက်မှတ် ရေးထိုးထားသော စာသဝဏ်ရောက်ရှိလာသည်တွင် လုကောင်းစွန်က နောက်တနေ့ နံနက်စောစောတွင် တဘက်နှင့်တဘက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ပြန်ကြားချိန်းဆိုလိုက်သည်။

ယခုပွဲမှာ ဒုစရိုက်လောကနယ်ပယ်မှသိုင်းသမားဆိုးသမားဆိုးများနှင့် အမှန်တရားဘက်မှ ရပ်တည်သည့် သိုင်းသမား



ကောင်းများ အကြိတ်အနယ် တိုက်ခိုက်ကြမည့်ပွဲပို့. လိန်ပင်းနှင့်ဝမ်မေတို့ကလည်း သေသေချာချာ ကြိုတင်ပြင်ဆင်လာခဲ့ကြသည်။

လုကောင်းစွန်ထံမှ ယှဉ်ပြိုင်တိုက်ခိုက်ရန် ချိန်းဆိုချက်ရရှိပြီးနောက်၊ ခြသေ့်ဂေဟာနှင့် ယက္ခဂေဟာမှ သိုင်းသမားများသည်၊ မြင်းညိုဂေဟာအပြင်ဘက်ရှိ ကွင်းပြင်ဝယ် ယာယီတဲများထိုးကာ ခေတ္တစခန်းချလိုက်သည်။

ထိုနေ့တနေ့လုံး လိုလိုပင် ယာယီတဲစခန်း၌ လူအများ ဟိုသွားသည်လာနှင့် ပျာပန်းခတ်မျှ လှုပ်ရှားနေကြသည်။

ညနေဝင်ပြီး၊ မှောင်ရိပ်သန်းလာသည်နှင့် ခြသေ့်ဂေဟာနှင့် ယက္ခဂေဟာတို့မှ သိုင်းသမားများသည် အသင့် ယူဆောင်လာခဲ့ကြသော ဝက်သား ကောက်ညှင်း ထုပ်များကို တိတ်တိတ်ဆိတ်ဆိတ် တဝစားသောက်ကြသည်။

ကောက်ညှင်းထုပ်များကို စားပြီးမှ မီးပုံများကို ယာယီတဲစခန်းအနှံ့တွင် ဖိုကြသည်။

မကြာမီမှာပင် မီးပုံများ၏ အလင်းရောင်ကြောင့် ယာယီတဲစခန်းတခုလုံး ထိန်လင်း၍လာသည်။

မီးပုံများ ဖိုပြီးနောက် အိုးကြီးအိုးငယ်များနှင့် ထမင်းဟင်းများ ချက်ပြုတ်ကြသည်။

ဟင်းလျာနံ့များက သင်းပြန့်နေသည်။

× × ×

လုကောင်းစွန်သည် ခြသေ့်ဂေဟာနှင့် ယက္ခဂေဟာတို့မှ သိုင်းသမားများ၏ ယာယီတဲစခန်းကို မြင်းညိုဂေဟာရှိ မျှော်

စင်မြင့်ပေါ်မှ မျက်ခြေမပြတ် အာရုံစိုက်ကြည့် နေသည်။

ယာယီဘဲစခန်းများအတွင်း လူအများ သွားလာလှုပ်ရှား နေသည်ကို မြင်ရသည်။ နေဝင်ကာ မှောင်ရိပ် သန်းလာပြီး နောက်၊ မီးပုံကြီးများဖိုကာ အိုးကြီးအိုးငယ်များဖြင့် ထမင်း ဟင်းလျာများ ချက်ပြုတ်နေသည်ကိုလည်း တွေ့ရသည်။

ထမင်းဟင်းများ ချက်ပြုတ်သောအခါ ယာယီ တဲစခန်း တွင် လူအများအသွားအလာ သိပ်မရှိတော့ပေ။ အစောင့် တာဝန်ကျသူများနှင့် ထမင်းဟင်း ချက်ပြုတ်နေသူများကိုသာ တွေ့ရသည်၊ ကျန်လူများမှာ ယာယီတဲများအတွင်း အနားယူ နေကြဟန်တူသည်။

ည(၉)နာရီလောက်တွင် ချက်ပြုတ်မှုများ ပြီးသွားသည်၊ ထမင်းဟင်းများကို ပန်းကန်များဖြင့်ထည့်ကာ ယာယီတဲအိမ် များထဲသို့ လိုက်လံပို့ပေးနေသည်ကို လုကောင်းစွန် တွေ့ရသည်။

ယာယီဘဲစခန်း အလယ်ခေါင်ရှိ အတော်ကြီးမားသော တဲ အိမ်ကြီး(၃)အိမ်ထဲသို့ ဟင်းလျာများ အများဆုံးပို့ပေးသည် ကို လုကောင်းစွန် သတိပြုမိသည်။ ထိုတဲအိမ် (၃)ခုတွင်၊ လိန်ပင်း၊ ဝမ်မေ၊ စမ်းအဲ၊ ဘီးလူးကျန်းဝှတ်စသော ခြင်္သေ့ ဂေဟာနှင့် ယက္ခဂေဟာတို့၏ ထိပ်သီးသိုင်းသမားများ ရှိမည် ဟု လုကောင်းစွန်က ကောက်ချက် ချလိုက်သည်။

ည(၁၀)နာရီတွင် စခန်းတခုလုံး ငြိမ်သွားသည်၊

အစောင့်ကျ တာဝန်ကျသူများမှအပ မည်သူမျှသွားလာလှုပ် ရှားခြင်းမရှိတော့။ နောက်တနေ့နံနက်ဘွင် နွဲရမည့်ပွဲ အတွက်



စားကောင်း သောက်ဖွယ်များ စားကာ၊ အားရပါးရ အနား ယူ အိပ်စက်ပြီး အားမွေးနေကြဟန်တူသည်။

အလစ်ဝင်ရောက်တိုက်ခိုက်ရန် အကောင်းဆုံး အခြေအနေ ရှိနေပြီဟု၊ လုကောင်းစွန်သည်။ မျှော်စင်မြင့်ပေါ်မှဆင်းလာ ပြီး မိမိလူအများကို အသင့်ပြင်ခိုင်းသည်။

အလစ်ဝင်ရောက် တိုက်ခိုက်မည့်အဖွဲ့ကို လုကောင်းစွန်ကိုယ် တိုင် ခေါင်းဆောင်သော မြင်းညိုဂေဟာမှ လက်ရွေးစင်သိုင်း သမား(၁၅)ဦး၊ ဒုစရိုက်နယ်ပယ်မှ ထိပ်သီး သိုင်းသမားဆိုး (၁၁)ဦး စုစုပေါင်း(၂၄)ဦးဖြစ်သည်။

လုကောင်းစွန်၏ ညာဘက်ပခုံးတွင် အိန်းလုံ၏ ဆေးတံ လက်နက်ထိခံရသည့် ဒဏ်ရာမှာ မပျောက်ကင်း သေးပေ။ ညာလက်မှာလှုပ်မရအောင်ဖြစ်နေသည်။ သို့သော် လုကောင်း စွန်က ဗယ်လက်ဖြင့် ဓားကိုင်ကာ ဤတိုက်ပွဲကို ဦးစီး တိုက် ခိုက်ရန် စိုင်ထားသည်။

လုကောင်းစွန် ဦးဆောင်သော အလစ်ဖမ်းတိုက်ခိုက် သုတ် သင်ရေးအဖွဲ့သည်၊ မြင်းညိုဂေဟာမှ တိတ်တဆိတ် ထွက်လာ ခဲ့ကြသည်။

ဂေဟာပရဝဏ်အပြင်ဘက် သို့ရောက်သည်နှင့် လုစုခွဲဖြန့်ကာ ခြင်္သေ့ဂေဟာနှင့် ယက္ခဂေဟာတို့မှ သိုင်းသမားများ ယာယီ တဲစခန်းချသည့်နေရာသို့ လာခဲ့ကြသည်။

သူတို့အဖွဲ့တွင်ပါဝင်သည့် လူတိုင်းမှာ ဝါရင့်နေကြသူများ ချည်းဖြစ်ကြရာ၊ မှောင်ရိပ်ခို ကိုယ်ရောင်ပျောက်ပြီး ယာယီ တဲ စခန်းအနီးသို့အရောက် အောင်မြင်စွာ ချဉ်းကပ်နိုင်ခဲ့ကြသည်။

ကြိုတင် ချိန်းဆိုထားကြသည့်အတိုင်း၊ ယာယီတဲစခန်း၏ အရှေ့မြောက် ထောင့်နားဝယ် လူပြန့်စုမိကြသည်။ ထိုနေရာမှ တဖန် အစု(၃)စုခွဲကာယာယီတဲစခန်းထဲသို့ ဝင်လာခဲ့ကြသည်။

သူတို့အဓိက ဦးတည်သည်မှာ ယာယီတဲစခန်း အလယ် ဗဟိုရှိ တဲအိမ်(၃)ခုဖြစ်သည်။

ယာယီတဲစခန်းအတွင်း အစောင့်များရှိသော်လည်း စောင့်သည့်နေရာမှာ အတော်ဝွင်ကျယ်သည်။ အစောင့်တဦးနှင့်တဦး အတော်အလှမ်းဝေးသည်။

ထို့ကြောင့် လုကောင်းစွန်နှင့် အပေါင်းပါ များသည် မည်သို့မျှအခက်အခဲမရှိပဲနှင့် စခန်းအလယ်ရှိ တဲ(၃)လုံးအနီးသို့ အရောက် ချဉ်းကပ် လာနိုင်ခဲ့ကြသည်။

တဲအိမ် (၃)ခုအနီးသို့ အားလုံး ချဉ်းကပ်မိပြီး အသင့်ဖြစ်ကြသည်နှင့် လုကောင်းစွန်က ဗယ်လက်ကို အသာ မြှောက်ကာ အချက်ပေးလိုက်သည်။

ထို့နောက် အုပ်စု(၃)စုသည် လက်နက်များ ကိုယ်စီကိုင်စွဲကာ တဲအိမ်များအတွင်းသို့ ပြေးဝင်တိုက်ခိုက်ကြသည်။

"ဟာ-"

"ဟင်-"

"အလို-"

တိုက်ခိုက်သတ်ဖြတ်တော့မည်ဟု မာန်တင်းကာ တဲအိမ်များထဲသို့ ပြေးဝင်လာကြသူများမှာ တအံ့တသြဖြစ်ကုန်ကြသည်။

တဲအိမ်များထဲဝယ် မည်သူမျှမရှိ။

ပြောင်တလင်းခါနေသည်။



"ဒိုင်း….ဝုန်း-ဒိုင်း….ဒိုင်း-ဝုန်း"

သူတို့လူစု တအံ့တသြ ဖြစ်နေကြဆဲမှာပင်အချက်ပေးမီးကျိုးပစ်ဖေါက်သံများ ပေါက်ကွဲသံများ အတောမသတ်အောင် ပေါ်လာသည်။

လုကောင်းစွန်တို့လူစုသည် ကမန်းကတန်းပင် အပြင်သို့ပြန်ထွက်လာကြသည်။

သူတို့ပတ်ပတ်လည်ရှိ တဲအိမ်များမှာ ပေါက်ကွဲ မီးလောင်နေသည်။ကောင်းကင်ယံဝယ် အချက်ပြ မီးကျည်များဖြင့် လင်းလက်နေသည်။ သူတို့ကို မီးများပတ်ချာလည်ဝိုင်းနေလေပြီ"

"ဝှစ်-ဝှစ်-ဝှစ်"

မီးများပတ်လည် ဝိုင်းနေသည့်အပြင် မီးဝိုင်းအပြင်ဘက်မှ မြားများဖြင့် လှမ်းပစ်တိုက်ခိုက်ခြင်းလည်း ခံရသည်။

မီးများမှာ ရိုးရိုးလောင်မြိုက်ခြင်းမဟုတ်။ ပေါက်ကွဲကာ တောက်လောင်နေခြင်းဖြစ်ရာ၊ ပေါက်ကွဲလွင့်စင်လာသောမီးစများက သူတို့ကို လာထိမှန်သည်။

"ကျုပ်တို့ ရန်သူ့ထောင်ချောက်ထဲဝင်တိုးမိနေပြီး အတင်းဖေါက်ထွက်ကြ"

လုကောင်းစွန်က အော်ပြောပြီး ကိုယ်တိုင် ဦးဆောင်ကာ မီးတောက်များကြားမှ အတင်းထိုးဖေါက် ထွက်သည်။

လုကောင်းစွန်၏ လူတချို့မြားမှန်၍ တချို့မီးလောင်ခံရသည်။စုစုစည်းစည်းမရှိတော့ပဲ လူစုကွဲကုန်သည်။ လုကောင်းစွန်ကိုယ်တိုင်မှာလည်းဗယ်ဘက်လက်ပြင်တွင်တချက်ညာဘက်ပေါင်ပေါင်တွင်တချက် မြားအထိခံရသည်။

ဒဏ်ရာရနေသည့်ကြားမှ အတင်းထိုးဖေါက် ထွက်လာခဲ့ရာ၊ ဝိုင်းနေသော မီးတောက်မီးလျှံများ အပြင်ဘက်သို့ ရောက်လာခဲ့သည်။ လုကောင်းစွန်နှင့်အတူ လူ(၅)ယောက်သာပါလာသည်။ထိုလူများမှာလည်းဒဏ်ရာကိုယ်စီနှင့်ဖြစ်နေကြသည်။

ထိုအချိန်တွင် မြင်းညိုဂေဟာဆီမှ အော်သံဟစ်သံများ အဝီစိပွက်သလို ဆူညံစွာ ပေါ်လာသည်။ မီးတောက် မီးလျှံများလည်း ထိုးတက်လာသည်။

ခြသေ့ဂေဟာနှင့် ယက္ခဂေဟာ သိုင်းသမားများကမြင်းညိုဂေဟာကို အလစ်တွင် စီးနင်းတိုက်ခိုက်ကာ မီးတင်ရှို့နေကြလေပြီ။

လုကောင်းစွန်ဥာဏ်များပြီး ပရိယာယ် ကြွယ်ဝကြောင်း လိန်ပင်းတို့က သိထားသည်။ ချိန်းဆိုထားသည့်အချိန်မရောက်မီ ညပိုင်းတွင် အလစ်ဝင်ရောက် တိုက်ခိုက်နိုင်ကြောင်း ကိုလည်း တွက်ဆမိသည်။

ထို့ကြောင့်ဤသို့လုကောင်းစွန်ကအကောက်ကြံကာအလစ်ဖမ်း တိုက်ခိုက်လာပါက တန်ပြန်နိုင်ရန် အစီအစဉ်များကို ကြိုတင်ပြုလုပ်ထားခဲ့သည်။

ကောက်ညှင်းထုပ် များစားကာ ဝမ်းဖြည့် ပြီး နောက် လူအနည်းငယ်ကိုသာ ချန်လှပ်ပြီး ကျန်လူအားလုံးယာယီစခန်းမှအပြင်သို့ထွက်ကာ တပ်ဖျောက်ပုန်းအောင်းနေလိုက်ကြသည်။ ယာယီတစခန်းထဲရှိ ပင်မတဲ(၃)လုံးကိုဝိုင်းရံထားသော တဲများထဲဝယ် ပေါက်ကွဲစေတတ်သော ခဲယမ်းများအပြည့်ထည့်ထားခဲ့ကြသည်။



ထို့ပြင် စခန်းထဲဝယ် လူများရှိနေသေးသယောင်ထင်မှတ်စေရန် ချက်ပြုတ်ကာ အယောင်ပြနေခြင်းဖြစ်သည်။

လိန်ပင်းတို့ ထင်မှတ်ထားသည့်အတိုင်း လုကောင်းစွန် တို့က အလစ်ဝင် တိုက်ခိုက်လာသောအခါကြိုတင် ပြင်ဆင်ထားသည့်အတိုင်း ခဲယမ်းများကို မီးရှို့ဖောက်ခွဲကာ ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

တပ်ဖျောက်ထားသော အဖွဲ့များကလည်း မြင်းညိုဂေဟာကို အလစ်ဝင်ရောက်စီးနင်းတိုက်ခိုက်ကြသည်။

မြင်းညိုဂေဟာ၏ လက်ရွေးစင် သိုင်းသမား အားလုံးမှာ လုကောင်းစွန်နှင့်အတူ ပါသွားသည်ဖြစ်ရာဂေဟာတွင် ကျန်နေသူများမှာ လိန်ပင်းတို့ကို ရင်ဆိုင်ခုခံခြင်း မပြုနိုင် ခဲ့ကြပေ။ အနည်းငယ်သာ ခုခံနိုင်ပြီး အရေးနိမ့် အဖမ်းခံကြရသည်။

"တောက်... ငင်းတို့က အကြံဦးသွားပြီကိုး လာ....လာ ဒီကောင်တွေကို အကုန်သွားသတ်ပစ်မယ်"

လုကောင်းစွန်က ဒေါသတကြီးပြောကာ ဓားကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး မြင်းညိုဂေဟာဆီသို့ ပြေးသွားသည်။သူ့လူ(၅)ယောက် မှာလည်း နောက်ချန် မနေဝံ့ သောကြောင့် လုကောင်းစွန်၏နောက်မှ ပြေးလိုက်သွားကြသည်။

လုကောင်းစွန်တို့လူစုမှာ မြင်းညိုဂေဟာထဲသို့ အရောက် မသွားနိုင် ။မြင်းညိုဂေဟာနှင့်ကိုက်(၁၀၀)ခန့်ကွာသောနေရာသို့သာ အရောက်သွားနိုင်သည်။

မြင်းညိုဂေဟာနှင့် ကိုက်(၁၀၀)ခန့်ဝေးသော နေရာတွင် မြက်ခင်းပြင်လေးတခုရှိသည်။

လုကောင်းစွန်တို့လူစု ထိုမြက်ခင်းပြင်လေးကိုဖြတ်ပြေးလိုက်ချိန်မှာပင် မီးကျည်ပစ်ဖောက်သံ(၂)ချက်ပေါ်လာသည်။

"ဒိုင်း...."

"ဒိုင်း..."

မီးကျည်(၂)ခု ကောင်းကင်ယံသို့ ထိုးတက်ကာ ထိန်လင်းသွားသည်။ မီးကျည်၏ အလင်းရောင်ကြောင့် သူတို့ရှေ့ဝယ် ပိတ်ဆို့ကာ ရပ်နေသောလူတစုကို လုကောင်းစွန်တို့တွေ့ရသည်။

အားလုံး(၁၀)ယောက်။

လိန်ပင်း၊ ဝမ်မေ၊ စမ်းအဲ့၊ ဘီလူးကျွန်းဝှက်နှင့် ယက္ခဂေဟာနှင့် ခြင်္သေ့ဂေဟာတို့မှလက်ရွေးစင် သိုင်းသမား(၆)ဦး။

"လုကောင်းစွန် ခင်ဗျားပြေး လို့မ လွတ် နိုင် တော့ပါဘူး အေးအေးဆေးဆေး လက်နက်ချ အဖမ်းခံပါ၊ ခင်ဗျားရဲ့ မြင်းညိုဂေဟာကိုလဲ ကျုပ်တို့ ချေမှုန်းပစ်လိုက်ပြီးပါပြီ"

လိန်ပင်းက တည်ငြိမ်အေးဆေးသော အမူအရာနှင့် ပြောသည်။

လုကောင်းစွန်မှာ မိမိ၏ မြင်းညိုဂေဟာကို ရန်သူများ ဝင်ရောက်တိုက်ခိုက်နေသည်ကို မြင်ရ၍ သွေးဆူကာအားတင်းပြီး ပြေးလာခဲ့ခြင်း ဖြစ်သည်။

ရရှိထားသော ဒဏ်ရာများကတော့ မသက်သာ။ အတော်ပင် ပြင်းထန်သည်။

ယခု မိမိ၏မြင်းညိုဂေဟာလည်း အချေမှုန်းခံရ၊ မိမိကိုယ်တိုင်မှာလည်း လွတ်လမ်းမရှိတော့ကြောင်း သိရသောအခါတွင် အားလျော့ကာ စိတ်ဓာတ်ကျသွားသည်။



ဤအခါတွင် မာန်တင်း၍ အားခဲကာ ဆုပ်ကိုင်ထားသော ဓားသည်လက်မှ လွတ်ကျသွားသည်။ လူ ကိုယ် တိုင်မှာ လည်း မဟန်နိုင်တော့ပဲ ခွေလျက်သားလဲကျသွားသည်။

လုကောင်းစွန်လဲကျသွားခြင်းမှာ သူ့ဦးစီး ချုပ်ကိုင်သော ဒုစရိုက်အသိုက်အမြုံပြိုကွဲသွားခြင်းအထိမ်းအမှတ်ပင် ဖြစ်သည်။

ထိုနေ့ညက မြင်းညိုဂေဟာကို ချေမှုန်း အောင်ပွဲခံခဲ့ကြသည်။ ထိပ်သီးဒုစရိုက်သမား အများအပြား အသတ်သင်ခံရသည်။ လုကောင်းစွန်အပါအဝင် ဒုစရိုက်ဂိုဏ်းဝင် မြောက်အများလည်း အဖမ်းခံကြရသည်။

လိန်ပင်းတို့အားလုံးသည် တဲ့ထင်မြို့ရှိ လက်မရွံ့သိုင်းသမား (၇)ဦးကို ကုသပေးနေသော အိမ်းလုံထံသို့ ပြန်ရန်ပြင်ဆင်ကြသည်။

ဒုစရိုက်သမားများကို ချေမှုန်းအောင်နိုင်ပြီးပြီမို့ လိန်ပင်းနှင့်ဝမ်မေတို့၏ ခေတ္တရပ်တန့်ခဲ့ရသော မေတ္တာဇာတ်လမ်း ပြန်လည်စတင်ရန်သာ ရှိပေတော့သည်။

ပြီးဆုံးပြီ။

တက္ကသိုလ်ဝင်းကြွယ်

နဂါးနိုင်စာပေ၊

စဉ့်ဘူး(၆၅)၊ရန်ကုန်။

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၁၀ | ထယ်ဝါ | ထည်ဝါ |
| ၁၈ | ထယ်ဝါ | ထည်ဝါ |
| ၁၈ | ကြိုဖြုတ် | ကြိုးဖြုတ် |
| ၂၁ | ကုန်းဘတ် | ကုန်းပတ် |
| ၂၆ | ထုံကျင် | ထုံကျဉ် |
| ၃၁ | ခမ်းမ | ခန်းမ |
| ၃၄ | ခတ်ဆတ်ဆတ် | ခပ်ဆတ်ဆတ် |
| ၄၆ | လယ်ရှည် | လည်ရှည် |
| ၅၂ | မိန်လို့ | ပိန်လို့ |
| ၅၈ | ဘိုင်းသမား | သိုင်းသမား |
| ၆၁ | ယောဒီ | ဟောဒီ |
| ၇၃ | ယင်းလျှာ | ဟင်းလျှာ |
| ၇၉ | အတွေ့အကြို | အတွေ့အကြုံ |
| ၈၂ | လိတ်တိတ်ပျာပျာ | ထိတ်ထိတ်ပျာပျာ |
| ၈၄ | သုံးရောက် | သုံးယောက် |
| ၈၉ | ပြစ်လျက် | ဖြစ်လျက် |
| ၉၀ | ဆန်းကျယ် | ဆန်းကြယ် |
| ၉၃ | ဒုံးစိုင်း | ဒုန်းစိုင်း |
| ၉၈ | နှစ်ဖက် | နှစ်ဘက် |
| ၁၀၉ | တုတ်ထုတ်မျှ | တုတ်တုတ်မျှ |
| ၃၀၅ | သယ်သင့်လျော် | ဘယ်သင့်လျော် |